ပညာပါရမီဆရာတော်

## ဦးဉာဏဝရ

# ဓမ္မအာရိပ်တို့ စုစည်းရာ (၂)



သာသနာ ၂၅၆၂ ကောဇာ ၁၃၈၀ ခရစ် ၂၀၁၈

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်သူ
ဒေါ်ခင်အေးမော်(၀၀၂၆၀)
ဂုဏ်သီရိပုံနှိပ်တိုက်
အမှတ်-၅၂၊ လမ်း၃၀၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၀၂၅၇၅ ၊ ၀၉-၄၄၅၀၀၂၅၇၅

ထုတ်ဝေသူ
ဦးကျော်ကျော်ဝေ (ရွှက်စိမ်းစာပေ) မြဲ - ၀၀၀၄၇
အမှတ်-၄၃(အေ) ၊ ၄ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်ခုနှစ် နှင့် အုပ်ရေ
၂၀၁၈ ၊ ပထမအကြိမ် ၊ ၁၀၀၀ အုပ်

တန်ဖိုး
ဓမ္မဒါန

# မာတိကာ


| | | |
|---|---|---|
| ၁။ | ညီညွတ်ခြင်းရဲ့အရသာ | ၁ |
| ၂။ | အနတ္တလောက | ၁၆ |
| ၃။ | မှန်တိုင်း မကောင်းပါ | ၂၀ |
| ၄။ | အသက်နဲ့ဆက်ခဲ့တဲ့ သာသနာ (သို့) | |
| | သာသနာကို အသက်ပေးဆက်ခဲ့သူ | |
| | - (အပိုင်း ၁) | ၃၀ |
| | - (အပိုင်း ၂) | ၃၇ |
| | - (အပိုင်း ၃) | ၄၄ |
| | - (အပိုင်း ၄ နိဂုံး) | ၅၂ |
| ၅။ | မတောင်းဘဲပေးတဲ့ လက်ဆောင် | ၆၁ |
| ၆။ | အဆင်သင့်ဖြစ်ပြီလား | ၆၇ |
| ၇။ | နိဗ္ဗာန်မျိုးစေ့ (သို့) ပညာအလင်း | ၇၂ |
| ၈။ | ရွှေပြည်တော် မျှော်တိုင်းဝေး | ၇၉ |
| ၉။ | ဥပုသ် သီလ ဆောက်တည်ကြ | ၉၀ |
| ၁၀။ | တံခါးလေးစေ့ရုံပဲလား | ၉၉ |
| ၁၁။ | ရဟန်းပြုရကျိုး ( သာမညဖလ) | ၁၀၇ |
| ၁၂။ | အတွေးတစ်စ | ၁၁၆ |
| ၁၃။ | ကုသိုလ်တစ်ခု နေ့စဉ်ပြု | ၁၂၄ |
| ၁၄။ | လူသား နဲ့ အဘိဓမ္မာ | ၁၃၅ |
| ၁၅။ | အသိမှန်ကန် လှုပ်ရှားလျှတ်ရန် | ၁၄၇ |
| ၁၆။ | ကံ မျိုးစေ့ | ၁၅၆ |
| ၁၇။ | ငါ သေသွားရင် အမှုမဝေပါနဲ့ | ၁၇၄ |
| ၁၈။ | ငါမရှိရင် မဖြစ်ဘူးတဲ့လား | ၁၈၃ |

# နိဒါန်း

**"မှတ်ဘွယ်မှတ်ရာ ထိုထိုစာကို ရှာ၍မပြတ် အိမ်တွင်ဖတ်
ဖတ်ပြန်သော်ကား ဖတ်ဖန်များက သားမယားပင် သိမြင်ကင်းကွာ မလိမ္မာလည်း
စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ ရှိသည်သာတည်း"**

ငယ်စဉ်ကာလကတည်းက ကြားဖူးနေကြ ဆုံးမစကား။ အသက်ငယ်သေးတော့ ဆုံးမစကားရဲ့တန်ဖိုး၊ စာပေရဲ့တန်ဖိုးကို နားမလည်ခဲ့တာအမှန်။ အခုတော့ နားလည်စပြုလာပါပြီ။

အသိအတွက် အားမခံနိုင်တဲ့စာဆိုရင် ဖတ်သာဖတ်ပါ။ ကိုယ့်အတွက် အသိတိုးသလို ပတ်ဝန်းကျင်ကိုလည်း ငြိမ်းချမ်းစေပါတယ်။ ဖတ်စရာ၊ မှတ်စရာများကို ကောင်းနိုးရာရာ ရှာဖွေပြီး အိမ်မှာဖတ်တာများရင် အသိဉာဏ် မရှိတဲ့ သားသမီး ဇနီးမယားပင်ဖြစ်ပါစေ စာစကား ပေစကားကို နေ့တိုင်းကြားရတဲ့အတွက် ထူးထူးခြားခြား လိမ္မာယဉ်ကျေးလာတတ်ပုံကို ရှေးဆရာများက အသိပေးခဲ့တာမဟုတ်လား။

ခေတ်ကာလပြောင်းလဲလာတာနဲ့အမျှ ဖတ်စရာ မှတ်စရာတွေက ဒုနဲ့ဒေးပါပဲ။ ဒါပေမယ့် ဘယ်လိုစာကို ဖတ်သင့်တယ်ဆိုတာကတော့ ကိုယ့်မှာ ဗဟုသုတရှိထားဖို့တော့ လိုပါတယ်။ ဘာကြောင့်ဆို ဗဟုသုတမရှိဘဲ ဖတ်ချင်ရာဖတ်ခဲ့မယ်ဆိုရင် အချိန်လဲကုန် စိတ်လဲ အဆိပ်သင့်ပါတယ်။ အဆိပ်သင့်တဲ့စိတ်နဲ့ သံသရာကူးဖို့ မလွယ်တော့ပါဘူး။ စားစရာပေါ်များတဲ့ နိုင်ငံတစ်ခုဖြစ်ပေမယ့် အစားအသောက်နဲ့ပတ်သက်ပြီး အာမခံချက်မရှိသလို ဘာစားသင့်တယ်ဆိုတာကို မသိလေတော့ စားသမျှအစာ အဆိပ်ဖြစ်နေသလိုပေါ့။ အစားအစာဆိုတာ ခန္ဓာအတွက် အာဟာရဖြစ်မှသာ ကျန်းမာသန်စွမ်းပြီး အလုပ်ကို ကောင်းကောင်းမွန်မွန် လုပ်နိုင်မှာပါ။ ဒီလိုပါပဲ အသိအာဟာရ ပြည့်နေတဲ့နှလုံးသားနဲ့ စိတ်ကောင်းသာ ရှိနေမယ်ဆိုရင် စိတ်ဓာတ်က ခိုင်ခန့်နေလို့ ကိုယ့်အတွက်လည်း ကောင်း၊ သူများအတွက်လည်း ကောင်း ဖြစ်မှာ အသေအချာပါ။

လူတွေဟာ ရုပ်ခန္ဓာရဲ့အစာအတွက် နေ့နေ့ညည အလုပ်လုပ်ပြီး စားသောက်နေကြပေမယ့် စိတ်ကိုတော့ အသိအာဟာရ ကျွေးတယ်ဆိုတာ အတော်ရှားပါတယ်။ ရုပ်ခန္ဓာအစာအတွက် တစ်ဆိုင်မကောင်း တစ်ဆိုင်ပြောင်းပြီး စားခဲ့ပေမယ့် အသိအာဟာရကိုတော့ တစ်ကျောင်းပြောင်းပြီး တစ်ကျောင်းမှာ မရှာကြပါဘူး။ ရုပ်ကို စိတ်နဲ့ထိန်းရတာမို့လို့ စိတ်ခိုင်နေရင် ရုပ်ကို ပိုင်တာကြောင့် သေလဲကောင်း နေလဲ ကောင်းတဲ့အဖြစ်ကို ပိုင်ဆိုင်ရမှာပါ။

သာသနာတွင်းကာလမှာ စိတ်အတွက် အသိစာ အာဟာရတွေ အမြောက်အမြားရှိပါတယ်။ ဘယ်ဆရာတော်ဆီကဖြစ်ဖြစ်၊ ဘယ်ရိပ်သာကဖြစ်ဖြစ် အသိရစရာတွေချည်းပါပဲ။ သာသနာအတွက် ကြိုးစားနေသူတွေ ဒုနဲ့ဒေးရှိနေလို့ပါ။ ဒီလိုမျိုး အမြောက်အမြားရှိတဲ့အထဲက ဓမ္မအရိပ်တို့စုစည်းရာ ဆောင်းပါးများဟာလဲ သူတော်ကောင်းတို့အတွက် နှလုံးသားအာရ ဖြစ်စေနိုင်တဲ့ အသိစာပေတစ်ခုပါပဲ။ ဓမ္မအရိပ်တို့စုစည်းရာဆောင်းပါးကို ဖတ်ရလို့ အားပြည့်တဲ့စိတ်ကို မပိုင်ဆိုင်ဘူးဆိုရင်တောင် အားရှိတဲ့စိတ်တစ်ခုကိုတော့ ပိုင်ဆိုင်ခွင့်ရမှာပါ။

ဓမ္မအရိပ်တို့ စုစည်းရာ(၁)လိုပဲ ဓမ္မအရိပ်တို့ စုစည်းရာ(၂)ဟာလဲ နှလုံးသားအတွက် အာဟာရဖြစ်စေမယ့် စာပေတစ်ခုဆိုတာ စားသုံးကြည့်ရင် သိရမှာပါ။ အပြောမဟုတ် လက်တွေ့အသုံးချမယ်ဆိုရင် အားရှိတဲ့စိတ်ကို ပိုင်ဆိုင်ရမယ်ဆိုတာ အသေအချာပါပဲ။ အရှိအတွက် တစ်ရက်အလုပ်လုပ်ရင် အသိအတွက်လဲ တစ်ခဏလောက် အချိန်ပေးသင့်ပါတယ်လေ။

**စာပေဖတ်သူများ အသိအာဟာရ တိုးကြပါစေ ...**

မေတ္တာဖြင့်
ပညာပါရမီဆရာတော် ဦးဉာဏဝရ
ဧက်ာပုနိုင်ငံ
(၁. ၀၇. ၂၀၁၈) တနင်္ဂနွေနေ့

# "ညီညွတ်ခြင်းရဲ့ အရသာ"

လူသားတွေဆိုတာ တစ်ကိုယ်ထီးတည်း အထီးကျန်စွာနေတတ်သူတွေ မဟုတ်ပါဘူး။ ဘဝကိုငြီးငွေ့လို့ တောထွက်ခဲ့သူတောင်မှ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့နေခဲ့ဖူးသူတစ်ယောက် ဖြစ်ခဲ့တာပါပဲ။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားတောင် တောမထွက်ခင် မိသားစု၊ ဆွေမျိုးများနဲ့ နေခဲ့ဖူးတာပဲလေ။ ဒါဟာ လူအများနဲ့နေတဲ့အချိန်မှာ လူသားပီသရမယ်လို့ အသိပေးခဲ့တာပါ။ ယူတတ်ရင် အမြတ်တွေချည်းပါပဲ။ ဗုဒ္ဓတရားတော်သာ အတုယူစရာတစ်ခု ဖြစ်တာမဟုတ်ပါဘူး။ ဗုဒ္ဓဘုရား ဖြတ်သန်းခဲ့တဲ့ခရီးလမ်းမှာ ကြုံတွေ့ခဲ့ရဖူးတဲ့ အတွေ့အကြုံများဟာလည်း အတုယူစရာအပြည့်ပါနေတာပါ။ တရားတော်ဟာ ရှင်သန်တဲ့အခါ နေတတ်ဖို့နဲ့ လွတ်မြောက်ချင်တဲ့အခါ နည်းလမ်းယူ ကျင့်သုံးဖို့အတွက် ရည်ရွယ်တာပါ။ ဘဝခရီးလမ်းမှာ ကြုံတွေ့ရတဲ့ အတွေ့အကြုံများကတော့ အများနဲ့နေထိုင်တဲ့အခါ နေတတ်ဖို့ ပေးခဲ့တဲ့သင်ခန်းစာများပါပဲ။ တစ်ယောက်ထက်ပိုတဲ့အခြေအနေကို ကြုံရတဲ့အခါ ဘယ်လိုနေထိုင်ဖို့ လိုအပ်သလဲ။ ဘယ်လို ပြောဆိုပြုမူဆက်ဆံမလဲ။ အများနဲ့နေသူ၊ အများအတွက် လုပ်နေသူများ သိသင့်သိထိုက်တဲ့ အခြေခံအကြောင်းတရားများကို ဗုဒ္ဓဘုရား မိန့်ကြားခဲ့တဲ့အရာများ၊ တွေ့ကြုံခဲ့တဲ့အခြေအနေများကို စောင်းငဲ့ကြည့်ရင်း အတုယူကြပါစို့လား။

အများနဲ့နေသူ၊ အများအတွက်လုပ်နေသူများ ညီညွတ်ဆိုတဲ့ အဓိပ္ပါယ်ကို အရင်သိထားဖို့ လိုအပ်ပါလိမ့်မယ်။ **'ညီ'** ဆိုတာဟာ နားလည်ပေးနိုင်ခြင်း၊ အမှန်မြင်ခြင်း၊ အမှားကိုခွင့်လွှတ်နိုင်ခြင်းဆိုတဲ့ အဓိပ္ပါယ်ကိုဖေါ်ဆောင်ပါတယ်။ ဟုတ်ပါတယ်။ **'ညီ'** ဆိုတဲ့ စကားလုံးဟာ မညီတဲ့အရာအားလုံးကို ညှိပေးတာပါ။ ညှိမှညီတာမို့ ညှိဖို့ဆိုရင် အသိလိုအပ်ပါတယ်။ ဒါကြောင့် ညီဆိုတာ အသိရဲ့ ကိုယ်စားပြုစကားလုံးတစ်ခုမို့ နားလည်ပေးနိုင်ခြင်း၊ အမှန်မြင်ခြင်း၊ အမှားကို ခွင့်လွှတ်နိုင်ခြင်းလို့ အဓိပ္ပါယ်ယူလိုက်တာပေ့ါ။

**'ညွတ်'**ဆိုတာကို အဓိပ္ပါယ်ပြန်ရင် ဘေးရန်ကင်းစေလိုခြင်း၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာစေလိုခြင်းနဲ့ ဘဝမှာ အေးအေးချမ်းချမ်းနေစေလိုခြင်းလို့ ဆိုရမယ်ထင်ပါတယ်။ ဘာကြောင့်ဆို **'ညွတ်'** ဆိုတဲ့စကားဟာ မေတ္တာကို ကိုယ်စားပြုတဲ့စကားလုံးအနေနဲ့ ယူထားလို့ပါ။ ဟုတ်ပါတယ်။ ကိုယ်ချစ်ရသူတစ်ယောက် ကျန်းမာချမ်းသာစေလိုတယ်ဆိုရင် စိတ်က အမြဲညွတ်နေတတ်တာမို့လား။ နေမှကောင်းရဲ့လား၊ အဆင်မှပြေရဲ့လား စတဲ့အတွေးများနဲ့ သူ့အပေါ် စိတ်က အမြဲညွတ်နေတတ်တာ။ **'ညီ'** ဆိုတဲ့စကားနဲ့ **'ညွတ်'** ဆိုတဲ့ စကားနှစ်ခုပေါင်းလိုက်ရင် အဓိပ္ပါယ်က တကယ်ပြည့်စုံလွန်းပါတယ်။ စုပေါင်းအားနဲ့လုပ်တဲ့အခါ အားလုံးအပေါ်မှာ နားလည်ပေးနိုင်ပြီး ဘေးရန်ကင်းစေလိုတဲ့ စိတ်ထားဟာလဲ မြင့်မြတ်တယ်လေ။ ဒါကြောင့် ညီညွတ်ခြင်းဟာ မိသားစု၊ အဖွဲ့အစည်း၊ နိုင်ငံနဲ့ဘာသာရေးတွေမှာ မရှိမဖြစ်လိုအပ်တဲ့အရာတစ်ခုပါပဲ။

မိသားစုဆိုတာ အနည်းဆုံး လူနှစ်ယောက်ပေါင်းရာကနေ စတင်တာပါ။ စိတ်တူလို့ ပေါင်းယူကြတဲ့ လူသားနှစ်ယောက် အချစ်မတူလို့ မရနိုင်ပါဘူး။ အချစ်ဆိုတာ မေတ္တာကို ကိုယ်စားပြုပါတယ်။ ကိုယ်ချစ်သူကို ကျန်းမာစေချင်သလို ဘေးရန်ကင်းစေချင်ကြတယ်လေ။ လောကသုံးအချစ်ကတော့

စွဲလန်းခြင်းတဏှာကို ကိုယ်စားပြုတာမို့ ခွဲပြောရတာပါ။ ဒါပေမယ့် ကိုယ့်ချစ်တဲ့သူကို တဏှာနဲ့ချစ်ချစ် မေတ္တာနဲ့ချစ်ချစ် သေချာတာကတော့ ဘေးကင်းစေချင်တာပါပဲ။ ကွဲပြားသွားတာကတော့ တဏှာချစ်မှာ နားလည်မှုသဘောထားတွေ ပါမလာတတ်ပါဘူး။ အချစ်လွန်သူတွေဟာ ဟိုဟာလုပ်မကြိုက်၊ ဒီလူနဲ့စကားပြော သဘောမတွေ့နဲ့ ရယူပြီးရင် ချုပ်နှောင်ခြင်း (မစ္ဆရိယ) လေးတွေ မသိမသာပေါ်လာတတ်ပါတယ်။ ဒါဟာ ညွတ်ပဲညွတ်ပြီး ညီအောင် မညှိတတ်လို့ပါ။ တနည်းပြောရရင် နားလည်မှုမပေးနိုင်လို့ပါပဲ။ လူသားဆိုတာ လူအများနဲ့ ဆက်ဆံရတာမို့ တစ်ယောက်မဟုတ် တစ်ယောက်နဲ့တော့ စကားပြောနေ၊ အပြင်သွားနေ၊ အလုပ်လုပ်နေမှာပါပဲ။ ဒါဟာ တားလို့ကိုမရနိုင်တဲ့ လူ့သဘာဝပါ။ အချစ်ကိုရှေ့တန်းတင်ပြီး နားလည်မှုမပေးနိုင်သူတွေဟာ မကြာခင် စလယ်ဝင် အိုးဖင်မည်းခင် ကွဲရလေသည်ဆိုတဲ့အတိုင်း အချင်းများလာတတ်ပါတယ်။ အပြစ်တွေပြောလာတတ်၊ မြင်လာတတ်တဲ့အတွက် အစေးမကပ်ဘဲဖြစ်လာတော့ ကွဲကြပါလေရော။ ချစ်သူတွေယူကြတာ ခွဲဖို့မဟုတ်ပါဘူး။ တွဲနေကြဖို့ပါ။ ဒါပေမယ့် နားလည်မှုမပေးနိုင်တာ၊ အချစ်တွေ ပျက်ပျယ်လာတာကစလို့ ခွဲဖို့လမ်းစတော့တာပါပဲ။ ဒါကြောင့် အိမ်ထောင်တစ်ခုမှာ ညီဆိုတဲ့ နားလည်ပေးနိုင်မှုနဲ့ ညွတ်ဆိုတဲ့ မေတ္တာပွားခြင်း ချစ်ခြင်းများနဲ့ မွမ်းမံထားရပါတယ်။

ကြားဖူးတာလေးတစ်ခု ရှိပါတယ်။ Love is not enough to live together but please put understanding each other တဲ့။ အချစ်တစ်ခုတည်းနဲ့ အိမ်ထောင်တစ်ခုတည်ထောင်ပြီး အတူနေဖို့မလုံလောက်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလေးပါ အသုံးပြုကြပါတဲ့။ ဒါဟာ ညီညွတ်မှုရှိဖို့အတွက် သတိပေးလိုက်တာပါ။ လူအတော်များများ အိမ်ထောင်ပြုကြ အတူနေကြတာဟာ တဏှာအချစ်တူလို့ များပါတယ်။ **သဒ္ဓါ**- ယုံကြည်မှုတူလို့

ပေါင်းသူကရှားကြတော့ နားလည်မပေးနိုင်ကြဘူးလေ။ အစက တဏှာနဲ့ချစ်ခဲ့ပေမယ့် နောက်တော့ မေတ္တာဝင်ပြီး နားလည်မှုပါပေးလိုက်ရင် သာယာအေးချမ်းတဲ့ အိမ်ထောင်တစ်ခုဖြစ်မှာပေါ့။ ကိုယ်ချစ်တဲ့သူတစ်ယောက်ကို ဘာကြောင့် နားလည်မှုမပေးနိုင်ရမှာလဲ။ မေတ္တာလည်း ဘာကြောင့်မထားနိုင်ရမှာလဲ။ ရန်သူတွေမှမဟုတ်တာ။ နားလည်မှုသာ မပေးနိုင်တော့ဘူးဆိုရင် မေတ္တာတွေ ခမ်းခြောက်လာတာမို့ သတိထားရတော့မယ့် အိမ်ထောင်တစ်ခုဖြစ်ပါတယ်။ အတူပေါင်းလို့ အိမ်ထောင်လို့ခေါ်ရတဲ့ အချိန်ကစလို့ မိသားစုရယ်လို့ နာမည်လေးပါ ပြောင်းလာပါတော့တယ်။ ဘာကြောင့်ဆို ဘဝနှစ်ခုထဲကို နောက်ထပ် ဘဝတစ်ခုဝင်လာတော့မှာမို့ပါ။ ဘဝနှစ်ခုရှိတဲ့အချိန်ကတည်းက ညီညွတ်နေမှသာ ဘဝသုံးခုဖြစ်လာတဲ့အခါ သာယာမှာပါ။ အစကတည်းက ညွတ် = ချစ်ပဲချစ်တတ်ပြီး မညီ = နားလည်မှု မပေးနိုင်ခဲ့ဘူးဆိုရင် လူကြီးတွေရဲ့ အပြစ်မြင်မှုဒါဏ်ကို မျိုးဆက်သစ်တွေ ခံစားရတော့မှာပါ။ ခါးသီးမှုဒါဏ်ကို ခံစားရတဲ့ မျိုးဆက်သစ်ဟာ စိတ်နာကျင်မှုကို ရရှိခဲ့တဲ့အတွက် ပတ်ဝန်းကျင်ကို မကောင်းတဲ့အပြုအမူတွေနဲ့ပဲ တုန့်ပြန်တော့မှာပါ။ ဒါကြောင့် မိသားစုရယ်လို့ ဖြစ်လာတဲ့အခါ ညီညွတ်မှုတွေ (နားလည်ပေးနိုင်မှု၊ ဘေးရန်ကင်းစေလိုမှု) မရှိမဖြစ်လိုအပ်ပါတယ်။ ဒါကလည်း နောက်အနာဂတ်ကာလ အဖွဲ့အစည်းအတွက် နိုင်ငံအတွက်ရယ်ပါ။

အဖွဲ့အစည်းဆိုတာလည်း လူအများနဲ့ ဖွဲ့စည်းထားတာပါပဲ။ အသိမတူ စိတ်မတူသူများနဲ့ ပေါင်းစည်းထားတဲ့ အဖွဲ့အစည်းဆိုတာ ရေရှည်တည်မြဲပြီး အောင်မြင်ဖို့ တကယ်ခက်ခဲပါတယ်။ ညီညွတ်မှုမရှိဘူးဆိုရင်ပေါ့။ အဖွဲ့အစည်းထဲဝင်လာသူတွေဟာ ကိုယ့်ရဲ့အတ္တ အတွေးအခေါ် အယူအဆတွေကို စည်းအပြင်မှာ ထားခဲ့ပြီးမှ အဖွဲ့အစည်းထဲ ဝင်သင့်ပါတယ်။ ဘာကြောင့်ဆို အဖွဲ့အစည်းဆိုတာ အသိမတူသူ စိတ်မတူသူများနဲ့ အောင်မြင်မှုပန်းတိုင်ကို

အကောင်အထည်ဖော် ရတာမို့ပါ။ ရည်ရွယ်ချက်တစ်မျိုးတည်းကိုပဲ အကောင်အထည်ဖော် မှာဖြစ်တဲ့အတွက် တစ်ယောက်ရဲ့ လိုအပ်ချက်ကို အပြစ်မပြောဘဲ အများက နားလည်ပြီး မေတ္တာထားရင်း ရှေ့ဆက်သွားမှသာ ပန်းတိုင်ကို ရောက်မှာပါ။ ခက်တာက အဖွဲ့အစည်းထဲရောက်လာသူတွေဟာ ကိုယ့်ရဲ့အတ္တကို ချမထားခဲ့ဘဲ အဖွဲ့ထဲရောက်လာတော့ ငါတကောကောနဲ့ လုပ်လာတော့ ကျန်တဲ့သူတွေလည်း အတ္တကိုဖော် မာနကိုမချဘဲ သူတစ်လူ ငါတစ်မင်းလုပ်ကြတော့ အောင်မြင်ဖို့ ခက်ခဲသွားတာပေါ့။ အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကို အမြန်ရောက်ဖို့ဆိုရင် အားလုံးက နားလည်ပေးနိုင်ဖို့ (ညီ)လိုအပ်သလို ဘေးရန်ကင်းစေလိုတဲ့ စေတနာဆန္ဒများလည်း ထားဖို့လိုအပ်တာပေါ့။ အဖွဲ့အစည်းတွေ မဖွဲ့ခင်က ဖွဲ့စည်းချင်သူတွေ ညီညွတ်နေကြသလောက် အဖွဲ့အစည်းလုပ်ပြီး အောင်လည်းအောင်မြင်လာရော ဟိုလူကြောင့် ဒီလူကြောင့်ဆိုတဲ့ အတွေးနဲ့ အပြောတွေက စိတ်ဝမ်းကွဲစေတော့တာပါပဲ။ အများအတွက် ဖွဲ့စည်းခဲ့တယ် ငါ့ရဲ့အတ္တကိုလျှော့ရမယ်ဆိုတဲ့ အတွေးများသာရှိမယ်ဆိုရင် အများနဲ့အတူတူ အလုပ်လုပ်တဲ့အချိန်မှာ မအားဘူးဆိုတာလည်း မရှိနိုင်တော့သလို လိုအပ်တာကိုလည်း တဖက်တလမ်းက ဖြည့်ဆည်းပေးနိုင်သွားပါတယ်။ တကယ်လို့ အတူမလုပ်နိုင်ခဲ့ဘူးဆိုရင်တောင် နားလည်ပေးဖို့က အဆင်သင့်ဖြစ်နေတတ်ပြန်ရော။ ဘာကြောင့်ဆို ကိုယ်တိုင်က အများအတွက် လုပ်တယ်ဆိုတဲ့အတွေးကို ရင်မှာထွေးပွေ့ထားသလို နားလည်မှုများစွာနဲ့ မေတ္တာထားနိုင်လို့ပါပဲ။ နားလည်မှု (ညီ)နဲ့ မေတ္တာထားမှု (ညွတ်)ကို ပေါင်းစပ်ထားတဲ့ အဖွဲ့အစည်းကောင်းဆိုတာ နိုင်ငံတစ်ခုတိုးတက်ဖွံ့ဖြိုးအောင် တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးနေတာပဲပေါ့။ မိသားစုများ ညီညွတ်တာ၊ အဖွဲ့အစည်းတွေ ညီညွတ်တာဟာ နိုင်ငံအတွက် အားတက်စရာပဲလေ။

နိုင်ငံတစ်ခုဆိုတာ မိသားစုတွေ၊ အဖွဲ့အစည်းတွေကို ပေါင်းစည်းထား

တဲ့အရာကိုပြောတာပါ။ နိုင်ငံမှာနေထိုင်တဲ့ မိသားစုဝင်တွေ၊ အဖွဲ့အစည်း တွေဟာ ညီလည်းမညီ ညွတ်လည်းမညွတ်ကြဘူးဆိုရင် ကျရှုံးဖို့သိပ်မြန်ပါတယ်။ ညီ= နားလည်မှုတော့ပေးနိုင်ပါရဲ့၊ မညွတ်= မေတ္တာမထားကြဘူးဆိုရင်လည်း အောင်မြင်ဖို့ ခက်နေပြန်ရော။ ညွတ်= မေတ္တာတော့ထားကြပါရဲ့၊ မညီ= နားလည်မှုမရှိဘူးဆိုပြန်ရင်လည်း တိုးတက်ဖို့နှေးကွေးတတ်ပါတယ်။ နိုင်ငံတိုး တက်ရေးမှာ အားလုံးက မေတ္တာရှေ့ထားစေတနာတွေပွားပြီး ကြိုးစားအားထုတ် နေကြပေမယ့်လို့ အများကို နားလည်မှုမပေးနိုင်ဘဲ တစ်ယောက်ကို တစ်ယောက် လက်ညှိုးထိုးနေမယ်ဆိုရင်တော့ အနီးအနားနိုင်ငံတွေကို မီအောင်လိုက်ဖို့ ဆိုတာ ခက်သထက်ခက်နေဦးမှာပါ။ ဒါကြောင့် နိုင်ငံမှာနေကြတဲ့ မိသားစုဝင် များ၊ အဖွဲ့အစည်းဝင်များဟာ ညီပြီး ညွတ်ကြဖို့လိုအပ်နေပါပြီ။ နိုင်ငံတော်ကြီး တိုးတက်ကြီးပွားလာတယ်ဆိုတာ အဖွဲ့အစည်းတွေ နားလည်မှုပေးနိုင်ကြသလို မေတ္တာထားကြတာကြောင့်လည်း ဖြစ်ပါတယ်။

တိုးတက်စေချင်တယ်၊ အောင်မြင်စေချင်တယ်လို့ ပြောနေကြပေမယ့် လို့ နိုင်ငံတော်ကြီး ထင်သလောက် တိုးတက်မလာသေးဘူးဆိုရင်တော့ တစ် ယောက်နဲ့တစ်ယောက် နားလည်ပေးနိုင်စွမ်းမရှိသေးလို့ဆိုတာ သေချာပါတယ်။ နားလည်ပေးနိုင်စွမ်းမရှိသူတွေနေတဲ့နိုင်ငံမှာ လှပမှုတွေ ပျောက်ဆုံးနေတတ် သလို မေတ္တာပါးသူတွေရှိတဲ့နေရာမှာ ငြိမ်းချမ်းမှုတွေ ပျောက်ဆုံးနေတတ်ပါ တယ်။ လှပပြီး ငြိမ်းချမ်းတဲ့ နိုင်ငံတော်သစ်ကြီးဆီ လျှောက်လှမ်းကြဖို့ဆိုရင် လူသားတွေ ညီညွတ်ဖို့ပါပဲ။ နိုင်ငံတော်ကြီးကို တိုးတက်၊ ငြိမ်းချမ်းစေချင်ပြီလား ညီညွတ်ခြင်းရဲ့အဓိပ္ပါယ်ကို တစ်ချက်လောက်နှလုံးသားထဲ ထည့်ကြည့်လိုက်ရုံ ပါ။ လိုတာကိုဖြည့်ပြီး ရှေ့ဆက်သွားကြရုံပါပဲ။

မိသားစုဝင်များ၊ အဖွဲ့အစည်းများနဲ့တည်ဆောက်ထားတဲ့ နိုင်ငံတော် ကြီးမှာ ကိုးကွယ်ရာဆိုတာလည်း ရှိစမြဲပါပဲ။ မြန်မာပြည်သူပြည်သားများအတွက်

တော့ အများအားဖြင့် ဗုဒ္ဓဘာသာပဲပေ့ါ။ ဗုဒ္ဓရဲ့အဆုံးအမက ရှင်းပါတယ်။ **မကောင်းတာဆို ပြောလည်းမပြောနဲ့၊ လုပ်လည်းမလုပ်နဲ့၊ တွေးလည်းမတွေးပါနဲ့** တဲ့လေ။ ဘာကြောင့်ဆို နားလည်မှုတွေလွဲပြီး မေတ္တာတွေ ခမ်းခြောက်သွားမှာကို ကြိုမြင်ထားလို့ပါ။ **ကောင်းတာဆိုရင် လုပ်ပါ၊ ပြောပါ၊ တွေးပါ** တဲ့။ ဒါကလည်း အများကို နားလည်ပေးဖို့နဲ့ မေတ္တာထားဖို့အတွက် ပေးခဲ့တဲ့နည်းလမ်းတွေပါ။ ခက်တာက သိတယ်ထင်ထားတဲ့လူသားတွေပဲ အများဆုံး မှားနေတတ်ကြတာလား။ မောဟများလို့လား ကမ္ဘာကြီးတိုးတက်တာ မြန်ဆန် လွန်းလို့လား မပြောတတ်။ အတ္တကိုစွန့်ပြီး ပရအတွက် ရှင်သန်ချင်သူတွေပေါင်းစုပြီး အများအတွက် အလုပ်လုပ်ကြတဲ့အချိန်မှာ မေတ္တာတော့ ရှိကြပါရဲ့၊ နားလည်မှုတွေ နည်းပါးတာကြောင့် အမြင်တွေ တိမ်း စောင်းလာတတ်ပြန်ရော။ သူ၊ ငါကို လျှော့ပြီး ဝင်လာတဲ့သူတွေ သူ၊ ငါ ရယ်လို့ပြောလာတဲ့အခါ ပြောပြရ အခက်ဆုံး။ အတ္တကင်းအောင်ကျင့်တဲ့သူတွေ အတ္တကြီးလာရင် အဆိုးဆုံး အခြေအနေကို ရောက်လာတတ်ပါတယ်။

အတ္တက ဖိတ်ခေါ်လာတဲ့စကားကတော့ ငါလုပ်နိုင်တယ်၊ ငါလှူနိုင်တယ် စတဲ့ အတွေးများနဲ့ အပြောများပါပဲ။ အဲလိုဖြစ်လာရင်တော့ မေတ္တာရှိတယ်ဆိုရင်တောင် နားလည်မှုကတော့ ခေါင်းပါးသွားပါပြီ။ ဘာသာရေးအဖွဲ့အစည်းထဲ ဝင်ရောက်လာသူတွေဟာ ပရအတွက်လုပ်နိုင်သူတွေမို့ လူဆိုးပဲဖြစ်နေပါစေ နားလည်စွာနဲ့ လက်ကမ်းကြိုရမှာပဲမို့လား။ မေတ္တာမထားနိုင်ဘူး၊ နားလည်မှုမပေးနိုင်ဘူးဆိုတာ စစ်ဖြစ်နေတဲ့ စစ်မြေပြင်မှာပဲ ဖြစ်ရမယ့်အတွေးတွေပါ။ ဘာကြောင့် ဘာသာရေးအဖွဲ့အစည်းထဲ ရောက်လာသလဲဆိုရင် နားလည်မှုမပေးနိုင်လို့ သို့မဟုတ် မေတ္တာမထားနိုင်လို့ပါပဲ။ လူအတော်များများ မေတ္တာပွားနိုင်ကြပေမယ့် မေတ္တာမထားနိုင်ကြလို့ ဒီလိုဖြစ်ရတာပါ။ မေတ္တာပွားတယ်ဆိုတယ် သက်ရှိတွေနဲ့ပတ်သက်ပြီး အားတဲ့အချိန်မှ ဘေးရန်ကင်းပါစေ

စတဲ့ အတွေးနဲ့ မေတ္တာပို့နေတာကိုပြောတာပါ။ မေတ္တာထားတယ်ဆိုတာက အနားရောက်လာသူတစ်ယောက်ကို မေတ္တာနဲ့ယှဉ်တဲ့စိတ်၊ မေတ္တာနဲ့ယှဉ်တဲ့ အပြော၊ မေတ္တာနဲ့ယှဉ်တဲ့ အလုပ်များကို လုပ်နိုင်တာကိုပြောတာပါ။ ပါးစပ်က မေတ္တာထားနိုင်တယ် ဘယ်လောက်ပြောပြော ကိုယ်သဘောမတွေ့သူ တစ်ယောက် လမ်းမှာပဲတွေ့တာပဲဖြစ်ဖြစ်၊ အလှူမှာတွေ့တာပဲဖြစ်ဖြစ် သူ့ကို ပြုံးပြဖို့ခက်တဲ့ အခြေအနေကို ပိုင်ဆိုင်ဖူးကြမှာပါ။ ဒါဟာ မေတ္တာမထားနိုင်တဲ့ အဖြစ်ရဲ့သင်္ကေတပါပဲ။ မေတ္တာမထားနိုင်တာ ဘာကြောင့်လဲဆို နားလည်မှု မပေးနိုင်လို့ပါပဲ။ မှန်ပါတယ်။ လူသားအားလုံးဟာ ပြည့်ဝတဲ့သူတွေ မဟုတ်ပါဘူး။ ပြည့်ဖို့အတွက် ဖြည့်နေသူတွေချည်းပါ။ အဆင်ပြေတုန်းက မေတ္တာ မပျက်သလို နားလည်ပေးနိုင်သလို ထင်ခဲ့သူတွေဟာ အဆင်မပြေလည်း ဖြစ်ရော ပြောလိုက်တဲ့အပြစ်၊ မေးငေါ့လိုက်တဲ့အဖြစ်။ ဒါတွေဟာ ဗုဒ္ဓ = သိသူ တစ်ယောက်ပေးခဲ့တဲ့အသိမဟုတ်သလို လုပ်ဖို့ပေးခဲ့တဲ့နည်းလမ်းလည်း မဟုတ်ပါဘူး။

ဘာသာရေးအဖွဲ့အစည်းဆိုတာ အသိရှိသူတွေရောက်လာတတ်သလို အသိမရှိသူတွေလဲ ပါလာတတ်ပါတယ်။ အသိရှိသူတွေရောက်လာရင် မေတ္တာ များများထားဖို့ လိုအပ်သလို အသိမရှိသူတွေပါလာရင်လဲ နားလည်မှု များများနဲ့ မေတ္တာထားတတ်ဖို့ လိုအပ်ပါတယ်။ ဗုဒ္ဓရဲ့နည်းလမ်းနောက်လိုက်ပြီး အများ အတွက် ကျင့်နေသူဆိုရင်တော့ ဖြစ်လာတတ်တဲ့သဘာဝလေးတွေကို သိထား ပြီး ညှိပြီးညွှတ်နိုင်အောင်လုပ်ထားဖို့ လိုအပ်ပါတယ်။ ဘာကြောင့်ဆို ဘာသာ ရေးအဖွဲ့အစည်းဆိုတာ အများနဲ့ ဖွဲ့စည်းထားတာမို့ပါ။ ပြီးတော့ လူ အမျိုးမျိုးနဲ့ ပေါင်းစည်းထားတာမို့လား။ လူတစ်ယောက်နဲ့ တစ်ယောက်ကလဲ စရိုက်တူကြ တာမဟုတ်တော့ ပိုပြီးနားလည် မေတ္တာပွားရတာပေါ့။ သံသယစိတ်နဲ့ ဟိုလူ ကြည့် ဒီလူမေး လုပ်လာရင် မေးခံရသူ၊ ကြည့်ခံရသူတွေဟာ လူထဲက လူတွေပဲမို့

မကောင်းမြင်ပြီး မကောင်းစိတ်ဝင်လာရင် သာသနာအတွက် မကောင်းနိုင်သလို သံသရာအတွက်လည်း မကောင်းနိုင်ပါဘူး။ လူဆိုတာ အမျိုးမျိုးရှိတတ်တာလား။ ကောင်းတာလုပ်နေပေမယ့် စိတ်ကောင်းမထားတတ်တဲ့သူ၊ စိတ်ကောင်းထားပေမယ့် မပြောတတ်လို့ စိတ်ကောင်းထားတယ်လို့ အသိအမှတ်အပြုမခံရသူနဲ့ စိတ်ကောင်းမရှိပေမယ့် ကောင်းအောင်ကြိုးစားရင် ပြောင်းလဲသွားသူတွေလောကမှာ ဒုနဲ့ဒေး ရှိပါတယ်။ လူဆိုတာ တသမတ်တည်း ကောင်းဆိုး၊ သတ်မှတ်ထားလို့မရပါဘူး။ အထူးအားဖြင့် ဘာသာရေး သာသနာရေးလုပ်နေသူတွေပေါ့။ အရင်ကကောင်းနေပေမယ့် အခုပြောင်းသွားသူတွေ၊ အခု မကောင်းပေမယ့် နောင်ကျ ပြောင်းလဲသွားသူတွေလည်း ရှိတတ်တာပဲလေ။ ရှင်အင်္ဂုလိမာလဆိုတာ အရင်က ကောင်းမှ မကောင်းတာကို၊ မကောင်းဘူးဆိုပြီး သာသနာကလက်မခံဘဲ ပယ်ခဲ့တာမဟုတ်ပါဘူး။ မကောင်းလို့ကို သာသနာက လက်ခံခဲ့တာပါ။ ဒါကို နားလည်ကြမယ်ဆိုရင် သာသနာအောက် ဘာသာအောက် ရောက်လာသူအားလုံးကို မေတ္တာနဲ့ကြိုဆိုပြီး နားလည်မှုနဲ့ ခွင့်လွှတ်ပေးရမှာပေါ့။ ဘာသာရေး သာသနာရေးဟာ စိတ်ထားကောင်းမှ လုပ်နိုင်တဲ့အတွက် တခါတလေ သတိ, အသိကင်းတဲ့အခါမျိုးမှာ ကောင်းမှု လုပ်ရင်းနဲ့ ဖြစ်လာတတ်တဲ့သဘာဝ၊ မကောင်းတဲ့စိတ် (အကုသိုလ်စိတ်) ရှိနေပေမယ့်လို့ လက်ခံသူများ နားလည်ပေးသူများကြောင့် ပြောင်းလဲသွားသူများ အကြောင်းကိုလည်း ပဋ္ဌာန်းဒေသနာတော်မှာ ဒီလိုလေးဖော်ပြထားပါတယ်။

၁။ သဒ္ဓါတရားကောင်းတာကို အကြောင်းပြုပြီး အလှူလုပ်၊ သီလယူ၊ ဥပုသ်ဆောက်တည်ပြီး ဈာန်တရား မဂ်တရားများကို ရနိုင်သူလည်းရှိနိုင်သလို **(သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံက ရောတိ၊ ဈာနံ၊ မဂ္ဂံ ဥပ္ပါဒေတိ)**

၂။ သဒ္ဓါတရားကိုအကြောင်းပြုပြီး ငါလှူနိုင်တယ်၊ ငါလုပ်နိုင်တယ်လို့ တွေး

ထင်လာတဲ့အပြင် ငါတကောကောနဲ့ အများနဲ့ဆန့်ကျင်သူလည်း ဖြစ်သွားနိုင်သလို ကိုယ့်ကိုယ်ကိုယ်လည်း ပူလောင်စေသူဖြစ်တတ်ပါတယ်။ **(သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊ အတ္တာနံ အာတာပေတိ)**

၃။ အချစ်တို့ ရင်းနှီးမှုတို့ကို အကြောင်းပြုပြီး အလှူလည်းလုပ်တတ်သလို သီလယူ ဥပုသ်စောင့်တဲ့အပြင် ဈာန်တရား၊ မဂ်တရားများကိုလည်း ရသွားသူလည်း ဖြစ်တတ်ပါတယ်။ **(ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသ ထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ)**

ထူးဆန်းတဲ့လူအကြောင်းကို ဗုဒ္ဓက တမင်ဖော်ထုတ်ပြောခဲ့တာမဟုတ်ပါဘူး။ လောကမှာ ရှိနေတာကို သိအောင် မြင်အောင် မီးမောင်းထိုးပြလိုက်ရုံလေးပါ။ မှန်ပါတယ်။ ဘာသာ, သာသနာအတွက် စွန့်လွှတ်ဖို့ဝင်လာသူများကို ဝမ်းသာစွာကြိုဆိုရမှာပါ။ အမှားတွေလုပ်နေသေးတယ်ဆိုရင်တောင် အပြစ်မမြင်ဘဲ အချစ်ဝင်ပြီး နားလည်စွာနဲ့ အမှန်ပြင်ပေးရမှာပါ။ သူလာရင် ငါမသွားဘူး။ သူရှိရင် ငါမလှူဘူးဆိုတာဟာ ကြီးမားတဲ့အတ္တကို လူသိရှင်ကြား ချပြလိုက်သလိုဖြစ်တတ်တာကြောင့် မေတ္တာမဲ့သူ နားလည်မှုမပေးနိုင်သူတွေတော့ မဖြစ်စေချင်တာအမှန်။ သာသနာဆိုတာ အသိနဲ့အကျင့်ကို ကိုယ်စားပြုတာမို့ မကောင်းသူကိုလည်း ဆွယ်၊ ကောင်းသူကိုလည်း တင့်တယ်အောင် မြှင့်တင်သွားရမှာပါ။ ပတ်ဝန်းကျင်မှာ မြင်တွေ့ကြားရတာများဟာ မကောင်းတာကို ရှောင်ဖို့နဲ့ ကောင်းတာကို ဆောင်ဖို့ပါ။ မကောင်းတာ ကြားခဲ့ရင်လည်း နားလည်စွာနဲ့ မေတ္တာပွားရင်း ခွင့်လွှတ်လိုက်ဖို့ပါ။ ကောင်းတာကြားရင်လည်း မေတ္တာပွားရင်း အတုယူသွားဖို့ပါပဲ။ လွတ်မြောက်ရာလမ်းကြောင်း သွားနေသူချင်း အတူတူ ဘာလို့ သူမှန်တယ် ငါမှန်တယ်လို့ အငြင်းပွားနေကြမှာလဲ။ အငြင်းပွားတာဟာ နိမ့်ကျတဲ့စိတ်ခါတ်ကို ထုတ်ဖော်ပြတာမို့ အသိရှိသူတွေ မလုပ်တတ်ပါဘူး။ ဒါကြောင့် အင်္ဂလိပ်တွေက ဆွေးနွေးခြင်းဟာ ငြင်းခုန်ခြင်းထက် ကောင်း

မွန်ကြောင်း ပြောကြတာပေါ့။

Discussion is better than the argument because discussion is to find out what is right and the argument is to find out who is right ပါတဲ့။ ဆွေးနွေးခြင်းဟာ ငြင်းခုန်ခြင်းထက် ပိုကောင်းပါတယ်။ ဘာကြောင့်ဆို ဆွေးနွေးခြင်းဟာ ဘယ်ဟာမှန်တယ်လို့ အမှန်တရားကို ရှာဖွေခြင်းဖြစ်ပြီး ငြင်းခုန်ခြင်းဟာ ဘယ်သူမှန်တယ်လို့ ရှာဖွေတာကြောင့်ပါတဲ့။ ဘာသာရေး သာသနာရေးလုပ်ရာမှာ မုန်းသူ၊ မကြိုက်သူများကို ချစ်တတ်လာပြီလား။ ဒါဆို မေတ္တာရှိသူ နားလည်ပေးနိုင်သူ ဖြစ်သွားပါပြီ။ ချစ်သူ၊ သိနေသူတွေကို အပြစ်မြင်တတ် အပြစ်ပြောတတ်လာပြီလား။ ဒါဆိုရင် မေတ္တာခမ်းခြောက်သူ နားလည်မှုမပေးနိုင်သူ ဖြစ်နေပါပြီ။ ဒီအခြေအနေရောက်နေပြီဆိုရင် မှားဖို့များလာတာမို့ အမြန်ပြင်လိုက်ပါ။ မေတ္တာထားနိုင်အောင် နားလည်ပေးနိုင်အောင် အမြန်သာ ကြိုးစားလိုက်ပါ။

ဗုဒ္ဓရဲ့အသိအောက် ရောက်လာသူတွေဟာ မပြည့်သေးလို့ ရောက်လာကြတာမို့ မေတ္တာထားပြီး နားလည်မှုနဲ့သာ ကြိုဆိုခဲ့မယ်ဆိုရင် အမှန်ထင်ပြီး အမှားလုပ်သူကိုလည်း မေတ္တာထားနိုင်သလို အမှားလုပ်ရင်း အမှန်ဖြစ်လာမယ့်သူတွေလည်း လွတ်မြောက်ခွင့်ရသွားမှာပါ။ ငါပဲ လုပ်နိုင်တယ်လို့မထင်ဘဲ ငါလုပ်ခွင့်ရတယ်လို့တွေးပြီး နားလည်စွာ အများနဲ့ပေါင်းပြီး ကောင်းတာတွေ လုပ်သွားခဲ့မယ်ဆိုရင် အားလုံးဟာ ငြိမ်းချမ်းမှုချမ်းသာကို ခံစားရမှာပါ။ သေချာတာကတော့ အမှားရှိသေးလို့ အမှန်ကို ရှာဖွေနေသူများသာဖြစ်တာကြောင့် နားလည်မှုပေးဖို့ မခက်သလို မေတ္တာထားဖို့လည်း လွယ်ကူပါတယ်။ အခိက ကတော့ ကိုယ့်ကိုယ်ကို မေးကြည့်ဖို့ပါ။ မေတ္တာထားရင်း နားလည်စွာနဲ့ အများအတွက် ပေးဆပ်သူတွေလားလို့။

ဒီလိုသိဖို့ဆိုရင် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာနဲ့ မနောကံမေတ္တာ

များ ရှိမရှိ စစ်ကြည့်ဖို့ပါပဲ။ ဝတ္ထုသာကလေးကို ဖတ်ပြီး ငါ့မှာ ဘာတွေလိုနေသေးလဲဆိုတာသိရအောင် အတိတ်ကို ပြန်ပြောင်းလို့ ကြည့်ကြပါစို့။

ကောသမ္ဘီပြည်မှာ မေတ္တာရှိတယ်ထင်ရတဲ့ ရဟန်းများ နားလည်မှုမပေးနိုင်တာကစလို့ ရန်ပွဲကြီးဖြစ်တုန်းပေါ့။ ဆရာကွဲတော့ ဒကာပါကွဲရတဲ့အဖြစ်။ ဘာမဟုတ်တဲ့ ကိစ္စတစ်ခုကို ရေးကြီးခွင်ကျယ်လုပ်ရာကစလို့ ဖြစ်ခဲ့တဲ့ ရန်ပွဲပေါ့။ နားလည်မှုမပေးနိုင်တာဟာ မေတ္တာရှိရုံနဲ့ မဖြစ်နိုင်ဘူးဆိုတာသက်သေပါပဲ။ ရဟန်းများ မတည့်တာ၊ ဒကာများကွဲသွားတာကို ဘုရားရှင်ကိုယ်တော်တိုင် သွားရောက်ဖျန်ဖြေပေမယ့် နားမထောင်ခဲ့ကြပါဘူး။ ဒီအကြောင်းတရားကြောင့်ပဲ ဘုရားရှင်ဟာ ပါလိလေယျအရပ်သို့ ကြွသွားပါတော့တယ်။ ရည်ရွယ်ချက်ကတော့ ညီညွတ်ခြင်းရဲ့အရသာကို သိစေချင်လို့ပါ။ အရှေ့ဝါးတောအရပ်မှာ သီတင်းသုံးနေကြတဲ့ မထေရ်သုံးပါး (ရှင်အနုရုဒ္ဓါ၊ ရှင်နန္ဒိယ၊ ရှင်ကိမိလ) ဆီ ဘုရားရှင်ကြွရောက်ပြီး ချီးမြှောက်ပါတယ်။ မထေရ်သုံးပါး လျှောက်ထားပုံက အတုယူစရာ။ သုံးပါးလုံး ကိုယ်ကသာ ကွဲနေကြပေမယ့် စိတ်ကတော့ တစ်ခုတည်းပါတဲ့။ ရှင်အနုရုဒ္ဓါ လျှောက်ထားလေးကို တစ်ချက်ကြည့်ပါဦး . . . "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား. . ဤတောမှာနေတဲ့ တပည့်တော်ရဲ့စိတ်မှာ ငါဟာ အရတော်လိုက်တာ၊ ဒီလိုမျိုးသီတင်းသုံးဖော်တွေနဲ့ အတူနေရတာ ကောင်းလိုက်တာလို့ အကြံဖြစ်ပါတယ်ဘုရား။ အရှင်ဘုရား . . . တပည့်တော်ဟာ ဤသီတင်းသုံးဖော် အရှင်မြတ်နှစ်ပါးတို့အပေါ်မှာ မေတ္တာနှင့်ယှဉ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကို မျက်မှောက်၊ မျက်ကွယ်နှစ်သွယ်ထားရှိ ပွားစေအပ်ပါတယ်ဘုရား။ အရှင်ဘုရားတပည့်တော်ရဲ့စိတ်ထဲမှာ ကိုယ့်အလိုကိုဘေးဖယ်ပြီး ဤအရှင်မြတ်နှစ်ပါးတို့အလိုအတိုင်း ကျင့်ရရင်ကောင်းမှာပဲလို့တွေးပြီး ဒီအတိုင်းပဲ ကျင့်သုံးနေထိုင်ပါတယ်ဘုရား" လို့လျှောက်တော့ ကျန်တဲ့နှစ်ပါးလည်း ဒီအတိုင်းထပ်လျှောက်

ကြပါတယ်။ အတုယူစရာ ညီညွတ်ခြင်း၊ ကောင်းလိုက်တဲ့စိတ်ထား။

**မျက်မှောက်မေတ္တာကာယကံ**ဆိုတာ အတူနေတစ်ပါးပါး ညောင်စောင်း၊ အင်းပျဉ်စတဲ့ သုံးစရာပစ္စည်းများထားသိုတာ အဆင်မပြေတာတွေ့ခဲ့ရင် ကိုယ်လုပ်ထားသလို သဘောထားပြီး အပြစ်မမြင်ဘဲ ပြန်လည်သိမ်းဆည်းတာကို ဆိုလိုတာပါ။ အတူနေပုဂ္ဂိုလ်တစ်ပါးပါး ခရီးထွက်သွားတဲ့အခါ မေ့ပြီး မသိမ်းခဲ့မိတဲ့ ပစ္စည်းများရှိရင်လည်း ကိုယ်လုပ်ထားခဲ့သလိုတွေးပြီး သိမ်းဆည်းပေးတာကို မျက်ကွယ်မေတ္တာကာယကံပါတဲ့။

အတူတကွနေထိုင်လျက် မထေရ်များနဲ့ ချိုမြိန်သာယာတဲ့ ဝမ်းမြောက်ဖွယ်စကား၊ အသက်ထက်ဆုံး မေ့မရနိုင်တဲ့ ကောင်းတဲ့စကား၊ တရားစကားစတဲ့ နှုတ်နဲ့ပတ်သက်တဲ့ ပြောဆိုမှုမှန်သမျှကို **မျက်မှောက်မေတ္တာဝစီကံ** ဆိုရသလို၊ တစ်ပါးပါး အရပ်တစ်ပါးသွားရင်လည်း ငါ့ရဲ့ချစ်မိတ်ဆွေ ဒီလို သီလနဲ့ပြည့်စုံတာရယ် ဒီလိုစိတ်ကောင်းတာရှိတာရယ်လို့ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုတဲ့ ရဟန်းရဲ့ဝစီကံမှုကို မျက်ကွယ်မေတ္တာဝစီကံလို့ ခေါ်ပါတယ်။

ငါ့ရဲ့ ချစ်မိတ်ဆွေများ ဘေးကင်းကြပါစေ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းကင်းကြပါစေရယ်လို့ နှလုံးသွင်းပြီးနေတဲ့ ရဟန်းရဲ့ မျက်မှောက် မျက်ကွယ်နှစ်ခုလုံး အောက်မေ့နှလုံးသွင်းတဲ့ မနောကံကို **မျက်မှောက်မေတ္တာမနောကံ** လို့ ဆိုပါတယ်။

မိသားစုပိုင်ဆိုင်ထားသူတွေ၊ အဖွဲ့အစည်းနဲ့နေသူတွေ၊ နိုင်ငံချစ်သူတွေ၊ လွတ်မြောက်မှုအတွက် ဘာသာရေးကို အများအတွက် လုပ်နေသူတွေ အတုယူစရာတွေ အမြောက်အမြားရှိပါတယ်။ ရှင်အနုရုဒ္ဓါတို့လို မေတ္တာနဲ့ယှဉ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံများ မျက်မှောက် မျက်ကွယ် ရှိမရှိ စစ်ကြည့်ပြီး မရှိရင် ရှိအောင်ကြိုးစား၊ ရှိနေရင်လည်း ထပ်ပွားပြီးနေသွားမယ်ဆိုရင် ချမ်းသာသုခကို ရရှိခံစားရမှာအမှန်ပါပဲ။ အများနဲ့နေ၊ အများအတွက်လုပ်ရင်း

စိတ်တွေရှုပ်ရတာ၊ အဆင်မပြေမှုတွေ ကြုံနေရတာဟာ နားလည်ပေးနိုင်စွမ်း၊ မေတ္တာထားနိုင်စွမ်း မရှိကြလို့ပါပဲ။ တချို့ မေတ္တာရှိပေမယ့် နားလည်မပေးနိုင်တာက ပြဿနာဖြစ်စေတာမို့ ပေါင်းပြီးကွဲသွားတတ်ပါတယ်။ တချို့က နားလည်ပေးတတ်ပေမယ့် မေတ္တာမပွားတတ်တာကြောင့် ချစ်ခင်သူတွေနဲ့ ဝေးနေရတတ်ပြန်ရော။ ဘယ်သူပဲဖြစ်ဖြစ် ချစ်သူနဲ့ဝေးချင်သူမရှိသလို မုန်းသူနဲ့လည်း အတူမနေချင်ကြပါဘူး။ မုန်းသူကင်းပြီး ချစ်သူတွေရှိနေအောင်ဆိုရင် ညီပြီး ညွတ်ဖို့လိုအပ်နေပါပြီ။

မိသားစုအဆင်ပြေတာကို မြင်ချင်သလား၊ အဖွဲ့အစည်းအောင်မြင်တာကို ကြားချင်သလား၊ နိုင်ငံတိုးတက်တာကို တွေ့ချင်သလား၊ ဘာသာရေးကြောင့် လွတ်မြောက်သွားသူတွေအကြောင်းကို ပြောပြချင်သလား။ အရာအားလုံးအတွက် အကောင်းဆုံးအဖြေကို ထုတ်ပေးသွားမှာက ညီညွတ်ခြင်းပါပဲ။ ဗုဒ္ဓဘုရားကတော့ ညီညွတ်ခြင်းကို **သမဂ္ဂါနံ တပေါ သုခေါ**- ညီညွတ်ခြင်းဟာ ချမ်းသာဖို့အတွက် ကောင်းတဲ့အကျင့်ပါတဲ့။ အကျင့်ကောင်းလို့ ကောင်းတာကိုကျင့်ချင်တယ်ဆိုရင် နားလည်နိုင်အောင် ကြိုးစားဖို့ လိုအပ်သလို မေတ္တာပွါးနိုင် မေတ္တာထားနိုင်အောင် လေ့ကျင့်ထားဖို့ လိုအပ်ပါလိမ့်မယ်။

ပြီးတော့ ကိုယ့်ကိုယ်ကိုလည်း အမြဲမေးတဲ့အကျင့်လေး လုပ်ထားဖို့ လိုအပ်တာပေါ့။ ငါဟာ တစ်ယောက်တည်းနေတာလား၊ အများနဲ့နေပြီး အများအတွက် လုပ်နေတာလားလို့။ **တစ်ယောက်တည်းနေရင် ဓမ္မသဘာဝ နားလည်ဖို့လိုအပ်သလို အများနဲ့နေရင် လောကသဘာဝကို နားလည်ဖို့ လိုအပ်ပါတယ်။** တစ်ယောက်တည်းနေတဲ့အခါ အများအတွက် မေတ္တာပွားဖို့လိုအပ်သလို အများနဲ့နေပြီး အများအတွက် လုပ်နေတယ်ဆိုရင်လည်း မေတ္တာထားတတ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကိုယ်နေတဲ့ပတ်ဝန်းကျင် မိသားစု၊ ပါဝင်တဲ့အဖွဲ့အစည်း၊ နေတဲ့နိုင်ငံ၊ ယုံကြည်တဲ့ဘာသာနဲ့ပတ်သက်ပြီး

ကိုယ့်ဟာကို ဆန်းစစ်ဖို့ လိုအပ်ပါတယ်။ ငါက အများကို မေတ္တာထားပြီး နားလည်အောင် ကြိုးစားနေသူလား အများက ငါ့ကို နားလည်အောင် ကြိုးစားနေရတာလားလို့၊ အများကို နားလည်ပေးတယ် မေတ္တာပွားတယ်ဆိုရင် ကောင်းပေမယ့် အများက ကိုယ့်ကို နားလည်ပေးနေရတယ်ဆိုရင်တော့ ပြောင်းဖို့လိုအပ်ပါပြီ။

နိုင်ငံတော်မှာ မိသားစု၊ အဖွဲ့အစည်း၊ ဘာသာအားလုံး ပါဝင်နေတာဖြစ်လို့ အသိရှိတဲ့လူသားတွေအနေနဲ့ အသိရှိတယ်လို့ခံယူပြီး အများအတွက် ပေးဆပ်ရင်း နိုင်ငံတိုးတက်အောင်လုပ်မယ်ဆိုရင် နားလည်မှုလွဲစေတဲ့ အပြော၊ အလုပ်၊ အတွေးများကို ပြောင်းလဲပြုပြင်ပြီး နားလည်မှုများ၊ မေတ္တာထားနိုင်အောင်ကြိုးစားသွားကြဖို့ပါပဲ။ နားလည်မှုနဲ့ ညီပြီး မေတ္တာထားပြီး ညွတ်ကြမယ်ဆိုရင် ဘာသာ သာသနာနဲ့အတူ နိုင်ငံတော်ကြီး တိုးတက်ချမ်းသာ ငြိမ်းချမ်းတာကို မြင်ရမှာအမှန်ပါပဲ။ ဒါကြောင့် ညီညွတ်ခြင်းရဲ့အရသာဖြစ်တဲ့ ချမ်းသာအစစ်ကို ခံစားနိုင်ဖို့အတွက် အားလုံး နားလည်မှုပေးရင်း မေတ္တာထားကြပါစို့လား။

နားလည်မှုထား မေတ္တာပွားနိုင်သူများဖြစ်ပြီး သိတဲ့အတိုင်းကျင့်၊ ကျင့်တဲ့အတိုင်း သိသူများ ဖြစ်ကြပါစေ။

**(သမဂ္ဂါန် တပေါ် သုခေါ ပါဠိကို ရေးဖွဲ့ခြင်းဖြစ်ပါ၏)**

(၁၁. ၀၁. ၂၀၁၇) ဗုဒ္ဓဟူးနေ့



# "အနတ္တလောက"

လောကသဘာဝကို လက်မခံဘဲ ဆန့်ကျင်ဖို့ ကြိုးစားနေကြတာဟာ လူသားတွေပါလို့ပြောရင် လွန်မလား မပြောတတ်။ ဆင်းရဲတာကို ချမ်းသာနဲ့ အစားထိုးဖို့ ကြိုးစားကြသလို အကဲ့ရဲ့ဒါဏ်ကင်းပြီး ချီးမွမ်းခံရအောင်လည်း လုပ်ကြပြန်ပါတယ်။ မိတ်ဆွေနည်းမှုကို မိတ်ဆွေဖွဲ့မှုနဲ့ လဲလှယ်ဖို့ ခြေလှမ်းနေသလို မရတာကို ရအောင် အားထုတ်ကြပြန်ရော။ မကောင်းတာကို တွန်းလှန်ဖို့ ကြိုးစားအားထုတ်တာဟာ ကောင်းပါတယ်။ ကိုယ့်အတွက်ရော လောကအတွက်ပါပေါ့။ ဒါပေမယ့် အကောင်းဆိုတာ အဆိုးနဲ့ဒွန်တွဲနေတတ်တယ်ဆိုတာကို မေ့တာကတော့ မကောင်းတဲ့ လူသားရဲ့အကျင့်တစ်ခုပါပဲ။

သဘာဝတရားဟာ မျက်နှာမလိုက်တတ်ပါဘူး။ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ ကိုယ့်သဘောအတိုင်းမဖြစ်တတ်တဲ့ အနတ္တနဲ့ တည်ဆောက်ထားတဲ့ လောကကြီးမှာ ကိုယ့်သဘော အတိုင်းဖြစ်ဖို့ဆိုတာ လားလားမှမတွေးကောင်းတဲ့အရာပါ။ ဂုဏ်ရှိသူကို မဆိုထားနဲ့ ဂုဏ်ပြည့်နေသူဗုဒ္ဓကိုတောင် အလွတ်မပေးတာ လောကဓံမဟုတ်ပါလား။ လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်း သတ္တဝါတွေအတွက် ဖြည့်ပေးခဲ့သူကို အကောင်းသက်သက်စံစားရအောင်၊ မအိုအောင်၊ မနာအောင်၊ မသေအောင်၊ အကဲ့ရဲ့မခံရအောင်၊ လုပ်တိုင်းဖြစ်အောင် တစ်ဘဝလောက်တော့ ခွင့်ပေးသင့်တာပေါ့။ ဒါပေမယ့်လည်းလေ . . . ရောဂါတွေရအောင်၊ အိုအောင်၊ အသက်သေအောင် အနိစ္စသဘောက လောကဓံနဲ့

ပူးပေါင်း အကျိုးပေးသွားပါရောလား။

ဒီလိုအကြောင်းတရားတွေ ပြည့်နှက်နေတဲ့ လောကကြီးမှာနေရင် သဘာဝတရား၊ လောကဓံရဲ့ လှည့်ပတ်မှုအခြေအနေကို လက်ခံနိုင်အောင် ဗုဒ္ဓဘုရားက မမြဲမှု အနိစ္စကို ပထမဆုံး ပဉ္စဝဂ္ဂီငါးဦးကို ချပြခဲ့တယ်လေ။

ရှင်သန်ဖို့ကြိုးစားနေသူတွေဟာ လောကီအာရုံ ကာမဂုဏ်အတွက် သက်သက်နဲ့ ဘဝကိုဖြတ်သန်းနေကြတဲ့အတွက် အစွန်းသွားနေသူနဲ့တူလို့ အစွန်းရောက်တတ်တယ်လို့ ဓမ္မစကြာတရားတော်မှာ အတိအလင်း အသိပေးခဲ့ပါတယ်။ အရှိဆိုတာ မရှိလို့မဖြစ်တဲ့ အရာတစ်ခုပါ။ ဒါပေမယ့် မရှိမဖြစ်တဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ ကိုယ်ပိုင်ကားဆိုတာ သူဌေးအတွက် ရှိသင့်တဲ့ အရာတစ်ခုဖြစ်ပေမယ့် ရှိမှဖြစ်တဲ့ အရာတစ်ခုမဟုတ်ဘူး ဆိုတာကို လိုင်းကားတွေအပြည့်အစုံ ဖြည့်ပေးထားတဲ့နိုင်ငံမှာ သိနိုင်ပါတယ်။ အိမ်ဆိုတာလည်း ရှိသင့်တဲ့ အရာတစ်ခုဖြစ်တယ်ဆိုတာကို လက်ခံရမှာဖြစ်ပေမယ့် တိုက်ခန်းတွေ အမြောက်အမြားစီစဉ်ပေးထားတဲ့ နိုင်ငံမှာ မရှိမဖြစ် မဟုတ်ပြန်တော့ ပါဘူး။ နာမည်ကြီးမှုဆိုတာ နာမည်လိုချင်သူအတွက် ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ဘဝကို အေးဆေးစွာဖြတ်သန်းချင်သူအတွက်တော့ အပိုတစ်ခုဖြစ်နေတတ်ပြန်ရော။ ဒါကြောင့် လောကမှာရှိတဲ့ အရာအားလုံးဟာ မရှိမဖြစ်မဟုတ်ပါဘူး။ မရှိလည်းဖြစ်တယ်ဆိုတာကို အခြားသတ္တဝါတွေကို ကြည့်ရင်သိနိုင်ပါတယ်။ ခက်တာက အများကိုကြည့်ပြီး မွေးရာပါ လောဘတဏှာကို တစ်စ တစ်စကြီးထွားအောင် လုပ်တတ်သူတွေ လောကမှာရှိနေတဲ့အတွက် ခက်ခဲမှုတွေက ဘဝထဲ မသိမသာဝင်လာတာပါ။ ခက်ခဲမှုများအားလုံး သူ့အလိုလို ဝင်လာတာမဟုတ်ပါဘူး။ ဝင်လာအောင် လက်ယပ်ခေါ်နေတဲ့ တဏှာလောဘ ကာမသမားတွေ ရှိနေလို့ပါ။ တဏှာအကြိုက် ကိုယ်ကလိုက်ပြီး လုပ်ပေးနေသရွေ့ အသက်သာ အဆုံးသတ်သွားမယ်၊ အရှိကို ရှာဖွေမှုတော့ ရပ်မှာ မဟုတ်ပါဘူး။ ဒါဟာ အစွန်းရောက်သွားတဲ့ အခြေအနေတစ်ခုကို ဓမ္မစကြာ

တရားတော်က သုံးသပ်ပြလိုက်တာပါ။ ဒါကြောင့် အစွန်းမရောက်ဖို့ဆိုရင် အရှိဟာ မရှိမဖြစ် မဟုတ်ဘူး ဆိုတာကို လက်ခံနိုင်အောင် ကြိုးစားဖို့လိုအပ်ပါတယ်။ ဒါက ကိုယ့်သဘော အတိုင်း မဖြစ်တတ်တဲ့လောကကြီးမှာ အနိစ္စက တာဝန်ယူထားတာကို အသိပေးတဲ့ ပထမအခြေခံ သဘောတရားတစ်ခုပါ။

အရှိနောက်လိုက်လို့ သတ္တဝါတွေ ဆင်းရဲဒုက္ခများတာကို မျက်မြင်ကိုယ်တွေ့ ကြုံဖူးသူတွေက အသိနောက်လိုက်မှ ပြည့်စုံမယ်လို့ တွေးလာကြပြန်ပါတယ်။ ဒါပေမယ့် မှန်ကန်တဲ့လမ်းကို ပြနိုင်သူမရှိလေတော့ ကိုယ့်အထင်နဲ့ ကိုယ် မှန်တယ်ထင်ပြီး အပြင်းအထန် ကျင့်ကြပြန်ရော။ ဆောင်းကာလမှာ ရေငုပ်မယ်၊ နွေရာသီမှာ မီးလှုံမယ်၊ အားနေရင် တုံးခုန်မယ်ဆိုတဲ့ အတွေးတွေနဲ့ နေ့နဲ့ညကို ဖြတ်သန်းကြပြန်ရော။ သူတို့အတွေးက ဒါမျိုးသာ ခက်ခက်ခဲခဲ ကြိုးစားအားထုတ်နေမယ်ဆိုရင် တမ်းတလိုချင်တဲ့တဏှာ မပေါ်တော့ဘူးတဲ့။ တဏှာကို အသိနဲ့ပေါင်းထားတဲ့ မှန်ကန်တဲ့အကျင့်နဲ့ လျှော့ချဖို့မကြိုးစားဘဲ အသိမပါဘဲ မှားယွင်းတဲ့အကျင့်နဲ့ သတ်ဖို့ကြိုးစားတာဟာ အစွန်းရောက်သွားစေပါတယ်။ တဏှာကိုပါးအောင်အရင်လုပ်ပြီးမှ သတ်တာဟာ မှန်ကန်တဲ့ နည်းလမ်းတစ်ခုပါ။ ခက်တာက လူဆိုတဲ့ သတ္တဝါဟာ ငါသိ ငါတတ်ဆိုတဲ့ ဒိဋ္ဌိနဲ့ မာနဝင်လာရင် အမှန်ကို လက်ခံဖို့ထက် သူ့အကြံ၊ သူ့အထင်ကို ချပြဖို့သာ စိတ်စောတတ်ပါရော။ ဒါဟာ အမှားများကို တစ်ယောက်တည်း လက်ခံထားဖို့ထက် အများကိုကူးစက်ဖို့ ကြိုးစားတာဖြစ်တဲ့အတွက် အမှားလက်ဆင့်ကမ်းလုပ်ငန်းကို ချဲ့ထွင်လိုက်တာပါပဲ။ မှန်မှန်ကန်ကန် သိတဲ့ဆရာရဲ့ ဆုံးမသွန်သင်ပေးမှုသာမရခဲ့ရင် လူသားတွေဟာ လမ်းမှားသွားရင်းနဲ့ အစွန်းရောက်သွားတတ်တယ်ဆိုတာကို ဒုတိယအသိပေးပြန်ပါတယ်။

အရှိနောက်လိုက်သူလည်း မလွန်ဖို့၊ အသိနောက်လိုက်သူလည်း မမှားဖို့ ဗုဒ္ဓဘုရားက ပထမဝါမှာတင်ပဲ အမှားမြင် အမှန်ပြင်ပေးခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ လောကခံရဲ့လှည့်ပတ်မှုကို နားလည်ပြီး မမြဲမှု၊ ကိုယ့်

သဘောအတိုင်း မဖြစ်တတ်မှုကို အသိပေးဖို့ပါ။ နေတတ်၊ သေတတ်သူ ဖြစ်ဖို့ပေ့ါ။ အစွန်းမရောက်အောင် အရှိ အသိကို မှန်ကန်စွာသုံးမှသာ မမြဲမှုကို လက်ခံနိုင်တယ်ဆိုတာ အရင်အသိပေးပြီးမှ ကိုယ့်သဘောအတိုင်း မဖြစ်တတ်တဲ့ သဘာဝကို လက်ခံဖို့ နောက်ထပ် အသိပေးရပြန်ပါတယ်။ ဒါကြောင့် အနတ္တလက္ခဏာသုတ်ကို အရင်မဟောဘဲ နောက်မှ ဟောရတာပေ့ါ။ မမြဲမှုကို အလွယ်တကူ လက်ခံတတ်ကြပေမယ့် ကိုယ်လုပ်ရင် ဘာမဆိုဖြစ်တယ်လို့ တွေးထားသူအတွက်တော့ လုပ်တိုင်းဖြစ်မလာရင် ခံရခက်တတ်ပါတယ်။

လောကကြီးဟာ ကိုယ့်အတွက် ဖြစ်လာတာမဟုတ်ပါဘူး။ သူ့အလိုလို ရှိနေတဲ့ လောကထဲကို ကိုယ်က တဏှာနဲ့ဝင်လာသူပါ။ ကိုယ်ကျေနပ်ဖို့ လောကက ဖန်တီးပေးမှာမဟုတ်ပါဘူး။ လောကမှာရှိတဲ့ ကျေနပ်စရာကိုသာ လွယ်ကူစွာ လက်ခံဖို့ပါ။ လှပတဲ့လောကကို ကိုယ့်ရဲ့အတ္တနဲ့အရောင်ဆိုးရင် အလှတွေ ပျက်သွားမှာ သေချာပါတယ်။ ဒါကြောင့် သဘာဝလှနေတဲ့လောကထဲမှာ နေတတ်ဖို့ပဲလိုတာပါ။ နေတတ်ရင် ကျေနပ်စရာဆိုတာ အသိမှန်သူမှာသာ ရှိနိုင်တဲ့သဘောတရားတွေပါ။ အကောင်းအဆိုးဆိုတာ အပြောနဲ့သာ မဟုတ် လက်တွေ့အသိ အကျင့်နဲ့ပါလက်ခံရင် လောကနဲ့ လိုက်လျောညီထွေနေတတ်သူဖြစ်ပါပြီ။

တကယ်တော့ လောကမှာ ခဏတာနေရတဲ့ကာလအတွင်း အကောင်းအဆိုး၊ အကြောင်းအကျိုးကို လက်ခံပြီး မမြဲတဲ့သဘောတရားအကြောင်းကို လေ့လာရင်း ကိုယ့်သဘောအတိုင်းမဖြစ်တာကိုပါ သိအောင်ကြိုးစားကြစေချင်ပါတယ်။

(၀၂. ၀၂. ၂၀၁၇) ကြာသပတေးနေ့



## "မှန်တိုင်း မကောင်းပါ"

သတ္တဝါအတော်များများက အမှန်တရားကို တန်ဖိုးထား မြတ်နိုးကြမယ်ထင်ပါတယ်။ အမှားကျူးလွန်နေသူများတောင် သူသာမှားချင်မှားမယ် သူ့ကိုတော့ အမှန်တွေပဲပြောစေချင်မယ်၊ အမှန်တရားကိုပဲ သဘောကျမှာပါ။ အမှားဆိုတာကြီးက အားလုံးအတွက် မကောင်းကျိုးကိုပေးတတ်လို့ ဘယ်သူမှတော့ ကြိုက်မှာမဟုတ် တာသေချာတယ်။ ခက်တာက အမှားကိုအမှန်ထင်ပြီး လုပ်ရင်း ပြောရင်းနဲ့ အမှားသံသရာ လည်ထွက်သွားရတာပါပဲ။

အမှန်ဆိုတာ သက်ရှိသတ္တဝါတွေက ပညတ်အနေနဲ့ သတ်မှတ်ထားတဲ့ လောကသစ္စာရယ်၊ သက်ရှိသက်မဲ့ အရာအားလုံးနဲ့ သက်ဆိုင်ပြီး ဘယ်တော့မှ မပြောင်းလဲတဲ့ ပရမတ္ထ ဓမ္မသစ္စာရယ်လို့ နှစ်မျိုးရှိပါတယ်။ သစ္စာနှစ်ခုကို အတူပြုပြီး လောကမှာ ရှင်သန်ဖို့ခက်ခဲတယ်ဆိုတာ သက်ရှိလူသားတွေ သိနိုင်ပ့ါမလား။ ဟုတ်ပါတယ်။ ခက်ခဲမှုကတော့ အတိုင်းတာတစ်ခုထိ ရှိနေတတ်ပါတယ်။ လေ့လာသုံးသပ်မှုဟာ ဗုဒ္ဓဝါဒအတွက် မရှိမဖြစ် အခြေခံတရားတစ်ခုဆိုတော့ လောကမှာနေရင် ဘယ်သစ္စာနဲ့နေမလဲ၊ လောကမှလွတ်ချင်ရင် ဘယ်သစ္စာနဲ့ နေမလဲ၊ သစ္စာနှစ်ခုကို အတူပေါင်းလို့ကော အဆင်ပြေနိုင်ပ့ါမလား။ အမှန်တရားနဲ့ ပုံစံတူ ကိုယ်စားပြုခံရတဲ့ ပစ္စည်းကတော့ လူသားတွေနေ့စဉ်သုံးနေတဲ့ မှန်ပါပဲ။ အတတ်ပညာတတ်သူတွေကတော့ မှန်ကို ဘယ်နေရမှာ

သုံးမယ်၊ အလှဆင်မယ်စသည်ဖြင့် တွေးတတ်ကြတာပေ့ါ။ ပြဒါးမပါတဲ့ မှန်ဆိုရင် အိမ်အလှဆင်တဲ့နေရာ၊ တံခါးတွေလုပ်တဲ့နေရာ၊ အမျှားကို မြင်အောင်ကြည့်ရတဲ့နေရာတွေ မှာထားပါတယ်။ အပြင်က အလင်းနဲ့ အပြင်လူတွေမြင်မှာစိုးလို့ လိုက်ကာနဲ့တောင် ကာထားရတာမို့လား။ မှန်ဆိုပေမယ့် အမျှားကိုကြည့်ပြီး အိမ်သားအတွက် အလှဆင်ဖို့သာ လိုအပ်တာကြောင့် အကာအကွယ်ကို ယူထားရတာပါ။ ဒါပေမယ့် အိပ်ခန်းနဲ့ ရေချိုးခန်းတွေမှာ ထားတဲ့မှန်ကတော့ ပြဒါးပါမှ သင့်တော်တာ။

အလှပြင်ချင်သူတွေ၊ မျက်နှာမှာ အမှားနဲ့တူတဲ့ အမည်းစက်တွေပျောက်အောင် ဖျောက်ချင်သူတွေအတွက်ပါ။ ပြဒါးကောင်းပြီး မှန်ကြည်လေအမှားရှာရလွယ်လေပါပဲ။ အသိမရှိဘဲ မှန်ကို ထားချင်ရာထားရင်တော့ ထင်မထားတဲ့ ပြဿနာတွေ တက်လာနိုင်ပါတယ်။ ကိုယ့်အမှားကို ကြည့်ဖို့အတွက်ပြဒါးပါတဲ့မှန်ကို အိပ်ခန်းထဲမှာထားဖို့ လိုအပ်တာမှန်ပေမယ့် အမျှားအကြောင်းသိဖို့ဆိုရင်တော့ ပြဒါးမပါတဲ့ မှန်ကို သုံးရပါလိမ့်မယ်။ ဒါပေမယ့် အကာအကွယ်လေးတော့ လိုတာပေ့ါ။ ဟုတ်ပါတယ်။ မျက်နှာမှာပေါ်နေတဲ့ ဝက်ခြံနဲ့ အမဲစက်များ၊ အရေးအကြောင်းများကို ကာကွယ်ဖို့ ပြင်ဖို့အတွက် ဆိုရင်တော့ ပြဒါးပါတဲ့မှန်မှ အဆင်ပြေတယ်ဆိုတာလူတွေ သိကြမှာပါ။ အိမ်အလှနဲ့ လောကအလှကြည့်ချင်တယ်ဆိုရင်တော့ ပြဒါးမပါတဲ့ မှန်ကြည်မှ အဆင်ပြေမှာပါ။ မှန်ဆိုတဲ့စကားလုံး အခေါ်အဝေါ်တူပေမယ့်လို့ သုံးရမယ့်နေရာအလိုက် မှန်ကို မှန်ကန်စွာ သုံးတတ်ဖို့ဆိုရင် အသိလိုအပ်တယ်ဆိုတာ သိလောက်ကြပါရဲ့။

ဒီလိုပါပဲ။ လောကမှာရှင်သန်ဖို့ဆိုရင် လောကသစ္စာတရား လိုအပ်သလို လွတ်မြောက်ဖို့ဆိုရင် ဓမ္မသစ္စာတရားတွေကို ဘယ်လိုသုံးရမလဲ ဆိုတာသိဖို့ တကယ်လိုအပ်ပါတယ်။ စာပေတတ်ပြီး စည်းကမ်းလိုက်နာချင်တဲ့ လူအတော်များများက မှန်တာကို ကြိုက်ကြပါတယ်။ ကောင်းလည်းကောင်းတာကိုး။ ပြီးတော့ ကိုယ့်ဂုဏ်သိက္ခာအတွက်ဆိုတာလည်း ရှိသေးတယ်မို့လား။

ဒါပေမယ့် ဘယ်လိုမှန်တယ်၊ ဘာကြောင့်မှန်တယ်၊ ဘယ်လောက်မှန်တယ် ဆိုတဲ့ အချက်များကို မှန်ကန်စွာချပြတတ်ဖို့လဲ လိုအပ်သေးတယ်လေ။ ဒါကြောင့် အမှန်တရားကို နေရာအလိုက် သုံးတတ်ဖို့လိုသလို သုံးတဲ့အခါမှာလဲ နူးညံ့တဲ့ စကားနဲ့ တွဲသုံးဖို့ ဓမ္မက အသိပေးထားပါတယ်။ ရှင်သန်လိုသူများအနေနဲ့ လောကသစ္စာ အမှန်တရားကို သုံးရပါတယ်။ လောကသစ္စာဆိုတာ လူအများက သတ်မှတ်ထားတဲ့ အမှန်တရားကို ပြောတာပါ။ လူတွေက ဒါဟာ ကောင်းတယ်လို့ သတ်မှတ်ထားတာမျိုး၊ ဒါဟာ မကောင်းဘူးလို့ သတ်မှတ်ထားတာမျိုးပေ့ါ။

လူတွေက ဒါဟာ မသင့်တော်ဘူးလို့ သတ်မှတ်ထားတာကို အမှန်ပဲဆိုပြီး စွတ်သုံးလို့မရပါဘူး။ အချိန်အခါကြည့်ပြီးမှ သုံးရပါတယ်။ ဘာကြောင့်ဆို လူတိုင်းက အမှန်တရားကို အချိန်တိုင်း လက်ခံတတ်တဲ့အကျင့် မရှိလို့ပါ။ ပါးနပ်မှု၊ ကျွမ်းကျင်မှုတွေက ဘယ်နေရာမှာ ဘယ်လိုသုံးရမယ်ဆိုတာကို သင်ပေးထားပါတယ်။ အများအတွက်ကြည့်ရတဲ့အခါ အများနဲ့နေတဲ့အခါတွေမှာ လောကသစ္စာကို သုံးရပါတယ်။ လောကအလှအတွက် ပြဒါးမပါတဲ့မှန်ကို သုံးရသလိုပေ့ါ။ အများအတွက်လုပ်တဲ့အခါ ပြဒါးမပါတဲ့မှန်ကို သုံးရတယ်။ ပြဒါးပါတဲ့ မှန်နဲ့တူတဲ့ အမှန်တရားကို လက်ကိုင်ထားလို့ ရွာပြင်ရောက်ရတဲ့ ဝတ္ထုတစ်ပုဒ်ကြားဖူးပါတယ်။ ပုံပြင်လည်း ဖြစ်ချင်ဖြစ်မှာပေ့ါ။

ရွာတစ်ရွာမှာ အမှန်တရားကိုမှ သဘောကျတဲ့ လူတစ်ယောက်ရှိပါသတဲ့။ လူမှန်ကြီးပေ့ါလေ။ မြင်ရတာပဲဖြစ်ဖြစ်၊ ကြားရတာပဲဖြစ်ဖြစ် မှန်တယ်ထင်လို့ကတော့ ပြောဖို့အဆင်သင့်ပဲ။ သူ့ရှေ့မှာ မကောင်းတာတော့ လာမလုပ်နဲ့ ဆိုတဲ့လူမျိုးပေ့ါ။ အမှန်ကိုကြိုက်တာမှန်ပေမယ့် အမှန်ကို နေရာအလိုက် အသုံးမပြုတတ်လို့ ရွာအပြင်ကို ရောက်ရပါလေရောတဲ့။ တစ်နေ့ ရွာအပြင်က ဇရပ်မှာ နေနေတုန်း တခြားရွာကလူတစ်ယောက် အလည်ရောက်လာပါသတဲ့။ စကားတွေပြောကြရင်းနဲ့ ရွာအပြင်မှာ ဘာကြောင့်နေရတာလဲ စသည်ဖြင့် စပ်စုမိသွားတာပေ့ါ။ အမှန်တရားမြတ်နိုးလို့ ရွာအပြင်ရောက်ရတဲ့အကြောင်း

ကို လူမှန်ကြီးကရှင်းပြတော့ ဋ္ဌေကမှတ်ချက်ပေးတာပေ့ါ။ ခင်ဗျားလိုလူမျိုးဟာ ရွာအပြင်မှာ မနေသင့်ဘူး၊ အများအကျိုးအတွက် အမှန်တရားကို ဆုပ်ကိုင်ပြီး လုပ်သင့်တာပေ့ါ။ ရွာကလူတွေ ပညာနည်းလို့ ခင်ဗျားပြောတာကို လက်မခံနိုင်ကြတာနေမှာပေ့ါ။ မှတ်ချက်တွေက ကိုလူမှန်အတွက်တော့ အားတက်စရာ။ စကားပြောလို့ပြီးတော့ ဋ္ဌေသည်က နှုတ်ခွန်းဆက်စကားနဲ့ လမ်းခွဲဖို့ပြောပြီး ခရီးကိုဆက်သွားပါတယ်။ သွားပြီး သိပ်မကြာခင်မှာပဲ ကိုရွှေဋ္ဌေသည် ပြန်လည်ပေါက်ချပါလေရော။ ထီးကျန်လို့ လာယူရကြောင်း ကိုရွှေဋ္ဌေသည် ပြောတာကို ကိုလူမှန်က ဘယ်လိုများ တုန့်ပြန်တယ်ထင်လဲ။ ခင်ဗျားလိုလူက ထီးကျန်ခဲ့တာ ဘာဆန်းတာမှတ်လို့။ မျက်လုံးက တစ်ဖက်ကန်းနေရုံမဟုတ် သတိလဲ နဲတာကိုးဗျတဲ့။ ကိုရွှေဋ္ဌေသည် ဒီတစ်ခါတော့ သည်းမခံနိုင်တော့။ ပြန်ပြောမိတာပေ့ါ။ ခင်ဗျားလို လူမျိုးကို ရွာအပြင်မှာတောင် မထားသင့်ဘူး။ တကယ်ဆို ရွာသားတွေက ခင်ဗျားကို တစ်ခါတည်း သတ်ပြစ်လိုက်ရမှာတဲ့လေ။ အမှန်ကို မြတ်နိုးလို့ ကိုလူမှန်ကို ထောက်ခံခဲ့တဲ့ ကိုရွှေဋ္ဌေသည်လည်း လူထဲက လူတစ်ယောက်ဖြစ်လေတော့ သူကိုထိရင် အမှန်တရားကို ဘယ်လက်ခံပါ့မလဲ။ ကိုလူမှန်ကြီးက ဟုတ်ပြီဆိုပြီးပြောလိုက်တော့ ဟိုက ပြန်ပြောတော့မှ နှုတ်ဆိတ်သွားရတဲ့အဖြစ်။ ဒါက အမှန်ကို အခြေအနေအလိုက် မသုံးမိလို့ ကြုံရတာလေ။

အမှန်ကို အခြေအနေအလိုက် မသုံးမိလို့ ဒုက္ခရောက်ခဲ့ရတဲ့ ဘုရားအလောင်းတော် ဇာတ်တော်တစ်ခုလည်း ရှိပါသေးတယ်။

ရှေးအခါတုန်းက အဝါရိယာပိတာ ဆိုတဲ့ လှေသမားတစ်ယောက် ရှိပါသတဲ့။ သူက ဒေါသလည်း ကြီးတဲ့အပြင် ကူးတို့ခကိုလည်း တဖက်ကမ်းရောက်မှ တောင်းလေ့ရှိတဲ့အတွက် လှေစီးသူတွေနဲ့ အမြဲရန်ဖြစ်ရတယ်လေ။ တစ်နေ့ ဘုရားအလောင်းရသေ့ဟာ အဝါရိယာပိတာ လှေနဲ့ကူးမိတဲ့အခါ တဖက်ကမ်းရောက်တော့ လှေခတောင်းပါလေရော။ လူဆိုတာ အမျိုးမျိုးရှိတဲ့အတွက် မကူးခင် ဒီဖက်ကမ်းမှာကတည်းက လှေခတောင်းရတယ်။ ဟိုဘက်ရောက်မှ

တောင်းတော့ ဘယ်ပေးချင်ပါ့မလဲ၊ ပြီးတော့ ဘယ်နေရာပဲဖြစ်ဖြစ် ဒေါသမထွက်ဘဲ လူတွေကို ဆက်ဆံဖို့ ဘုရားအလောင်းက ဆုံးမတာပေါ့။ လူစိတ်တို အဝါရိယာပိတာက ဒါ လျှော်ခလားလို့မေးတဲ့အခါ ဘုရားအလောင်းကလည်း ငါ့မှာ ပေးစရာက ဒါပဲရှိတာလေလို့လည်း ဖြေလိုက်ရော တွန်းလှဲပြီး မျက်နှာကို ထိုးပါရော တဲ့။ ဒါကို မြင်လို့ မင်းဆရာမို့ အဲလိုမလုပ်သင့်ကြောင်း တားပေမယ့် နင်ဝင်ပြောစရာလားဆိုပြီး ရိုက်မိတဲ့အခါ ထမင်းအိုးလဲကွဲ၊ ကိုယ်ဝန်လည်း ပျက်ကျရပါသတဲ့။ ဘုရားအလောင်းတော်ဟာ ဓမ္မသစ္စာကို ငွေရှာနေသူတွေ အဆင်ပြေစေဖို့ ဟောပြပေမယ့် ထောင်းခံခဲ့ရပါတယ်။ မှန်တော့ မှန်ပါပဲ။ ပြဒါး ပါတဲ့မှန်နဲ့တူတဲ့ ဓမ္မသစ္စာကို ငွေရှာသူကိုသွားပြတော့ ထုခံရတာပေါ့။ တကယ် လို့သာ မှန်အကြည်နဲ့တူတဲ့ လောကသစ္စာကိုသာ သုံးခဲ့မယ်ဆိုရင် ဒီအဖြစ်တွေနဲ့ ကြုံမှာမဟုတ်ပါဘူး။

လောကမှာ ရှင်သန်လိုသူတွေဟာ လောဘကို ပုံစံအမျိုးမျိုးနဲ့ ပုံဖော်နေ ကြသလို ဒေါသကိုလည်း အရောင်ဆိုးကြသေးတယ်လေ။ ဒါတွေဟာ မောဟ ကြောင့်ဖြစ်တယ်လို့ သင်ကြားဖူးသူတွေ သတိရှိတဲ့အခါမှာ သိနိုင်ကြတဲ့အချက် ပါ။ ဒါပေမယ့် အသိရှိသူကိုယ်တိုင် သတိကင်းပြီး သားအရေး သမီးအရေး မိသားစုအရေးတွေဝင်လာပြီဆိုရင်တော့ အမှောင်ထဲ ပြန်ရောက်သွားရတာပါပဲ။ မွေးရာပါတဏှာက ဂုတ်ခွစီးပြီး သံသရာတစ်လျှောက် လိုက် လာခဲ့တာလေ။ ဘာဆန်းတာမှတ်လို့။ ဒါကြောင့် လောကမှာ ရှင်သန်နေရဦးမယ်ဆိုရင် အများ အတွက်ကြည့်ပေးတဲ့ မှန်နဲ့တူတဲ့ လောကသစ္စာကိုသာ သုံးရ မှာပါ။ လူဆိုတာ အမြဲလိုနေတာလေ၊ မရရင် ဒေါသထွက်မှာပေါ့။ ဒါတွေကို နားလည်ထားပါမှ အများနဲ့ အဆင်သင့်အောင် ပေါင်းနိုင်တာရယ်။ လောကလူသားတွေဟာ ကိုယ့်လိုမဟုတ်ဘူးဆိုတာကို နားလည်ထားဖို့လိုအပ်ပါတယ်။

လူတွေကောင်းတာလုပ်နေရင် ငါမလုပ်နိုင်တာတွေ လုပ်နေကြတယ် ကောင်း လိုက်တာလို့ ဝမ်းသာတတ်ဖို့လိုအပ်သလို မကောင်းတာလုပ်နေတာ တွေ့ရင်လဲ

သူ့နေရာမှာ ငါဆိုလည်း ဒီလိုလုပ်မိမှာပဲလေလို့ အစားထိုးနားလည်ဖို့ လိုအပ်ပြန်ရော။ ဒါဟာ လောကသစ္စာကို လက်တွေ့အသုံးချနေတာပါ။ လောဘနဲ့ရှင်သန်နေတဲ့ စုံတွဲများကို လောဘရဲ့မကောင်းကြောင်း သွားပြောရင်တော့ အမှန်တရားကို လက်မခံတဲ့အပြင် ကိုယ့်ကိုယ်ပါ ဒုက္ခမပေးရင် ကံကောင်း။ လခထုတ်တဲ့နေ့မှာ ရှာဖွေရတဲ့ဒုက္ခနဲ့ သိမ်းဆည်းရတဲ့ဒုက္ခ သွားပြောရင်တော့ အနည်းဆုံး ငါကိုင်တုတ်ခံရမှာပါ။ မှန်ပေမယ့် မမှန်လို့ တန်ပြန်ခံရတာလေ။

စကားက မှန်ပါတယ်။ အခြေအနေက အမှန်ကို လက်ခံရမယ့် အခြေအနေ မဟုတ်လို့ပါပဲ။ ငါဆိုရင် လက်ခံမှာ ငါဆိုရင် သူ့လို့ မကောင်းတာ မပြောဘူး မလုပ်ဘူးလို့ ပြောတဲ့သူတွေ ရှိပါတယ်။ မှန်ပါတယ်။ ငါဟာ ငါပါပဲ၊ သူဟာ သူပါပဲ။ ငါမို့လို့ သည်းခံပေမယ့် သူမို့လို့ ပြန်ပြောတယ်ဆိုတာကို နားလည်ထားဖို့ လိုအပ်ပါတယ်။ စရိုက်နဲ့ ဝါသနာတွဲနေသူတွေကို အမှန်တရားကို အမြဲဆုပ်ကိုင်ထားရမယ်လို့ ပြောလို့မရပါဘူး။ တရားထိုင်နေတာပဲ ကျွေးတာစားရမှာပေါ့။ ကောင်းတာကို တမ်းတနေတာ တဏှာလို့ တရားပြသူနဲ့ အလှူရှင်များကို ပြောကောင်းပြောနိုင်ပါတယ်။

ဒါပေမယ့် စားပွဲပေါ်မှာ သာမန်ဟင်းနဲ့ ကိုယ်နှစ်သက်တဲ့ဟင်း နှစ်မျိုးရှိနေမယ်ဆိုရင် ကြိုက်တာကိုပဲ ယူစားမှာပါ။ ကိုယ်က တဏှာကင်းအောင်ကြိုးစားနေသူမို့ ငါဆိုရင် ဒါမျိုးမလုပ်ဘူးလို့ တွေးပေမယ့် လူဆိုတာ စရိုက်နဲ့ဝါသနာ တွဲပါလာသူတွေမို့ သူကြိုက်တာကို ယူပိုင်ခွင့် ရွေးပိုင်ခွင့်ရှိပါတယ်။ ဝါသနာနဲ့အတူ ကိလေသာပယ်သူဟာ ဘုရားတစ်ဆူပဲရှိတာမို့ ရဟန္တာဖြစ်ပြီဆိုရင် အကောင်းမကြိုက်တော့ဘူး၊ ကောင်းတာတွေ မစားတော့ဘူးလို့တော့ မတွေးလိုက်ပါနဲ့။ ရှင်သာရိပုတ္တရာဆိုတာ လူတိုင်းသိမယ်ထင်ပါတယ်။ ရှင်သာရိပုတ္တရာ ဂဏာန်နို့ထမင်းကြိုက်တာဟာ တဏှာလားဗျာ။ သိစေချင်ပါတယ်။ ဒါဟာ စရိုက်နဲ့ဝါသနာပါ။ ဒါကို ဓမ္မသစ္စာနဲ့ လောကမှာ သွားတိုင်းတော့ တလွဲတွေဖြစ်ကုန်ရော။ မြင်၊ ကြား၊ နံ၊ စား၊ ထိနဲ့ အရှိကို ရှာဖွေနေ

သူတွေမှာ လိုချင်မှု လောဘ၊ မကျေနပ်မှု ဒေါသ တလွဲတွေး တလွဲလုပ်တတ်တဲ့ မောဟလေးတွေတော့ ရှိမှာပေ့ါ။ ဒါဟာ အမှန်တရားပဲလေ။ ငါ မှန်တယ် ငါက မှန်တာမှပြောမယ်လို့ ယူဆတုန်းလား။ ဗုဒ္ဓရဲ့ အသိတွေကို ရှာဖွေလေ့ ကျင့်နေတယ်ဆိုရင်တော့ အတွေးမခေါင်သင့်ပါဘူး။

တစ်ယောက်တည်းနေပြီး လောကမှ လွတ်မြောက်ကြောင်းတရားကို ရှာဖွေနေတယ်ဆိုရင်တော့ ပြဒါးပါတဲ့မှန်နဲ့တူတဲ့ ဓမ္မသစ္စာကို လက်ကိုင်ထားပါ။ ပြဒါးပါတဲ့မှန်က ကိုယ့်မှာရှိတဲ့အမှားကို ချွင်းချက်မရှိ ထောက်ပြပါလိမ့်မယ်။ အဲဒီအချိန်မှာ ပြင်ဖို့သာ လုပ်ထားပါတော့။ ဓမ္မမှန်ကို အများမှာ သွားတပ်ရင် အပြစ်ထင်ပြီး အပြစ်ကျူးလွန်မိမှာစိုးလို့ လွတ်မြောက်ရေးအတွက် ကြိုးစားနေသူတွေကို အသိပေးရတာပါ။ မှန်တပ်မမှားစေချင်လို့ပါ။ ပရမတ္ထ ဓမ္မသစ္စာဆိုတာ လေးမျိုးရှိပါတယ်။ ဘယ်တော့မှ မပြောင်းလဲတဲ့ သဘောတရားတွေပေ့ါ။ အမှန်တရားရှာရင်း လွတ်မြောက်လိုသူတွေဟာ ဒီအမှန်တရားကို ငါလို့ထင်နေတဲ့ ခန္ဓာငါးပါးထဲမှာ ရှာဖွေရမှာပါ။ သစ္စာလေးပါးဆိုတာ လိုချင်ရင် ဆင်းရဲ၊ မလိုချင်ရင် ချမ်းသာတဲ့။ ဟုတ်ပါတယ်။ လောဘနဲ့ ဖက်မွေးလာတဲ့ သတ္တဝါတွေ လိုချင်မှုများကြောင့် ဆင်းရဲသားဖြစ်နေကြတာပါ။ ဆင်းရဲဆိုတာ အိုတာ၊ နာတာ သက်သက်ကိုပြောတာမဟုတ်ပါဘူး။ မမြဲတဲ့သဘောတရား၊ ကိုယ်ဖြစ်စေချင်သလို မဖြစ်တဲ့အရာတွေဟာ ဒုက္ခဆင်းရဲများပါပဲ။ ဒါတွေ ဘာကြောင့် ဖြစ်လာတာလဲဆိုရင် လိုချင် ဖြစ်ချင်တဲ့စိတ်တွေကြောင့်ပါ။ လိုချင် ဖြစ်ချင်တဲ့စိတ်က အဆိုးဆိုတာမရှိ၊ ဆင်းရဲဆိုတာ ဘာလဲ၊ မမြဲတဲ့အရာဆိုတာ ရှိလို့လား၊ ကိုယ်လုပ်ရင်ဖြစ်စေတဲ့ အတွေးများနဲ့ ဘဝဖြတ်သန်းရအောင် ဖန်တီးပေးနေတာပါ။ ဒါတွေဟာ ဘယ်ဖန်ဆင်းရှင်မှ ဖန်တီးထားတာမဟုတ်ဘဲ မှန်ကန်တဲ့အသိမရှိလို့သာ သတ္တဝါတွေမှာ အာရုံနဲ့ထိတွေ့မှုတွေကြောင့် အလိုလိုပေါ်လာတဲ့အရာတွေပါပဲ။

ဆင်းရဲပယ်ဖျောက်ပြီး ငြိမ်းအေးတဲ့ ချမ်းသာရဖို့ဆိုရင် မလိုချင်မှု ဖြစ်မှာ

ပါ။ သက်ရှိသတ္တဝါတွေကို မလိုချင်နဲ့ မဖြစ်ချင်နဲ့လို့ သွားပြောရင် ဘဝကို ဘယ်လိုဖြတ်သန်းမလဲ၊ အောင်မြင်မှုဆိုတာ ဘဝမှာ ရှိနိုင်ပါတော့မလားလို့ ပြန်မေးကြမှာ အမှန်ပါပဲ။ ဒီလိုအတွေးတွေဟာ ဘဝကိုတမ်းတတဲ့ လိုချင် ဖြစ်ချင်တဲ့ တဏှာကြောင့် ပေါ်လာရတာပါ။ လိုချင် ဖြစ်ချင်နေတဲ့သူကို မဖြစ်ချင်နဲ့ မလိုချင်နဲ့ပြောရင် ဟာသတစ်ခုဖြစ်မှာ အမှန်ဖြစ်ပေမယ့် အသိရှိသူ အတွက်ကတော့ မှန်ကန်တဲ့သစ္စာတရားဆိုတာ လက်ခံပါတယ်။ လိုချင်တာကို လွှတ်ချမှ လွတ်မြောက်သူဖြစ်မှာပေါ့။ လိုချင်ဖြစ်ချင်တဲ့ စိတ်တွေဟာ အမှားကိုလုပ်စေတတ်တယ်ဆိုတာ သိပြီးကျင့်နေသူတွေ နားလည်တဲ့ အရာတစ်ခု ပါပဲ။ အမှားဆိုတာ ကိုယ်တိုင်လုပ်တတ်တဲ့အရာတွေဖြစ်တော့ မလုပ်မိအောင် ကိုယ့်ဟာကိုယ် ပြန်ဆင်ခြင်ရတာပေါ့။ ငါ့မှာ အမှားလုပ်နိုင်တဲ့စိတ်ရှိလား၊ လိုချင်မှု ဖြစ်ချင်မှုတွေ များနေလားဆိုတာကိုပါ စိတ်ကို ပြန်စစ်ရတာလေ။ ဒါဟာ မှန်ကန်တဲ့အသိနဲ့ ကိုယ့်အမှား ကိုယ်ရှာတာပါပဲ။ ပြဒါးရှိတဲ့ မှန်ကြည့်ပြီး မျက်နှာမှာ အပြစ်ရှာသလိုပေါ့။

သံသရာလည်ပြီး လောကထဲမှာရှိနေဦးမယ်ဆိုရင်တော့ လောကသစ္စာကို အသိနဲ့ လက်ခံရမှာပါပဲ။ အရှိကို ရှာတဲ့အခါ မသိ မတတ်ဘဲရှာရင် အလိမ်ခံရတတ်လို့ပါ။ ပရမတ္ထ ဓမ္မသစ္စာကိုတော့ အကျင့်နဲ့လက်ခံမှ ဖြစ်တာ။ အလေ့အကျင့်နည်းသူက လူကြားထဲလည်း မရှောင်ဘဲ ဒုက္ခအကြောင်းပြောတတ်၊ လူတွေလောဘကြီးလို့ ဒီလိုဖြစ်နေတာ စသည်ဖြင့် လူကြားထဲ ပြောတတ်လို့လေ။ အရှိရှာတဲ့ ပုထုဇဉ်ကတော့ လောကသစ္စာကို လက်ခံပြီး အသိရှာတဲ့ ပုထုဇဉ်ကတော့ ဓမ္မသစ္စာကို လက်ခံပါတယ်။ ဒီပုထုဇဉ်နှစ်ယောက်ဟာ အသိအကျင့် မပြည့်သရွေ့ ငါမှန် ငါသိ လုပ်နေကြဦးမှာပါပဲ။ အသိနဲ့ အကျင့် နှစ်ခုပေါင်းပြီး လောကမှာ ရှင်သန်နေတဲ့ အရိယာများကတော့ လောက၊ ဓမ္မသစ္စာ နှစ်ခုလုံးကို လိုက်လျောညီထွေ ကျင့်သုံးကြပါတယ်။ အရိယာသောတာပန်ဖြစ်လို့ စီးပွား မလုပ်တော့ဘူးဆိုတဲ့အတွေးကို အရိယာဝိသာခါ

ကျောင်းအစ်မကြီးရော၊ အရိယာ အနာထပိဏ်ပါ မတွေးတဲ့အတွေးတစ်ခုပါ။ ဒါဟာ လောကသစ္စာကို ဓမ္မသစ္စာနဲ့ လက်ခံတယ်ဆိုတာ အကျင့် အသိမပြည့်သေးတဲ့ ပုထုဇဉ်တွေကို အသိပေးလိုက်တာပါပဲ။ လောကထဲနေရင် လိုက်လျောညီထွေနေရမယ် ငါတို့က ဓမ္မသိနေလို့ အလုပ်မလုပ်ဘဲ နေသူတွေမဟုတ်ဘူး သိလို့ကို သတိထားလုပ်နေတာလို့ နှုတ်နဲ့ထုတ်မပြောပေမယ့် ထုတ်ပြောနေသလိုပါပဲလေ။ အရိယာ မဖြစ်သေးရင် လောကကို မဆန့်ကျင်ဖို့၊ ဓမ္မအတိုင်း ကျင့်သုံးနေထိုင်ဖို့ပဲ လိုတာပါ။ အသိအကျင့်ပြည့်သွားတဲ့ ရဟန္တာပုဂ္ဂိုလ်ဆိုရင်တော့ လောကီအာရုံ ကာမဂုဏ်များကို အပြီးအပိုင်စွန့်သွားမှာ အသေအချာပါပဲ။

အရှိအကြောင်းပဲ တွင်တွင်ပြောနေမယ်ဆိုရင် ပရမတ္ထဓမ္မသစ္စာကို လက်မခံတဲ့ ပုထုဇဉ်အကြမ်းစားဖြစ်နိုင်သလို အသိပရမတ္ထသစ္စာ သက်သက်သာပြောပြီး အရှိရှာသူများကို အပြစ်ပြောနေမယ်ဆိုရင် ဓမ္မကျက်စာနဲ့ ကျင့်စာမကျေသေးတဲ့ ပုထုဇဉ်ပေါ့။ အရှိကိုရှာနေပေမယ့် အသိနဲ့တွဲပြီး အကျင့်ကို လေ့လာရင်း အားလုံးကိုလက်ခံနိုင်အောင် ကြိုးစားသူကတော့ ပုထုဇဉ် အနုစားပေါ့။ အကျင့်ကြောင့် အရှိရော အသိပါ လက်ခံရင်း ဘဝရှင်သန်နေသူဆိုရင်တော့ အောက်အရိယာပုဂ္ဂိုလ်များပဲလေ။ အကျင့်နဲ့အသိသာ ဦးစားပေးပြီး အရှိဆိုတာ မရှိလည်းဖြစ်တယ်လို့ လက်ခံထားသူတွေကတော့ ပူဇော်ခံထိုက်ဆုံး ရဟန္တာအရှင်သူမြတ်ပါပဲ။

အမှန်တရားဆိုတာ နေရာအလိုက်သုံးရပါတယ်။ အမှန်တရားမှာ ငါမှန်တယ်ဆိုတဲ့ အယူအဆမရှိပါဘူး။ ငါမှန်တယ်ပြောရင် အငြင်းပွားနေလို့ပဲ ဖြစ်ပါလိမ့်မယ်။ ငါကိုဖြုတ်ပြီး အမှန်ကိုသုံးမှ သင့်တော်တယ်ဆိုတာ ဆုံးမစကားတွေ ကြားဖူးပါတယ်။ ကိုယ့်အပြစ်ကို ကြည့်ချင်ရင် ဓမ္မမှန် (ပြဒါးရှိမှန်) ကို သုံးရမှာဖြစ်သလို အများနဲ့နေပြီး အများကိုနားလည်ပေးဖို့ဆိုရင် လောကမှန် (မှန်အကြည်) ကိုသုံးရမှာပါ။ ဘယ်နေရာမှာ ဘယ်မှန်ကို သုံးရမယ်လို့

သိတာဟာ အလေ့အကျင့်နဲ့ အသိတွေပြည့်နေလို့ပါ။ လူသားတွေ အသိအကျင့်ပြည့်နေရင် အလိုမကျတာ၊ မကျေနပ်တာ၊ အငြင်းပွားတာတွေ ရပ်သွားမှာအသေအချာပါပဲ။ ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးကို ဖန်တီးမယ်ဆိုရင်တော့ အသိအကျင့်ဖြည့်ဖို့ လိုအပ်နေပြီလေ။ တော်သူကို လက်မခံတာ၊ သူများကို ဖိနှိပ်နေတာဟာ အသိအကျင့်မရှိဘဲ အရှိသက်သက်နောက်လိုက်တယ်ဆိုတာ ဓမ္မဘက်တော်သားတွေ သိနိုင်တဲ့အခြေအနေဖြစ်သလို ကံတရားကလည်း ခွင့်လွှတ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် မှန်ကို မှန်ကန်စွာ အသိရှိရှိ အသုံးချဖို့ လိုအပ်နေပါပြီ။

အသိရှိပြီး အသက်ရှင်သန်နေသူအားလုံး မှန်ရှေ့ရပ်ပြီး ငါထင်တဲ့အမှန်တရားကို လောကလူသားတွေ အားလုံးလက်ခံဖို့ ငါဖြစ်ဖြစ်လာတာလား၊ လောကသစ္စာ၊ ဓမ္မသစ္စာများကို လက်ခံဖို့အတွက် လူဖြစ်လာတာလားလို့ တစ်ချက်လောက်မေးကြည့်ပါ။ မှန်ကန်တဲ့အဖြေတစ်ခုတော့ ထွက်လာပါလိမ့်မယ်။

တကယ်တော့ အသိအကျင့်မပြည့်သူများ အသုံးပြုနေ ပြောနေကြတဲ့အမှန်တရားဆိုတာ တကယ့်အမှန်ဖြစ်တဲ့ သစ္စာတရားလေးပါးနဲ့ ဝေးနေနိုင်သေးတာမို့ ပုထုဇဉ်တွေသုံးနေတဲ့ အမှန်ဆိုတာ အမှန်တစ်ဝက် အမှားတစ်ဝက်သာရှိသေးပါတယ်။ ဒါကြောင့် မှတ်ချက်လေးပေးချင်ပါတယ်။ ပုထုဇဉ်တွေသုံးနေတဲ့ မှန်တိုင်း မကောင်းပါလို့။

(၀၃. ၀၂. ၂၀၁၇)သောကြာနေ့



# "အသက်နဲ့ဆက်ခဲ့တဲ့ သာသနာ (သို့) သာသနာကို အသက်ပေးဆက်ခဲ့သူ"

## (အပိုင်း ၁)

အပြောင်းအလဲဆိုတာ လောကရဲ့ သဘာ၀တစ်ခုပဲ ထင်ပါတယ်။ အကောင်းမှအဆိုး၊ အဆိုးမှအကောင်း။ အရာရာမမြဲဘူးဆိုတဲ့ ဗုဒ္ဓစကားကို မသိမသာထောက်ခံနေတဲ့ စကားတစ်ခုလို့ပြောရင်လည်း မှန်မယ်ထင်ပါတယ်။ ပြောင်းလဲမှုကို ဖြစ်စေတဲ့အကြောင်းတွေ အမျိုးမျိုးရှိပါတယ်။ အမြင်ကြောင့် ပြောင်းလဲသလို အကြားကြောင့်လည်း ပြောင်းလဲတတ်ပါတယ်။ တကယ်တော့ အရာအားလုံးဟာ အကြောင်းအကျိုး ဆက်နေတာပါပဲလေ။

ဗုဒ္ဓဂေါတမဟာ သက်ရှိသတ္တ၀ါတွေအတွက် လောကမှာ ပွင့်ပေါ်လာတာမှန်ပေမယ့် အသက်နဲ့ဆက်ရတဲ့ သတ္တ၀ါမို့ အသေကိုလက်ခံရင်း ပရိနိဗ္ဗာန်စံသွားပါပကော။ တရားတော်တွေပြန့်ပွားအောင် အဇာတသတ်မင်းနဲ့ ရှင်မဟာကဿပတို့က ဆက်လက်တာ၀န်ယူဆောင်ရွက်ခဲ့လို့ သာသနာအသက် ဆက်လက်ပြီး ရှင်သန်ခွင့်ရခဲ့ပြန်ပါတယ်။ ဒါပေမယ့် ကာလကြာလာတာနဲ့အမျှ အနှောက်အယှက်ဆိုတာ ပေါ်လာမြဲပဲမဟုတ်လား။ သာသနာနှစ်တစ်ရာ လောက်မှာ အသားထဲက လောက်ထွက်သလို အပေါ့နေချင်သူတွေကြောင့် သာသနာဟာ ညှိုးနွမ်းမလိုအဖြစ်နဲ့ ကြုံခဲ့ရသေးတယ်။ ဒါကို ရှင်အာနန္ဒာ

တပည့်ရင်း ယသမထေရ် တာဝန်ယူရှင်းခဲ့လို့ သူတော်ကောင်းစစ်ဖြစ်ဖို့ ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းရင်း ဆောင်စရာ၊ ရှောင်စရာများကို လိုက်နာရမယ့် **သီလသာသနာ**၊ လှုပ်ရှားနေတဲ့စိတ်ကြောင့် ဘဝတွေလှုပ်ရတာဖြစ်လို့ ငြိမ်သက်အောင် ထိန်းသိမ်းရတဲ့ **သမာဓိသာသနာ**၊ ရှုပ်ထွေးတဲ့လောက၊ မရချင်တဲ့ ဒုက္ခမှလွတ်ဖို့ကျင့်ရင်း မှန်ကန်တဲ့အသိရှာဖွေရတဲ့ **ပညာသာသနာ** တော်ဟာ အလွန်သန့်ရှင်းခဲ့ပါတယ်။ **သာသနာဆိုတာ ဗုဒ္ဓဘုရားရဲ့ မကောင်းတာရှောင်၊ ကောင်းတာဆောင်၊ စိတ်ကိုဖြူစင်အောင်ထား ဆိုတဲ့ အဆုံးအမကို ပြောတာပါ**။ သာသနာဆိုတာ ရှိနေသရွေ့ သူတော်ကောင်းတွေ လွတ်မြောက်သူတွေ ရှိနေဦးမှာပဲလေ။

သာသနာအသက် နှစ်ပေါင်း နှစ်ရာကျော်တော့ ပြဟ္မဏဝါဒီတွေရဲ့ ပူးသတ်မှု၊ အုပ်ချုပ်သူလူတန်းစားတွေရဲ့ စိတ်ဝင်စားမှု နည်းတာကစပြီး သာသနာဟာ တိမ်ဖုံးတဲ့လလို မသာနိုင်တော့ပါဘူး။ လမရှိတဲ့ညမှာ စမ်းတဝါး သွားရသလို အမှောင်လောကမှာ မှန်ကန်တဲ့အသိမရှိဘဲ ရမ်းပြီးသွားနေရတာက သက်ရှိသတ္တဝါတွေ။ အမှားကိုအမှန်ထင်တော့ အဆိုးကို အကောင်းထင်ပြီး လုပ်မိရင်း ဒုက္ခများကာ အပါယ်သွားရတာက သနားစရာသတ္တဝါများ။ အဆိုးများလာရင် အကောင်းအတွက် ပြောင်းလဲပေးဖို့ သူတော်ကောင်းတစ်ယောက်တော့ ပေါ်လာမြဲပါ။

မှားယွင်းတဲ့အယူကို အမှန်ထင်ပြီး မိစ္ဆာတွေကို ကိုးကွယ်နေတာက ဘုရင်ဗိန္ဒုသာရ။ နန်းတော်ထဲ မိစ္ဆာဒိဋ္ဌိ ခြောက်သောင်းပင့်ပြီး နေ့တိုင်းဆွမ်းကပ်ပါသတဲ့။ လျှုတာကုသိုလ်ပဲဟာ လုပ်ချင်ရာလုပ်ပေါ့၊ ပုဂ္ဂိုလ်မရွေးပါဘူးလို့ပြောလာရင် အဖြေတော့ရှိပါတယ်။ အလုပ်အားလုံး ကောင်းပါတယ်။ အသိမပါဘဲ လုပ်ချင်တာကို လုပ်နေရင် အလုပ်ဆိုတဲ့နာမည်ကလွဲပြီး တိုးတက်မှု မရှိနိုင်သလို အမှားလုပ်မိရင် အရေးပါယူခံရမယ့်အဖြစ်ကိုလည်း ထည့်တွေး

ထားပါလို့ အသိပေးပါရစေ။ စေတနာကောင်းနဲ့ သက်ရှိသတ္တဝါတွေကို လျှုဒါန်းကျွေးမွေးတာ မှားတယ်လို့မဆိုပေမယ့် လူဆိုတဲ့သတ္တဝါကို ပေးမိ ကျွေးမိ လျှုမိရင် ကောင်းကျိုးရမှာက နောက်၊ အတွေးမှားကို လက်ဆင့်ကမ်းခဲ့မှာက အရင်။ မှားတဲ့အသိနဲ့ မှန်တဲ့လမ်းကို လျှောက်နိုင်သူဆိုတာ လောကမှာမရှိပါဘူး။ လမ်းမှားသွားမိလို့ အိမ်အမှန်ရောက်ကောင်း၊ တွေ့ကောင်းတွေ့နိုင်ပေမယ့် အသိမှားသူတစ်ယောက် ဘယ်လိုနည်းနဲ့မှ ကောင်းရာဘုံကို မရောက်နိုင်ဘူး ဆိုတာကို ယုံထားလိုက်ပါ။ ဘဝခရီးလမ်းဆိုတာ လူဖေါက်ထားတာမဟုတ် ဘူးလေ။ ကံဖေါက်ထားတဲ့လမ်းကိုး။

ဘုရင်ဗိန္ဒုသာရမှာ ထင်ရှားတဲ့ သားတစ်ပါး ရှိပါတယ်။ သူက အသော ကမင်းသား။ အဖေလွန်ပြီးနောက် အဖေ့အမွေတွေကို ဆက်ခံခဲ့သူပေါ့။ ပိုင်ဆိုင်နေရာ ကျဉ်းတယ်လို့တွေးလို့လား၊ အာဏာစက်ကို ပိုမိုပြန့်စေချင်လို့ လားမပြောတတ်။ အသောက နန်းတက်လာပြီးကတည်းက တိုက်လိုက်တဲ့စစ်။ မနားတမ်းပါပဲ။ စစ်ဆိုတာ လူတွေကို အသက်ရှင်သန်ခွင့်ပေးတဲ့နေရာမှ မဟုတ်ဘဲ။ ရှင်သန်ခွင့်ရသူတွေကို ရပ်တန့်စေတဲ့နေရာပေါ့။ အသောကမင်း ကြီး ချဲ့လိုက်တဲ့နယ်၊ ပိုင်လိုက်တဲ့မြေ၊ ပြန့်လိုက်တဲ့အာဏာ။ မော်မကြည့် ရဲအောင် တန်ခိုးထွားခဲ့တာလား။ အသောကနာမည်ကြားရင် သက်ရှိသတ္တဝါ အားလုံး သောကဖြစ်ရတာချည်း။ အသက်ရှင်သန်နေရပေမယ့် နာမည်သေ ရမယ့်အဖြစ်။ ဒါပေမယ့် အံ့ဩစရာအပြောင်းအလဲကတော့ ဩချလောက်ပါရဲ့။ အာဏာပြချင် နယ်ချဲ့ချင်ခဲ့တဲ့ အသောကမင်းကြီးတစ်ပါး ကလိင်္ဂစစ်ပွဲမှာ နောင်တအကြီးအကျယ်ရပြီ။ သူ့ရဲ့ အာဏာ၊ သူပိုင်ဆိုင်ရတဲ့ မြေဆိုတာ သွေး တွေလွှမ်းနေတဲ့မြေ၊ အကြောက်တရားနဲ့ရှင်သန်နေတဲ့ လူသားတွေပဲဆိုတာ ကိုပေါ့။ ရလာတဲ့နောင်တကို အမှန်နဲ့အစားထိုးဖို့ ကြိုးစားပေမယ့် အမှန်ပြသူက မရှိခဲ့။ နာကျင်ခဲ့တဲ့နှလုံးသားကို ဘာနဲ့များ အစားထိုး ကုသရမှာပါလိမ့်။ ကလိင်္ဂ

စစ်ပွဲမှာ အသက်ငင်နေသူတွေကို အသက်ရှင်စေဖို့ အသောကမင်းကြီးကိုယ်တိုင် ရေတိုက်တာတောင် အာဏာမက်သူရဲ့ လက်နဲ့တိုက်မယ့်ရေကို သောက်မဲ့အစား သေတာကကောင်းတယ်ဆိုပြီး အသေခံသွားတဲ့ သူရဲကောင်းများရဲ့ အပြုအမူတွေက အသောကမင်းကြီးရဲ့ နှလုံးသားမှာ ဆူးလိုစူးဝင်နေဆဲ။ သောကဆူး စူးဝင်နေတာက သောကမရှိဘူးဆိုတဲ့ အသောကမင်းကြီး။ အရှိအတွက် အသက်ရှင်တယ်ဆိုတဲ့ အတွေးနဲ့ ဘဝရဲ့ပြည့်စုံမှုတွေကို အကျယ်ချဲ့ခဲ့ပေမယ့် ရလိုက်တာက သောကမီး။ အမှားကိုစမြင်လာတာဟာ အမှန်ကိုရှာဖွေသူတွေရဲ့လမ်းစပါပဲ။ အသက်သေတာ သွေးချောင်းစီးတာ မြင်ပြီး မင်းရဲ့စည်းစိမ်ဆိုတာ လူတွေရဲ့သောကနဲ့ ဖန်တီးထားပါလားလို့ သိလာရတဲ့ အသောကမင်းကြီးတစ်ပါး အမှန်တရားကို ရှာဖွေဖို့ ကိုးကွယ်ခံသူဖက် လှည့်လာပြီ။ သူကိုးကွယ်ခဲ့တာ ဖခင်ရဲ့အမွေ ဒိဋ္ဌိကြီးတွေမဟုတ်လား။ တရား ရှိ/မရှိ မသိ သောကပျောက်အောင် ကုပေးနိုင်စွမ်းရှိ/မရှိ မသေချာ။ ကြည့်ရတာနဲ့ သောကများရတဲ့အဖြစ်။ အဝတ်ကမပါ ခန္ဓာဗလာ၊ မုတ်ဆိတ်ဗလပွနဲ့ နေတာထိုင်တာကအစ အားလုံး အထင်ကြီးစရာ တစ်စက်မှမရှိ။ ဒီအခြေအနေ ပိုင်ဆိုင်ထားသူတွေဆီက လွတ်မြောက်မှုကို ဘယ်လိုများ မျှော်လင့်ရပ့ါ။

တစ်ရက်၊ အသောကမင်းကြီး အမတ်တွေကို မိန့်တယ်။ မိမိတို့ကိုးကွယ်နေတဲ့ သူတွေကို သင့်တော်တဲ့နေရာ ယူဖို့ပြော၊ ငါကိုယ်တိုင် မင်းဆရာအဖြစ်တင်မြှောက်ပူဇော်ချင်လို့ဆိုတော့ အမတ်တွေစိတ်ကူးယဉ်ကြပြီ။ သူတို့ ကိုးကွယ်တဲ့ဆရာတွေသာ မင်းဆရာဖြစ်ခဲ့မယ်ဆိုရင် သူတို့လည်း. . . စသည်ဖြင့် တွေးပြီပေ့ါ။ အရှိကြိုက်တဲ့ ပုထုဇဉ်ငမိုက်သားတွေမို့လား။ သူလည်း သူလို ကိုယ်လိုတွေး တာဆန်းသလား။ ဒါကြောင့် ဆရာတွေကို အသေအချာလျှောက်ရပြီ။ သင့်တော်တဲ့နေရာကိုယူပြီး ထိုင်ကြဖို့ပေ့ါ။ အသောကမင်းကြီး စောင့်ကြည့်နေပါသော်ကော။ ဘုရင်ထိုင်တဲ့ ပလ္လင်ပေါ် သာတက်ထိုင်ရင် မင်းဆရာအဖြစ်

တင်မြှောက်ဖို့ စိတ်ကူးပြီးသား။ အရှင်သူမြတ်တို့ အရှင်ဘုရားတို့နဲ့ သင့်တော်တဲ့နေရာကို ယူပါလို့ အသောက လျှောက်စကားက ဒိဋ္ဌိတွေရဲ့ အကြောက်တရားကို မပျောက်စေခဲ့ပါဘူး။ အသောကဆိုတာ မထင်ရင် မထင်သလို အပြစ်ပေးတတ်သူလေ။ မှားတာနဲ့ သွားရမယ့်လမ်းက တစ်ခုတည်း။ သေလမ်း။ ဒါကို ကောင်းကောင်းသိထားတဲ့ ဒိဋ္ဌိတွေ ပလ္လင်ပေါ် တက်ထိုင်ဖို့ ဝေးစွ။ အနားတောင် မသီရဲ။ သူတို့ရဲ့စိတ်က သူတို့ရဲ့အကျင့် ယုံကြည်မှုကို ပြတယ်ဆိုတာကို အသောကမင်းကြီး ကောင်းကောင်းသိသည်လေ။ နိုင်ငံအုပ်ချုပ်မင်းလုပ်နေသူပဲ။ ဒီလောက်တော့ သိတာပေါ့။ ပလ္လင်ပေါ်မတက်ရဲ အဆင်သင့်တဲ့နေရာမှာ အဆင်ပြေသလို ထိုင်နေကြတာကိုကြည့်ပြီး အသောကမင်းကြီး သဘောပေါက်ပြီလေ။ သူ့ကို ကြောက်နေသူတွေဆီမှာ မကြောက်တရားကို ဘယ်လိုခံယူကျင့်သုံးရပါမလဲ။

အချိန်တစ်ခုဆိုတာ စောင့်ရတာပါပဲ။ အမှားကို အမှန်နဲ့အစားထိုးဖို့အတွက် မှန်ကန်တဲ့အသိကို ကိုယ်တိုင် သိဖို့လိုအပ်သလို ကိုးကွယ်နေသူ ပြည်သူတွေလဲ သိဖို့လိုတယ်လေ။ လေသာပြတင်းမှာ ထိုင်တဲ့တစ်နေ့။ အဲဒီ တစ်နေ့ဟာ အားလုံးကို ပြောင်းလဲသွားစေမယ့် နေ့တစ်နေ့ပါပဲ။ နန်းတော်ကို ဖြတ်လျှောက်သွားတဲ့ သူကငြိမ်သက်လွန်းပေစွ။ ပြည့်စုံတဲ့ဣန္ဒြေနဲ့ လျှောက်လှမ်းနေသူက အသက်ကြီးတဲ့ မထေရ်ကြီးမဟုတ်။ ကြည့်ရတာ အသက်က မြေးအရွယ်လောက်။ ထားတဲ့ဣန္ဒြေက ဝါခြောက်ဆယ်ရ မထေရ်ကြီးလို။ တွေ့မြင်ရတာ သဘောကျလိုက်တာ။ ငါလိုချင်တဲ့တရားရှိမယ်ဆိုတာ အသေအချာလို့ ယုံကြည်မိသူက အသောက။ ဒါကြောင့်ပဲ ချက်ချင်းသွားပင့်ခိုင်း ရသည်ပေါ့။ ကိုရင်လေး နန်းတွင်းလှမ်းကြွတာ တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်မိသည်လေ။ လိုချင်တာကိုး။ အရှင်ဘုရား သင့်တော်တဲ့နေရာရွေးထိုင်ပါဘုရားလို့ လျှောက်တင်လိုက်တော့ ကိုရင်လေးက ရာဇပလ္လင်ပေါ် တက်ထိုင်ပါရောလား။ ငါလိုချင်တာ

ဒါပဲလို့ ရင်ထဲကြိတ် ကျေနပ်ရသည်က အသောက။ အရှင်ဘုရား . . . အရှင်ဘုရား ဆရာဆုံးမတဲ့ တရားစကားလေးများရှိရင် တပည့်တော်ကို ဆုံးမတော်မူပါလို့ လမ်းခင်းပေးလိုက်တော့. . . ။

**အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။**

**အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ မတာ ယထာ။**

မမေ့တဲ့ သတိနဲ့ ဘဝကိုဖြတ်သန်းရင် မသေရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သလို အကုသိုလ်တွေနဲ့ မေ့လျော့စွာ ဘဝကိုဖြတ်သန်းရင်တော့ ဘဝတိုင်းသေရမယ့် အကြောင်းတရားများကို ဖန်တီးတာပါပဲ။ ဒါကြောင့် သတိနဲ့ ဒါနလုပ်သူ သီလဆောက်တည်သူ ဘာဝနာပွားသူများဟာ မသေသူတွေဖြစ်ပြီး၊ ဘဝကို အပျော်၊ အပူ၊ အမေ့တွေနဲ့ ဖြတ်သန်းသူတွေဟာ သေလူတွေပဲလို့ တိုတိုတုတ်တုတ် ဟောပြလိုက်ပြီ။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ခန်းမကြီးကို တရားအသံနဲ့ ဖြိုခွင်းလိုက်သူက ကိုရင်လေး နိဂြောဓ။ ဟောတဲ့တရားက အပ္ပမာဒတရား။ မမေ့နဲ့ သတိနဲ့ နေပါဆိုတဲ့တရားက တတိယသံဂါယနာတင်ရသည်အထိ အသောကမင်းကြီးရဲ့စိတ်နဲ့ ဘဝကိုပါ ပြောင်းလဲပေးနိုင်စွမ်းသည်လေ။ သတိရှိ အသိဖြည့်နေတဲ့ မင်းကြီးဟာ သူသိသလို အများကို သိစေချင်တဲ့ဆန္ဒကြောင့် ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်သည့်အထိ ကြိုးပမ်းခဲ့သည်။ ဘုရားလောင်းရဲ့ အသွေးအသားနဲ့ရေးခဲ့တဲ့ သာသနာတော်ကို အသိရစေဖို့ ဖြန့်ပေးခဲ့တာ သွေးတစ်စက်မကျခဲ့။ လိုသူယူ၊ ကျင့်သူတွေ လွတ်မြောက်သည်အထိ အစွမ်းထက်တဲ့ သာသနာ။ ကိုးတိုင်းကိုးဌာန သာသနာပြုခရီးစဉ်မှာ သုဝဏ္ဏဘူမိလည်း ပါခဲ့သည်လေ။ ကျေးဇူးကြီးမားပေစွ။ တကယ့်ကို ကျေးဇူးကြီးမားသည်ကော။ ကျေးဇူးတရားဆိုတာ မေ့လို့ရတဲ့အရာမဟုတ်ဘူးလေ။

ဘီစီသုံးရာစုက ပြန့်ခဲ့တဲ့သာသနာ မြန်မာပြည်မှာရော တကယ်ပြန့်နှံ့

ခဲ့တာလား။ အခု မြန်မာပြည်သူ ပြည်သားတွေ ကိုးကွယ်နေတဲ့ သာသနာကရော အသောကမင်းကြီးရဲ့ မူရင်းသာသနာလား။ ကျေးဇူးတရားဆိုတာ တိုက်ရိုက် ကျေးဇူးတင်ရတာရှိသလို တစ်ဆင့်ခံတင်ရတာလည်း ရှိတယ်မို့လား။ စာပေ သင်ကြားတုန်းက ရခဲ့တဲ့ အသိတစ်ခုရှိပါတယ်။ အကြောင်းက နှစ်မျိုးရှိပါသတဲ့။ နီးတဲ့အကြောင်းနဲ့ ဝေးတဲ့အကြောင်းတဲ့။ မြန်မာတွေကိုးကွယ်နေတဲ့ သာသနာ တော်ဟာ အသောကမင်းကြီးကြောင့် ဟုတ်ကောင်း ဟုတ်နိုင်ပေမယ့် သူ့ထက် ပိုကျေးဇူးတင်ရမယ့်သူတစ်ယောက် ရှိပါသေးတယ်။ မြန်မာပြည်သူ ပြည်သား အတွက် ပို၍ကျေးဇူးတင်ရတဲ့ နီးတဲ့အကြောင်းတရားတစ်ခုတော့ တကယ့်ကို ရှိနေခဲ့ပါတယ်။ သမိုင်းဆိုတာ မှန်ကန်တဲ့အသိတစ်ခုအတွက် အမြဲဖွင့်ထားတဲ့ တံခါးတစ်ခုပဲ မဟုတ်ပါလား။ သမိုင်းရဲ့ အပိုင်းအစကို သိဖို့ အတိတ်တံခါးကို ဆွဲဖွင့်လိုက်တဲ့အခါ. . . ။

အေဒီ (၁၁) ရာစု။ အတိအကျပြောရရင် ခရစ် (၁၀၄၄)။ မြေပြန့်ဒေသ တစ်စိပ်တစ်ပိုင်းမှာ ထီးနန်းစိုးစံခွင့်ရလာသူက အနော်ရထာမင်းစော။ အနိရုဒ္ဓ လို့လဲ ခေါ်ကြသလို အနုရာဓမင်းသားလို့လဲ ခေါ်ကြသေးသည်လေ။ ပုဂံ နေပြည်တော်ကြီးမှာ မင်းဆက် (၅၅)ဆက် စိုးစံခဲ့ကြောင်း မှတ်သားရပါတယ်။ အနော်ရထာမင်းက (၄၂) ဆက်မြောက်မင်း။ အနော်ရထာမင်းတရားဟာ ပထမမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့သူ။ မှန်ကန်တဲ့ အသိကို ရဲရဲဝံ့ဝံ့ ပေးစွမ်းနိုင်ခဲ့သူ။ ပုဂံသမိုင်း စာမျက်နှာသစ်ကို ရေးထိုးနိုင်ခဲ့သူ။

## "အသက်နဲ့ဆက်ခဲ့တဲ့ သာသနာ (သို့) သာသနာကို အသက်ပေးဆက်ခဲ့သူ"

**(အပိုင်း ၂)**

ဘုရင်အနော်ရထာရဲ့ ဘဝဇာတ်ကြောင်းကို လှန်လှောကြည့်လိုက်တဲ့အခါ အတိတ်နေ့ရက်များကိုလဲ မေ့ထားလို့မရ။ အနော်ရထာမင်းစော နန်းမတက်မီ အစောပိုင်းကာလများ စာမျက်နှာကိုလည်း ပြန်ဖတ်ကြည့်သင့်သည်လေ။ ခရစ်နှစ် (၉၉၁)ခုနှစ်မှာ ကွမ်းဆော်ကျောင်းဖြူမင်း နန်းတက်ပါတယ်။ ဒီမင်းရဲ့မိဖုရားမှ အနော်ရထာမင်းစောကို မွေးဖွားခဲ့တာ။ ကွမ်းဆော်ကျောင်းဖြူမင်းဆိုတာ ပုဂံရဲ့ (၃၉)ဆက်မြောက်မင်းတစ်ပါး ဖြစ်ပါတယ်။ အိမ်နိမ့်စံဘဝနဲ့ အချိန်ကုန်ခဲ့ရသူမို့ အသက် (၅၈)နှစ်လောက်မှ နန်းတက်ခဲ့သူ။ ကွမ်းဆော်ကျောင်းဖြူမင်းဟာ ပုဂံမင်း (၃၅)ဆက်မြောက် တန်နက်မင်းရဲ့ သားတော်ရင်းပါ။ တန်နက်မင်းကို စလေ ငခွေးမင်းလုပ်ကြံ နန်းလုတဲ့အခါ တန်နက်မင်းရဲ့ မိဖုရားတစ်ပါး အထက်အညာ ကျောင်းဖြူအရပ်ကိုပြေးပြီး ပုန်းအောင်းခဲ့ရသည်လေ။ သည်ဒေသမှာပဲ ကျောင်းဖြူမင်းသားကို မွေးတယ်ဆိုပါတော့။ ကျောင်းဖြူမင်းသား အရွယ်ရောက်တဲ့အချိန်မှာ ညောင်ဦးစောရဟန်းမင်း နန်းတက်နေပြီ။ မင်းကြီးက ကျောင်းဖြူမင်းသားကို ကွမ်းဆက်သူအဖြစ် တာဝန်ပေးလို့ ကွမ်းဆော်ဆိုတဲ့နာမည်အပိုရလာသူပါ။ တစ်ရက်။ မင်းလောင်း

ပေါ်တယ်ဆိုတဲ့ အုတ်အော်သောင်းနင်းဖြစ်တာကို လာစပ်စုကြည့်မိသူက ကွမ်းဆော်ကျောင်းဖြူမင်းသား။ ဘယ်သူများ မင်းလောင်းဖြစ်နေမလဲဆိုတာ သူလဲ သိချင်ပေမပေါ့။ ကံဆိုတာ ထူးဆန်းပေစွ။ မင်းလောင်းလာကြည့်တဲ့ ကွမ်းဆော်မင်းသားလေးကို ပြည်သူတွေက မင်းလောင်းအဖြစ် တင်မြှောက်ပြီး ဆူညံသံနဲ့ ဩဘာပေးနေတာကို လက်ရှိစိုးစံနေတဲ့ ညောင်ဦးစောရဟန်းမင်း ထွက်အကြည့်မှာ နန်းဦးကပြုတ်ကျပြီး နတ်ရွာစံပါရော။ ဒီလိုနဲ့ ပြည်သူ ရွေးချယ်တဲ့ ကွမ်းဆော်ကျောင်းဖြူမင်း ဘုရင်ဖြစ်လာရသည်လေ။

နတ်ရွာစံ ညောင်ဦးစောရဟန်းမင်းဟာ ညီအစ်မ သုံးယောက်ကို မိဖုရားတင်မြှောက်ခဲ့ပါတယ်။ မြောက်ပြင်မိဖုရား၊ တောင်ပြင်မိဖုရားနဲ့ အလယ်နန်းမိဖုရားတို့ပေါ့။ မြောက်ပြင်မိဖုရားမှာ ညောင်ဦးစောရဟန်းမင်းနဲ့ သားသမီးမရခဲ့။ တောင်ပြင်မိဖုရားမှ မင်းသားကျည်းစို ကိုယ်ဝန် (၉)လနဲ့ကျန်ခဲ့သလို အလယ်နန်းမိဖုရားမှ သားတော် စုက္ကတေး ကိုယ်ဝန် (၆)လနဲ့ ကျန်ခဲ့ပါတယ်။ ကွမ်းဆော်ကျောင်းဖြူမင်း နန်းတက်တဲ့အခါ မိဖုရား သုံးပါးလုံးကို မိဖုရားပြန် မြှောက်ပါတယ်။ မြောက်ပြင်မိဖုရားမှ ခရစ်နှစ် (၁၀၁၄) ခုနှစ်မှာ အနော်ရထာ မင်းသားကို မွေးဖွားပါတယ်။

အသက်အရွယ်ရလာလို့ ပညာအစုံတတ်နေတဲ့ ကျည်းစိုမင်းသားနဲ့ စုက္ကတေးမင်းသားတို့ဟာ အသက် (၇၈)နှစ်ရှိနေပြီးဖြစ်တဲ့ ဘုရင်အို ကွမ်းဆော် ကျောင်းဖြူမင်းကို ရဟန်းကျောင်းတစ်ဆောင် ဆောက်လုပ်ပြီး ခြိမ်းခြောက်ကာ ရဟန်းပြု ကျောင်းထိုင်စေသည်လေ။ လွယ်လွယ်ပြောရင် အာဏာလုလိုက် သည်ပေါ့။ အသက်ကြီးနေတဲ့ ကွမ်းဆော်ကျောင်းဖြူမင်း ဘာမှမတတ်နိုင်။ အလွယ်တကူပဲ လက်ခံလိုက်ရသည်။

ကျည်းစိုမင်းသား နန်းတက်လို့ ဘုရင်သာဖြစ်လာသည် နိုင်ငံရေးကို လုံးဝစိတ်မဝင်စား။ ဖအေတူမအေကွဲ ညီတော် စုက္ကတေးကို ကွပ်ကဲစီမံစေ

သည်။ အပျော်အပါးမက်ပြီး တောလိုက်ဝါသနာပါတဲ့ ကျည်းစိုမင်းဟာ ချင်းတွင်းနယ်တစ်ရိုးမှာ တဲထိုး အမဲလိုက်ရင်း မုဆိုးတစ်ယောက်ရဲ့မြားချက်နဲ့ နတ်ရွာစံရပါရော။ နန်းစံသက်က (၆)နှစ်ပဲကြာတာ။ နောင်တော်နတ်ရွာစံတော့ နန်းရလာတာက ညီတော်စုက္ကတေး။ နန်းသာတက်လာကြတာ နိုင်ငံရေး၊ ဘာသာရေး၊ ကြီးပွားရေး စတဲ့ အရေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့ ဘုရင်တစ်ပါးမှ မပါဝင်။

အချိန်ဆိုတာ လူကို စောင့်နေတတ်တာ မဟုတ်ပါဘူး။ လူကသာ အချိန်ကို စောင့်နေတတ်တာရယ်။ အခုလဲ မစောင့်တဲ့အချိန်နဲ့အတူ အရွယ်ရောက်လာသူက ကွမ်းဆော်ကျောင်းဖြူမင်းရဲ့သား အနော်ရထာမင်းသား။ စုက္ကတေးမင်းကလဲ မျက်ကွယ်မပြုပါဘူး။ ရွာကိုစားစေပြီး ထိုက်သင့်တဲ့တာဝန်ကိုပေးသည့်အပြင် စစ်ပညာတွေကိုပါ သင်စေသည်လေ။ ဒါပေမယ့် ခမည်းတော်က နန်းကျဘုရင်ဆိုတော့ မူးမတ်တွေကြားမှာ မျက်နှာငယ်ရသည်တော့ အမှန်။ လက်ရှိနန်းတက်နေတဲ့ ဘုရင်ကိုယ်တိုင် ထိကပါးရိကပါး စကားများနဲ့ ထိုးနှက်တတ်သည်။ သည်းခံပါ၏။ အခြေအနေဆိုတာ တခါတလေ စောင့်ယူရတတ်တာမို့လား။ ညီလာခံအပါအဝင် မင်းခမ်းမင်းနားတွင် အားတက်သရောပါဝင်တတ်တဲ့ အနော်ရထာမင်းသားကို အခွင့်အရေးပေးသယောင်နဲ့ သံသယမျက်လုံးနဲ့ကြည့်တာက ပိုများတယ်ဆိုရမလား။ ဘယ်နေ့နန်းလုမလဲ ဆိုတဲ့ အတွေးလည်း ဘုရင်မှာ ရှိကောင်းရှိနေနိုင်တာပဲကိုး။ အထင်သေး အမြင်သေးတတ်သူတွေဟာ တခါတလေ သတိလက်လွတ် စော်ကားမိတာမျိုးရှိလာတတ်ပါတယ်။ အခုလည်း အနော်ရထာ ကြုံရပြီ။ တစ်ခုသော ညီလာခံမှာ စုက္ကတေးမင်းကြီးက အနော်ရထာကို ညီသား နောင်မယ် ကျန်းကျန်းမာမာရှိရဲ့လား ဆိုတဲ့ နှုတ်ဆက်စကားက ညီလာခံတက်သူများကို ပွဲကျစေသည်လေ။ အနော်ရထာမင်းသားအတွက်တော့ အရှက်ပေါ့။ ညီလာခံစဲလို့ ခမည်းတော် ကွမ်း

ဆော်ကျောင်းဖြူမင်းဆီသွားတော့ အခိပ္ပါယ်ကိုသိရပြီ။ အခိပ္ပါယ်က ညီလဲပုတ် သားလဲပုတ်ပေ့ါ။ ဒါဆို မကြာခင် အနော်ရထာရဲ့မိခင် မြောက်ပြင်မိဖုရားကို စုက္ကတေးဘုရင် မိဖုရားအဖြစ် မြှောက်တော့မည့် ရှေ့ပြေးနိမိတ်ပေ့ါ။

ဖြစ်လာတဲ့ ခံစားမှုအတိုင်း ချက်ချင်းမတုန့်ပြန်မိစေဖို့ ခမည်းတော်ကြီး ဖျောင်းဖျရပြီ။ လူငယ်တွေဆိုတာ စိတ်လိုက်မာန်ပါ လုပ်တတ်တာမို့လား။ အား ရှိအောင်မွေး လူတွေစုပြီးမှ အမှန်တရားဘက်တော်သားဖြစ်အောင်လုပ်၊ အခု တော့ ပုပ္ပါးအရပ်ဖက် ခဏရှောင်နေဦးဆိုတဲ့ ခမည်းတော်ရဲ့စကားက သင့် တော်နေလေတော့ လိုက်နာရပြီ။ ခမည်းတော် ကွမ်းဆော်ကျောင်းဖြူမင်း ကလည်း သားတော် အနော်ရထာကို အမွေများပေးလိုက်သည်လေ။ အရိန္ဒ မာလှံ၊ သီလဝံဓား၊ ပတ္တမြားလက်စွပ်နဲ့ ပတ္တမြားဦးသျှောင်တို့ပါပဲ။ အနော် ရထာမင်းသား ပုပ္ပါးအရပ်သွားပြီး လူစုပြီ။ ပုန်ကန်ရတော့မှာလေ။ စုက္က တေးမင်းလဲ ချက်ချင်းတုန့်ပြန်တာပါပဲ။ အနော်ရထာမင်းသားရဲ့ ခမည်းတော် ကျောင်းဖြူမင်းကို အကျယ်ချုပ်ထားလိုက်တဲ့အပြင် မယ်တော် မြောက်ပြင် မိဖုရားကို မိဖုရားမြှောက်လိုက်သည်ပေ့ါ။ ဒါဟာ စုက္ကတေးမင်းရဲ့ လက်တုန့်ပြန် ချက်လို့ မြင်ကြပေမယ့် ပေးဆပ်ရဖို့အတွက် စတင်လိုက်တယ်ဆိုတာကို နား လည်ထားရပါလိမ့်မယ်။

အနော်ရထာမင်းသား လူစုသည်။ စစ်ပညာတွေကို သင်ပေးသည်။ လူစုရတာ ဘာမှမခက်ခဲ။ အုပ်ချုပ်ရေးကို စိတ်ကုန်နေတဲ့ ပြည်သူတွေ အသက် သုံးဆယ်ကျော်သာရှိသေးတဲ့ ဘုန်းလက်ရုံးရှိတဲ့ အနော်ရထာမင်းသားကို အသက်ပေးယုံကြပြီလေ။ ကောင်းသတင်းမွှေးနေတဲ့ အနော်ရထာမင်းသား ခရစ်နှစ် (၁၀၄၄)မှာ ပုဂံနေပြည်တော်ကို စစ်ချီလေပြီ။ ရာဇသံက ခပ်ရှင်းရှင်း နိုင်ငံအပ်မလား၊ တစ်ယောက်ချင်း စစ်ထိုးမလားပေ့ါ။ ဘုရင်ကိုစိန်ခေါ်တော့ စုက္ကတေးဘုရင်လည်း ဒေါသထွက်ပြီလေ။ တစ်ယောက်ချင်း စီးချင်းထိုးဖို့

လက်ခံလိုက်ပြီ။ အရုဏ်တက်အချိန်မှာ အနော်ရထာနဲ့ စုက္ကတေးမင်းတို့ စီးချင်းထိုးကာ အားချင်းယှဉ်ပြိုင်ပြီ။ အနော်ရထာမင်းသား အရှိန်ပြင်းစွာ ပစ်လွှတ်လိုက် တဲ့ အရိန္ဒမာလှံဟာ ဘုရင်စုက္ကတေးရင်ဝမှာစူးဝင်လေပြီ။ နောင်တော် စုက္ကတေးအလောင်းကို သယ်သွားတဲ့မြင်းဟာ မြင်းကပါချောင်း ကမ်းပါးသို့ အရှိန်လွန်ကျသွားပြီ။ ပုဂံနိုင်ငံတော်မှာ (၂၅) နှစ်တိတိ အုပ်ချုပ်သွားတဲ့ ဘုရင်စုက္ကတေး ရဲ့ ဘဝနေချိန်ကား မလှပခဲ့။ ကျေးဇူးသိတတ်တဲ့ အနော်ရထာမင်းသားပါပဲ။ စုက္ကတေးအလွန်မှာ ဖခင်ကို နန်းအပ်သည်လေ။ ခမည်းတော်ကြီးရဲ့ငြင်းဆန်မှုက သားတော် အနော်ရထာကို ဘုရင်ဖြစ်စေခဲ့ပြီ။ အနော်ရထာမင်းစော ပုဂံရဲ့ (၄၂)ပါးမြောက်ဘုရင် ဖြစ်လာခဲ့ပြီ။ ဒါပေမယ့် နိုင်ငံတော်မှာ မက်မောစရာ ဆိုလို့ ဘာဆိုဘာမှ မရှိခဲ့။ လုပ်ရမယ့်တာဝန်တွေက တသီတတန်း။ အများအတွက် ပြည်သူအတွက်ရယ်လို့ စဉ်းစားမိတော့ လုပ်စရာတွေက ဒုနဲ့ဒေး။ ဘုရင်ဆိုတဲ့ အမည်နာမနဲ့လိုက်အောင် လုပ်ရမယ့်အလုပ်တွေက အမြောက်အမြား။

ဘုရင်အနော်ရထာမင်းစော ပထမဆုံးလုပ်ချင်တာက ပြည်သူတွေ အသိမှန်အောင်။ ပုဂံပြည်သူတွေ ခေတ်အဆက်ဆက် ယုံကြည်ကိုးကွယ်လာတာက ပန်းဦးဆက် အရည်းကြီးသာသနာ။ အရည်းကြီးသာသနာက အနော်ရထာမင်းလက်ထက်မှ ရောက်လာတဲ့ အသစ်စက်စက် ကိုးကွယ်ရာတစ်ခု မဟုတ်။ အရည်းကြီး သာသနာဟာ ပုဂံနေပြည်တော်ကို သုံးကြိမ်မြောက် တည်ခဲ့တဲ့ သိုက်တိုင်မင်း (ခရစ်နှစ် ၅၁၆-၅၂၃) လက်ထက်မှာ အတော်ထွန်းကားနေကြောင်း မှတ်တမ်းများအရ သိရသည်။ ပုဂံမင်းဆက် (၁၂) ဆက်မြောက် သိုက်တိုင်မင်းမှ မင်းဆက် (၄၁)ဆက်မြောက် စုက္ကတေးမင်းအထိ နှစ်ပေါင်းကိုရေတွက်ကြည့်မယ်ဆိုရင် နှစ်ပေါင်း (၆၀၀) လောက်တောင် ရှိပါရော့လား။ အမြစ်စွဲနေတဲ့ အပင်ကြီးတစ်ပင်ကို ချက်ချင်းခုတ်လှဲဖို့ဆိုတာ

လွယ်တာမှမဟုတ်တာ။ ပြီးတော့ ဘုရင်အဆက်ဆက် ပြည်သူအဆက်ဆက် ကိုးကွယ်ယုံကြည်ခဲ့တာလေ။

မြို့ပုဂံရဲ့အရှေ့ယွန်းယွန်း သမထီးအရပ်ဟာ အရည်းကြီးများရဲ့ ဗဟို ဌာနချုပ်ပါတဲ့။ အိန္ဒိယတောင်ပိုင်း သမ္မတိဂိုဏ်းဝင်တို့နဲ့ မြောက်ပိုင်း မဟာယာန အနွယ်ဝင်တို့ ပုဂံနေပြည်တော်သို့ နည်းအမျိုးမျိုးနဲ့ရောက်လာပြီး စုပေါင်းနေ ထိုင်တဲ့အရပ်ကို သမ္မတိ၊ နောက်တော့ သမထီးအရပ် ဖြစ်လာကြောင်း မှတ်တမ်း တင်ခဲ့ပါတယ်။

အရည်းကြီးတွေဟာ ဗုဒ္ဓဝါဒရဟန်းတွေလို အဝါရောင်သင်္ကန်းမဝတ်၊ အနက်ရောင်၊ နက်ပြာရောင် သင်္ကန်းများကိုဝတ်ဆင်ပြီး ဆံပင်လက်လေးသစ် မုတ်ဆိတ်ဗလပြစ်နဲ့။ ကျင့်ဝတ်က တုံးခုန်၊ မီးလှုံ၊ ဇယ်ခတ်ခြင်းများပါတဲ့။ အားလပ်ချိန်မှာတော့ ဆင်စီး၊ မြင်းစီးအကျင့်များကို လေ့ကျင့်သည့်အပြင် ဓားခုတ် လှံထိုးအကျင့်များကိုလည်း အပိုကျင့်သေးသည်တဲ့။ ခေါင်းဆောင်က အယောက်သုံးဆယ် နောက်လိုက်က အယောက်ခြောက်သောင်းတောင်ရှိပါ သတဲ့လေ။ စီးပွားရေး၊ ကြီးပွားရေးများကို ကိုယ်တိုင်လည်း လုပ်ကြပါသေးသတဲ့။ ပြီးတော့ တကာတွေအတွက် လက်ဖွဲ့၊ မန္တာန်၊ ဆေး၊ အင်းကွက်၊ ဗေဒင်၊ ယတြာ၊ ဓာတ်နတ်အပြင် ပန်းဦးလွှတ်တာကိုပါ ကြံဖန်စီရင်ထားပါသတဲ့။ လူတွေ မိန်းမယူတာဟာ ကံဆိုးခြင်းကို လက်ခံယူလိုက်တာဖြစ်တဲ့အတွက် တစ်သက်လုံး ကံမကောင်းနိုင်တာမို့ အကျင့်ပြည့်စုံတဲ့ သူတို့ဆီကိုသာ တစ်ည၊ နှစ်ညလောက် သာပို့ထားလိုက် အားလုံးကံကောင်းသည်တဲ့။ လူတွေကလည်း ကံကောင်းမယ် ဆိုရင် ဘာကိုမှမစဉ်းစား။ အမှန်ထင်ပြီး ပို့ကြပေါ့။ ပန်းဦးဆက်သူ မရှိသေး ဘူးဆိုရင်လည်း အမျိုးသမီးအချောအလှလေးတွေကို ခေါ်ထားပြီး ရေချိုးပြီး တဲ့အခါ ဆီလိမ်းပေးရ၊ ဆံပင်ရှင်းပေးရ။ ခြေဆုပ်လက်နယ် လုပ်ပေးရပါသတဲ့။ ဒါတွေက အရည်းကြီးရဲ့ သာသနာပြုလုပ်ငန်းကြီးတွေပေါ့။ သူတို့ အကြောင်း

အပြောရင် ပြောမဆုံးပေါင် တောသုံးတောင်ပါပဲ။

အမြစ်စွဲနေတဲ့ မှားတဲ့အယူကို တွန်းလှန်ဖို့ အနော်ရထာမင်းစောမှာ အားလိုသည်လေ။ အားကမပြည့်ရသေးတဲ့အထဲ နိုင်ငံကလည်း ကြီးမား သေးတာမဟုတ်။ ပုဂံဆိုတာ တမ္ဗဒီပခေါ် မြေလတ်ဒေသတစ်ဝိုက်လောက် ရယ်။ ကသာ၊ မန္တလေး၊ မိတ္ထီလာ၊ ကျောက်ဆည်၊ စစ်ကိုင်း၊ ရမည်းသင်း၊ ပခုက္ကူ မကွေးနဲ့ မင်းဘူးတစ်ဝိုက် လောက်သာရှိမည်ဖြစ်ကြောင်း ခန့်မှန်းခဲ့ကြ ပါတယ်။ ဒါကြောင့် သူရဲကောင်းများစုပြီး နယ်ကိုချဲ့ကာ မှန်ကန်တဲ့အသိနဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး တိုးတက်အောင်လုပ်ရဦးမယ် မဟုတ်ပါလား။ နိုင်ငံ တော်ကို အကျယ်မချဲ့ခင် အနော်ရထာမင်းစော ပထမဦးဆုံး လုပ်ရမယ့် အလုပ်တစ်ခုက ပေါ်လာပြန်ပြီ။

# “အသက်နဲ့ဆက်ခဲ့တဲ့ သာသနာ (သို့) သာသနာကို အသက်ပေး ဆက်ခဲ့သူ”

**(အပိုင်း ၃)**

နန်းတက်ဘုရင်မှာ လက်တွဲဖော်က မရှိမဖြစ် လိုအပ်နေသည်လေ။ ရွှေဘုံနိဒါန်း ထုံးတမ်းစဉ်လာအရပြောရမယ်ဆိုရင် မိဖုရားက လေးပါးလောက် ထားရှိရပါလိမ့်မယ်တဲ့။ မင်းသားဘဝက ခပ်ရှင်းရှင်းနေခဲ့တဲ့ အနော်ရထာ အတွက် အခုချိန်မှာ အခက်တွေ့ပြီ။ တောင်ညာစံ မိဖုရားကြီးက အရည်အချင်း ပြည့်မီရမှာမို့ အမတ်ကြီး ရာဇတမန်ကို တာဝန်ပေးရပြီ။ အမတ်ရာဇတမန်ရဲ့ လျှောက်တင်ချက်က အားရစရာ။ မဇ္ဈိမတိုင်း ဝေသာလီနိုင်ငံမှာ ဝေသာလီမင်း တရားရဲ့ သမီးတော်လေးဟာ နတ်သမီးတမျှ ချောကြောင်း လှကြောင်း တင် သည်လေ။ ဒါနဲ့ပဲ ကြင်ယာတော်တောင်းမယ့်ခရီးကို အမတ်ရာဇတမန်နဲ့ စတင်ခဲ့ပါပြီ။ ဝေသာလီမင်းကြီးလည်း ဘုရင်အနော်ရထာအတွက် သမီးတော် ပဉ္စကလျာဏီမင်းသမီးကို အသာတကြည်ပဲ ပေးအပ်ခဲ့ပါတယ်။ ဝေသာလီမင်း သမီးနဲ့အတူ အခြွေအရံ မောင်းမရှစ်ဆယ်ခန့် ခမည်းတော်မင်းကြီးမှ ထည့် ပေးလိုက်ပါရဲ့။ ဒါပေမယ့် . . . ။

ဝေးလှတဲ့ မဇ္ဈိမဒေသနဲ့ ပုဂံခရီးစဉ်အတွင်းမှာ အပြောင်းအလဲက စခဲ့ပြီကော။ အမတ်ကြီး ရာဇတမန်နဲ့ သမီးတော် ပဉ္စကလျာဏီတို့ နှလုံးသား

အရေးကို အလိုလိုက်မိကြသည်တဲ့။ ပါးနပ်လွန်းတဲ့ အမတ်ရာဇတမန်က ပါလာတဲ့မောင်းမများကို တစ်နေရာရောက် နဲနဲချန်နဲ့ ခရီးကိုဆက်ခဲ့ပါရောလား။ အဖေါ်တွေက သူတို့အဖြစ်အပျက်ကိုသာ ဘုရင်ကိုတင်ပြလိုက်ရင် အမတ်ရဲ့ခေါင်း မြေကြီးနဲ့မိတ်ဆက်ရမယ့်အဖြစ်ကို တွေးမိမှာ အသေအချာ။ ပုဂံနေပြည်တော်ရောက်တော့ မင်းသမီးအကြောင်းပြောပြမယ့်သူ တစ်ယောက်မှမကျန်တော့။ အနော်ရထာမင်းစောလည်း မင်းသမီးလေးကို ဧည့ဝတီ ရခိုင်ပြည်အထိ ကိုယ်တိုင်သွားကြိုပါရဲ့။ နိုင်ငံချစ်ကြည်ရေးနဲ့ ပတ်သက်နေတဲ့ အချစ်မဟုတ်ပါလား။ ပုဂံနေပြည်တော်ရောက်တော့ အမတ်ရာဇတမန် ယုတ်မာလေပြီ။ မစားရတဲ့အမဲ သဲနဲ့ပက်တဲ့သဘော။ အခုပါလာတဲ့ ပဉ္စကလျာဏီ မင်းသမီးဟာ တကယ်တော့ ဘုရင့်သမီးတော်တစ်ပါးမဟုတ်။ တကယ်သာ သမီးတော်အစစ်ဆိုရင် အခြွေအရံများကို ထည့်လိုက်သင့်သည် မဟုတ်လား စသည်ဖြင့် . . . ဣဿာ၊ မစ္ဆရိများစွာနဲ့ လုပ်ကြံတင်ပြလေတော့ . . .။ အမတ်ပြောမှတော့ ယုံရသည်ပေါ့။ အနီးကပ်ရန်သူဟာ အဝေးရန်သူထက် ကြောက်စရာကောင်းတဲ့အဖြစ်ကို ဘုရင်အနော်ရထာ မရိပ်မိခဲ့။ ပေါင်းခဲ့ဖူးတဲ့ မင်းသမီးလေးကို ပရိမ္မအရပ်သို့ပို့ပြီး နယ်နှင်ဒါဏ်ပေးလိုက်ပြီ။ မင်းတို့အမျက် အကြောင်းမရွေးခဲ့သလို ပုဂ္ဂိုလ်လည်း မရွေးခဲ့ပါဘူး။ အခုတော့ . . . .

ပရိမ္မအရပ်ရောက်သွားတဲ့ မင်းသမီးလေး သားတော်လေးတစ်ပါးကို မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါပေါ့။ လူရည်လူသန့် ဥပဓိရုပ်က ကောင်းလိုက်ပါဘိ။ မြင်သူတကာ ချစ်ခင်ရသည့်ရုပ်ကို ပိုင်ဆိုင်ထားသူ။ ဘုရင်အနော်ရထာနဲ့ ရခဲ့တဲ့ သားလေးဆိုတော့လည်း ကောင်းတဲ့ဥပဓိရုပ်ကို ပိုင်ဆိုင်ရပေမပေါ့။ ပြီးတော့ ဝေသာလီသူရဲ့သားလေ။ သူ့နာမည်က . . . ကျန်စစ်သား။ ဘုရင့်အမျိုးအနွယ်မှ ဆင်းသက်လာတဲ့ သားတော်ကို မိခင် ပဉ္စကလျာဏီက အသေအချာ ဆုံးမသွန်သင်ပေးသည်။ တစ်စတစ်စ ကြီးပြင်းလာတဲ့ ကျန်စစ်မင်းသားဟာ သတ္တိရှိ

တယ်။ ဖွဲ့ကောင်းပြီး ဝီရိယရှိလို့ ထီးလှိုင်ရွာကိုအုပ်ချုပ်ရတဲ့ ထီးလှိုင်ရှင်ဖြစ်လာပြီကော။ ထီးလှိုင်ရှင်ရဲ့သတင်းက ပုဂံနေပြည်တော်ထိ ပေါက်ရောက်ခဲ့ရပြီ။ ကျော်ကြားမှုကို ကိုယ်တိုင်စုံစမ်းတာက ဘုရင်အနော်ရထာ။ ကျော်လို့ ကြားရတာလား။ မကျော်ဘဲ ကြားရတာလားဆိုတာကို အတိအကျ သိချင်သည်လေ။ ဘုရင်အဖြစ်နဲ့ သွားလို့မဖြစ်တဲ့အတွက် ကိုယ်ရောင်ပျောက်သွားရသည်ပေါ့။ သာမန်အရပ်သားလို ထွက်လာတဲ့ အနော်ရထာမင်းစောနဲ့ ထီးလှိုင်ရှင် ကျန်စစ်သားတို့ တွေ့ကြပုံက ဘာမှခမ်းခမ်းနားနားမရှိ။ ခမ်းနားမှုမရှိတဲ့ တွေ့ဆုံမှုကပဲ တခမ်းတနားဖြစ်စေခဲ့ပြီ။ မဇ္ဈိမဒေသ ဝေသာလီသူ ပဉ္စကလျာဏီရဲ့ သားတော်ဆိုတော့ . . . ။ မိမိသားပဲပေါ့။ ဒီလိုနဲ့ သူရဲကောင်း ချစ်တတ်တဲ့ အနော်ရထာမင်းစောတစ်ပါး သူရဲကောင်းလည်းဖြစ် သားတော်လည်းဖြစ်တဲ့ ကျန်စစ်သားကို နန်းတော်ခေါ် ရာထူးပေးရပြီ။ စစ်တပ်ရဲ့ ဗိုလ်ချုပ်တဲ့။ အသွေးအသားတော်လို့ ရာထူးကြီးကြီး ပေးတယ်လို့တွေးရင် ဘုရင်အနော်ရထာရဲ့ လူကဲခတ်စွမ်းရည်ကို အထင်သေးရာကျမှာအမှန်။ တစ်နေ့တစ်ချိန်မှာ မင်းကျန်စစ်ရယ်လို့ ဖြစ်လာမယ့်သူ မဟုတ်ပါလား။ သူရဲကောင်းကို ချစ်တတ်သူမှာ ဆွေမျိုးဆိုတာမရှိဘူးလေ။ အနော်ရထာမင်းစောရဲ့ ခံယူချက်က ပြတ်သားသည်။ ပြည်သူတို့ ကျန်းမာချမ်းသာပါစေ၊ ပြည်သူ့အရေးဟာ ကိုယ့်အရေးတဲ့။ ပြည်သူ့အကျိုးဟာ ကိုယ့်အကျိုးပါတဲ့။ ပြည်သူ့သောကဟာ ကိုယ့်ရဲ့သောကပါတဲ့လေ။ အို . . . အားထားစရာကောင်းလိုက်သည့် မင်းကောင်းမင်းမြတ် အနော်ရထာ . . . ။

အချစ်နဲ့ပတ်သက်ပြီး သူရဲကောင်းတစ်ယောက်ရခဲ့တဲ့ ဘုရင် အနော်ရထာ ဒီအတိုင်း မနေအားသေး။ သူရဲကောင်း ရှာဖွေရေးခရီးကို ဆက်ရပြန်သည်။ နောက်ထပ်တွေ့ရသည်က ငထွေးရူး။ အညာဒေသဆိုတာ ထန်းပင်ရဲ့ သင်္ကေတပဲမဟုတ်လား။ ထန်းပင် ပင်လယ်ဝေနေတဲ့ဒေသမှာ ထန်းတက်နေ

တဲ့ သူရဲကောင်းတစ်ယောက်ကို တွေ့ရပြန်ရော။ တစ်မနက်ခင်းစာ ပဲရှိသေးသည် ထန်းတောတစ်တောကုန်လို့ အလုပ်မရပ်သေးသူက ငထွေးရှူး။ ပင်ပန်းတယ် ဆိုတဲ့ အဘိဓာန်ကို နားမလည်ရောလေသလား။ မမောနိုင် မပန်းနိုင် အလုပ်လုပ် သွားသည်က ပိရိသေသပ်လွန်းလှသည်။ သာမာန်လူတွေ အမောတကောနဲ့ ဟောဟဲဆိုက်နေအောင် လုပ်ရမယ့်အလုပ်ကို ချွေးတစ်ပေါက်မထွက် လုပ် သွားသည်က အံ့သြစရာ။ ဒီလိုနဲ့ သူရဲကောင်းကိုတွေ့ စကားတွေပြော နန်းတော်ခေါ်နဲ့ သူရဲကောင်းတစ်ယောက် ရလာပြန်ရော။ ငထွေးရှူး ဆိုတာ မြင်းမူနယ်သား ထန်းတက်သူရဲကောင်းကြီးပေ့ါ။

သူရဲကောင်းနှစ်ယောက်တည်းနဲ့ အလုပ်ခက်ဦးမယ့်အဖြစ်ကို တွေးမိတဲ့ ဘုရင်အနော်ရထာ။ သူရဲကောင်း ရှာဖွေရေးကို မရပ်နိုင်သေး။ အားလပ်သည့် အချိန်တစ်ခုမှာ နောင်တော်စုက္ကတေးကို ပုန်ကန်ဖို့ ခြေကုပ်ယူခဲ့တဲ့ ပုပ္ပါးဖက် ခရီးဆက်ခဲ့မိသည်။ ဆက်ခဲ့တဲ့ခရီးက တန်ဖိုးရှိလှသည်။ ယာကွက်များမှာ နွား တစ်ရှင်းစီတပ်ထားတဲ့ ထွန်တုံးသုံးဆယ်ကို တွေ့ရပါရော။ တစ်ကွက်တစ် ယောက်ထွန်လေမလားလို့ အတွေးရောက်တုန်းရှိသေး လူတစ်ယောက်ထဲက ယာကွက်များကို တစ်ကွက်ပြီး တစ်ကွက်ထွန်နေပြီ။ ထွန်နဲ့ယာကွက်သာ ပြောင်းသွားတယ် လူကမလဲ၊ တစ်ယောက်တည်း။ မွန်းမတည့်ခင် အားလုံးပြီးပြီ။ အံ့စရာကောင်းလိုက်တဲ့လူသား။ သူ့ကိုလည်း နန်းတော်မှာ တာဝန်ထမ်းကာ ပူပေါင်းပါဝင်ဖို့ ဆွယ်ရပြီ။ သူက ပုပ္ပါးက ငလုံးလက်ဖယ်။

တစ်ရက်။ အနော်ရထာမင်းစော ညောင်ဦးဘက်ရောက်တဲ့အခါ အထူးအဆန်းကိုတွေ့ရပြန်ပြီ။ မတ်စောက်တဲ့ နတ်သမီးကမ်းပါးပေါ် ရပ်နေရင်း တွေ့ရသည်က ဧရာဝတီမြစ်ကြီး။ မေခနဲ့ မလိခတို့ ပေါင်းဆုံမိလို့ မွေးဖွားလာ ရတဲ့ မြစ်မင်းဧရာ။ ပုဂံနေပြည်တော်ရဲ့အသက်သွေးကြောကြီး။ မြစ်ပြင် ကျယ်ကြီးဟာ ပုဂံနေပြည်တော်ကို ကွေ့ဝိုက်ဦးခိုက်ပြီး စီးဆင်းသွားပါရော။

မြစ်ကမ်းပေါ် ရပ်ပြီး အေးချမ်းစွာစီးဆင်းနေတဲ့ မြစ်မင်းဧရာကို မင်းကြီးကြည့်နေခိုက် နတ်သမီးကမ်းကနေ လူတစ်ယောက် အပြေးလေးဆင်းလာသည်။ ဘေးဘီဝဲယာမှာ လူရှိသည်ဟုပင် ထင်ပုံမရ။ ကမ်းစပ်ရောက်တော့ ရေထဲ အပြေးကလေးဆင်းသွားပြီ။ ပြီးတော့ ကျယ်ဝန်းတဲ့ ဧရာဝတီမြစ်ကြီးကို ကန့်လန့်ဖြတ်ကူးသွားသည်။ ကျယ်ပြောတဲ့ ဧရာဝတီမြစ်ကိုဖြတ်ကူးနေတာ ကြည့်ရသူမှာ ရင်ဖိုစရာ။ တကယ်လို့များ ကြွက်တက်လို့ လမ်းတဝက်မှာ . . .။ မတွေးဝံ့စရာပါပဲ။

ဒါပေမယ့် စိုးထိတ်သူအတွက် ခဏတာ အသက်ရှုရပ်သွားစေတာက ရေကူးသူ လူသန်ကြီး။ ဟိုဖက်ကမ်းရောက်ရုံရှိသေး ချက်ချင်း ဒီဖက်ကမ်းကို ပြန်ကူးလာပြန်ရောလား။ ကမ်းစပ်ရောက်တော့ မတ်စောက်တဲ့ နတ်သမီးကမ်းပါးကို ဘာများအောက်မေ့သည်မသိ မနားတမ်းပြေးတက်ပြန်ပြီ။ ဒီလူ လူမှဟုတ်ရဲ့လား။ မောတယ်ဆိုတာ ဘာလဲလို့ ပြန်မေးမယ့်လူစားမျိုး။ အခုလဲ ကမ်းပေါ်ရောက်တော့ ကူးခဲ့တဲ့မြစ်၊ ရောက်ခဲ့တဲ့ ကမ်းတွေကိုကြည့်ရင်း ပြုံးနေပြန်ပြီ။ သူ့လုပ်ရပ်အတွက် ကျေနပ်သည့်အပြုံး။ ဒီလိုဖြတ်ကူးတာဟာလည်း ဒီတစ်ရက်ထဲမဟုတ်ဘူးတဲ့။ နေ့တိုင်းလုပ်နေကျ ထမင်းစားရေသောက်လုပ်ငန်းလိုပါတဲ့။ မင်းကြီးမေးလို့ ပြန်ဖြေသည့်စကား။ သူ့ကိုလည်း ပုဂံနေပြည်တော်အတွက် တာဝန်ထမ်းဖို့ပြောတော့ ကျေနပ်စွာလက်ခံခဲ့သည်။ သူက ညောင်ဦးသား ညောင်ဦးဖီး။ အခုဆို ဘုရင်အနော်ရထာမှာ လူစွမ်းကောင်းလေးယောက် ရပြီ။ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီး။ သူရဲကောင်းများအတွက် နတ်ကများ ဖန်လာသလားမပြောတတ်။ မြင်းလေးစီးပါ ပေါ်ပေါက်လာရသည်လေ။ သာမန်လူတွေမကပ်နိုင် မစီးနိုင်တဲ့ မြင်းကြီးတွေကို သူရဲကောင်းလေးယောက် ဖွဲ့နပဲနဲ့ ဘုန်းကံကြောင့်ရရှိခဲ့ပြီ။ ကျန်စစ်သားစီးတဲ့ မြင်းနာမည်က နှလုံးခွံကောင်း၊ ငထွေးရူးရဲ့မြင်းက နှလုံးလျင်တိုင်း၊ ငလုံး

လက်ဖယ်ရဲ့မြင်းက လေမိုးယဉ်ခေါင်၊ ညောင်ဦးဖီးရဲ့မြင်းက နှလုံးအတုမရှိပါတဲ့။ အနော်ရထာမင်းစောရဲ့ မြင်းကိုတော့ ကဏ္ဍကလက်လှတဲ့လေ။ ခေတ်မီလိုက်တဲ့ အမည်နာမတွေ။ သူရဲကောင်းတွေကို ရထားတဲ့မင်းကြီး ရှေ့ဆက်ရမယ့်ခရီးတွေက စိတ်ဝင်စားစရာ။ သည်သူရဲကောင်းတွေကို အသုံးပြုပြီး အာဏာပြန့်အောင် လူ့အသက်နဲ့ရင်းပြီး မြေပိုင်အောင်လုပ်မလား၊ ဘာသာသာသနာတိုးတက်အောင် လုပ်လေမလားဆိုတာ မေးစရာမေးခွန်းတွေနဲ့ ပဟေဠိဆန်နေခဲ့မှာတော့ အမှန်။

ဘုန်းကံလည်းရှိ၊ သူရဲကောင်းလည်းပြည့်၊ စိတ်ထားကရှင်းတဲ့ ဘုရင်တွေမှာ ကောင်းမွန်တဲ့ အပြောင်းအလဲတွေ ပေါ်လာတတ်တာ သဘာဝပေး လက်ဆောင်တစ်ခုပါပဲ။

အပြောင်းအလဲ။ ဒီအပြောင်းအလဲက ပုဂံနေပြည်တော်အတွက် သာမက ပထမမြန်မာနိုင်ငံတော်၊ ထေရဝါဒနိုင်ငံတော်အဖြစ်ထိ ပြောင်းလဲလာမည့် တကယ့်အပြောင်းအလဲ။ ဒါပေမယ့် အနာဂတ်ဆိုတာကို ကြိုတင်မတွေးတတ်သူ၊ မမြင်တတ်သူများအတွက်တော့ သာမန်ထက်မထူးတဲ့ အခြေအနေတစ်ခုလို့ ထင်ကောင်းထင်နိုင်ပါတယ်။ အခြေအနေတစ်ခုကတော့ ပြောင်းလဲဖို့ စတင်ပေးလိုက်ပါပြီ။ ဟောင်းနွမ်းတဲ့အတွေးနဲ့ မှားယွင်းတဲ့ အယူတွေကို အစားထိုးဖို့အတွက် ပုဂံနေပြည်တော်ကြီးကို ပထမဆုံး ပြောင်းလဲပေးမှာက . . .။

သရေခေတ္တရာဒေသနဲ့ ပုပ္ပါးအရပ်ကြားရှိ ရိုးမတောင်တန်းတစ်နေရာရောက်နေတာက မုဆိုးအိုကြီးတစ်ဦး။ လေးနဲ့မြားကိုထမ်းပြီး တောထဲဝင်လာတာကြာပြီ။ အရင်နေ့နဲ့မတူ အခုက ဘာသားကောင်မှမတွေ့။ ထွက်တဲ့နေဝင်ဖို့တောင်မှ ကြိုးစားနေပြီ၊ အခုထိ ဘာသားကောင်မှမရသေး။ မုဆိုးလုပ်စားလာတာကြာပြီ၊ အခုလို အခြေအနေမျိုး တစ်ခါမှမကြုံဖူး။ အချိန်နဲ့

အမျှ ပြောင်းလဲနေတတ်တဲ့ သဘာဝတစ်ခုဟာ မုဆိုးဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါပေါ့လား။ လှုပ်လှုပ်ရွရွဖြစ်နေတဲ့ အရာကိုကြည့်ပြီး မုဆိုးဝမ်းသာသွားပြီ ဝမ်းစာအတွက် ဖူလုံတော့မှာလို့တွေးမိတာကိုး။ လေးနဲ့မြားကို ချိန်ရွယ်ထားပေမယ့် ပစ်ခွင့်မရလိုက် မုဆိုးဆီတည့်မတ်စွာလျှောက်လာတာက သားကောင်မဟုတ် လူတစ်ယောက်။ သည်းခံပါတကာတော်ဆိုတဲ့ စကားကို ပီပီသသကြီး ကြားလိုက်ရတဲ့မုဆိုး ကျောက်ရုပ်ဖြစ်ရပြီ။ တွေ့ရတဲ့ ပုဂ္ဂိုလ်ရဲ့ရုပ်သွင်က ပုဂံဒေသမှာ တစ်ခါမှ မတွေ့ဖူးဘူးလေ။ သူတော်စင်ဆိုတာ အရည်းကြီးလောက်ပဲတွေ့ဖူးတဲ့ မုဆိုးတစ်ယောက် ထူးဆန်းတဲ့အကြည့်နဲ့ မျက်တောင်မခတ်ကြည့်နေမိတာ အဆန်းမဟုတ်ပါဘူး။ မုဆိုးက ထိုထူးဆန်းတဲ့ ပုဂ္ဂိုလ်ကိုပင့်ဆောင်ခဲ့ပြီး ကလန်၊ သံပျင်စတဲ့ မင်းမှုထမ်းတို့ထံ ပို့ပေးခဲ့တယ်။ ကြည်ညိုစရာပုဂ္ဂိုလ်ကို အရာရှိများ သဘောတွေ့ကာ အနော်ရထာမင်းစောဆီ သံတော်ဦးတင်ရင်း ပို့ဆောင်ပေးခဲ့ပြီ။ ထိုသူကား ပုဂံနေပြည်တော်ကြီးကို သာမကပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာပါ မှန်ကန်တဲ့အသိကို မျိုးစေ့ချပေးမယ့်ရှင်အရဟံ။ ဘုရင်အနော်ရထာလည်း သဘောကျစွာနဲ့ သင့်တော်တဲ့နေရာကိုယူပြီး သီတင်းသုံးဖို့လျှောက်တော့ ဘုရင်ထိုင်သည့်ပလ္လင်ကိုမှ ရွေးထိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဗုဒ္ဓသာသနာရဲ့ကန့်လန့်ကာ အဖွင့်အစဟာ လှပခဲ့ပါတယ်။ မှန်ကန်တဲ့ အသိရှိသူ ရှင်အရဟံနဲ့ အသိမှန်ကို ရှာဖွေနေသူ အနော်ရထာမင်းစောတို့ တွေ့ဆုံခန်းဟာ သမိုင်းတွင်ရစ်မှာ အသေအချာ။ အနော်ရထာမင်းစော သိလိုဇောနဲ့ အရှင်ဘယ်ကလာတာလဲ၊ ဘယ်သူလဲ၊ ဆရာကရော ဘယ်လိုပုဂ္ဂိုလ်မျိုးလဲလို့ စောကြောမိပြီ။ ရှင်သာရိပုတ္တရာအလောင်းတော် ရှင်အဿဇိကို မေးတဲ့မေးခွန်းများလို နှုတ်မှ မနားတမ်းမေးနေမိတာ။

မင်းကြီး . . . ငါဟာ သုဝဏ္ဏဘုမ္မိ သထုံမှ လာခဲ့ပါတယ်။ ဂုဏ်တော်

အပေါင်း ခညောင်းတဲ့ ဗုဒ္ဓဘုရားရဲ့သာဝက တစ်ပါးဖြစ်ပြီး ဆရာသခင်ကတော့ သမ္မာသမ္ဗုဒ္ဓပါပဲလို့ အေးဆေးစွာ ဖြေကြားနေသည်က ရှင်အရဟံ။ ဒါဆို သမ္မာသမ္ဗု အမည်ရတဲ့ ဘုရားကရော ဘာတရားများ ဟောကြားပါသလဲ ဆိုတော့ . . .

**အပ္ပမာ ဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။**

**အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ မတာ ယထာ။**

မမေ့တဲ့သတိနဲ့ ဘဝကိုဖြတ်သန်းရင် မသေရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သလို . . . စတဲ့ အပ္ပမာဒတရားကို မိန့်ကြားလိုက်တော့ ပါရမီရှင် အနော်ရထာမင်းစော ကျေနပ်လိုက်သည့်အဖြစ်။ အရည်းကြီးများဆီက ဘယ်သောအခါမှ မကြားရနိုင်တဲ့တရားမျိုး။ အပ္ပမာဒတရားတော်ဟာ စွမ်းလိုက်ပါဘိ။ တတိယသံဂါယနာတင်မင်းကြီး အသောကကို ကိုရင်လေး နိဂြောဓသာမဏေ မိန့်ကြားခဲ့တာလည်း ဒီ အပ္ပမာဒတရား။ အခု ဘုရင်အနော်ရထာကို ရှင်အရဟံ မိန့်ကြားလိုက်တာလည်း အပ္ပမာဒတရားတော်ပါပဲ။ ဒါဟာ သာသနာ ဆထက်ထမ်းပိုး တိုးတက်လိမ့်မယ်ဆိုတဲ့ ရှေ့ပြေးနိမိတ်များဖြစ်နေပြီဆိုတာ အနော်ရထာမင်းစော သတိမှုထားမိပါလေစ။

# "အသက်နဲ့ဆက်ခဲ့တဲ့ သာသနာ (သို့) သာသနာကို အသက်ပေးဆက်ခဲ့သူ"

## (အပိုင်း ၅ နိဂုံး)

အနော်ရထာမင်းစောရဲ့ ဆုံးဖြတ်ချက်၊ လျှောက်တင်ချက်က ပြတ်သား လွန်းပေစွ။ အရှင်မြတ်ဘုရား . . . အခုအချိန်ကစပြီး တပည့်တော်နဲ့အတူ နိုင်ငံနေပြည်သူများဟာ ဂေါတမဗုဒ္ဓရဲ့အဆုံးအမမှာ တည်ပါတော့မယ်ဘုရား၊ ဗုဒ္ဓဘုရားရဲ့တရားတော်များကိုသာ ကျင့်ဆောင်ပါတော့မယ်ဘုရား။ ဗုဒ္ဓဘုရားရဲ့ လမ်းညွှန်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ပါတော့မယ်ဘုရားလို့ လျှောက် တင်နေပြီ။ ရှင်အရဟံမထေရ်မြတ်လည်း လာရခြင်းအကြောင်းရင်းကို ရှင်း လင်းရသည်ပေါ့။ မင်းကြီး . . . ငါ သီတင်းသုံးရာ သထုံပြည်မှာ ဗုဒ္ဓသာသနာ ထွန်းကားနေတာကြာပြီ။ ငါ့ဆရာ အရှင်သီလဗုဒ္ဓိက သာသနာကွယ်ပနေတဲ့ ပုဂံနေပြည်တော်မှာ သာသနာပြုဖို့ ငါ့ကို စေလွှတ်လိုက်လေရဲ့၊ ငါ့ရည်မှန်းချက် များ၊ ဆရာ့ရည်မှန်းချက်များပြည့်ပြီ ကောင်းလေစွရယ်လို့ ညင်သာစွာ ပြန်လည် မိန့်ကြားပြီ။ အို၊ နာ၊ သေကင်းမဲ့တရားတော်ကို စားသုံးခွင့်ရတော့မှာမို့ သောမန ဿပီတိ ဂွမ်းဆီထိနေသည်က ဘုရင်အနော်ရထာ။ ရှင်အရဟံ မထေရ်မြတ် အတွက် ညောင်ဦးအနောက်ဖက်မှာ အရညဝါသီ ဇေတဝန်ရွှေကျောင်းအမည်နဲ့ ကျောင်းဆောင်သစ်တည်ဆောက်ကာ လှူဒါန်းခဲ့သည်။ မထေရ်မြတ်ရဲ့ ပစ္စည်း

လေးပါးတကာအဖြစ် မင်းကြီးခံယူလိုက်သလို ဝန်ကြီး၊ မှူးကြီး၊ စစ်သူကြီးမှအစ အရာရှိ အရာငယ်အားလုံး ကိုးကွယ်ကြပြီပေါ့။ ပုဂံနေပြည်တော်ရဲ့ သာသနာ အစဟာ ထွန်းတောက်လို့ ဝင်းပခဲ့ပါပြီ။

ငါ သူတစ်ပါး ယောက်ျား မိန်းမ မရှိ လွတ်မြောက်မှုလမ်းစဉ်ကိုသာ ကြည့်တဲ့ ဗုဒ္ဓတရားတော်တွေက ပုဂံဒေသကို မသိမသာနဲ့ လွှမ်းခြုံလို့ ဝါးမျိုမိပြီ။ အလင်းရောက်လို့ အမှောင်ပျောက်တာ သဘာဝတစ်ခုပဲမို့ အရင်က အရည်း ကြီးများရဲ့ အင်းအိုင်၊ မန္တန်နေရာမှာ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါစတဲ့ တရားတော် များက နေရာယူလာပြီ။ ရှင်အရဟံ မထေရ်မြတ်ဟာ သူ့ရဲအောင်မြင်မှုကို သထုံက ဆရာတော်ဆီတင်ပြပြီး သထုံသံဃာတော်များကို ပုဂံသို့ပို့ပါရန်လည်း တောင်းပန်တဲ့အတွက် သထုံသံဃာတော်များ ပုဂံဒေသကြွရောက်သီတင်းသုံး တော့ ဘုရင်အနော်ရထာအပါအဝင် ပြည်သူပြည်သားများ ပစ္စည်းလေးပါး တကာများအဖြစ်ခံယူကာ တာဝန်ကျေကြသည်ကော။ ပုဂံဒေသ၊ ပုဂံနေပြည် တော်မှာ ယုံကြည်မှုတွေ ပြောင်းလဲလာတာမှန်ပေမယ့် အခုပြောင်းလဲမှုဟာ ပါးစပ်ပြော ပြောင်းလဲမှုတစ်ခုသာ ဖြစ်သေးတယ်ဆိုတာ မင်းကြီးနဲ့ ပြည်သူ ပြည်သားများအားလုံးအသိ။ ပါးစပ်ပြောအသိဟာ တစ်ချိန်မှာ ပြောင်းလဲသွား နိုင်တယ်ဆိုတာကို အားလုံးသတိထားမိသည်လေ။ အဖျက်ကရှိနေသေးတယ် မဟုတ်လား။ ပါးစပ်ပြောသမားတွေကို ဗေဒင်၊ယတြာ၊ အင်း၊ အိုင် မန္တန်စသည်နဲ့ လက်တွေ့ပြ အနိုင်ယူသွားနိုင်တာက အရည်းကြီးများ မဟုတ်လား။ သူတို့က ဒီလိုပုံစံနဲ့ လွယ်လွယ်ဘယ်အရှုံးပေးပ့ါမလဲ။ သူတို့ရဲ့ သာသနာက အနှစ် (၆၀၀) ကျော်ရှင်သန်ခဲ့တာကိုလည်း ထည့်တွက်ရမှာ။ ပြီးတော့ မနေ့ကမှ ရောက်လာတဲ့ ဗုဒ္ဓသာသနာကို ပုဂံပြည်သူအားလုံး လက်ခံဖို့ဆိုတာကလည်း လွယ်တဲ့ကိစ္စ မဟုတ်သေး။ ဒါကိုတွေးမိတဲ့ မင်းကြီးအတွက် သောကက မအေး။ တိကျတဲ့ ပိဋကတ်တော်များရရှိပြီး ပရိယတ္တိသာသနာပါ ပုဂံမှာအခြေကျဖို့ လိုအပ်သေး

သည်လေ။ အတွေးစူးရှတဲ့ မင်းကြီးပါပဲ။ ပရိယတ်သင်ကြားမှုကသာ အများ ရဲ့အမှားကို အနိုင်ယူနိုင်တယ်ဆိုတာတွေးမိသလို ယုံကြည်သူ ကိုးကွယ်သူများ အတွက် အမှန်တရားကို အမြန်ဆုံး ရှာဖွေပေးနိုင်တာဟာလည်း ပရိယတ်စာပေ ဆိုတာကို ကောင်းကောင်းသိနေသည်လေ။ ဒါပေမယ့် ပုဂံဒေသ၊ ပုဂံနေပြည် တော်မှာ ပိဋကတ်တော်ကမရှိ။ အသံသာရှိပြီး အဆံမရှိသေးတဲ့ အဖြစ်မျိုးရယ်။ ပိဋကတ်တော်နဲ့ ဗုဒ္ဓဓာတ်တော်များအတွက် သောကမရောက်ရန် ရှင်အရဟံ မထေရ်မြတ်ရဲ့နှစ်သိမ့်မှုက သက်သာရာကို ရစေခဲ့သည်။ သထုံဘုရင် မနုဟာ ထံမှ ဗုဒ္ဓဓာတ်တော်များအလှူခံပြီး စေတီများတည်လိုက်မယ်၊ ပိဋကတ်တော် များ အလှူခံပြီး စာပေသင်ကြားကာ အရည်းကြီးသာသနာပျောက်အောင် လုပ်မယ်ဆိုတဲ့ အတွေးနဲ့ပျော်နေသူက ဘုရင်အနော်ရထာ။ မင်းနဲ့ပြည်သူ ကြည်ဖြူစွာလက်တွဲပြီး သာသနာတော်ကို တိုးတက်အောင်လုပ်ခွင့်ရတော့ မယ်ဆိုတဲ့အတွေးက ရင်ကို သိမ့်ခနဲအေးစေသည်လေ။ အတွေးနဲ့တင် ကျေနပ် ပေစွ။ ဘုရင်မနုဟာဆီမှာရှိတဲ့ ပိဋကတ်အစုံသုံးဆယ်ထဲက တစ်စုံလောက် ရရင်တောင် ကျေနပ်ရပြီ။ စာပေအတတ်အကျရှိမှ အရည်းကြီးသာသနာကို အမြစ်လှန်နိုင်မယ်၊ ပြည်သူတွေကို စည်းရုံးရလည်း လွယ်ကူမယ်ဆိုတာကို ကောင်းကောင်းကြီး သိနေတာက အနော်ရထာမင်းစောလေ။ အနော်ရထာ မင်းစောတွေးသည်က ပုဂံနေပြည်တော်မှ လက်ဆင့်ကမ်းခဲ့တဲ့ သာသနာ့မီးတိုင် ကြီးကို နောင်လူတို့ ဆက်လက်ထွန်းညှိသွားရန် သက်သက်ပါပဲ။ သူ့အတွက် ဆိုတာ တစ်စက်လေးမှမပါ။ ပုဂံနေပြည်တော်ရှိ ပြည်သူပြည်သားများ အသိပြောင်းလဲဖို့အတွက် ဗုဒ္ဓရဲ့ပိဋကတ်တော်ရှိမှ ဖြစ်မှာ။ ပိဋကတ်တော် သယ်ရေး တွေးမိတော့ ခက်ခဲပြီး ဝေးလွန်းတဲ့ခရီးတစ်ခုက စိတ်ထဲမှာ ဝိုးတဝါး။

လူသားတွေ အောင်မြင်ခြင်းဂုဏ်ကို ရရှိတယ်ဆိုတာ အလွယ်တကူ ရလာတာ မဟုတ်။ အရာအားလုံးဟာ ခက်ခဲမှုနဲ့ တည်ဆောက်ထားတဲ့ အရာ

များသာ။ ပြည်ထောင်စုတစ်ခုလုံး ပြည်သူအားလုံး အသိပြောင်းရေးအတွက် ကြိုးပမ်းရတဲ့အရေးဟာ အခက်ခဲဆုံးဖြစ်မှာပါ။ ခက်ခဲတယ်ဆိုပြီး တွေးပူမနေဘဲ လိုတာကို အမြန်ရဖို့အရေးသာတွေးနေမိတဲ့ မင်းကြီးအနော်ရထာ ပိဋကတ်တော်အလှူခံရေးအတွက် ပုဂံနိုင်ငံတော်ရဲ့ သံတမန်အဖွဲ့ကို စိတ်အချရဆုံး အမတ်ကြီး ပညာဗလနဲ့ဖွဲ့စည်းကာ ရှည်တဲ့ခရီးကို စတင်စေခဲ့ပြီ။ ရည်ရွယ်ချက်ကတော့ နိုင်ငံရေး၊ စီးပွားရေးအပြင် သာသနာရေးအတွက်ပါ တွေးပြီးလွှတ်လိုက်တာပါ။ သထုံခရီးအသွား သံတမန်အဖွဲ့ဟာ ဥဿာ ပဲခူးမင်းနဲ့ပါ နှစ်ပြည်တစ်ပြည်ဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ အနော်ရထာမင်းစောရဲ့ ရည်ရွယ်ချက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးပေါ်ပေါက်ပြီး သာသနာပြန့်ပွားရေးပဲ မဟုတ်ပါလား။ ရည်ရွယ်ချက် အောင်မြင်သည်ဟု ပြောရပါမည်။ ပဲခူးမင်းကို အလွယ်တကူပဲ ရွှေလမ်းငွေလမ်းခင်းပြီး မိတ်ဖွဲ့နိုင်ခဲ့သည်။ ပဲခူး ဥဿာမှာ နေတုန်း သထုံအကြောင်းကို သံတမန်အဖွဲ့မှ ကောင်းကောင်း လေ့လာသည်။ ရွှေလမ်းဖေါက်ပြီး ပေါင်းဖေါ်ရမယ့် နောက်နိုင်ငံတစ်ခုဟာ ပိဋကတ်တော်များ၊ သံဃာတော်များ၊ ဓာတ်တော်မွေတော်များတည်ရှိရာ သထုံပြည်ကြီးပဲလေ။ အသေအချာ လေ့လာရမည်ပ။

နိုင်ငံရေးဆိုတာ ကိုယ်ထင်သလို မဖြစ်တတ်ဘူးလေ။ အရာအားလုံးဟာ အစိုးမရတဲ့ဖက် စောင်းနေမှတော့ အခက်အခဲက စောင့်ကြိုနေမှာအမှန်။ ပုဂံသံတမန် ခေါင်းဆောင်အမတ်ကြီး ပညာဗလမှ ဘုရင်မနုဟာကို လျှောက်တင်ရပြီ။ အရှင်မင်းကြီး ပုဂံနိုင်ငံတော်မှာ ပိဋကတ်တော်များ မရှိသေးတဲ့အတွက် အမှား၊ အမှန်ခွဲခြားပေးနိုင်တဲ့ကျမ်းများ နိကာယ်များလည်း မရှိသေးပါ။ ဒ့ါအပြင် ပြည်သူများ ကိုးကွယ်ဖို့ ဓာတ်တော် မွေတော်များလည်း မရှိသေးပါ။ အရှင်မင်းကြီးဆီမှာ ပိဋကတ်တော် အစုံသုံးဆယ်ရှိကြောင်း ကြားရသည့်အတွက် ပိဋကတ်တော်တစ်စုံ အလှူခံချင်ပါကြောင်းနှင့် ဓာတ်တော်များမှ

သင့်တော်တဲ့ ဓာတ်တော်များကိုလည်း လှူဒါန်းပါရန် ဘုရင်အနော်ရထာ ကိုယ်စား လျှောက်တင်ပါကြောင်းပြောဆိုရင်း ဘုရင်အနော်ရထာရဲ့ ဒုတိယ သဝဏ်လွှာကို ဆက်ကပ်တဲ့အခါ မနုဟာဘုရင် လက်မခံတဲ့အပြင် လက်နဲ့ပင် မတို့ခဲ့။ ပြီးတော့ ဒေါသသံနဲ့ ဘုရင်မနုဟာ မိန့်ပြီ။ တော်လိုက်ပါတော့ သံတမန် ကြီး ဗုဒ္ဓမြတ်စွာရဲ့ဓာတ်တော်များဟာ ပုဂံလို မိစ္ဆာနိုင်ငံနဲ့တန်လို့လား၊ ဗုဒ္ဓရဲ့ ပိဋကတ်တော်များနဲ့ ပုဂံလို အယူလွဲနေတဲ့ တိတ္ထိနိုင်ငံနဲ့ သင့်တော်လို့လား၊ အရည်းကြီး သာသနာ အရိုးလိုစွဲနေတဲ့ ပုဂံနိုင်ငံတော်မှာ သာသနာထွန်းကား လိမ့်မယ်ဆိုတာ ဘယ်လိုမှ မယုံကြည်နိုင်၊ ငါအသက်ရှင်နေသရွေ့ ဗုဒ္ဓရဲ့ ဓာတ် တော်များနဲ့ ပိဋကတ်တော်ကို ဘယ်တော့မှ ရမှာမဟုတ်လို့မိန့်တော့ သံတမန် အဖွဲ့ တုတ်တုတ်မျှမလှုပ်။ လာတဲ့အရေး သာမှမသာတော့တာ။ နောက်ဆုံး တပ်ခေါက်ပြန် ရသည့်အဖြစ်။

ဒေါသနဲ့ ပြောခဲ့တဲ့စကားတစ်ခုဟာ ဒေါသကြောင့် ပျက်စီးတတ် တယ်ဆိုတာ မနုဟာဘုရင် မသိခဲ့လေသလား။ သိရက်နဲ့ သတိလွတ်ပြီး ပြောမိ သွားတာလား။ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်ဆိုတာ ကို သိထားခဲ့ရင် ဒီလိုပြောခဲ့ပါ့မလား။ လူသားထဲက လူသားတစ်ယောက် သာဖြစ်တဲ့ မနုဟာဘုရင်လည်း ဒေါသအလိုက် ပြောမိပြီးသွားပြီ။ ဒေါသအတွက် ပေးဆပ်ရမှာက ဘာတွေဖြစ်လာမလဲ . . . ။

ဓာတ်တော်အချို့နဲ့ ပိဋကတ်တော်တစ်စုံအတွက် ဒီလောက်ခက်ခဲလိမ့် မယ်လို့ အနော်ရထာမင်းစော မျှော်လင့်မထားခဲ့ပါဘူး။ ပုဂံပြန်ရောက်လာတဲ့ သံတမန်အဖွဲ့ရဲ့ လျှောက်တင်တဲ့စကားကို မကြားတစ်ချက် ကြားတစ်ချက်။ တန်ပြန်လာတဲ့ အသံအတွက် အသင့်တော်ဆုံး အဖြေတစ်ခုကိုထုတ်ရတော့မှာ မဟုတ်လား။ သာသနာအတွက် ဖြစ်နိုင်ရင် သွေးမစွန်းစေချင်၊ အသက်မဆုံး ရှုံးစေချင်ပါ။ အနိရုဒ္ဓ = မကြမ်းတမ်းသူ၊ နူးညံ့သူဘွဲ့အမည်ရထားတဲ့ အနော်

ရထာမင်းစော သာသနာအတွက် စစ်ကိုလိုလားမှာ မဟုတ်တာတော့ အသေအချာ။ ဒါပေမယ့် လက်တွေ့ကြုံရတဲ့အခက်အခဲက ပြောသလောက်မလွယ်တဲ့ပြဿနာ။ အလွယ်တကူနဲ့ ရွှေလမ်း ငွေလမ်းခင်းကာ မိတ်ဆွေဖြစ်စေဖို့ ဒုတိယအကြိမ် သံတမန်အဖွဲ့ကို စေလွှတ်ရပြီ။ ဒီတစ်ခေါက်တော့ တပ်အပြည့်အစုံ။ ဘုရင်အနော်ရထာ၊ စစ်ဦးစီးချုပ်၊ ကျန်စစ်သားနဲ့ သူရဲကောင်းသုံးယောက်အပြင် ဗျတ္တအပါအဝင် တပ်က အကြီးအကျယ်။ မနုဟာဘုရင် ဒုတိယသံတမန်အဖွဲ့ကို လက်ခံကာ အလှူခံတာကို လှူခဲ့ရင် အလွယ်တကူပြီးသွားအောင် တကယ်လို့ အဆင်မပြေခဲ့ရင် စစ်နဲ့ဖြေရှင်းရအောင် အသေအချာစီစဉ်ခဲ့ရသည်လေ။

ဒေါသအမှားဟာ ဆက်မှားတတ်တယ်ဆိုတာကို ဘုရင်မနုဟာ ပြသပေးခဲ့သည်။ ဒုတိယသံတမန်အဖွဲ့ကို လက်ခံတွေ့ဆုံဖို့ နေနေသာသာ နှင်ပါထုတ်လိုက်တာတဲ့။ သထုံပြည်ကလည်း စစ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားတော့ စစ်ကို စိန်ခေါ်လိုက်တဲ့ သဘောပါပဲ။ ပုဂံပြည်သူများ၊ နောင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမှာ နေထိုင်မည့်ပြည်သူများ အသိမှန်ရေးအတွက် သာသနာအဆုံးအမကို စစ်တိုက်ကာ ယူရပေတော့မယ်။ ဘုရင်အနော်ရထာ တပ်များနဲ့ သထုံတပ်များ ကုန်းနဲ့ရေမှာ ထိပ်တိုက်တွေ့ကြပြီ။ အသေအပျောက်များတဲ့အပြင် အဆုံးအရှုံးလည်း အတော်များသည်။ သူရဲကောင်းဗျတ္တရဲ့ အသက်ပါ ပေးလိုက်ရသည်လေ။ အသက်များစွာပေးပြီး သထုံကိုနိုင်ခဲ့ပေမယ့် ပုဂံအပြန် ခရီးလမ်းမှာ ဓာတ်တော်များနဲ့ ပိဋကတ်တော်အစုံသုံးဆယ်၊ ပြီးတော့ နန်းကျ မနုဟာဘုရင်နဲ့ သံဃာတော်များကိုသာ ပင့်ဆောင်သယ်ယူခဲ့သည်။ ပုဂံအပြန်ခရီးဟာ အောင်ပွဲဆင်တဲ့ ခရီးဆိုပေမယ့် အသက်ပေးခဲ့ရသူများကြောင့်သာ အောင်ပွဲကို ပိုင်ဆိုင်ခဲ့ရတာ။ အသိနဲ့အကျင့်အတွက် တိကျစေဖို့ ပိဋကတ်တော် များအတွက် အသက်များစွာကို စတေးခဲ့ရတာကို လုံးဝမမေ့နိုင်သူက အနော်ရထာမင်းစော။ ပြည်သူအများ အသိမှန်ကန်ရေးကို တွေးမိလို့သာ

အသက်ကို စတေးပြီး ယူခဲ့မိတာပါ။ အခြားရည်ရွယ်ချက် တစ်စုံတစ်ရာမပါ။ အသိအတွက် သာသနာရဲ့အသက် ပိဋကတ်တော်များကို ရယူနိုင်ခဲ့သလို သထုံကိုအောင်ပြီး နောက် ပုသိမ်၊ ရခိုင်နဲ့ မိုးမိတ်မှာ ထီးနန်းတည်ထောင် အုပ်စိုးနေတဲ့ ကျိုင်းတုံ စော်ဘွားကြီးနဲ့ သူ့လက်အောက်ခံ မောကိုးပြည် ထောင်ကိုပါ သိမ်းသွင်းစည်းရုံးနိုင်ခဲ့တာဟာ အနော်ရထာမင်းစောရဲ့ မှတ်တမ်း တင်ရမယ့် အောင်မြင်မှုများပါပဲ။ အဲဒီအချိန်ကစပြီး ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးကို တစ်စုတစ်ဝေးတည်း အုပ်ချုပ်ကာ စုရုံးနိုင်ခဲ့သည်လေ။ ဒါကြောင့်ပဲ ဘုရင်အနော်ရထာကို ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်သူ အဖြစ် ဂုဏ်ပြုခဲ့ကြတာ မဟုတ်လား။

တကယ်တော့ သာသနာတစ်ခု ရှင်သန်ပေါက်ဖွားလာဖို့ဆိုတာ လွယ်ကူတဲ့အရာတစ်ခုမဟုတ်ပါဘူး။ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ ပေါ်ပေါက်ဖို့အတွက် ဘုရားအလောင်းတော်များ အနည်းဆုံး လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ရင်း ဒုက္ခများစွာကို ဖြတ်ကျော်ကာ တည်ထောင်ခဲ့ရတယ်။ ဘုရားပရိနိဗ္ဗာန်စံပြီးနောက် သာသနာမပျောက်ရအောင် အာဏာစက်၊ ဓမ္မစက်များကို အသုံးပြုပြီး ပထမသံဂါယနာကို တင်ခဲ့ရပြန်ရော။ ဒုတိယသံဂါယနာကိုလည်း ထိုနည်းလည်းကောင်းပါပဲ။ အဖျက်ရန်က ကာကွယ်ဖို့ တင်ခဲ့ရတာပါပဲ။ သာသနာအသက်ကို တတိယအကြိမ် ဆက်ပေးခဲ့တဲ့ အသောကမင်းကြီးလည်း အခက်အခဲများစွာကို ကျော်ဖြတ်ပြီးမှ တင်ခဲ့ရတာလား။ စတုတ္ထသံဂါယနာကျပြန်တော့ လူ့အန္တရာယ်၊ သဘာဝအန္တရာယ်ဒါဏ်ကို ကြံ့ကြံ့ခံရင်း တင်ခဲ့ရပြန်ရော။ အသိပျောက်မှာစိုးလို့ ပိဋကတ်တော်များကို အမျိုးမျိုးကာကွယ်ပေးခဲ့ကြပါတယ်။ မြန်မာပြည်မှာတော့ သထုံဒေသနဲ့ အောက်ပြည်တစ်ဝိုက်လောက်သာ ထွန်းကားနေတဲ့အတွက် သာသနာဟာ ပြောသလောက် မပြန့်ခဲ့ပါဘူး။ ထွန်းတောက်မှုအားလည်း နည်းခဲ့ပါတယ်။

အသက်ပေးပြီး အသိဆက်ခဲ့တဲ့ ဘုရင်အနော်ရထာကြောင့်သာ ဗုဒ္ဓရဲ့သာသနာတော်ဟာ နေလို လလိုထွန်းတောက်ပြီး မြန်မာပြည်အနှံ့ ပြန့်ခဲ့ပါတယ်။ အသိအသီးအပွင့်များက ခူးစားသူများရဲ့ဆန္ဒကို ပြည့်ဝစေခဲ့ပါတယ်။ အခုလက်ရှိ မြန်မာပြည်ကြီးမှာ ကိုးကွယ်နေတဲ့ သာသနာဟာ အနော်ရထာမင်းစော အသက်တွေနဲ့လဲပြီး အရည်းကြီးသာသနာနေရာမှာ အစားထိုးခဲ့တဲ့ ဗုဒ္ဓသာသနာတော်ပါပဲ။

အချိန်တွေဟာ ကြာညောင်းလို့ ဟောင်းနွမ်းခဲ့ပါပြီ။ အတိတ်ဆိုတာ ပြန်ယူလို့မရနိုင်ပေမယ့် တမ်းတစရာ၊ လွမ်းမောစရာ၊ အတုယူစရာတွေနဲ့ တည်ဆောက်ထားတာဖြစ်လို့ မေ့ဖို့တော့ခက်သား။ ဟိုး . . . အဝေးကိုငေးရင်း အတွေးကို နယ်ချဲ့နေမိတယ်။ မြန်မာပြည်သူများဟာ သိပ်ကံကောင်းကြပါတယ်။ လွန်ခဲ့တဲ့ နှစ်တစ်ထောင်လောက်က အရည်းကြီးသာသနာ ရပ်တန့်မသွားဘဲ ဆက်လက်စီးဆင်းနေခဲ့မယ်ဆိုရင် ဘုရင်အနော်ရထာဟာလည်း အခြားအခြားသောမင်းတွေလို ဘုရင့်စည်းစိမ်များနဲ့ ယစ်မူးနေခဲ့မယ်ဆိုရင် ပထမသံဂါယနာမှ စတုတ္ထသံဂါယနာထိ သာသနာ့သမိုင်းကို မော်ကွန်းထိုးခဲ့တယ်ဆိုတဲ့ အသိကို ရမှာမဟုတ်ပါဘူး။ မြန်မာပြည်မှာ ပဉ္စမသံဂါယနာတင်ပွဲနဲ့ ဆဋ္ဌသံဂါယနာတင်ပွဲများတောင် ဖြစ်ပေါ်လာနိုင်ပါဦးမလား။

အသိမမှန်တဲ့အတွက် အရည်းကြီးများကို ကိုးကွယ်ရင်း ကမ္ဘာပေါ်ရှိ အခြားဘာသာများနဲ့အပြိုင် ကိုးကွယ်နေရမယ့်အဖြစ်။ အခုတော့ ဘုရင်အနော်ရထာရဲ့ အတ္တကင်းတဲ့စိတ်၊ သူရဲကောင်းများရဲ့ ပေးဆပ်လိုစိတ်၊ တပ်သားများရဲ့အသိကို အသက်ပေးကာကွယ်မယ်ဆိုတဲ့ စိတ်တွေက မြန်မာပြည်ကြီးကို ထေရဝါဒကိုးကွယ်တဲ့နိုင်ငံအဖြစ် ကမ္ဘာကို အသိအမှတ်ပြုရလေအောင် စွမ်းဆောင်နိုင်ခဲ့တာလား။

တကယ်လို့သာ အသိပြည့်မင်းတစ်ပါးဖြစ်တဲ့ ဘုရင်အနော်ရထာသာ

မရှိခဲ့ရင်၊ အနော်ရထာမင်းစောရှိပေမဲ့ အမှားကိုသာ ဆက်ကိုးကွယ်သွားခဲ့မယ်ဆိုရင် မြန်မာပြည်သူ ပြည်သားရဲ့အဖြစ်ဟာ အဝိဇ္ဇာအမှောင်မှာ လွမ်းကာငိုနေရမယ့်အဖြစ်။ အခုတော့ ပေးဆပ်သူများ၊ ဖြည့်ပေးသူများနဲ့အတူ ခေါင်းဆောင်လုပ်ကာ ပြောင်းလဲပေးခဲ့တဲ့ ပထမမြန်မာနိုင်ငံတော်တည် ဘုရင်အနော်ရထာကြောင့်သာ မှန်ကန်တဲ့အသိတစ်ခုကို ဆုပ်ကိုင်ရင်း ဘဝကိုဖြတ်သန်းခွင့်ရခဲ့တာ။ သထုံမှာရှိနေတဲ့ ပိဋကတ်တော်များကို သာသနာပြန့်ပွားရေးအတွက် အသက်ပေးဆက်ခဲ့သူများကို နှလုံးသားထဲမှ လှိုက်လှဲစွာကျေးဇူးတင်နေမိရဲ့။ ဒါကြောင့် မြန်မာပြည်ရဲ့သာသနာဟာ အသက်ပေးဆက်ခဲ့ရတာဖြစ်လို့ အသက်နဲ့ဆက်ခဲ့တဲ့ သာသနာလို့ တင်စားလိုက်ချင်ရဲ့။ ဘုရင်အနော်ရထာကိုလည်း သာသနာကို အသက်ပေးဆက်ခဲ့သူအဖြစ် ကျေးဇူးတင်စွာနဲ့ နှလုံးသားမှာ မော်ကွန်းတင်မိတယ်။ လွမ်းစရာပြည့်နေတဲ့ပုဂံမှာ မော်ကွန်းတင် ဘုရင်တစ်ပါးစိုးစံခဲ့သလို ပေးဆပ်လိုသူ နှလုံးသားပိုင်ရှင်များ နေခဲ့ဖူးတယ်ဆိုတာ မြန်မာပြည်သူပြည်သားများ သိမှ သိနိုင်ပါလေစ။

မြန်မာပြည်သူ ဗုဒ္ဓဝါဒကိုးကွယ်သူများ ပထမမြန်မာနိုင်ငံတည် ဘုရင်အနော်ရထာကို ကျေးဇူးတင်ကာ အသိနဲ့ ပြန်လည်ကျေးဇူးဆပ်နိုင်သူများ ဖြစ်ပါစေကြောင်း ဆန္ဒပြုလိုက်ပါရဲ့။

(၁၈. ၀၄. ၂၀၁၇)အင်္ဂါနေ့



# "မတောင်းဘဲပေးတဲ့ လက်ဆောင်"

လူသားတွေဟာ လက်ဆောင်အမျိုးမျိုးကို တမ်းတတတ်ကြသလို လက်ဆောင် အမျိုးမျိုးကိုလည်း ပေးတတ်ပါတယ်။ လက်ဆောင်ဆိုတာဟာ ပေး သူယူသူနှစ်ယောက်နဲ့ သက်ဆိုင်တဲ့အရာတစ်ခုပါ။ ဒါကြောင့် တောင်းလို့ ပေးရတဲ့လက်ဆောင်နဲ့ မတောင်းဘဲပေးတဲ့လက်ဆောင်ရယ်လို့ နှစ်မျိုးရှိ တယ်လို့ ခွဲထားလိုက်ရင် ပိုအဆင်ပြေ မယ်ထင်ပါတယ်။

တန်ဖိုးဆိုတာကို လူအများက ငွေရဲ့ပမာဏနဲ့ တန်ဖိုးဖြတ်ကြပါတယ်။ တကယ်တော့ ပေးသူ လက်ခံသူတို့နဲ့ပဲ သက်ဆိုင်မယ်ထင်ပါတယ်။ တချို့အရာ တွေက ငွေပမာဏနဲ့ကြည့်ရင် ဘယ်လောက်မှ မများပေမယ့် တန်ဖိုးအနေနဲ့ ဆိုရင်တော့ သိပ်ကြီးမားတာမျိုးပေါ့။ လူသားတွေ တစ်နည်းမဟုတ် တစ်နည်းနဲ့ တော့ တန်ဖိုးရှိ၊ တန်ဖိုးသိပစ္စည်းများကို လက်ဆောင်ပေးဖူးကြမှာပါပဲ။ လက်လည်း လက်ခံဖူးကြမှာပါပဲ။ လက်ဆောင်နှစ်မျိုးထဲမှာ မတောင်းဘဲပေး တဲ့လက်ဆောင်ဆိုတာ တန်ဖိုးသိပ်ကြီးမားပါတယ်။

တောင်းတယ်ဆိုတာ ပေးသူ ယူသူ နှစ်ယောက်လုံး သဘောတူမှ အပြစ်ကင်းတာလား။ ပေးသူက မနှစ်သက်ခဲ့ရင် တောင်းသူကို မုန်းတတ် အပြစ် မြင်တတ်သလို တောင်းသူက တောင်းတဲ့အခါ ပေးသူက မပေးခဲ့ဘူးဆိုရင် လည်း မုန်းတတ် အပြစ်ပြောတတ်တာပဲမို့လား။ ဗုဒ္ဓဟောကြား မြတ်တရားထဲက

ဝတ္ထုလေးတစ်ခုကို စိတ်ထဲ မှတ်မိနေတယ်။ တောင်းတာနဲ့ ပတ်သက်ပြီး ဟော ထားတာလေးပါ။ ရဋ္ဌပါလသတို့သားလေးဟာ တောင်းရမှာ သိပ်ရှက် သိပ် ကြောက်ပါသတဲ့။ လောကရှိလူသားတွေကတော့ လိုအပ်လာရင် သို့မဟုတ် လိုချင်စိတ်ပေါ်လာရင် အလွယ်တကူပဲ တောင်းလိုက်တတ်ကြတယ်လေ။ ဒါပေမယ့် ရဋ္ဌပါလသတို့သားက အများနဲ့ဆန့်ကျင်ဘက်။ ရဋ္ဌပါလ သတို့သားရဲ့ အဖေဟာ သူ့သားက ပစ္စည်းတစ်ခုခုတောင်းလာမယ့်ရက်ကို တမ်းတနေမိပါ သတဲ့။ ငါ့သား ငါ့ဆီက လိုအပ်တာတစ်ခုခုတောင်းရင် သိပ်ကောင်းမှာပဲလို့လဲ အမြဲတွေးနေတာပေါ့။ တမ်းတသလို တောင်းဆိုမှု လုံးဝမပြုတာက သားတော် လေး ရဋ္ဌပါလ။ တစ်ရက်။ မနေနိုင်လို့ သားတော်ကို မေးရတာပေါ့။ သားရယ် . . . အဖေ့ဆီကိုလေ သိသူရော မသိသူရော လာလာပြီး လိုချင်တာ လိုအပ် တာကို လာတောင်းလေ့ရှိကြတယ်ကွယ့်။ ဒါပေမယ့် သားတော်က ဘာကြောင့် များ အဖေ့ဆီက မတောင်းတာလဲလို့ မေးတော့ ရဋ္ဌပါလ သတို့သားက ပြန်ပြောပါသတဲ့။ အဖေရယ် တောင်းသူကိုလည်း မုန်းတတ်ပါတယ်။ ဘာ ကြောင့်ဆို တောင်းသူတောင်းတဲ့ပစ္စည်းကို ပိုင်ရှင်က မပေးနိုင်ခဲ့ဘူး မပေး ချင်ခဲ့ဘူးဆိုရင် ပိုင်ရှင်ကို တောင်းသူများက ကပ်စီးနဲတယ်၊ ကော်တစ်ရာကြီး စသည်ဖြင့် မကောင်းတာတွေပြောပြီး မုန်းတတ်ပါတယ်။ ပိုင်ရှင်ကလည်း မပေးနိုင်ခဲ့ဘူး မပေးချင်ဘူးဆိုရင်လည်း တောင်းသူတွေကို အလိုက်ကန်း ဆိုးမသိဘူး၊ တောင်းပဲတောင်းနိုင်လွန်းတယ် စသည်ဖြင့် အပြစ်တွေမြင်ပြီး မုန်းတတ်ပါတယ်။ အမုန်းတရားကိုကြောက်လို့ အဖေ့ဆီက မတောင်းတာပါလို့ ရဋ္ဌပါလသတို့သားက ရှင်းပြရတာပေါ့။ သဘောပေါက်သွားတဲ့ အဖေက သားတော် ဘာကြောင့် မတောင်းတာလဲဆိုတာကို နားလည်သွားတာပေါ့။ ဒါကြောင့် လောကမှာ အမုန်းတရားကိုကြောက်ရင် မတောင်းတာဟာ အကောင်းဆုံးပါပဲ။ မတောင်းဘဲပေးခဲ့တဲ့ လက်ဆောင်များရှိခဲ့တယ်ဆိုရင်

ကောလို့မေးခဲ့ရင် . . . အကောင်းဆုံးလက်ဆောင်ကို ရရှိတာပဲလို့ ပြောရပါလိမ့်မယ်။

ဗုဒ္ဓဟောကြားတဲ့ တရားတော်တွေဆိုတာ ပြည့်စုံလွန်းမက ပြည့်စုံလှပါတယ်။ ဉာဏ်အရာမှာအတော်ဆုံးလို့ သတ်မှတ်ခံရတဲ့ ရှင်သာရိပုတ္တရာတောင် ပြည့်စုံအောင် ဟောပြနိုးမွမ်းပြလို့ မမီအောင်ကို ပြည့်စုံလှပါတယ်။ အမြောက်အမြားသော တရားတော်တွေထဲက မတောင်းဘဲပေးတဲ့လက်ဆောင်ကို တန်ဖိုးထားသူများအကြောင်းကို လေ့လာမှတ်သားထားသင့်ပါတယ်။

တစ်ရက်။ ဗုဒ္ဓဘုရားရဲ့ ဉာဏ်တော်ထဲကို မိသားစုသုံးယောက် ဝင်လာပါသတဲ့။ မိဘများသာ ထူးခြားတဲ့တရားလက်ဆောင်ကို ရမှာဖြစ်ပြီး သမီးကတော့ မတောင်းဘဲပေးတဲ့လက်ဆောင်ကို မယူတဲ့အပြင် အပြစ်ပါတင်မဲ့သူတစ်ယောက်ရယ်ပါ။ ယူသူ ပယ်သူ ချိန်ခွင်ညှိလိုက်တဲ့အခါ ယူသူဖက်က သာနေတာကြောင့် ပယ်သူကို မငဲ့နိုင်တော့တာက ဗုဒ္ဓဘုရား။ လှပတဲ့သမီးအတွက် မာန်တက်ပြီး သာမန်လူတွေနဲ့ မတန်ဘူးလို့တွေးနေမိတာက မိဘများဖြစ်တဲ့ မာဂဏ္ဍီ။ သမီး မာဂဏ္ဍီလည်း သူနဲ့တူသူ တန်သူမရှိဘူးလို့ အလှမာန်ကြွနေသူလေ။ မိဘများက တလွဲဂုဏ်ယူမိနေမှတော့ သမီးမာန်တက်ကာ ဂုဏ်ယူနေတာ အဆန်းမဟုတ်ပါဘူးလေ။ အသက်ရလာတာနဲ့အမျှ အလှ ပိုကြွယ်လာတာက သမီးတော်။ နေ့ရက်တွေ ကုန်လွန်လာတာများလေ ဥတေနမင်းသို့မဟုတ် သင့်တော်သူများကို မျှော်လင့်တမ်းတမိသူများက မိဘ။ သင့်တော်သူကိုသာရွေးပြီး သမီးအတွက် စိတ်ချခဲ့ချင်တာလေ။ သမီးကိုတောင်းသူများရှိခဲ့ပေမယ့် မိဘများက မပေးခဲ့။ အလှမာန်တက်သူများ၊ မတန်မရာ မျှော်လင့်သူများလို့ ပတ်ဝန်းကျင်မှာ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောနေကြမှာတော့ အမှန်။ မပေးတာကို တောင်းခဲ့ကြတာလေ။ မတောင်းဘဲ ပေးတာမှ မဟုတ်တာ။

တော်သူကို မျှော်နေမိသူများက မာဂဏ္ဍီ ပုဏ္ဏားလင်မယား။ သူနဲ့ တန်သူကို တမ်းတမိနေသူက မာဂဏ္ဍီ အမျိုးသမီးလေ။ ဖြည့်ခဲ့တဲ့အကြောင်းများရှိရင် မတောင်းဘဲပေးမယ့်သူက လိုက်ရှာတတ်တယ်လေ။ ဘုရားရှင်လည်း တရားရဖို့အချိန်တန်လာတဲ့ မာဂဏ္ဍီ ပုဏ္ဏားလင်မယားကို မတောင်းတဲ့ လက်ဆောင်ကို ပေးဖို့ရောက်လာပါတယ်။ သမီးအတွက် ယောကျ်ားရှာနေတဲ့ ပုဏ္ဏားကြီး ဘုရားရှင်ရဲ့ ခြေရာကိုတွေ့တော့ ဝမ်းသာလိုက်သည့်အဖြစ်။ သမီးနဲ့ သင့်တော်သူကို တွေ့ရလို့လေ။ သူတို့က ဗေဒင်လက္ခဏာများကို တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူများဆိုတော့ လူမမြင်ခင် ခြေရာမြင်တာနဲ့ သင့်တော်တယ်လို့ ခွဲခြားသိပြီးသား။ ခြေရာခံလိုက်မိတော့ ဗုဒ္ဓဘုရားနဲ့တွေ့တော့ သဘောတွေ့ မနောခွေ့ရပြီ။ ခြေရာထက် လူသားက ပိုပြီးခန့်ညားနေပါရော့လား။ ထင်တာထက် အဆတစ်ရာမက သာလွန်နေသည်ကိုး။ အနားကပ်ပြီး သမီးတော်နဲ့ လက်ဆက်ပေးလိုကြောင်း ခဏတာစောင့်ဆိုင်းစေလိုကြောင်း သမီးကို အမြန်ခေါ်မှာဖြစ်ကြောင်း စကားပြန်တောင်မစောင့်ဘဲ ဖြစ်ချင်တာကို ကရားရေလွှတ်ပြောပြီး အိမ်ကို အပြေးလေးသွားရသည်လေ။ အိမ်ရောက်တော့ အမယ်အို ပုဏ္ဏေးမကြီးကို ဝမ်းသာအားရ ဖေါက်သည်ချမိတာ။ သင့်တော်သူကို တွေ့ရပြီမို့ အချိန်မဆိုင်းဘဲ ချက်ချင်းသွားကာ ပေးစားသင့်ကြောင်း ပြောပြတော့ ပုဏ္ဏေးမကြီးနဲ့ သမီးတော်တို့လဲ အပြေးကလေး လိုက်လာရသည်ပေ့ါ။ လိုချင်တာ ကြာပြီကိုး။ ဒါပေမယ့် အလာကောင်းပေမယ့် အခါကနှောင်းသလိုဖြစ်သွားတာရယ်။ သူတို့ရောက်တော့ ဗုဒ္ဓဘုရားက ခြေရာသာ ချခဲ့တာလေ။ ခြေရာကို ပုဏ္ဏေးမကြီး အကဲခတ်ကြည့်တော့ ပုဏ္ဏားကြီးကို အပြစ်တင်ရပြီ။ သမီးနဲ့သင့်တော်သူ ပျောက်သွားလို့မဟုတ်။ သမီးနဲ့ လုံးဝမသင့်တော်သူဖြစ်နေလို့။ ဒီခြေရာပိုင်ရှင်ဟာ ကျွန်မတို့သမီးမျိုးသာမဟုတ် နတ်သမီးတစ်ရာက လာရောက်ဖြားယောင်းတာတောင် မတုန်လှုပ်သူပဲ။ ကိုင်း လိုက်

ရှာကြည့်ရအောင်ဆိုပြီး ခြေရာနောက် တကောက်ကောက်လိုက်ကြည့်တော့ ဗုဒ္ဓကိုတွေ့ရပြီ။ ဒါပေမယ့် လက်မလျှော့သေးသူက ပုဏ္ဏားကြီး။ သူ့သမီးကို ယူဖို့ ပြောမိနေပြန်ရော။ ရွံစရာအတိပြီးတဲ့ အသုဘခန္ဓာကို ဘယ်သူက မက် မောတမ်းတပါ့မလဲ။ ငါကတော့ ခြေဖျားနဲ့တောင် မတို့ဘူးလို့ပြောလိုက်တော့ ပုဏ္ဏားလင်မယား ရွံစရာကောင်းတဲ့အဖြစ်ကိုရှုရင်း ကာမရာဂကင်းတဲ့ အနာဂါမ် ထိ ဖြစ်သွားရောတဲ့။ ဘုရားရှင်က မတောင်းဘဲ တရားလက်ဆောင်ကိုပေးလိုက် တော့ တန်ဖိုးထားတဲ့ ပုဏ္ဏားလင်မယား အသိနဲ့ခံယူလိုက်လို့ အနာဂါမ်ထိ ဖြစ်သွားရပြီလေ။ ဒါပေမယ့် သမီးတော် မာဂဏ္ဍီကတော့ သူ့ကို ရွံစရာ အသုဘ နဲ့ နှိုင်းရမလားဆိုပြီး အာဃာတထားမိလို့ တရားမရဘဲ မတရားတဲ့စိတ်တွေ ဖြစ်ပြီး နောင်တစ်ချိန် ဘဝဇာတ်သိမ်းမလှသူအဖြစ် ကျော်ကြားသူဖြစ်ခဲ့တာ လား။

လက်ဆောင်ဆိုတာ လက်ခံသူက တန်ဖိုးထားတဲ့အပေါ်မှာ မူတည်ပြီး တန်ဖိုးတက်သွားရတာပါ။ အရှိကိုသာ တန်ဖိုးထားသူဆိုရင်တော့ ငွေပမာဏ နဲ့ တန်ဖိုးဖြတ်နေဦးမှာဖြစ်သလို မတောင်းဘဲပေးတဲ့ အသိလက်ဆောင်ကိုလည်း တန်ဖိုးထားဖို့ မသေချာပါဘူး။ ကံကောင်းထောက်မစွာ သာသနာတော်ကြီး နဲ့လည်း ကြုံတွေ့နေရပါပြီ။ ရတနာသုံးပါးကိုလည်း ကိုးကွယ်ခွင့်ရနေပါပြီ။ ဟောပြော ပြသသူတွေလဲ အမြောက်အမြားရှိနေပြီ။ ဒါဟာ မတောင်းဘဲ ရလာ တဲ့ လက်ဆောင်တွေပါပဲ။ မတောင်းဘဲပေးနေတဲ့ အသိလက်ဆောင်တွေပါပဲ။ အရှိကိုသာတန်ဖိုးထားပြီး လောကမှာ ရှင်သန်နေမယ်ဆိုရင် အသိပေးတဲ့ သာသနာကို တန်ဖိုးထားဦးမှာမဟုတ်သလို အသိပေးသူများကိုလည်း တန်ဖိုး မထားဘဲ တရားတော်ရဲ့တန်ဖိုးကိုလဲ တန်ဖိုးကြီးတယ်ဆိုတာ သိဦးမှာမဟုတ် ပါဘူး။ လောကမှာရှင်သန်ဖို့ကြိုးစားရင် လောကုတ္တရာနဲ့ဝေးနေဦးမယ်ဆိုတာ သိထားရပါလိမ့်မယ်။ ဘယ်အရာပဲဖြစ်ဖြစ် တစ်ခုလိုရင် တစ်ခုပေးရတာ

ချည်းပါပဲ။

အသက်ရှင်ဖို့ကြိုးစားနေသူတွေ အသက်သေမယ်ဆိုတဲ့အဖြစ်ကို တွေးမိတဲ့အခါ မတောင်းဘဲပေးတဲ့ တရားလက်ဆောင်ကို တန်ဖိုးထား ကျင့်သုံးသွားဖို့ပဲ လိုတာပါ။ အရှိကိုတန်ဖိုးထားပြီး အသိကိုအရေးမစိုက်သူတွေ အတွက်ကတော့ မတောင်းဘဲပေးတဲ့ တရားလက်ဆောင်ဟာ တန်ဖိုးမဲ့နေဦးမှာ ဖြစ်ပေမယ့် အသိကိုတန်ဖိုးထား အရှိကို သုံးစရာအဖြစ်သာ ယူဆသူတွေ အတွက်တော့ မတောင်းဘဲပေးတဲ့ တရားလက်ဆောင်ဟာ တန်ဖိုးတက်နေမှာပါ။

လက်ဆောင်တန်ဖိုးတက်တာဟာ တန်ဖိုးထားသူတွေကြောင့် ဖြစ်တာမို့ ကိုယ့်ကိုယ်ကို သိသင့်ပါပြီ။ ငါဟာ တန်ဖိုးတက်အောင်ကြိုးစား ရှင်သန်နေသူလား၊ တန်ဖိုးမဲ့အောင် ကြိုးစားရှင်သန်နေသူလားလို့ပါ။

(၀၃. ၀၅. ၂၀၁၇) ဗုဒ္ဓဟူးနေ့



## "အဆင်သင့်ဖြစ်ပြီလား"

မမြဲတဲ့လောကကြီးမှာ အစိုးမရမှု အနတ္တနဲ့ပေါင်းထားတော့ ဒုက္ခတွေက များသား။ ရှာဖွေရတဲ့ဒုက္ခ၊ စောင့်ရှောက်ရတဲ့ဒုက္ခ၊ ချစ်ရတဲ့ဒုက္ခ၊ မုန်းရတဲ့ဒုက္ခနဲ့ စုံလို့ပါပဲ၊ ဒါကြောင့်ပဲထင်ပါတယ် ဗုဒ္ဓမြတ်စွာ တရားဦးကိုဟောတဲ့အခါ ဒုက္ခတွေများလှတဲ့ လောကအကြောင်းကို ဦးတည်ခဲ့တာပဲမဟုတ်လား။ ရှင်သန်ရတာလည်း ဒုက္ခ၊ အို၊ နာ၊ သေရတာလည်း ဒုက္ခ၊ ချစ်သူနဲ့ဝေး မချစ်သူနဲ့နီးရတာလည်း ဒုက္ခ၊ လိုတာမရ ရတာမလိုတာလည်း ဒုက္ခရယ်လို့လေ။ တကယ်က ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရလို့သာ ဒီလိုကြုံရတာပါတဲ့။

ဗုဒ္ဓရဲ့ တရားတော်များဟာ လောကမှာနေတဲ့အခါ လောကဓံကို ခံနိုင်ရည်ရှိဖို့ လေ့ကျင့်ပေးတဲ့အရာပါပဲ။ မယုံမရှိပါနဲ့။ တရားတော်ကို လေ့လာကျင့်ကြည့်ပါ။ ခံနိုင်ရည်ရှိတာကို တွေ့ရပါလိမ့်မယ်။ တရားတော်ဆိုတာ လာစမ်းလှည့်၊ လာကျင့်လှည့် ချက်ချင်း အကျိုးရစေမယ်ဆိုတဲ့ စိန်ခေါ်ချက်နဲ့ လောကမှာ ရှင်သန်နေတဲ့အရာတစ်ခုပဲလေ။ တရားက ဘဝအာမခံချက်ပေးနေပေမယ့် ဘဝအာမခံချက်မရှိတဲ့လူသားတွေက မထုံတက်တေးနဲ့ ကိုယ်နဲ့မဆိုင်သလို နေကြတာက အခက်တွေ့စေတာပါ။ အရှိနောက်လိုက်ရင်း ဘဝတွေ အဆုံးသတ်သွားရသူတွေ၊ ကိုယ်မျက်စိရှေ့ နေ့မြင်ညပျောက်နဲ့ လောကကိုကျောခိုင်းသွားရသူတွေ ဒုနဲ့ဒေးရှိနေပေမယ့် ကိုယ်မဟုတ်သေးတော့ လူတွေက မဖြုံရေးချ

မဖြုံ။ ဒါပေမယ့် တစ်နေ့ကျရင် ကိုယ့်အလှည့်ဆိုတာကတော့ သေချာနေပါတယ်။

ကျင့်စရာဖြစ်တဲ့ ဗုဒ္ဓတရားတော်များထဲက ဘာဝနာဟာ ဘဝအတွက် အာမခံချက်အပေးနိုင်ဆုံး တရားတော်ပါပဲ။ ဘဝမနာချင်ရင် ဘာဝနာပွားပါလို့တောင် ပြောကြ ဟောကြတယ်မဟုတ်လား။ သမထကိုကျင့်ရင် ဘဝငြိမ်းချမ်းပြီး အေးဆေးစွာနေနိုင်မှာဖြစ်သလို ဝိပဿနာပွားရင် ဘဝကိုနားလည်ပေးကာ အသေကိုလက်ခံရင်း မသေရာကို လှမ်းတက်နိုင်ပြန်ရော။ အသေကြောက်တယ် အသေဖြောင့်ပြီး နောက်ထပ်သေမှာကို ကြောက်တယ်ဆိုရင်တော့ သင်္ခါရသဘောကို စောကြောကာ နားလည်စေနိုင်တဲ့ဝိပဿနာကို ပွားများအားထုတ်ထားဖို့ပါပဲ။ ငါမသေသေးဘူး နောက်မှလုပ်မယ်လို့ ဆင်ခြေပေးနေတုန်းလား။ မယုံမရှိနဲ့ မိတ်ဆွေ။ ကိုယ့်မှာပဲ ဆင်ခြေရှိတာမဟုတ်ဘူး။ သေမင်းမှာလည်း ဆင်ခြေရှိပါတယ်။ မင်းအားတာကို ငါမစောင့်နိုင်ဘူးလို့ ပြောမှာက သေမင်းပဲလေ။

အတွေ့အကြုံဟာ လူတစ်ယောက်ကို ပြည့်ဝစေတယ်တဲ့။ တစ်ခုလောက်ထပ်ထည့်လို့ရရင် ဒီလိုလေး ထည့်ချင်ပါသေးတယ်။ ပြည့်ဝစေရုံမကဘူး လွတ်မြောက်မှုကိုပါ ရစေတယ်လို့လေ။ အချုပ်ကျနေသူတွေဟာ သူတို့အချုပ်ကျနေတယ်ဆိုတာ မသိမချင်း လွတ်ချင်စိတ်ဟာ ပေါ်မှာမဟုတ်တာ အသေအချာပါပဲ။ ဒါပေမယ့် ငါတို့ အချုပ်ကျနေတယ်လို့ သိတဲ့တစ်နေ့ လွတ်ချင်စိတ်ပေါ်မှာအမှန်ပါ။ လွတ်အောင်လည်း လုပ်တော့မှာပဲလေ။ အတွေ့အကြုံကပေးတဲ့ သင်ခန်းစာတစ်ခုအကြောင်းကို ပြောပြချင်ပါရဲ့။ ယူတတ်ဖို့ပါ။

မေလမွေးသူတွေအတွက် မေလဟာ ပျော်စရာများနဲ့ဖန်ဆင်းထားတဲ့လလို့ တွေးကြမှာပါ။ ဘယ်အရာပဲဖြစ်ဖြစ် အကောင်းနဲ့ အဆိုးဆိုတာ ဒွန်တွဲလျက်ရှိပါတယ်။ တရားတော်မှာတောင် ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ ရှိသေး

တယ်မို့လား။ မေလတစ်ရက်နေ့ဟာ အလုပ်ပိတ်ရက်မို့ လွတ်လပ်စွာ ပျော်နေမိသေး။ ဟိုသွားဒီစားပေါ့။ တစ်ရက်ပြီးတစ်ရက်နဲ့ အချိန်တွေက လူသားတွေရဲ့ နုပျိုတဲ့အရွယ်ကို အအိုနဲ့အစားထိုး၊ ရှည်နေတဲ့အသက်ကို အသေနဲ့ အစားထိုးဖို့ ကြိုးစားနေတာကို အပျော်လူသားတွေ တစ်ချက်လေးမှ သတိမရ။ အပြင်မှာအပျော်ကိုရှာတော့ အပူရပြီး အပါယ်ကျတတ်တယ်ဆိုတာကိုလဲ မေ့နေကြတယ်လေ။ နေ့ရက်ဆိုတာ တကယ့်ကို အသက်နှုတ် စက်ကြီးတစ်လုံးပါ။ မေလငါးရက် ညနေလေးနာရီလောက် ဖုန်းလာတယ်။ မွေးမိခင် ဆေးရုံတင်ရတဲ့အကြောင်းပေါ့။ မကြာပါဘူး၊ ပြန်ကောင်းသွားပြီး စကားတွေပြောနေပြီတဲ့။ ဒီကလဲ သြော် . . . ဘာမှ မဖြစ်နိုင်သေးပါဘူးပေါ့လေ။ အချိန်ကို ထည့်မတွက်မိတာ။ ဒါနဲ့ ည (၈း၄၀) မှာ ဖုန်းထပ်လာတယ်။ ဘ၀ကူးသွားပြီတဲ့။ သြော် . . ဆိုတဲ့ အာမေဋိတ်တစ်ခုကလွဲပြီး ဘာမှထွက်မလာခဲ့။ အသေဆိုတာ အသက်နဲ့တွဲလျှက်ရှိတယ်၊ အသက်ဆိုတာ အချိန်ရဲ့ ကိုယ်စားလှယ်ဆိုတာကို သိနေကြပေမယ့် ငါမသေသေးဘူးဆိုတဲ့ ဆင်ခြေတွေနဲ့ တရားကို လက်ကိုင်ထားဖို့ မေ့နေသူတွေကို သတိပေးခေါင်းလောင်းသံ ထိုးလိုက်တာပါပဲ။ ဘယ်အရွယ်၊ ဘာရောဂါ၊ ဘယ်အချိန်၊ ဘယ်နေရာမှာသေပြီး ဘယ်ရောက်မယ်ဆိုတာ မသိနိုင်တဲ့လူသားတွေအတွက် လောကကြီးဟာ ပျော်စရာ ဖြစ်နေဦးမှာပါ။ အပျော်ကိုလည်း တမ်းတမ်းစွဲ ရှာဖွေနေကြဦးမှာပါ။ ဒါကို အပြုံးနဲ့ စောင့်ကြည့်နေမှာကတော့ သေမင်းပါပဲ။ အခုလည်း မနက်က အကောင်း။ နေရတာက အိမ်။ ညနေကျတော့ ဖေါက်ပြန်၊ ရောက်သွားတာက ဆေးရုံ။ သေမင်းက ရှုနေတဲ့အသက်ကိုပါ ဆက်ရှူခွင့်မပေးတော့ ကံကုန်လို့ ဘ၀ကူးသွားတဲ့ ကျေးဇူးရှင်အမေအတွက် ကောင်းရာရောက်ပါစေလို့ တောင်းဆုချွေပေးရုံကလွဲပြီး ဘာမှမတတ် နိုင်ခဲ့။ အသက်ရှင်နေသူတွေ ငါမသေသေးဘူးလို့ ထင်နေတုန်းလား။ ကိုယ်တိုင် သောကယူပြီး ဘ၀ထဲက ထွက်မသွားချင်ဘူး၊ ကျန်သူများကိုလည်း

သောက မပေးခဲ့ချင်ဘူးဆိုရင် အသက်နဲ့တူတဲ့ အချိန်ကို တန်ဖိုးထားသင့်ပါပြီ။ ငါလည်း အချိန်မရွေး သေနိုင်တယ်၊ သေမင်းက ငါ့ကို အချိန်မရွေး ခေါ်နိုင်တယ်ဆိုတာကို အသိထဲထည့်ထားရင် အသေကို လက်ခံနိုင်သွားမှာပါ။ အချိန်မနှောင်းခင် အသိတွေ ပြောင်းကြစေချင်ပါပြီ။ အရာရာဟာ ကိုယ့်သဘောအတိုင်း မဖြစ်ပါဘူး။ အခုအသက်ရှုပြီး အသက်ရှင်နေတာ တော်ကြာအသက်ရှုရပ်ပြီး သေကြရမယ်ဆိုတာ သတိထားသင့်ပါပြီ။ အပ္ပမာဒ သတိတရား အရေးကြီးလွန်းလို့ အပ္ပမာ ဒေန သမ္ပာဒေထ = သတိ တရားနဲ့ ပြည့်စုံအောင်နေကြလို့ ဘုရားရှင်က ပရိနိဗ္ဗာန်စံခါနီး မှာခဲ့တာလား။

ဘယ်လိုလဲ။ ငါကျန်းမာတယ်။ ဘာမှ မဖြစ်သေးဘူးလို့ ထင်နေတုန်းလား။ အနတ္တလမ်းမှာ ဒုက္ခထမ်းပြီး အနိစ္စလေကို ရှုနေရတဲ့ သင့်အတွက်တော့ အချိန်တိုင်းဟာ သေနိုင်တယ်ဆိုတာ မမေ့ပါနဲ့။ အသေမဦးခင် အသိဦးထားမှ တော်ကာကျမှာ။ အသေဦးပြီး အသိနောက်ကျရင်တော့ နောင်တလည်း ကယ်နိုင်မှာ မဟုတ်တော့ပါဘူး။

ဒါကြောင့် မသေခင် အချိန်ရနေတုန်းမှာ ပေးစရာရှိတာကို ပေးဖြစ်အောင် ပေးခဲ့ကြပါ (ဒါန)၊ ဖြည့်စရာများကိုလည်း ဖြည့်ဖြစ်အောင် ဖြည့်ကြပါ (သီလ)။ ကျင့်စရာများကိုလည်း ကျင့်ဖြစ်အောင် ကျင့်ကြပါ (ဘာဝနာ)လို့ အသိပေး တိုက်တွန်းချင်ပါတယ်။ ခံနိုင်ရည်ဆိုတာ မိုးကျရွှေကိုယ် မဟုတ်ပါဘူး။ လေ့ကျင့်မှ ပြည့်စုံမယ့်အရာတွေပါ။ မယုံမရှိပါနဲ့။ လေ့လာရင် ကျွမ်းကျင်သွားမှာပါ။ ကိုယ့်အချစ်ဆုံး လူတစ်ယောက် လောကထဲက ထွက်သွားပြီဆိုတာကို စိတ်ကူးနဲ့ ခံစားကြည့်ပါ။ ခံနိုင်ရည်ရှိရဲ့လား။ ငါကိုယ်တိုင်ထွက်သွားခဲ့ရမယ်ဆိုရင်ကောလို့လည်း အပိုလေး တွေးထားစေချင်ပါသေးတယ်။ ဘာကြောင့်ဆို အားလုံးကြုံရမယ့် အတွေ့အကြုံတစ်ခု ဖြစ်နေလို့ပါပဲ။

မိတ်ဆွေသူငယ်ချင်းများက ခရီးသွားမယ့်သူတွေကို မေးလေ့ရှိပါတယ်။

အဆင့်သင့်ဖြစ်ပြီလားတဲ့။ ကြိုတင်ပြင်ဆင်ထားရင် အဆင်သင့်ပဲလို့ ဖြေမိမှာ အမှန်ပါ။ ဒီလိုပါပဲ။ နောက်ဘဝခရီးဆက်ဖို့ အဆင်သင့်ဖြစ်ပြီလားလို့ မေးလာခဲ့ရင်ကော ဘယ်လိုများ ဖြေကြမှာပါလိမ့်။

**(၀၅. ၀၅. ၂၀၁၇) စက်ာပူစံတော်ချိန် ည (၈း၅၇) မိနစ်က ဘဝတစ်ပါးပြောင်းသွားသောမိခင်ကို ရည်စူးပါ၏**
**“အသက်သခင် မွေးမိခင်ကြီး ကောင်းရာသုဂတိလားပါစေ”**



## "နိဗ္ဗာန်မျိုးစေ့ (သို့) ပညာအလင်း"

ဘဝကို ပိုင်ဆိုင်ထားတဲ့ သတ္တဝါတွေဟာ အသက်ရှင်သန်နေတဲ့ကာလ တစ်လျှောက်မှာ အမှားနဲ့အမှန် တစ်ခုခုကိုတော့ စိတ်ပါလို့ပဲဖြစ်ဖြစ် အခြေအနေအရပဲဖြစ်ဖြစ် လုပ်မိနေတတ်ပါတယ်။ အသက်ရှင်သန်ရေးဆိုတဲ့ အကြောင်းပြချက်တစ်ခုနဲ့ ဘဝကိုဖြတ်သန်းရင်း အမှားကျူးလွန်နေသူတွေလည်း များသား။ တကယ်တော့ အများက အကောင်းမမြင်နိုင်သလို သွားရာဂတိလည်း မကောင်းစေတဲ့ မကောင်းမှု ဒုစရိုက်အမှားများကို ကျူးလွန်တယ်ဆိုတာ ပညာ မပြည့်စုံသေးလို့ ဖြစ်ရတာပါပဲ။ ပညာဆိုတာဟာလည်း အတတ်ပညာနဲ့ အသိပညာဆိုတာ နှစ်မျိုးရှိပြန်ရော။

ငယ်ရွယ်စဉ်ကာလကတည်းက ဘုန်းကြီးကျောင်းပို့၊ အတန်းကျောင်း ပို့ပြီး ပညာတွေသင်ကြရတယ်လေ။ မိဘတွေကတော့ ပြောပါတယ်။ ပညာ မတတ်ရင် ဆင်းရဲမှာတဲ့။ ပညာတတ်မှ လူကြီးလူကောင်းဖြစ်ပြီး ဘဝမှာ ချမ်းသာမှာဆိုတဲ့ စကားတွေက စာသင်ရာမှာ တအားတက်စေပါတယ်။ တကယ်လည်း ပညာတတ်ရင် ချမ်းသာမယ်လို့ ထင်ခဲ့ကြတာများပါတယ်။ ကိုယ်တိုင်အပါအဝင်ပေါ့။ တစ်တန်းမှ ဆယ်တန်းအထိ ကာလတစ်ခု၊ တက္ကသိုလ် ပထမနှစ်မှ နောက်ဆုံးနှစ်ထိ ကာလတစ်ခုရယ်လို့ ကာလနှစ်ခုကို ပညာသင်

ရင်း ဖြတ်ကျော်ကြရပါတယ်။ တစ်တန်းမှ ဆယ်တန်းဆိုတာဟာ ဆရာအုပ်ချုပ်မှုအောက်မှာ စည်းစနစ်တကျ ပြောဆို၊ နေထိုင်၊ ဆက်ဆံရင်း သင်ရတဲ့ ပညာရပ်တစ်ခုပါ။ တက္ကသိုလ်ပညာရေးဆိုတာက စည်းကမ်းပြည့်လို့ အသိအမှတ်အပြုခံလူသားတွေ ကိုယ်ပိုင်အသိနဲ့ ဘဝကို လွတ်လပ်စွာဖြတ်သန်းခွင့်ရပြီး ဘဝအတွက် လက်တွေ့ကျတဲ့အရာများကို သင်ရတဲ့ပညာရပ်တစ်မျိုးပေါ့။ ဘယ်ပညာကိုသင်သင် ရည်ရွယ်ချက်ကတော့ ပညာတတ်ရင်ချမ်းသာဖို့ပါပဲ။ ဒါပေမယ့် အသက်ရလာလို့ အသိနဲနဲပါးပါး ရလာတဲ့အခါ ကျောင်းပညာသင်ရေးစနစ်နဲ့ စခဲ့တဲ့ပညာရပ်ဆိုတာ ဘဝဆိုတဲ့တက္ကသိုလ်ကြီးမှာ အညာမခံရအောင်၊ အတတ်နိုင်ဆုံး တိုးတက်အောင် ပြုပြင်လုပ်ကိုင်ကာ ပါဝင်ခွင့်ရအောင် သင်ပေးတဲ့ပညာရပ်တစ်ခုဖြစ်တယ်ဆိုတာကို သိလာပါတယ်။ အမှားမကျူးလွန်အောင်သင်ပေးတဲ့ ပညာရပ်တစ်ခုမဟုတ်ခဲ့ပါဘူး။ ဒါကြောင့် အတတ်ပညာဆိုတာ ပတ်ဝန်းကျင်တိုးတက်အောင် ဘယ်လိုပါဝင်လုပ်ကိုင်ပေးရမလဲဆိုတာပဲ သင်ပေးတာဖြစ်တဲ့အတွက် ချမ်းသာအောင် သင်ပေးတဲ့ ပညာရပ်တစ်ခုမဟုတ်တာ သေချာခဲ့ပါတယ်။

ဘာကြောင့်ဆို အတတ်ပညာပြည့်စုံတဲ့သူတွေဟာ သူဌေးရဲ့အလုပ်နဲ့ နိုင်ငံရေးတွေမှာပါဝင်ပြီး လခယူရတဲ့သူတွေ ဖြစ်နေလို့ပါပဲ။ အတတ်ပညာပြည့်ပြီး ကိုယ်ပိုင်အလုပ်ကို မလုပ်နိုင်သေးရင်တော့ ချမ်းသာဖို့ မသေချာပါဘူး။ ဒါပေမယ့် ပညာတတ်နေတဲ့အတွက် ဆင်းလည်းဆင်းရဲမသွားပါဘူး။ ဒါကြောင့် အတတ်ပညာကို တိတိကျကျပြောရမယ်ဆိုရင် အလိမ်မခံရအောင်၊ အညာမခံရအောင် သင်ပေးတဲ့ ဘာသာရပ်တစ်ခုပါပဲ။ ဟုတ်ပါတယ်။ အတတ်ပညာဆိုတာ အတိတ်မကောင်းကံကို ပျောက်အောင်၊ အနာဂတ်မှာ ကောင်းတာတွေစံစားရအောင် လုပ်ပေးနိုင်စွမ်းရှိတဲ့ ပစ္စုပ္ပန်မှာအသုံးပြုနေတဲ့ ဘာသာရပ်

မဟုတ်တဲ့အတွက် လူတွေဟာ အတတ်ပညာရှိကြပေမယ့် ဒုစရိုက်ကျူးလွန်ရင်း အမှားလမ်းလိုက်နေကြတာ ။ ပညာတတ်သူတွေ မိုက်မှားရင် လူတစ်ယောက် သာ အသက်သေရတာမျိုး နေရာတစ်ခုသာ ပျောက်သွားရတာမျိုး မရှိပါဘူး။ ဟီရိုရှီးမားနဲ့ နာဂါဆာကီးတို့လို မြို့ပေါ် ဗုံးကြဲချလို့ လူအသက်ပေါင်းများစွာနဲ့ မြို့နှစ်မြို့လုံး မြေပြင်ဘဝရောက်သွားရတာဟာ သက်သေပါပဲ။ အခုဆို ပိုပြီး စွမ်းအင်ထက်တဲ့ လက်နက်တွေကို ထွင်နိုင်စွမ်းရှိနေတာဟာ အတတ်ပညာ ကြောင့်ပါပဲ။ လူတွေဟာ အတတ်ပညာ အတတ်လွန်သွားရင် ကြောက်စရာ အကောင်းဆုံး သတ္တဝါတစ်ကောင် ဖြစ်လာရပါတော့တယ်။ ဒါကြောင့် အတတ် ပညာတတ်သူတွေ ဒုစရိုက် မကျူးလွန်ရလေအောင် အသိပညာရပ်ကိုပါ လေ့လာလိုက်စား ကျင့်ကြံကြိုးကုတ် အားထုတ်ကြရပါတယ်။

အသိပညာဆိုတာဟာလည်း ဘဝကပေးတဲ့ အသိပညာ (အတွေ့ အကြုံ) နဲ့ ကျင့်လို့ရလာတဲ့ အသိပညာရယ်လို့ နှစ်မျိုးရှိပြန်ပါတယ်။ ဘဝက ပေးတဲ့ အသိပညာဆိုတာ မကောင်းတာတွေ ကြုံရတာများလို့ စာနာစိတ်နဲ့ သတ္တဝါတွေကို မကောင်းတာ မကြုံစေချင်တာ၊ ကောင်းတာကြုံရတဲ့အတွက် သတ္တဝါတွေကို ကောင်းတာစံစားစေချင်တာကို ပြောတာပါ။ ဒါကို ကိုယ်ချင်း စာတရားလို့ခေါ်ရင်လည်း ရမယ်ထင်ပါတယ်။ ဒီအသိပညာဘာသာရပ်ဟာ အတတ်ပညာရှိမှ ရနိုင်တာမျိုးမဟုတ်ပါဘူး။ ဘဝရဲ့ အခက်အခဲနဲ့ပတ်သက်ပြီး စာနာစိတ်ဝင်လာရင် အလိုလိုရလာနိုင်တဲ့ ပညာရပ်မျိုးပါ။ များသောအားဖြင့် လူတွေဟာ အတတ်ပညာနောက်လိုက်ရင်း စာနာစိတ်တွေပျောက်ပြီး သေဖို့နီး မှန်းမသိ နီးလာကြရော။ အထက်တန်းမှ တက္ကသိုလ်၊ တက္ကသိုလ်က ဘွဲ့တစ်ခုနဲ့ မလုံလောက်ဘူး၊ နောက်ထပ်တစ်ခုနဲ့ အချိန်တွေကို ဖြတ်သန်းရင်း စာနာစိတ် တွေ ပျောက်မှန်းမသိ ပျောက်သွားတတ်ပါသေးတယ်။ အားလုံးကို မဆိုလိုပါ

ဘူး။ အချို့အချို့သောသူတွေပေါ့။ ဘဝကပေးတဲ့ အသိပညာရလာတဲ့ သူတွေက ဒုစရိုက်မကျူးလွန်တော့ပါဘူး။ ကောင်းတာကိုလုပ်တဲ့အတွက် ကောင်းတာတွေ ကြုံတွေ့ခံစားရတယ်ဆိုတာ သိလာရတော့ မကောင်းတာတွေကို တတ်နိုင်သလောက် လျှော့လာပါတော့တယ်။ သတ္တဝါတွေရဲ့ကောင်းကျိုးအတွက် ထည့်စဉ်းစားတတ်လာပါတယ်။ ဒါပေမယ့် ဒီအသိပညာ (အတွေ့အကြုံ) ဟာလည်း ဘဝဒုက္ခ လုံးလုံးကင်းသွားအောင် လုပ်ပေးနိုင်စွမ်း မရှိပြန်ပါဘူး။ ဒီပညာရပ်က မကောင်းတာကိုသာ မလုပ်တာ ကောင်းတာကိုတော့ စွဲနေလို့။ တကယ်တော့ ကောင်းတဲ့အစားအသောက်ကိုစားစား၊ မကောင်းတဲ့အစားအသောက်ကိုစားစား စားရင် သွားရမယ်၊ သောက်ရင် ပေါက်ရမယ်ဆိုတဲ့သဘာဝကြီးကို လွန်ဆန်လို့မရတဲ့အတွက် ဝန်ထုတ်ကို ထမ်းသွားနေသလိုပါပဲ။ ဝန်ထုတ်ဝန်ပိုးကြီးက သန့်ရှင်းရင် အနံ့ကောင်းပြီး မသန့်ရှင်းရင် အနံ့မကောင်းတာသာကွာပြီး လေးတာချင်းကတော့ အတူတူပါပဲ။ ဒါကြောင့်လည်းပဲ အတွေ့ အကြုံကြောင့်ရတဲ့ အသိပညာကနေ အကျင့်ကြောင့်ရတဲ့ အသိပညာဆီ ဦးတည်ရပြန်ပါတယ်။

အကျင့်ကြောင့်ရတဲ့ အသိပညာဆိုတာ ဘယ်ဘဝရောက်ရောက် မပျောက်တော့သလို ဘဝတွေလည်း တိုလာတဲ့အတွက် ဒုက္ခတွေလည်း နည်းလာပါတယ်။ ဘဝအတွေ့အကြုံကြောင့် ရှာရတဲ့ဒုက္ခ၊ ထိန်းသိမ်းရတဲ့ဒုက္ခ၊ အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခနဲ့ သေရတဲ့ဒုက္ခတွေကို တပွေ့တပိုက်ကြီး ပွေ့ပိုက်ရင်း ဘဝကိုဖြတ်သန်းနေရတယ်ဆိုတာကို သိလာတဲ့အခါ သတ္တဝါတွေ အကျင့်နောက်ကို လိုက်လာကြပါတော့တယ်။ ဒုက္ခနားလည်လို့ ကျင့်တဲ့အခါ ရလာတဲ့အသိကိုတော့ မဂ်အသိပညာလို့ ခေါ်ပါတယ်။ ဒါဟာ ဘယ်ဘဝရောက်ရောက် ပြန်သင်စရာမလိုတော့လောက်အောင် လုံလောက်တဲ့အသိတစ်ခုဖြစ်သွား

ပါတယ်။ ဒီလို မဂ်အသိပညာဆိုတာ သင်ယူရုံနဲ့လည်း မရနိုင်သလို စိတ်ကူးရုံနဲ့လည်း မရနိုင်ပါဘူး။ လိုချင်တယ်ဆိုရင်တော့ ကျင့်မှကိုရတာပါ။ ငယ်စဉ်က သင်တဲ့ဘာသာရပ်ကို အတတ်ပညာ (ပရိယတ္တိ) လို့ခေါ်ရပေမယ့် အတွေ့အကြုံကြောင့် အမှားအမှန်သိကာ အမှန်တရားကို ရှာဖွေချင်လို့ ဒုက္ခကင်းကြောင်းအကျင့်ကိုကျင့်တဲ့ အသိပညာကိုတော့ (ပဋိပတ္တိ) လို့ခေါ်ပါတယ်။ သင်ကြားမှုသက်သက်(ပရိယတ္တိ)ကြောင့်သာ ရလာတဲ့ အတတ်ပညာဆိုတာ ထိုးထွင်းသိပြီး မပျောက်ပျက်တဲ့ အသိပညာတစ်ခုထိ (ပဋိဝေဓ) အဆင့်တက်မလာပါဘူး။ ဒုက္ခကင်းကြောင်းအသိကို ဒုက္ခနဲ့ရင်းပြီး ရှာဖွေမှသာ အသိဟာ အဆင့်တက်ပြီး ဘဝတိုင်း မပျောက်တော့တာပါ။

ဘယ်သတ္တဝါဖြစ်ဖြစ် ကိုယ်ရလာတဲ့ ပစ္စည်းလေးတစ်ခု ပျောက်ပျက်သွားတာမျိုးကို မြင်ချင်၊ ကြားချင်မှာ မဟုတ်ကြပါဘူး။ ဒါကြောင့် ပစ္စည်းတွေကို ဝယ်ပြီဆိုရင် အာမခံချက်များများရနိုင်တဲ့ ပစ္စည်းကိုပဲ ရွေးဝယ်ချင်ကြတာလေ။ ဖြစ်နိုင်မယ်ဆိုရင် ဘယ်တော့မှ ပြန်ဝယ်စရာမလိုတဲ့ လုံးဝမပျက်စီးတဲ့အရာကိုပဲ လိုချင်ကြတာပါ။ ဒါပေမယ့် ဒါဟာ အတတ်ပညာနဲ့ ဖန်တီးယူလို့မရနိုင်တဲ့ အခွင့်အရေးတစ်ခုမို့ ကောင်းမွန်တဲ့အခွင့်အရေးကို လိုချင်တယ်ဆိုရင် ဒုက္ခအတွေ့အကြုံကို အရင်းအနှီး အဖြစ်ယူပြီး ကိုယ်တိုင်ကျင့်ဖို့ပါပဲ။ ဒါမှ ထိုးထွင်းသိတဲ့အသိတစ်ခုဆီ အဆင့်တက်ပြီး ဘယ်တော့မှ မပြောင်းလဲတဲ့အသိကို ရမှာပါ။ ဒါကို သာသနာ့အသုံးမှာ ပဋိဝေဓ (ကျင့်သိ) အသိလို့ခေါ်ပါတယ်။ ဒီလိုအကျိုးတွေရဖို့ဆိုရင် အကြောင်းတရားများလည်း ပြည့်စုံဖို့လိုအပ်ပါတယ်။

အကျိုးဆိုတာ အကြောင်းနဲ့ကင်းတာမှ မဟုတ်တာ။ တာရှည်ခံပြီး လွတ်မြောက်တဲ့ အကျိုးတစ်ခုကို လိုချင်တယ်ဆိုရင် အတတ်ပညာ (ပရိယတ္တိ)၊ အကျင့် (ပဋိပတ္တိ)နဲ့ အသိပညာ (ပဋိဝေဓ) ကို ကိုယ်တိုင်လည်း ဖြည့်ရမှာဖြစ်

သလို ဖြည့်နေသူများကိုလည်း ဖြည့်နိုင်အောင်၊ အမြန်ပြည့်အောင် ကိုယ်တိုင်လည်းကျင့် အများကျင့်နိုင်ဖို့အတွက်လည်း ကူညီပေးရပါတယ်။ ဗုဒ္ဓဆိုတဲ့ သူတော်ကောင်းကြီးနဲ့တွေ့ရင် ကောင်းမှုတွေဟာ တစ်ရာရာခိုင်နှုန်း အပြည့်ရတယ်လို့ ဗုဒ္ဓဘုရားကို ရှင်အာနန္ဒာကို မိန့်ကြားခဲ့တာမဟုတ်ပါလား။ အခုလည်း အကျင့်ကြောင့်ရလာနိုင်မယ့် ပဋိဝေဓအသိတစ်ခုအတွက် မျိုးစေ့တစ်ခုကို သူတော်ကောင်းများနဲ့ပေါင်းပြီး ရှာဖွေခွင့်ရလိုက်ပါပြီ။ ၂၀၁၆ ခုနှစ်က သာသနဓဇဓမ္မာစရိယဘွဲ့ ရရှိခဲ့တဲ့ရဟန်းတော် (ဦးဓမ္မသာရ)တစ်ပါး သီရိလင်္ကာနိုင်ငံသွားပြီး ပညာသွားသင်ချင်ပါသတဲ့။ ဒီရဟန်းတော်ဟာ ဘွဲ့မရခင်အချိန်ကာလတွေတုန်းက ဆယ်စုနှစ်ကြာ အများအတွက် ပရဟိတပညာရေးကဏ္ဍမှာ တာဝန်ယူသင်ကြားပေးခဲ့ဖူးသူ ဆရာတစ်ယောက်ပါ။ အများအတွက် ပေးဆပ်မယ်ဆိုရင် ကိုယ်တိုင်များများသိရမယ်ဆိုတဲ့အသိက တွန်းအားတစ်ခုဖြစ်လာတာကြောင့် ပညာသင်ရာ စာသင်တိုက်ကြီးသို့သွားပြီး ဘွဲ့တစ်ခုရအောင် (၇) နှစ်လောက် ကြိုးစားခဲ့သူ။ ဘွဲ့ရလာတော့လဲ ပြောင်းလဲလာတဲ့ သင်ကြားရေးစနစ်၊ အတတ်ပညာဆန်းတွေကြောင့် သင်ကြားပေးမယ့်ဆရာတွေလည်း သိသင့်၊ တတ်သင့်တာများကို သိအောင်၊ တတ်အောင် ကြိုးစားရတော့တာပါပဲ။ ဆရာကောင်းတစ်ယောက်ထွက်ပေါ်လာခဲ့ရင် တပည့်ပေါင်းတစ်သောင်းမက မွေးထုတ်ပေးနိုင်တာမို့ ဆရာကောင်းတစ်ယောက်လည်းဖြစ်စေ၊ ပဋိဝေဓမျိုးအသိမျိုးစေ့လည်း ဖြစ်စေဆိုတဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်အခြေအနေကို မွေးဖွားရပါတော့တယ်။

ဒါကတော့ အလှူရှင်သူတော်ကောင်းများနဲ့ပေါင်းပြီး နိုင်ငံခြားပညာသင်သွားမယ့် ဆရာတော်တစ်ပါးရဲ့ လိုအပ်ချက်များကို နိုင်ရာတာဝန်ယူရင်း တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးဖို့ပါ။ ပညာသင်သွားမယ့် ရဟန်းတော်

တစ်ပါး ပညာကိုလွယ်ကူစွာသင်ယူနိုင်စေဖို့အတွက် ကျောင်းဝင်ကြေး စက်ဒ်ပူဒေါ်လာ (၁၅၀၀)နဲ့ တက္ကသိုလ်တက်တဲ့အခါ သင်ခန်းစာများ မှတ်သားဖို့နဲ့ M.A တန်းအတွက် Thesis ရေးတင်နိုင်စေဖို့ Laptop Computer တစ်လုံးကို စုပေါင်းလှူဖြစ်ပါတယ်။ ဒါဟာ ၂၀၁၇ နှစ်အတွက် သဒ္ဓါတူ စေတနာရှင်များရဲ့ ပညာသင်ထောက်ပံ့ အလှူတစ်ခုပေါ့။ ဒီအလှူကြောင့် အလှူရှင်များ အားလုံး နိဗ္ဗာန်မျိုးစေ့ကိုရရှိကာ သန္တိသုခကို ခံစားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါရဲ့။

သူတောင်ကောင်းများရဲ့အလှူကို နတ်၊ လူ အများ ထပ်တူရစေဖို့ အမျှပေးဝေပါ၏။

**နတ်၊ လူ သာဓုခေါ်စေသော်**

(၂၀. ၀၇. ၂၀၁၇) ကြာသပတေးနေ့



## "ရွှေပြည်တော် မျှော်တိုင်းဝေး"

လောကမှာ နေထိုင်အသက်ရှင်နေကြတဲ့ သတ္တဝါတွေ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုကို ပယ်ဖျောက်ဖို့အတွက် နည်းအမျိုးမျိုးနဲ့ ချမ်းသာသုခကို ရှာဖွေကြပါတယ်။ တကယ်လို့ဆင်းရဲကိုသာ သတ္တဝါတွေ မကြုံခဲ့ရဘူးဆိုရင် ချမ်းသာကို ရှာဖွေကြမှာမဟုတ်ပါဘူး။ ဒုက္ခကို တကယ်ကြုံတွေ့ရပြန်တော့ လည်း ကိုယ်ကြုံနေရတဲ့ ဒုက္ခလောက်ကိုပဲ ဒုက္ခထင်ပြီး ကြုံနေရတဲ့ ဒုက္ခအဖြစ်မှ လွတ်ချင်ကြတာပါ။ ဒါကြောင့်လည်းပဲ ပစ္စည်းရှိသူများက သုံးစရာမရှိချိန်က ကြုံရတဲ့ဒုက္ခကို ထပ်မကြုံချင်လို့ ပစ္စည်းရှိအောင်ပဲ ကြိုးစားပြန်ရော။ ပညာ မတတ်လို့ ဆင်းရဲကိုကြုံရသူတွေက ပညာမတတ်လို့ဆင်းရဲတယ်ဆိုပြီး ပညာကို တတ်အောင်သင်ကြရပြန်ရော။ ဒါဟာ သူတို့ရဲ့ အတွေ့အကြုံကိုမှီပြီး ကြုံလာတဲ့ ဒုက္ခကို ကျော်လွှားဖို့ ကြိုးစားကြတဲ့ သတ္တဝါတွေရဲ့အပြုအမူပါပဲ။

ဒါပေမယ့် ဒီထက်ပိုတဲ့ ဒုက္ခတွေရှိသေးတယ်ဆိုတာကို ပြောတဲ့အခါ မသိသလို ကျိုးကျွန်ပြုနေပြန်ရော။ ကျန်းမာရေးမကောင်းတဲ့အဖြစ်ကို မကြုံ ရသေးတဲ့ ကျန်းမာသန်စွမ်းတဲ့သူဟာ နေမကောင်းခြင်းဒုက္ခတွေကို ဘယ် နားလည်ပါ့မလဲ။ အသိပြည့်လာတဲ့သူကတော့ သူများကြုံတွေ့ရတာကို ဒီလို နေမှာပဲဆိုတဲ့အတွေးနဲ့ ကိုယ်တိုင် ကျန်းမာရေးကောင်းအောင် ဂရုစိုက် လိုက်စားမှာမှန်ပေမယ့် အသိမဲ့သူကတော့ ဒုံရင်းဒုံရင်းပါပဲ။ ဘဝဆိုတာ ကိုယ်

ထင်ထားသလောက် မလွယ်ကူသလို ဒုက္ခအမျိုးမျိုးကိုလည်း သာမန်ဉာဏ်နဲ့ မမြင်နိုင်ပါဘူး။ တကယ်တော့ ဘဝထဲမှာ ဒုက္ခတွေက အမြောက်အမြားရှိနေသလို အရောင်အသွေးလည်း စုံပါတယ်။ ကိုယ်ကြုံတဲ့ဒုက္ခ သူမကြုံဖူးတော့ ဂရုမစိုက်ကြ၊ သူကြုံတဲ့ဒုက္ခ ကိုယ်မကြုံတော့ အရေးမစိုက်နဲ့ သံသရာကြီးမှာ လည်နေကြရတာပါ။ ဒုက္ခဆိုတာ တစ်ချိန်လုံးနှိပ်စက်နေတဲ့ သံသရာယန္တရား စက်ကြီးတစ်လုံးလို့ မြင်ခဲ့ရင် ဒုက္ခအားလုံးချုပ်ငြိမ်းရာကို သတ္တဝါတွေ တမ်းတမိကြမှာ၊ ရအောင် ရောက်အောင်ကြိုးစားကြမှာ အသေအချာပါပဲ။ လောကချမ်းသာဆိုတာ တစ်ခုရဖို့အတွက် ဒုက္ခနဲ့ရင်းရတဲ့အရာတစ်ခုသာ ဖြစ်ပါတယ်။ ပစ္စည်းဥစ္စာကြွယ်ဝတာကို ချမ်းသာလို့ အဓိပ္ပါယ်ဖွင့်ဆိုသူတွေက ပစ္စည်းပြည့်စုံအောင် ကြိုးစားကြပါတယ်။ ဒါပေမယ့် သူတို့ သတိမထားမိတာက ဒီလိုရှာဖွေနေရတာကိုက ဒုက္ခတစ်ခုကို ပုံဖေါ်နေတာပဲဆိုတာကိုပါ။ လိုချင်တဲ့အရာ ရလာပြီဆိုရင်လည်း မပျောက်အောင် ထိမ်းသိမ်းရပြန်ရော။ ထိမ်းသိမ်းဖို့အတွက် ဘာအကောင်းဆုံးလည်း တွေးရပြန်ရောနဲ့ ဒုက္ခပေါ် ဒုက္ခထပ်ဆင့်နဲ့ ဒုက္ခသံသရာလည်တော့တာပါပဲ။ ပညာတတ်မှချမ်းသာမယ်လို့ တွေးတဲ့သူကလည်း ပညာတတ်ရမယ် ဆိုပြီး ပညာတွေကို အပြေးအလွှားသင်ရင်း အိပ်ရေးပျက်၊ စိတ်ပင်ပန်းနဲ့ ပျို့ရွယ်မှုတွေကို လမ်းပေါ်မှာထား ကုန်ဆုံးစေရင်း နေ့များစွာကို ဖြတ်သန်းရတာပါပဲ။ ဒါလည်း ဒုက္ခသေးသေးမှ ဒုက္ခကြီးကြီးရောက်အောင် ကြိုးစားနေကြမှန်း မရိပ်မိ ကြပါဘူး။ ပညာတတ်လာတဲ့အခါ အလုပ်ကောင်းကောင်းရမှဆိုတဲ့အတွေး၊ ငါလိုပညာတတ်ကို ဘာထင်လဲဆိုတဲ့ အပြောတွေက ပညာတတ်သူကို ဒုက္ခပေး ပြန်ပါတော့တယ်။ ဒါဆို ဒုက္ခလုံးဝကင်းတဲ့ သဘောတရားဆိုတာ မရှိတော့ဘူးလားလို့ မေးခဲ့ရင် . . . ရှိပါတယ်လို့ပဲ ဖြေရပါလိမ့်မယ်။ ဒါပေမယ့် ဒုက္ခရောက်တာကို ဒုက္ခရောက်နေမှန်း မသိသူတွေကို နားလည်အောင်ရှင်းပြဖို့ဆိုရင် ဘာကြောင့်ဒုက္ခရောက်ရတယ်၊ ဘာကို

ဒုက္ခခေါ်တယ်ဆိုတာကို နားလည်မှ အဆင်ပြေမှာပါ။

ဘာသာ၊ သာသနာကိုးကွယ်သူတွေ ဒုက္ခကိုကြောက်လို့ ဒုက္ခကင်းကြောင်းများကိုလုပ်ရင်း တောင်းဆုတွေပြုတတ်ပါတယ်။ အာသဝေါတရားလေးပါးတို့၏ ကင်းရာ၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရပါ၏လို့။ ဒုက္ခတွေကို အရောင်ဆိုးပြီး သတ္တဝါလက်ထဲကို ဒုက္ခအရောင်ပြောင်း သုခအတုတွေ ထည့်ပေးတာကတော့ အာသဝတရားတွေပါပဲ။ ဒါကြောင့် ဒုက္ခအားလုံးငြိမ်းရာအဖြစ်ကို (နိဗ္ဗာန်)သိဖို့ဆိုရင် အရောင်ဆိုးတတ်တဲ့ အာသဝအကြောင်းကို နားလည်ရပါလိမ့်မယ်။ ဒါမှ ဒုက္ခဆိုတာ ဘာလဲ၊ ဒုက္ခငြိမ်းရာ(နိဗ္ဗာန်)ဆိုတာ ဘာလဲဆိုတာကို တိတိကျကျသိနိုင်မှာပါ။

အာသဝဆိုတာ လူကို မူးယစ်စေတတ်တဲ့သဘောကို ပြောပါတယ်။ အရက်နဲ့တူတဲ့ သဘောတရားပါတဲ့။ အရက်ဟာ လူကောင်းတစ်ယောက်ကို အမှား အမှန်မခွဲခြားနိုင်အောင် မှောက်မှားစေပြီး အမှားတွေကိုပဲ ဖန်တီးပြီး လူကို ဒုက္ခပေးတတ်ပါတယ်။ ခက်တာက အရက်သောက်သူကိုယ်တိုင် မူးနေတော့ ဒုက္ခရောက်တာကို ဒုက္ခရောက်မှန်းမသိ၊ အရှုက်ကွဲတာကို ကွဲမှန်းမသိဖြစ်ရော။ မူးသူကို ရူးနေလို့ ငြိမ်းချမ်းကြောင်းပြောလည်း ဂရုမစိုက်တဲ့အပြင် အဖက်ကို လုပ်မှာမဟုတ်ပါဘူး။ အရက်သောက်ထားလို့ မူးနေတဲ့သူနဲ့ တူတဲ့သူတွေဟာ သတ္တဝါတွေပါပဲ။ အာသဝနဲ့မူးလို့ ရူးနေကြတာပေါ့။ **အာသဝ** = မူး၊ ရူးစေတတ်တဲ့ သဘောတရားဟာလည်း (၄)မျိုး တောင်ရှိပါတယ်။ (၁) ကာမာသဝ၊ (၂) ဘဝါသဝ (၃) ဒိဋ္ဌာသဝနဲ့ (၄) အဝိဇ္ဇာသဝတို့ပါ။

ကာမာသဝမှာ စကား(၂)ခုကို ပေါင်းထားပါတယ်။ ကာမရယ်၊ အာသဝရယ်။ ကာမဆိုတာ လိုချင်တာ။ အာသဝက မူးယစ်စေတာ။ ကာမနဲ့ အာသဝကို ပေါင်းလိုက်တော့ ကာမာသဝ လိုချင်လို့ မူးပြီးယစ်နေတာတဲ့။ ဒါဆို ကာမလိုချင်စရာတွေက ဘာတွေပါလိမ့်။ ကာမလိုချင်စရာတွေက ရူပါရုံ = မြင်စရာအမျိုးမျိုး၊

သဒ္ဒါရုံ = ကြားစရာအထွေထွေ၊ ဂန္ဓာရုံ = အနံ့အဖုံဖုံ၊ ရသာရုံ = အရသာအစုစုနဲ့ ဖောဋ္ဌဗ္ဗာရုံ= ထိစရာအသီးသီးပေ့ါ။ သတ္တာဝါရယ် (နာမရူပ) လို့ဖြစ်လာတဲ့အခါ အာရုံခံစရာတွေက (သဠာယတန) အလိုလိုပါပြီးသား။ မျက်စိရယ်လို့ ပါလာမှတော့ ၊ မြင်ချင် (ကာမ) လာတော့တာပေ့ါ။ ဒါကြောင့် မြင်စရာနောက် တကောက်ကောက်လိုက်ကြတာ။ မြင်စရာကို မတွေ့တွေ့ အောင်ရှာရတာကို ပင်ပန်းတယ်၊ ခက်ခဲတယ်ဆိုတာကို မသိအောင် သတ္တဝါတွေကို မူးပြီးယစ်အောင် (အာသဝ) လုပ်ထားပါရော။ သူ့မြင်ရရင် ကျေနပ်တယ်၊ ဒါကိုကြည့်နေရရင် သဘောကျတယ်ဆိုပြီး အမြင်နဲ့ယစ်တဲ့သတ္တဝါတွေ ဒုနဲ့ဒေး။ မမြင်ရရင် ဘာဖြစ်လာမယ်ဆိုတာကို မတွေးနိုင်လောက်အောင် မူးစေယစ်စေထားတာလား။ ဒါကလည်း အာသဝ = မူးယစ်ဆေးဝါးရဲ့အစွမ်းတစ်ခုပါပဲ။ အာသဝ = မူးယစ်ဆေးဝါးကို သုံးစွဲပါရက်နဲ့ မစွဲဘူးဆိုရင် အာသဝ = မူးယစ် ဆေးဝါး သိက္ခာကျသွားမှာပေ့ါ။ မူးစေတတ်တဲ့သဘာဝက အဓိကမဟုတ်ပါဘူး။ မမူးအောင် မသုံးစွဲဖို့ ရှောင်ကြဉ်ဖို့က အဓိကပါ။ ဒါပေမယ့် ကာမ = မြင်ချင်တဲ့စိတ်လေးကရှိတော့ အာသဝ = မူးယစ်ဆေးဝါးကို သုံးမိတာပေ့ါ။ ဒီအတိုင်းပါပဲ။

ကြားချင်တာ၊ အနံ့ကောင်းကောင်းလေးကိုရှူချင်တာ၊ အရသာကောင်းကောင်းကို တမ်းတပြီး ခြေထောက်တိုအောင် စားသောက်ဆိုင်ကို ရှာဖွေတာ၊ ခေတ်မီတယ်ဆိုတဲ့အတွေးနဲ့ သုံးစရာများကို တစ်ခုပြီးတစ်ခု မရိုးအောင်သုံးစွဲနေတာတွေဟာ ကာမာသဝ = အာရုံ မူးယစ်ဆေးဝါးကို သုံးစွဲနေကြတာပါပဲ။ လောကမှာ မူးယစ်ဆေးဝါးကို သုံးစွဲနေသူတွေ ပြစ်မှုတွေ ကျူးလွန်လွန်းလို့ ဥပဒေထုတ် တားမြစ်ထားရတာမဟုတ်လား။ သူတို့က မူးယစ်နေလို့ အမှားအမှန်မသိလေတော့ လုပ်သင့်တာမလုပ်ဘဲ လုပ်ချင်တာကိုသာ လုပ်တော့တာမို့ မှားပြီးရင်း မှားရင်းနဲ့ ဒုက္ခကို မီးခွက်ထွန်းရှာသလို ဖြစ်နေရတာပါ။ မူးယစ်ဆေးသုံးစွဲသူတွေကို မှားနေတယ်၊ မသုံးနဲ့ ဖြတ်လိုက်ပါလို့ ပြောတာကို

အလွယ်တကူနားထောင်ပြီး ဘယ်နှစ်ယောက်များ အပြီးဖြတ်လိုက်ပါသလဲ။ လက်ချိုးရေလို့ ရမယ်ထင်ပါတယ်။ နားထောင်ပြီး ဖြတ်လိုက်သူများကိုပေ့ါ။ ဒီလိုပါပဲ ကာမာသဝနဲ့ ပတ်သက်ပြီး ရှာဖွေနေသူများကို ခင်ဗျားဟာ ကာမ အာရုံများနဲ့အချိန်ကုန် လူပမ်းပြီး ဒုက္ခရှာဖွေနေသလိုဖြစ်နေလို့ ဒီလိုအဖြစ်က ရပ်ပြီး လွတ်မြောက်အောင်ကြိုးစားပါလားလို့ တိုက်တွန်းကြည့်ပါ။ ဘယ်နှစ် ယောက်များ နားထောင်ပြီး လွတ်မြောက်အောင် ကြိုးစားမယ်ထင်ပါသလဲ။ လွတ်မြောက်အောင် ကြိုးစားသူများ ဘယ်နှစ်ယောက်ရှိတယ်ဆိုတာ လက်ချိုး ရေလို့ပါလိမ့်မယ်။ ဒီလိုဖြစ်တာ ဘာကြောင့်လဲ လိုချင်မှု (ကာမ)နဲ့ မူးယစ် (အာသဝ) နေကြလို့ပါ။ လိုချင်မှု၊ ဖြစ်ချင်မှုနဲ့ မူးယစ်နေသူ (ကာမာသဝ) တွေဟာ မူးပြီး ရူးနေကြလို့ ဒုက္ခရောက်မှန်းမသိကြလို့ ဒုက္ခလွတ်မြောက်ရာ နိဗ္ဗာန်ကို မတမ်းတတော့ပါဘူး။

ဘဝါသဝမှာလည်း စကား(၂)ခုပေါင်းထားတာပါပဲ။ ဘဝရယ်၊ အာသဝ ရယ်။ ဘဝဆိုတာ လူ့ဘဝဆိုတာ မွေးရ အိုရနဲ့ ဒုက္ခများလို့ လွတ်အောင် သမထကိုအားထုတ်ရင်း ပြဟ္မာဖြစ်တာကို တမ်းတတဲ့စိတ်နဲ့ အာသဝ = မူးယစ် နေသူတဲ့။ မြင်စရာစတဲ့အာရုံတွေဟာ လူရဲ့စိတ်ကိုနွမ်းစေသလို ခန္ဓာကိုယ် ကိုလည်း ပန်းစေတယ်ဆိုတဲ့ အသိတွေရလာတာနဲ့အမျှ အေးချမ်းမှုကို ရှာဖွေ လာ ပါတော့တယ်။ ဒီလိုရှာဖွေတဲ့အခါမှာ ဘဝဒုက္ခမှ လွတ်ချင်လို့မဟုတ်ဘဲ အာရုံဒုက္ခမှသာ လွတ်ချင်တာကြောင့် အာရုံကိုဖျောက်တဲ့နည်းကို ကြိုးစား အားထုတ်ကြပါရော။ ဒါကို သမထလို့ခေါ်ပါတယ်။ သမထအောင်မြင်သူတွေ သေပြီးတဲ့နောက် ရောက်ရမည့်ဘုံတွေက ဗြဟ္မာ့ဘုံသာဖြစ်ပါတယ်။ ဗြဟ္မာ့ ဘုံမှာ အိုခြင်းတရားတွေမရှိသလို ကာမအာရုံတွေကိုလည်း မခံစားတော့ပါဘူး။ လူ့ဘဝအတွေ့အကြုံက ကာမဟာ ပင်ပန်းတယ်ဆိုတာသိလို့ အားထုတ်ခဲ့တဲ့ တရားအစွမ်းကြောင့် အာရုံတွေကို မခံစားကြတော့တာပါ။ ဒီလိုနေရတာကို

သဘောကျနေတဲ့အတွက် သူတို့ကိုလည်း ဘဝကိုမမုန်းသူတွေမို့ ဘဝါသဝ လို့ ခေါ်ပါတယ်။ ရှာဖွေရတာကိုသာ ဒုက္ခအဖြစ်မြင်ပြီး ဘဝကို ဒုက္ခအဖြစ် မမြင် သေးတာမို့ ဘဝမှာ မူးယစ်နေသူတွေပေါ့။

နောက်တစ်ခုက ဒိဋ္ဌာသဝ။ ဒိဋ္ဌိနဲ့ အာသဝ ပေါင်းထားတဲ့ စကားလုံးပါ။ ဒိဋ္ဌိဆိုတာ အယူအဆ အတွေးအခေါ် လို့ အဓိပ္ပါယ်ရပါတယ်။ ဒိဋ္ဌာသဝဆိုတာ မှားယွင်းတဲ့အတွေးအခေါ်နဲ့ ဘဝကိုဖြတ်သန်းရင်း ကျေနပ်နေသူလို့ ဆိုရမှာ ပေါ့။ လူအမျိုးမျိုး၊ နတ်အဖုံဖုံနဲ့ ဘာသာအထွေထွေကို ကိုးကွယ်နေကြတဲ့ လောကကြီးမှာ ဒိဋ္ဌာသဝရဲ့ လွှမ်းမိုးမှုကတော့ ဩချလောက်ပါရဲ့။ ဘဝအမိုက် မှာ ကောင်းတာကြိုက်တဲ့ သတ္တဝါတွေ စိုးရိမ်မှု၊ ကြောက်ရွံ့မှုတွေကြောင့် ကိုး ကွယ်ရာကို အမျိုးမျိုးဖန်တီးပါတော့တယ်။ ဒုက္ခလွတ်ရာကို ပြပေး၊ သင်ပေး တဲ့ဘာသာတွေထက် သက်သာရာ သက်သာကြောင်းကိုပဲ ညွှန်ပြတဲ့ဘာသာ တွေများပါတယ်။ ကိုးကွယ်သူတွေကလည်း သက်သာရင်ပြီးရောလို့ အတွေးကို ဇာမချဲ့ဘဲ အလွယ်တကူ လက်ခံလိုက်ကြတာက ဒိဋ္ဌာသဝ။ ဒါကြောင့်လည်းပဲ ဘာသာတွေရဲ့ မှိုင်းတိုက်မှုကို ခံကြရတာပေါ့။

ဆရာတစ်ယောက်ပြောတာ ကြားဖူးတယ်။ Religious is like Opium တဲ့။ ဘာသာဆိုတာ မူးယစ်ဆေးလိုပါပဲတဲ့လေ။ ဒါဟာ ဒိဋ္ဌာသဝကို မှန်ကန် ကြောင်းထောက်ခံတဲ့ စကားရပ်တစ်ခုပါပဲ။ အမှားကို အမှန်ထင်လာတဲ့နေ့က စလို့ မဟုတ်တာအားလုံးကို အဟုတ်ထင်ပြီး လုပ်ကြတော့တာပါပဲ။ ဒါဟာ ဒုက္ခကိုဆွဲဆန့်လိုက်တဲ့ သဘောပါ။ ဒါကို ဒုက္ခရောက်မယ်နော်လို့ ဘယ်လောက် အသိပေးနေပါစေ သုခရမယ်လို့ပဲထင်ပြီး လုပ်နေကြတာပဲ။ ဒီလိုမျိုး လိုချင်စရာ (ကာမာသဝ) တပ်မက်စရာ (ဘဝါသဝ)၊ အမှားကို အမှန်မြင်တာ (ဒိဋ္ဌာသဝ) အားလုံးရဲ့ တရားခံကတော့ အဝိဇ္ဇာသဝါပါပဲ။ အဝိဇ္ဇာ = အမှားကို အမှန်ထင်၊ အမှန်ကို အမှန်ထင်ပြီး အာသဝ = မူးယစ်နေတဲ့သဘော။ တကယ်တော့

လောကမှာရှိတဲ့ သတ္တဝါအားလုံးဟာ အဝိဇ္ဇာရဲ့လွှမ်းမိုးမှုကြောင့် ကိုယ်လုပ်တာ ကိုယ်မှန်တယ်ပဲ ထင်ကုန်ရော။ ဒါကြောင့်လည်းပဲ မြင်၊ ကြား၊ နံ၊ စား၊ ထိနဲ့ပတ်သက်ပြီး လိုချင်မှုနောက်လိုက်ရမှာကိုလည်း မရှက်၊ ဘဝဒုက္ခရောက်မှာကိုလည်း မကြောက်၊ အမှားမြင်ပြီး အမှန်ထင်ရင်း အငြင်းပွားဖို့လည်း ဝန်မလေးကြတာလေ။ အဝိဇ္ဇာအားကြီးတော့ သုခအစစ်ရှိရာ နိဗ္ဗာန်ရွာ ရောက်ရလေအောင် နည်းပေးလမ်းပြစကား ဟောပြောပေးနေပေမယ့် လိုချင်မှုပဲမပြည့်သေးသလိုလို (ကာမသဝ)၊ ဘဝပဲအေးချမ်းသလို (ဘဝါသဝ)၊ ကိုယ့်အမြင်ပဲ မှန်နေသလိုလို (ဒိဋ္ဌာသဝ)၊ အခုလည်း အမှန်ကို လုပ်နေသလိုလို (အဝိဇ္ဇာသဝ)နဲ့ နားထောင်ချင်ယောင်ဆောင်ပြီး အမှားတွေ ထပ်လုပ်နေကြပြန်ရော။

သက်ရှိသတ္တဝါအနေနဲ့ ဒုက္ခတကယ်ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်ချင်တယ်ဆိုရင်၊ ရချင်တယ်ဆိုရင် အာသဝအကြောင်းကို ကောင်းကောင်း သိထားဖို့လိုအပ်သလို ကင်းအောင်လည်း ကြိုးစားဖို့ လိုအပ်နေပါပြီ။ ကင်းအောင်လုပ်နည်းရော ရှိပါသလားလို့မေးလာရင် ရှိ,လို့ အားရပါးရ အော်ဖြေလိုက်ချင်ပါတယ်။ ဘဝကို ဒုက္ခနဲ့ မိတ်ဖက်ပြီး မွေးဖွားအောင်လုပ်ပေးတာဟာ အဝိဇ္ဇာပါ။ ဒါကြောင့်လည်းပဲ ဘဝရှိတဲ့သတ္တဝါတွေ ဒုက္ခမသိဘဲ ဘဝမှာ ပျော်နေကြကြောင်း ပဋိစ္စသမုပ္ပါဒ်ဒေသနာနဲ့ ဗုဒ္ဓက အလင်းပြခဲ့တာပေ့ါ။ ဒုက္ခကို ဦးဆောင်တာ အဝိဇ္ဇာဆိုရင် သုခကို ရအောင်လုပ်ပေးမှာက ဝိဇ္ဇာပဲဖြစ်ရပါလိမ့်မယ်။ သေချာတာကတော့ အဝိဇ္ဇာခေါင်းနဲ့ဘဝကို ဘယ်လောက်ပြောင်းပြောင်း ဒုက္ခကိုယ်ပဲရမယ် ဆိုတာကို သေသေချာချာသိ (ဝိဇ္ဇာ) ဖို့လိုပါပြီ။

ဘီလူးခေါင်းနဲ့မင်းသားဟာ ကြည့်လို့ကောင်းချင်ကောင်းနိုင်ပေမယ့် အဝိဇ္ဇာခေါင်းနဲ့ နာမ်ရုပ်တွဲနေတဲ့ သတ္တဝါတွေ ဒုက္ခရောက်နေတာတော့ ကြည့်မကောင်းရိုးအမှန်။ ဒုက္ခပေါင်းထားတဲ့ခန္ဓာကို ငါလို့ထင်နေတဲ့ သတ္တဝါတွေ နာမ်ရုပ်ကွဲပြီး ဒုက္ခပျောက်စေမှာကတော့ ဝိဇ္ဇာ - သမ္မာဒိဋ္ဌိပါပဲ။ အာသဝမှာ

ခေါင်းဆောင်လုပ်နေတဲ့ အဝိဇ္ဇာသဝ၊ ဘဝကိုအမှောင်ထဲသွင်းပြီး ဒုက္ခကို ကုန်ကူးနေတဲ့ ပဋိစ္စသမုပ္ပါဒ်က အဝိဇ္ဇာတို့ကိုအနိုင်ယူဖို့ ဗောဓိပက္ခိယ တရားမှာပါတဲ့ မဂ္ဂင်ရှစ်ပါးကို ဗုဒ္ဓက ဟောကြားခဲ့တာပေါ့။ သုခလမ်းသွားမယ်ဆိုရင် ဗုဒ္ဓရဲ့မှာတမ်းကို မေ့ထားလို့မရပါဘူး။ ဗုဒ္ဓဆိုတဲ့ လူသားဟာ အတွေ့အကြုံ များလွန်းတယ်လေ။ ဒါကြောင့်လည်းပဲ အမှောင် **(အဝိဇ္ဇာ)**ကိုဖြိုကာခွင်းပြီး အလင်း **(ဝိဇ္ဇာ)**ကိုဆောင်ဖို့အတွက် သမ္မာဒိဋ္ဌိဆိုတဲ့စကားနဲ့ အသိကန့်လန့်ကာကို ဖွင့်ပေးခဲ့တာမဟုတ်လား။ အာသဝတရားတွေကြောင့် (သမုဒယသစ္စာ) ဒုက္ခဆိုတာ တကယ်ရှိတယ် (ဒုက္ခသစ္စာ)လို့ သိရလေအောင် သမ္မာဒိဋ္ဌိနဲ့ (မဂ္ဂသစ္စာ) နဲ့ အလင်းပြပေးခဲ့တာပါ။ ဒုက္ခ (ဒုက္ခသစ္စာ)သိလို့ ကျင့်လိုက်ရင် (မဂ္ဂသစ္စာ)စွဲတာ၊ လန်းတာ၊ မူးတာ၊ ယစ်တာတွေ (အာသဝ)ပျောက်ပြီး အမှန်လုပ်လို့ ငြိမ်းချမ်းသွားမယ် (နိရောဓ=နိဗ္ဗာန်) ဆိုတာကို အာမခံ (သန္ဒိဋ္ဌိကော) ခဲ့တာပေါ့။ အာသဝတွေယစ်လို့ ဒုက္ခဖြစ်မှန်းမသိသူတစ်ယောက်က ဒုက္ခကင်းတဲ့ ဘဝ (နိဗ္ဗာန်)ဆိုတာ မရှိပါဘူးလို့ ခြေကန်ငြင်းနေတဲ့အချိန်မှာ သနားတဲ့မျက်လုံးနဲ့ ပုထုဇဉ်ကို အပြုံးလေးနဲ့ ကြည့်နေမှာကတော့ အရိယာ(မဂ္ဂ)ပါပဲ။

ဒါကြောင့် ဒုက္ခရောက်နေပါလားရယ်လို့ (ဒုက္ခသစ္စာ) ကိုယ့်ကိုယ်ကို အရင်သိရပါမယ်။ ဘာကြောင့် ဒုက္ခရောက်တယ် (သမုဒယ)ဆိုတာကိုလည်း သုံးသပ်တတ်ရပါမယ်။ သုံးသပ်ပြီးတဲ့နောက် ဒုက္ခငြိမ်းရာ (နိဗ္ဗာန်-နိရောဓ) ဆိုတာ တကယ်ရှိတယ်လို့ ယုံကြည်ပြီး ယုံကြည်စွာ ကျင့်သုံး (မဂ္ဂ)ဖို့ပဲ လိုတာပါ။ ဒါဟာ အဝိဇ္ဇာအမှောင်ကြောင့် ငါထင်နေတဲ့ သတ္တဝါတွေကို ဝိဇ္ဇာအလင်းပြပြီး ငါဆိုတာမရှိ ရုပ်နာမ်သာရှိပြီး ဘဝထဲမှာ ဒုက္ခကလွဲပြီး ဘာမှမရှိလို့ အတိ အလင်းသိစေပါတယ်။ ဝိဇ္ဇာအလင်းဆောင် (သမ္မာဒိဋ္ဌိကို ကျင့်လို့ ရုပ်နာမ် မြင်တဲ့အတွက်) လို့ ဒုက္ခ တကယ်ငြိမ်းရာဆိုတာ တကယ်ရှိပါရဲ့လားလို့ သံသယများရှိနေခဲ့မယ်ဆိုရင်တော့ ဒုက္ခငြိမ်းရာ နိရောဓ- နိဗ္ဗာန်ဆိုတာ တကယ်

ရှိကြောင်း သာဓကတွေ ပြရမှာပေ့ါ။

နိဗ္ဗာန်ဆိုတာ အထင်အရှားရှိတဲ့ ပရမတ်တရားပါပဲ။ ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့စိတ်ကိုတောင် ကိုယ်တိုင်မစဉ်းစားရင် မသိနိုင်တော့ ကိုယ့်ခန္ဓာမှာ မပါတဲ့ နိဗ္ဗာန်ကို ပုထုဇဉ်ဉာဏ်နဲ့ ဘယ်မြင်နိုင်ပါ့မလဲ။ မမြင်ရလို့ မရှိဘူးလို့ တော့ မပြောလိုက်ပါနဲ့။ မရောက်ဖူးလို့ မရှိဘူးပြောတဲ့သူနဲ့တူနေလို့ အများက ကိုယ့်ကို တယူသန်ကြီးလို့ ထင်သွားပါလိမ့်မယ်။ ထာဝရငြိမ်းချမ်းမှု (နိဗ္ဗာန်) ရဖို့အတွက် အာသဝတရားလေးပါးကင်းအောင် ဝိဇ္ဇာ - သမ္မာဒိဋ္ဌိနဲ့ ကြိုးစားမှ ရနိုင်လို့ တကယ်ရှိတဲ့တရားပါ။ ထာဝရငြိမ်းချမ်းမှု (နိဗ္ဗာန်)ကို အရိယာမဂ်နဲ့ ပြည့်စုံတဲ့ အရိယာတွေသာ ရအပ်၊ ရောက်အပ်တဲ့အရာဖြစ်လို့ အသာဓာရဏ (ပုထုဇဉ်နဲ့မဆိုင်တဲ့ သီးသန့်) တရားပါတဲ့။ ဘယ်ဘုရားလက်ထက်ကတည်းက စတင်ဖြစ်ပေါ်ခဲ့တယ်ဆိုတာ အမွန်အစမရှိတဲ့ (အပဘဝ) ပါတဲ့။ နိဗ္ဗာန်ဟာ အမွန်အစမရှိတဲ့အတွက် အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိတဲ့ (အဇရာမရဏ) တရားပါတဲ့။ နိဗ္ဗာန် စပြီးဖြစ်တာမရှိလို့ အိုခြင်း၊ သေခြင်းမရှိတဲ့အတွက် မြဲတဲ့ (နိစ္စ) တရားပါတဲ့။ နိဗ္ဗာန်ဟာ ရုပ်သဘောကိုကျော် လွန်တာဖြစ်လို့ နာမ် (အရူပ) တရားပါတဲ့။ ဗုဒ္ဓမြတ်စွာနဲ့ ရဟန္တာများ ကိလေသာကင်းလို့ ငြိမ်းဆုံးခြင်း သို့ရောက်တာခြင်းတူတာမို့လို့ တစ်ထပ်တည်းတူညီတဲ့ (ကောဝနိဋ္ဌာ) တရား ပါတဲ့။

ဘာဝနာနဲ့ နိဗ္ဗာန်ရောက်သူရဲ့ ကိလေသာငြိမ်းခြင်း၊ ဥပါဒိမည်တဲ့ အကျိုးဝိပါက်ခန္ဓာ အကြွင်းရှိတာကိုစွဲပြီး သိရလို့ (သဥပါဒိသေသ)တရားပါတဲ့။ သမုဒယကို အကြွင်းမဲ့ပယ်လိုက်တဲ့အတွက် နောင်အခါ ဖြစ်ထိုက်တဲ့ ကံရဲ့ အကျိုးကိုပယ်ပြီးတဲ့ ရဟန္တာများအတွက် နောက်ဆုံးပရိနိဗ္ဗာန်ပြုရာ စုတိစိတ်မှ နောက် ခန္ဓာတို့မဖြစ်ခြင်း ပရိနိဗ္ဗာန်ပြုရာ စုတိတိုင်အောင်ဖြစ်ပြီးသော ခန္ဓာတို့ ကွယ်ပျောက်ခြင်း၊ ချုပ်ခြင်းရှိတဲ့အတွက် ဥပါဒိမည်တဲ့ ခန္ဓာရဲ့ အကြွင်းအကျန်

မရှိတာကိုစွဲပြီး **(အနုပါဒိသေသ)** တရားလို့လည်း ခေါ်ပါတယ်။ တင်းတင်း ရင်းရင်း အဆင့်ဆင့်အားထုတ်တဲ့အတွက် ဉာဏ်အထူးနဲ့ သိရတာဖြစ်လို့ ဗုဒ္ဓဘုရားက နိဗ္ဗာန်ဟာ ပရမတ်တရားအနေနဲ့ ထင်ရှားရှိတဲ့ တရားတစ်ခု ဖြစ်ကြောင်း ဟောခဲ့တာပေါ့။

တကယ်တော့ နိဗ္ဗာန်ဆိုတဲ့အရာဟာ ကိလေသာများ အာသ၀ထူတဲ့ ပုထုဇဉ်တွေ တွေးလို့ကိုမမီနိုင်တဲ့ အရာတစ်ခုပါပဲ။ တွေးလို့မမီတော့ နိဗ္ဗာန် ဆိုတာ ဘာမှမရှိတဲ့အရာလို့ တဆင့်စကား တဆင့်ပြောရင်း လက်ကမ်းခဲ့ရာ ကစလို့ နိဗ္ဗာန်ဆိုတာ ဘာမှမရှိတဲ့ ပျင်းခြောက်ခြောက်နေရာအဖြစ် လူငယ် တွေရဲ့ အတွေးထဲနေရာယူ လာပါတော့တယ်။ လူကြီးတွေက အသိ **(ပရိယတ်)** နဲ့ အကျင့် **(ပဋိပတ်)** ကို တွဲမသုံးဘဲ အကြားနဲ့သာ ဖြတ်သန်းတာ များခဲ့လေတော့ ဒုက္ခအားလုံးငြိမ်းရာ နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာလဲဆိုတာ ကိုတောင် လူငယ်တွေနားလည်အောင် မရှင်းပြနိုင်တော့တဲ့အခြေအနေကို ရောက်လာပါတော့တယ်။ အာသ၀တရားလေးပါး ဖုံးလွှမ်းထားသရွေ့ ထာ၀ရ အေးချမ်းမှု နိဗ္ဗာန်ကို မမြင်နိုင်ဘူး၊ တိမ်သလာနဲ့တူတဲ့ အာသ၀ကိုဖြိုခွင်းမှ နိဗ္ဗာန်ဆိုတဲ့ အလင်းကို မြင်နိုင်မှာ စသည်ဖြင့် ရှင်းပြနိုင်အောင် လူကြီးတွေရော၊ အခုလူငယ် နောက်၀ယ်လူကြီး ဖြစ်လာမယ့်သူရော သိအောင်လုပ်ထား သင့်ပါပြီ။ တိကျအောင်လဲ ကျင့်ထားဖို့ လိုနေပါပြီ။ နိဗ္ဗာန်ဆိုတာဘာမှ မရှိတဲ့နေရာလို့ ကြားတာများလာတဲ့အခါ ကာမာသ၀ = လိုချင်တာ၊ ပျော်စရာ တွေနောက်ကိုပဲ လိုက်နေတဲ့ လူငယ်တွေကြားမှာ နိဗ္ဗာန်ဆိုတာ စိတ်ကူးယဉ် စကားတစ်ခုအဖြစ် ကျောက်ဖြစ်ရုပ်ကြွင်းလို ပြတိုက်ထဲ ရောက်သွားပါလိမ့်မယ်။ အရင်ကလူကြီးတော့ အသိအကျင့်ကို တွဲဖက်မသုံးခဲ့လို့ နိဗ္ဗာန်အကြောင်း ကောင်းကောင်းမသိခဲ့တော့ သူတို့ရဲ့မျိုးဆက်သစ်တွေလဲ ဆန်းသစ်တဲ့ မေးခွန်းနဲ့ နိဗ္ဗာန်ကို မေးလာကြပါရော။ တကယ်လို့ နိဗ္ဗာန်ကို မတော်တဆရောက်ခဲ့

သည်ရှိသော်တို့ . . . ရောက်သွားခဲ့ရင်လည်း ပြန်ထွက်လို့ရတဲ့နည်းလမ်း ရှိလား တို့ စတဲ့ မေးခွန်းတွေကို ကြားနေရဦးမှာပါပဲ။

ဗုဒ္ဓဝါဒကို ကိုးကွယ်နေသူတွေ ကိလေသာတို့၊ အာသဝတို့ရဲ့ အဓိပ္ပါယ်နဲ့ သဘာဝကို ဘဝထဲထည့်ပြီး နားလည်အောင် မကြိုးစားသေးသရွေ့၊ ဗုဒ္ဓဟောကြားမြတ်တရားကို (ပရိယတ်)သိအောင် မလုပ်သေးသရွေ့၊ သိပြီးသားကို အကျင့်အဖြစ် (ပဋိပတ်) မပြောင်းလဲနိုင်သေးသရွေ့ နိဗ္ဗာန်ဆိုတဲ့စကား ဒုက္ခကင်းရာဖြစ်တဲ့ တရားရဲ့အရသာကို (ပဋိဝေဓ) ခံစားရမှာမဟုတ်သလို၊ သူများကိုလည်း နားလည်အောင် ရှင်းပြနိုင်မှာမဟုတ်ပါဘူး။ ခပ်ပေ့ါပေ့ါနဲ့အသိ၊ အကျင့်မရှိဘဲ အကြားနဲ့သာ မျိုးဆက်တစ်စုပြီး တစ်စု ဒီအတိုင်းဆက်သွားနေမယ်ဆိုရင်တော့ သာသနာလည်း မတိုးတက်၊ အသိတွေလည်း ပျောက်ပြီး ရွှေပြည်တော်မျှော်တိုင်းဝေးနေဦးမယ်ဆိုတာ . . .။

(၁၇. ဝ၈. ၂၀၁၇) ကြာသပတေးနေ့



# "ဥပုသ် သီလ ဆောက်တည်ကြ"

ဗုဒ္ဓသာသနာ ကိုးကွယ်ကြသူတွေ ဘဝရဲ့ဒုက္ခတွေကို ဖန်တီးတတ်တဲ့ အဝိဇ္ဇာ-မောဟနဲ့ တဏှာ-စွဲလန်းမှုတွေကို ပယ်ဖျောက်ပြီး ဒုက္ခကင်းကင်း နေနိုင်ဖို့ဆိုရင် အဓိကကျတဲ့သီလကို ကျင့်သုံးကြရပါတယ်။ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သာသနာသုံးရပ်ရှိတဲ့အထဲ စိတ်တည်ငြိမ်ဖို့ရယ်၊ မှန်ကန်စွာသိဖို့ ရယ်ဆိုရင် သီလကို အခြေခံပြီး ကျင့်သုံးယူရပါတယ်။ ဒါကြောင့်လည်း သီလကို Foundation of the Buddhism ဗုဒ္ဓဝါဒရဲ့ အဓိကအခြေခံလို့ပြောကြတာပေါ့။ အခြေခံကျတဲ့သီလဆိုတာ ကိုယ့်ကျင့်တရားကို ပြောတာပါပဲ။ ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းပြီး လုပ်သင့်တာကိုလုပ်၊ ပြောသင့်တာကိုပဲပြောပြီး နေ့များစွာကို ဖြတ်သန်းတာဟာ သီလကိုစောင့်ထိန်းတာပါပဲ။ ကိုယ်နဲ့နှုတ်ကို စောင့်ထိန်း တာများလာရင် ဒုစရိုက်တွေကင်းလာတာမို့ စိတ်ဟာ မကောင်းတာကိုတွေးဖို့ အခွင့်အရေးနည်းလာပါတယ်။ မကောင်းတာကိုတွေးဖို့ အခွင့်အရေးနည်းလာ တဲ့ စိတ်ဟာ တည်ငြိမ်လာတော့တာမို့ အမှန်ကိုမြင်ဖို့ သိပ်ကိုနီးစပ်သွားပါပြီ။ ဒါဟာ ဗုဒ္ဓဝါဒရှာဖွေနေတဲ့ အမှန်တရားရဲ့လမ်းစပါပဲ။

လမ်းစဖြစ်တဲ့ သီလဟာလည်း ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလနဲ့ (၂၂၇) သီလရယ်လို့ အမျိုးမျိုးရှိပြန်ပါတယ်။ ဘေးငါးပါး ရန်ငါးပါးကို တွေ့ကြုံရမှာစိုးကြောက်တဲ့ လူသားတွေ ခါးဝတ်ပုဆိုးလို မြဲမြံစွာ စောင့်ထိန်း ကျင့်သုံးနေရမှာက ငါးပါးသီလပါပဲ။ လူသားမှန်ရင် ငါးပါးသီလ

မြဲရမယ်လို့ဆိုလိုတာပါ။ ငါးပါးသီလမြဲလာတဲ့သူတစ်ယောက်အနေနဲ့ တစ်ဆင့် တက်ပြီး ရှစ်ပါးသီလကို ခံယူကျင့်သုံးသင့်ပါတယ်။ ဒီရှစ်ပါးသီလဟာလည်း ကိုယ်နဲ့နှုတ်ကို စောင့်စည်းရတာပါပဲ။ ဒါပေမယ့် သူက အရေအတွက်များလာ တာရယ်၊ စောင့်ထိန်းရတာ ခက်လာတာရယ်၊ ကျင့်သုံးမှုပုံစံ ပြောင်းလဲလာ တာရယ်ကြောင့် ဥပုသ်သီလလို့ ခေါ်ပါတယ်။ ဥပုသ်ဆိုတာ ဥပေါသထ ဆိုတဲ့ ပါဠိကဆင်းသက်လာတဲ့ ပါဠိသက်ဝေါဟာရတစ်မျိုးပါပဲ။ ကိုးပါးသီလကျတော့ ကိုယ်နဲ့နှုတ်ကိုသာမက စိတ်ကိုပါ မေတ္တာနဲ့ လေ့ကျင့်ပေးရပါတော့တယ်။ ဆယ်ပါးသီလကတော့ ရှင်သာမဏေများ စောင့်ထိန်းကျင့်သုံးရတဲ့ သီလဖြစ်လို့ သာမဏေရ (ရဟန်းရဲ့သားတော်များ) သီလလို့ခေါ်ပြီး ရဟန်းများကျင့်သုံးရတဲ့ (၂၂၇)ပါးသီလကိုကျတော့ ပါတိမောက္ခသံဝရသီလ (အပါယ်မကျအောင် စောင့် ထိန်းရတဲ့) လို့ခေါ်ပါတယ်။

ငါးပါးသီလကို အများကသိထားကြပေမယ့် ဝါတွင်းကာလရောက်တဲ့ အခါ စောင့်သုံးကြတဲ့ ဥပုသ်သီလများ အကြောင်းကိုတော့ သိသူနည်းကြပါ တယ်။ ငါးပါးသီလနဲ့ ဥပုသ်သီလများဟာ ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းရ တာချင်းတူကြပေမယ့် ဥပုသ်သီလကျတော့ သီလညှိုးနွမ်းစေတတ်တဲ့ မေထုန် ငယ် (၇)ပါးကိုပါ ရှောင်ကြဉ်ရပါတော့တယ်။ အမျိုးသားများအတွက် မေထုန် ငယ် (၇)ပါးကို မဟာသုတဒီပနီမှာ ဒီလိုလေးဖော်ပြထားပါတယ်။

၁။ မိန်းမနှင့် ကိုယ်လက်ထိတွေ့မှုကို သာယာခြင်း၊

၂။ မိန်းမနှင့်ပြုံးရယ်ကာ စကားပြောနေရတာကို သာယာခြင်း။

၃။ စကားပြောခွင့်မရပေမယ့် မိန်းမနှင့်အပြန်အလှန်ကြည့်နေရတာကို သာယာခြင်း၊

၄။ စကားပြောခွင့်၊ မြင်ခွင့်မရပေမယ့် မိန်းမစကားပြောသံကို နားထောင် သာယာခြင်း။

၅။ စကားပြောခွင့်၊ မြင်ခွင့်၊ ကြားနိုင်ခွင့်မရပေမယ့် အရင်ကမိန်းမနှင့်

နှီးနှောနေထိုင်ခဲ့ဖူးတာကို တွေးတောကြံစည် သာယာနေခြင်း၊

၆။ ကြံစည်စရာမရှိရင်လည်း သူများတွေ နေထိုင်တာကို ကြည့်မြင် သဘောကျခြင်း၊

၇။ ဒီလိုသီလကုသိုလ်ကြောင့် လူ၊ နတ်ဘဝမှာ နတ်သမီးများနဲ့ပျော်ပါးရ ပါလို၏လို့ တောင်းတသာယာခြင်းတို့ပါတဲ့။ ဒါက ယောကျ်ားနဲ့ ပတ်သက်ပြီး ပြောခဲ့တာပါ။ အမျိုးသမီးများနဲ့ ပတ်သက်ပြီးလည်း ပြောင်းပြန် ယောကျ်ားနှင့် ကိုယ်လက်ထိတွေ့မှုကို သာယာခြင်း စသည်ဖြင့် ယူလိုက်ရုံပါပဲ။

ဥပုသ်သီလ (ရှစ်ပါးသီလ) ကိုယူတဲ့အခါ ငါးပါးသီလမှာပါတဲ့ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ဟာ အဗြဟ္မစရိယအဖြစ် ပြောင်းလဲလာတာဟာ မေထုန်အကြီးကို ရှောင်ကြဉ်လိုက်တာပါပဲ။ ပြီးတော့ ဝိကာလဘောဇန သိက္ခာပုဒ်တိုးလာတာ။ ဒီသိက္ခာပုဒ်ဟာ အစားအသောက်နဲ့ပတ်သက်ပြီး အလုပ်ရှုပ်စေတတ်တဲ့တဏှာကို သတ်ရုံမက အစာစားလို့ အားရှိတဲ့အခါ မေထုန်ကြီး၊ မေထုန်ငယ်များကို တမ်းတတတ်တဲ့တဏှာကိုလည်း ရပ်သွားစေပါတယ်။ ပြီးတော့ နစ္စဂီတစသည်နဲ့ မာလာဂန္ဓသိက္ခာပုဒ်များ။ ဒီသိက္ခာပုဒ်တွေဟာလည်း မေထုန်ငယ်များကို တမ်းတတတ်တဲ့စိတ်နဲ့ အလှအပကိုသာယာတတ်တဲ့ တဏှာကို ရပ်လိုက်တာပါပဲ။ ဒီလိုမျိုး သာမန်လူတွေ မလုပ်နိုင်တဲ့အလုပ်မျိုးကို ထိန်းသိမ်းပြီးနေတာကို ဥပုသ်စောင့်တယ်လို့ခေါ်တာပါ။ ဒါဟာလည်း အမှန်ပါပဲ။ ငါးပါးသီလယူတုန်းက ကာယကံ၊ ဝစီကံအကြမ်းစားများကိုသာ ရှောင်ကြဉ်ရပြီး ဥပုသ်သီလကို ယူတဲ့အခါကြတော့ အနုစားကာယကံများကိုပါ ရှောင်ကြဉ်ရင်း စောင့်ထိန်းရတာပါ။ ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းရတာမို့ သီလဖြစ်တာ မှန်ပေမယ့် စောင့်ထိန်းမှု၊ ရှောင်ကြဉ်မှုက နူးညံ့ညင်သာလာတာမို့ ဥပုသ်ဆိုတဲ့ နာမည်အပိုလေးပါ ထည့်ရတဲ့အဖြစ်ပါ။

လူတွေစောင့်ထိန်းရတဲ့ ဥပုသ်ဟာလည်း (၈)ရက်နဲ့ လပြည့်၊ လကွယ်သာ ရှိတာမဟုတ်ပါဘူး။ ဘုရားအလောင်း နေမိမင်းကြီး တည်ဆောက်တဲ့ ဥပုသ် နေ့တွေဟာ တစ်လ၊ တစ်လမှာ မနည်းပါဘူး။ ဒါကြောင့် ဥပုသ်နေ့တွေကို ၁။ ပကတိ ဥပုသ်နေ့ ၂။ အကြို ဥပုသ်နေ့ ၃။ အပို့ ဥပုသ်နေ့ရယ်ဆိုပြီး သုံးမျိုးရှိပါတယ်။ မြန်မာလတွေဟာ တစ်လနဲ့ တစ်လ ရက်မတူပါဘူး။ ရက်အစုံလမှာ ရက်(၃၀)ရှိပြီး ရက်မစုံလမှာဆိုရင် (၂၉) ရက်ပဲ ရှိပါတယ်။ ဥပမာ။ အမလ ဖြစ်တဲ့ တန်ခူးလဆိုရင် (၂၉)ရက်ပဲရှိတာပါ။ ဒါကြောင့် ဥပုသ်ရက်တွေ နည်းသွားရပါတယ်။ လ,တစ်လမှာ . . .

၁။ ပကတိ ဥပုသ်နေ့ဆိုတာ လဆန်း၊ လဆုပ် (၅)ရက်၊ (၈)ရက်၊ (၁၄) ရက်နဲ့ (၁၅)ရက်တို့ကို ခေါ်ပါတယ်။ ရက်စုံတဲ့လ (ရက် ၃၀)မှာဆို ဥပုသ်နေ့ (၈)ရက်ရှိပြီး (ဥပမာ ကဆုန်လလို)၊ ရက်မစုံလ (၂၉ ရက်သာရှိ)မှာဆိုရင် ဥပုသ်နေ့ (၇)ရက်သာရှိပါတယ် (ဥပမာ တန်ခူးလလို)။

၂။ အကြို ဥပုသ်နေ့ဆိုတာ လဆန်း၊ လဆုပ် (၅)ရက်နေ့ရဲ့ အကြိုဥပုသ်နေ့ဟာ (၄)ရက်နေ့ဖြစ်ပြီး၊ (၈) ရက်နေ့ရဲ့ အကြိုဥပုသ်က (၇)ရက်နေ့ ဖြစ်ပါတယ်။ (၁၄) ရက်နေ့ရဲ့ အကြိုဥပုသ်နေ့က (၁၃) ရက်နေ့ဖြစ်ပြီး (၁၅) ရက်နေ့ရဲ့ အကြိုဥပုသ်နေ့တော့ မရှိပါဘူး။

၃။ အပို့ ဥပုသ်နေ့ဆိုတာ လဆန်း၊ လဆုပ် (၅)ရက်နေ့အတွက် (၆) ရက်နေ့ဖြစ်ပြီး၊ (၈)ရက်နေ့အတွက်က (၉)ရက်နေ့ဖြစ်ပါတယ်။ (၁၅)ရက်နေ့ ဥပုသ်ရဲ့ အပို့နေ့ဟာ လပြည့်ကျော် (၁)ရက်နေ့ဖြစ်ပြီး၊ (၁၄)ရက်နဲ့ လကွယ်တဲ့လအတွက်တော့ လဆန်း (၁)ရက်နေ့ဟာ အပို့နေ့ဖြစ်ပါတယ်။

ဒါကြောင့် ဥပုသ်နေ့တွေဟာ ရက်စုံလအတွက် . . .

၁။ ပကတိဥပုသ်ပေါင်း (၈)ဥပုသ်ရှိပြီး ရက်မစုံလအတွက် (၇)ဥပုသ်ရှိတာကြောင့် (၁၅)ဥပုသ်ရှိပြီး

၂။ အကြို အပို့ ဥပုသ်နေ့များမှာ ရက်စုံလမှာ လဆန်း (၆) ဥပုသ်၊ လဆုပ်

(၆) ဥပုသ်ရှိတဲ့အတွက် (၁၂) ဥပုသ်ရှိပြီး ရက်မစုံလမှာလည်း လဆန်း (၆) ဥပုသ် လဆုပ် (၆) ဥပုသ်ရှိတဲ့အတွက် (၁၂) ဥပုသ်ပဲရှိပါတယ်။ ဒါကြောင့် ရက်မစုံလ ဖြစ်တဲ့ တန်ခူး၊ နယုန်၊ ဝါခေါင်၊ သီတင်းကျွတ်၊ နတ် တော်၊ တပို့တွဲလတွေမှာ ပကတိဥပုသ် (၇)ဥပုသ်နဲ့ အကြို၊ အပို့ ဥပုသ် (၁၂)ဥပုသ်ရှိတဲ့အတွက် စုစုပေါင်း ဥပုသ်နေ့ (၁၉)ရက်ရှိပြီး ရက်စုံလဖြစ်တဲ့ ကဆုန်၊ ဝါဆို၊ တော်သလင်း၊ တန်ဆောင်မုန်း၊ ပြာသို၊ တပေါင်းလတွေမှာ ပကတိ ဥပုသ် (၈)ရက်ရှိပြီး အကြို အပို့ (၁၂)ရက် ရှိတာဖြစ်တာအတွက် ဥပုသ်နေ့ပေါင်း (၂၀)တိတိရှိပါတယ်။

အခုခေတ် ဥပုသ်သီလဆောက်တည်သူတွေမှာ ဆန္ဒအလိုက်၊ အသိအလိုက် ဥပုသ်ကို စိတ်ကူးအမျိုးမျိုးနဲ့ ယူကြမှာမို့ ဥပုသ်အမျိုးအစား ဘယ်လောက် များနေမယ်ဆိုတာ ခန့်မှန်းမပြောနိုင်ပေမယ့် စာပေမှာတော့ ဥပုသ်စောင့်တာနဲ့ ပတ်သက်ပြီး ၁။ ဂေါပါလကဥပုသ် ၂။ နိဂဏ္ဌဥပုသ်နဲ့ ၃။ အရိယာဥပုသ်ရယ်လို့ သုံးမျိုးရှိပါတယ်။

၁။ ဂေါပါလဥပုသ် ( နွားကျောင်းသားဥပုသ်)ဆိုတာ နွားကျောင်းသားဟာ သူတို့စောင့်ရတဲ့နွားတွေ ဒီနေ့ ဘယ်နေရာမှာမြက်စားတယ်၊ ဒီနေရာမှာ ရေသောက်တယ်၊ မနက်ဖြန်ကျရင်တော့ တစ်နေရာပြောင်းစားကြမှာပဲ စသည်ဖြင့် စားကျက်ကိစ္စ၊ ရေတိုက်ရန်ကိစ္စများကို ကြံစည်တွေးတောနေသလို ဥပုသ်နေ့မှာ ဥပုသ်စောင့်တဲ့ ဥပုသ်သည်ဟာလည်း ဒီနေ့ဘာတွေစားရတယ်၊ ဘယ်သွားတယ် စသည်ဖြင့်တွေးသလို မနက်ဖြန်ကြရင်လည်း ဘာစားမယ်၊ ဘယ်သွားမယ်စသည်ဖြင့် တွေးရင်းနဲ့ စားသောက်ရေး၊ သွားရေးစသည်ဖြင့် အတွေးသံသရာနဲ့ အချိန်ကုန်ကြပါတယ်။ နွားကျောင်းသားလို စားစရာ၊ သွားစရာစတဲ့ အရာတွေကိုတွေးပြီး နေ့တစ်နေ့ကို ကုန်စေသလိုမျိုး ဥပုသ်သည်ဟာလည်း အစားအသောက်၊ နေရာနဲ့ နေ့တစ်နေ့ကို ကုန်စေတာမို့လို့ ဂေါပါလ (နွားကျောင်းသား) ဥပုသ်ပါတဲ့။

၂။ နိဂဏ္ဌ (တက္ကတွန်း) ဥပုသ်ဆိုတာကတော့ အရပ်လေးမျက်နှာ ယူဇနာ (၁၀၀)အပြင် (မိုင် ၈၀၀)ဖက်မှာရှိကြတဲ့ သတ္တဝါတွေကို မသတ်ဘူးလို့ ရှောင်ကြဉ်စေပြီး ကိုယ်မှာ ဝတ်ထားတဲ့အဝတ်များကို ချွတ်စေပြီး ငါဟာ အတွင်းအပြင် ပစ္စည်းအပေါ် ဂရုစိုက်မှုမရှိဆိုပြီး ကိုယ်လုံးတီးနေခိုင်းတာကို ပြောတာပါ။

၃။ အရိယာဥပုသ်ဆိုတာက ဘုရားတပည့်သာဝက သူတော်ကောင်းများဟာ ဥပုသ်သီလယူပြီး ၁။ ဘုရားကိုအာရုံပြု ၂။ တရားကိုအာရုံပြု ၃။ သံဃာကိုအာရုံပြု ၄။ မိမိဆောက်တည်ထားတဲ့ သီလကိုဆင်ခြင် ၅။ လှူဒါန်းထားတဲ့ ဒါန၊ စာဂနဲ့ပတ်သက်တာကို အာရုံပြုခြင်းနဲ့ ၆။ ကုသိုလ်ပြုလုပ်သူတွေ နတ်တွေဖြစ်ကြပြီလို့ အနုဿတိခြောက်ပါးကိုပွားများရင်း တစ်နေ့ကို ကုန်စေတာကိုပြောတာပါ။ ဒီလိုဥပုသ်မျိုးကို အရိယာ သူတော်ကောင်းတွေ စောင့်သုံးကြတာကြောင့် အရိယာဥပုသ်စောင့်နည်းလို့ခေါ်ပါတယ်။

ဥပုသ်နေ့မှာ ဥပုသ်ယူပြီး သီလစောင့်သုံးသူတွေအနေနဲ့ တိကျတဲ့ အကျိုးများဖြစ်တဲ့ အပါယ်မကျ၊ နိဗ္ဗာန်ရစေတဲ့အကျိုးမျိုးကို ရချင်တယ်ဆိုရင် သီလဟာ ညှိုးနွမ်းလို့မရပါဘူး။ သီလညှိုးနွမ်းတယ်ဆိုတာကို ၁။ကျိုး ၂။ပေါက် ၃။ ကျား ၄။ ပြောက် ဆိုတဲ့ အချက်(၄)ချက်နဲ့ တိုင်းတာကြည့်ရပါတယ်။

၁။ သီလကျိုးတယ်ဆိုတာ အနားပြတ်နေတဲ့ အဝတ်လို အစသိက္ခာပုဒ်ဖြစ်ဖြစ်၊ အဆုံးသိက္ခာပုဒ်ဖြစ်ဖြစ် ပျက်သွားတာကို ဆိုလိုပါတယ်။ ဥပမာ- ငါးပါးသီလမှာ အစဖြစ်တဲ့ ပါဏာတိပါတသိက္ခာပုဒ်ပျက်တာမျိုး အဆုံးဖြစ် တဲ့ သုရာမေရယသိက္ခာပုဒ် ပျက်တာမျိုးကို ပြောတာပါ။

၂။ ပေါက်တယ်ဆိုတာ အလယ်မှာ အပေါက်ရှိတဲ့အဝတ်လို အလယ်သိက္ခာပုဒ် ပျက်သွားတာကို ဆိုလိုတာပါ။ ဥပမာ။ ငါးပါးသီလထဲက ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ပျက်တာမျိုးပါ။

၃။ ကျားသီလဆိုတာ ကျောကုန်း၊ ဝမ်းဗိုက်စတဲ့နေရာတွေမှာ အမည်း

စက်၊ အနီစက် စတဲ့ ပုံစံမတူအရောင်များနဲ့ ကြောင်ကျားတဲ့ နွားမလို နှစ်ပါး၊ သုံးပါးသော သိက္ခာပုဒ်များ အစဉ်အတိုင်းပျက်တာကို ဆိုလိုတာပါ။ ဥပမာ- ငါးပါးသီလမှာ ပါဏာတိပါတနဲ့ အဒိန္နာဒါန သိက္ခာပုဒ်များ အစဉ်အတိုင်း ပျက်သွားတာမျိုးပါ။

၄။ ပြောက်တယ်ဆိုတာ အစက်အပြောက် မျိုးကွဲအဆင်းများရှိတဲ့ နွားမလို အကြားအကြား တစ်ခုစီကျော်စီ၍ သိက္ခာပုဒ်များ ပျက်တာကိုဆိုလိုတာပါ။ ဥပမာ။ ငါးပါးသီလမှာ ပါဏာတိပါတရယ် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ရယ် တစ်ခုစီကျော်ပြီး ပျက်တာကိုဆိုလိုပါတယ်။ ဒါတွေအားလုံးဟာ သီလ ညှိုးနွမ်းတာပါပဲ။

ဆောက်တည်ထားတဲ့ သိက္ခာပုဒ်တွေ ကျိုး၊ ပေါက်၊ ကျား၊ ပြောက်ရင်

၁။ မေ့တတ်တဲ့အတွက် စည်းစိမ်ပျက်တတ်ပါတယ်။

၂။ မကောင်းသတင်း ထွက်တတ်ပါတယ်။

၃။ ပရိတ်သတ်အလယ်မှာ မျက်နှာငယ်ရတတ်ပါတယ်။

၄။ သေခါနီး မကောင်းတဲ့ နိမိတ်ထင်တဲ့အတွက် အသေမဖြောင့်တတ်ပါဘူး။

၅။ အသေမဖြောင့်တဲ့ သူတစ်ယောက် သေပြီးနောက် အပါယ်ဘုံ ကျရောက်ရပါတယ်။

တကယ်လို့ ဆောက်တည်ထားတဲ့ သီလဟာ ကျိုး၊ ပေါက်၊ ကျား၊ ပြောက်မရှိဘဲ စင်းလုံးချောဖြစ်နေမယ်ဆိုရင် ရလာမယ့်အကျိုးတွေကတော့ အမြောက်အများပါပဲ။ ရလာနိုင်တဲ့အကျိုးတွေကတော့ . . .

၁။ ကြည်ညိုစရာ ကောင်းပါသတဲ့၊

၂။ အတ္တာနုဝါဒစတဲ့ ဘေးလေးမျိုး စိတ်နှလုံးကို မထိုးဖေါက်နိုင်ပါဘူးတဲ့၊

၃။ အလင်းရောင်နဲ့ ပြည့်စုံတဲ့လမင်း ကောင်းကင်မှာတင့်တယ်သလို

သာသနာမှာလည်း တင့်တယ်ပါသတဲ့၊

၄။ သီလရနံ့ကို နတ်တို့ နှစ်သက်ပါသတဲ့၊

၅။ သီလရနံ့ဟာ အပိတ်အပင်အတားအဆီးမရှိဘဲ အရပ်လေးမျက်နှာမှာ ကြိုင်လှိုင်သင်းပျံ့နေပါသတဲ့၊

၆။ သီလပြည့်စုံသူတို့ ပြုလုပ်သမျှကုသိုလ်ဟာ နည်းပေမယ့် အကျိုးများတဲ့အတွက် သီလရှိသူတွေဟာ ရိုသေသမှုပြုရာ၊ ပူဇော်ခြင်းပြုရာ၊ ဒါနပြုရာဖြစ်ပါသတဲ့၊

၇။ သီလရှိသူဟာ လက်ရှိဘဝမှာလည်း အန္တရာယ်တွေမနှိပ်စက်နိုင်သလို နောင်တမလွန်ဘဝမှာလည်း ဒုက္ခရောက်စေတဲ့အကြောင်းတရားကို ဖျက်ဆီးပြီး ဖြစ်ပါသတဲ့၊

၈။ လူ့စည်းစိမ်၊ နတ်စည်းစိမ် နှစ်မျိုးရှိရာ ကြိုက်နှစ်သက်တာကို အလွယ်တကူရနိုင်ပြီးတော့

၉။ သီလရှိသူရဲ့စိတ်ဟာ နိဗ္ဗာန်သို့သာ ကိုင်းညွတ်နေတဲ့အတွက်

၁၀။ အရိယာဖြစ်ခွင့်ရှိပါသတဲ့။

ရိုးရိုးငါးပါးသီလတောင် အကျိုးကျေးဇူး များစေတာဖြစ်တဲ့အတွက် ဒီထက် အကျိုးများစေတဲ့ ဥပုသ်သီလကိုယူပြီး ဆောက်တည်ကျင့်သုံးမယ်ဆိုရင် အပါယ်တံခါးလည်းပိတ်၊ နိဗ္ဗာန်တံခါးလည်း ပွင့်နိုင်ပါတယ်။ သီလဆောက်တည်သူများရဲ့ ဆန္ဒအလိုက် အပါယ်ပိတ်မှာဖြစ်သလို နိဗ္ဗာန်တံခါးပွင့်ရမှာပါ။ ဥပုသ်ကို ဆောက်တည်ပြီး ဥပုသ်အဆင့် သီလအဆင့်မှာပဲထားပြီး နေ့ညနဲ့ဘဝကို ကုန်ဆုံးစေမယ်ဆိုရင် အပါယ်တံခါးကို ခဏပိတ်ပြီး လူနတ်ဖြစ်ခွင့်ရမှာပါ။ ဥပုသ်သီလကို အခြေခံပြီး သမာဓိရအောင် ဗုဒ္ဓါနုဿတိဘာဝနာတွေကိုပွားရင်း သမထတရားကို အားထုတ်ကာ ဈာန်ရခဲ့မယ်ဆိုရင် အပါယ်တံခါးကို အကြာကြီးပိတ်ပြီး ဗြဟ္မာ့ပြည်မှာ အေးဆေးစွာနေခွင့်ရမှာပါ။ ဥပုသ်သီလကို အခြေခံယူပြီး သတိကိုထား အသိကိုပွားပြီး ခန္ဓာမှာ ရုပ်နာမ်ကိုတွေ့ ဖြစ်ပျက်

ကို ရှုမြင်နိုင်ခဲ့မယ်ဆိုရင် အပါယ်တံခါးထာဝရပိတ်ပြီး နိဗ္ဗာန်တံခါးဖွင့်ပြီး မသေရာကို သွားနိုင်မှာပါ။

ဗုဒ္ဓရဲ့ တရားတော်ဟာ ကျင့်သုံးသူများရဲ့ဆန္ဒနဲ့ အသိပေါ်အခြေခံပြီး အကျိုးပေးတတ်တဲ့သဘာဝကို သုံးသပ်ပြတာပါ။ လူမှန်ရင် အပါယ်မကျအောင် ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းရမယ့်သီလနဲ့ နေ့ရက်အလိုက်၊ အခြေအနေအလိုက် ကျင့်သုံးရမယ့်ဥပုသ်များကို ဆောက်တည်သင့်ပါတယ်။ လက်ရှိနေဆဲဘဝမှာ ဘေးမတွေ့ရအောင်နဲ့ သေပြီးနောက်မှာ အပါယ်မကျရအောင်ပေါ့။ ဒီထက်ပိုပြီး တရားကို အမြန်ရချင်တယ်ဆိုရင် အာရုံတွေကို တတ်နိုင်သလောက်သတ်ပြီး တဏှာနည်းစေတတ်တဲ့ဥပုသ်ကို မြဲအောင်ဆောက်တည်ပြီး ရုပ်နာမ်မြင်စေ၊ သိစေကာ ဖြစ်၊ ပျက် မြင်စေတဲ့ ဝိပဿနာတရားကိုသာ အားထုတ်လိုက်ပါ။ မကြာခင်အချိန်အတွင်းမှာ သမာဓိရပြီး ထူးခြားတဲ့တရားတော်ရဲ့အရသာကို တွေ့ရှိခံစားရမှာပါ။

ခန္ဓာရဲ့ဒုက္ခကိုတွေ့ပြီး ဘဝရဲ့ကြမ်းတမ်းပုံကို နားလည်ပြီဆိုရင် ကာမအာရုံကိုနည်းစေပြီး ဓမ္မအာရုံစွဲစေကာ ကိလေသာကို အမြန်သတ်ပေးနိုင်စွမ်း ရှိပြီး နိဗ္ဗာန်တံခါးဖွင့်ပေးနိုင်တဲ့ဥပုသ်သီလများကို အမြဲဆောက်တည်ဖို့ ပါပဲလေ။

(၂၁. ၀၈. ၂၀၁၇) တနင်္လာနေ့



## “တံခါးလေး ခေါ့ရှဲပဲလား”

နေစရာတစ်ခု၊ အဆောက်အဦးတစ်ခုထဲကို ဝင်ဖို့ဆိုရင် တံခါးဆိုတာ လိုအပ်တာ အမှန်ပါ။ ဒီလိုပါပဲ အတွင်းကလူ အပြင်ထွက်ဖို့ဆိုရင်ညီး တံခါးကို ဖြတ်ကျော်ရတာပါပဲ။ တံခါးမရှိတဲ့ကွင်းပြင်ဆိုတာ ခဏတာပျော်စရာ ရှာသူများအတွက်သာ သင့်တော်ပါတယ်။ ကြာရှည်ဆိုရင်တော့ လုံးဝမနေ သင့်တဲ့နေရာပါ။ ဘာကြောင့်ဆို အရပ်လေးမျက်နှာက ရောက်လာမယ့် သဘာဝ ဘေးဒဏ်များကို အလွယ်တကူ ခံရတတ်လို့ပါ။ ကွင်းပြင်ကို ခြံခတ်ပြီး ဝင်ထွက် နိုင်တဲ့တံခါးကိုသာ ဖန်တီးထားမယ်ဆိုရင် လုံခြုံပြီး စိတ်ချရတဲ့ဘဝကို ပိုင်ဆိုင် ရပါတယ်။ ခြံသာခတ်ထားပြီး တံခါးမရှိပြန်တော့ဘူးဆိုရင်လည်း အဝင်ခက် အထွက်ခက်နဲ့ အလုပ်မဖြစ်တတ်ပြန်ပါဘူး။ ဒါကြောင့် လုံခြုံစိတ်ချရမှုကို ပေးနိုင်တဲ့ တံခါးဆိုတာ နေရာတစ်ခု၊ အဆောက်အဦးတစ်ခုအတွက်တော့ မရှိမဖြစ် လိုအပ်ပါတယ်။ အိမ်အတွက် ပိုမိုလုံခြုံစေချင်တယ်ဆိုရင်တော့ သော့နဲ့ခတ်ကာကွယ်တာ၊ အစောင့်ချထားတာဆိုရင်တော့ လုံခြုံမှုက အတိုင်း ထက်အလွန်ပေါ့။

သံသရာခရီးသွားများဟာလဲ တံခါးကိုကျော်ဖြတ်ရင်း ဝင်လိုက်ထွက် လိုက်နဲ့ ဘဝမှာ အလုပ်ရှုပ်နေကြပါရောလား။ တံခါးဆိုတာ ပိတ်သင့်တဲ့အချိန်

ပိတ်ပြီး ဖွင့်သင့်တဲ့အချိန်မှာ ဖွင့်ထားဖို့လိုအပ်ပါတယ်။ ပိတ်ထားတဲ့အချိန်မှာ အစောင့်ဆိုတာ မလိုအပ်ပေမယ့် ဖွင့်ထားတဲ့အချိန်မှာတော့ အစောင့်ရှိဖို့ လိုအပ်ပြန်ရော။ ဘာဖြစ်လို့လဲဆိုတော့ အစောင့်မရှိတဲ့ တံခါးဟာ ဆိုးသူရော ကောင်းသူကိုပါ အလွယ်တကူဝင်ခွင့်ပေးပြီး အိမ်မှာရှိတဲ့ တန်ဖိုးရှိပစ္စည်းများက ဆိုးသူအတွက်ဆို စာရိတ္တပျက်စီးစေတတ်သလို ကောင်းသူအတွက်တော့ ပစ္စည်းတွေကို ကြည့်ပြီး အိမ်တစ်အိမ်ရဲ့တန်ဖိုးကို တက်သွားစေတတ်လို့ပါပဲ။ သံသရာခရီးသွားသတ္တဝါများမှာ တံခါးခြောက်မျိုးရှိကြပါတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နဲ့ စိတ်ဆိုတဲ့ တံခါးများပါပဲ။ မျက်စိဆိုတဲ့တံခါးဟာ ကံပေးလို့ပါလာတဲ့အရာဆိုပေမယ့် သတိ၊ အသိဆိုတဲ့ အစောင့်မရှိခဲ့ရင်တော့ လုံခြုံမှုနည်းပါးပြီး မကောင်းတဲ့အကုသိုလ်များကို ဝင်ခွင့်သာပေးခဲ့မယ်ဆိုရင်တော့ သတ္တဝါတွေမှာရှိတဲ့ ယုံကြည်မှု = သဒ္ဓါ၊ ကိုယ်ကျင့်တရား = သီလ၊ အတွေ့အကြုံ = သုတ၊ ပေးကမ်းစွန့်ကြဲလိုတဲ့စိတ် = စာဂ၊ မှန်ကန်တဲ့အသိ = ပညာ၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှု = ဟိရိ၊ ပတ်ဝန်းကျင်ကို အလေးထားမှု = ဩတ္တပ္ပဆိုတဲ့ ကောင်းတဲ့ ရတနာပစ္စည်းတွေ အခိုးခံရတတ်ပါတယ်။ ရတနာတွေပျောက်ဆုံးသွားခဲ့မယ်ဆိုရင် သတ္တဝါတွေကို လိုချင်မှုထက်ပိုတဲ့ လောဘကြီးမှု၊ မကျေနပ်မှုစတဲ့ မကောင်းတဲ့အရာတွေက နှိပ်စက်ဖျက်ဆီးပြီး တငွေ့ငွေ့နဲ့ ပူလောင်စေပါတော့တယ်။ ဒါကြောင့်လဲပဲ **စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါ ပကာ အကုသလဓမ္မာ အန္ဝာသဝေယျုံ** (မျက်စိတံခါးဖွင့်ပြီး အစောင့်မရှိဘဲနေတဲ့သူကို လောဘ၊ ဒေါသစတဲ့ မကောင်းတဲ့ အကုသိုလ်များကို အထပ်ထပ်နှိပ်စက်တယ်) လို့ ဟောခဲ့တာ မဟုတ်လား။ မျက်စိဆိုတဲ့ တံခါးကြောင့်ပဲ **သမဏဒဿန** = အကျင့်ကောင်း ကိုကျင့်သုံးကာ နေထိုင်သူများကို မြင်ရပြီး ကိုယ်တိုင်လည်း အတုလိုက်ကာ အေးချမ်းအောင်

ကျင့်သုံးနိုင်တဲ့ နည်းလမ်းများကို ယူချင်စိတ်ပေါက်လာတာပဲ မဟုတ်ပါလား။ ဒါဟာ တံခါးကိုဖွင့်ထားပြီး အစောင့်ထားလိုက်တဲ့အတွက် ရလာတဲ့ ကောင်းကျိုးရလာဒ်တစ်ခုပဲလေ။ သုံးတတ်သူအတွက်တော့ ဆေးဖြစ်ပြီး မသုံးတတ်သူအတွက်ဆို ဘေးဖြစ်လာတတ်တဲ့အခြေအနေကို ဖွင့်လှစ်အသိပေးလိုက်တာပါ။ ဒါပေမယ့် အကောင်းဖြစ်ဖြစ် အဆိုးဖြစ်ဖြစ် အမှန်နဲ့အမှားကို သိဖို့ဆိုရင်တော့ ဝင်လာနိုင်တဲ့ ရူပါရုံဆိုတဲ့ အာရုံကို ဝင်ခွင့်ပေးဖို့ တံခါးတစ်ခုရှိဖို့တော့ လိုအပ်တာပဲလေ။ ဝင်လာတဲ့ မကောင်းတဲ့အာရုံကိုတော့ အမြန်နှင်ထုတ်နိုင်ဖို့တော့လိုတာပေါ့။ အားနာပြီး ဧည့်ခံထားရင်တော့ ဧည့်ခန်း ထဲမှာရှိတဲ့ အရှက်အကြောက်အပြင် အိပ်ခန်းထဲမှာရှိတဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဥစ္စာများကိုပါ ယူသွားနိုင်တယ်ဆိုတာကိုတော့ သိထားရပါလိမ့်မယ်။ ကောင်းတဲ့ အာရုံ ဝင်လာတဲ့အခါမှာတော့ လက်မခံခဲ့ဘူး၊ တကယ်လို့ လက်ခံတယ်ဆိုရင်တောင် ဧည့်ဝတ်မကျေခဲ့ဘူးဆိုရင် ဧည့်ခန်းရှိပစ္စည်း၊ အိပ်ခန်းထဲ ပစ္စည်းတွေ တန်ဖိုးရှိကြောင်း အသိအမှတ်အပြုမခံရတော့တဲ့အဖြစ်နဲ့ ကြုံရနိုင်ပါတယ်။ ဒါကြောင့် တံခါးဆိုတာ အကောင်းအဆိုးကို လွယ်ကူစွာ ဝင်ခွင့် ထွက်ခွင့်ပေးပြီး အစောင့် = သတိ၊ အိမ်ရှင် = ပညာများကို သတိထား ဆက်ဆံပြီး တိုးတက်အောင် ကောင်းမွန်အောင် ဘဝကိုမြှင့်တင်လို့ရပါတယ်။

နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်နဲ့ စိတ်တံခါးများဟာလည်း မျက်စိတံခါးလိုပါပဲ။ အစောင့်နဲ့အိမ်ရှင် ညီညွတ်စွာပူးပေါင်းပြီး အကောင်းလည်းလက်ခံ အဆိုးလည်းလက်ခံပြီး အကောင်းကိုတော့ ဧည့်ဝတ်ကျေရပြီး အဆိုးကိုတော့ ချက်ချင်း ထွက်သွားအောင်လုပ်ရမှာပါပဲ။ သတ္တဝါတွေ သံသရာမှာ ဘဝကိုရပြီး ဒုက္ခတွေ ကြုံရတယ်ဆိုတာ ဧည့်သည် (အာရုံ)တွေရဲ့ အလိုက်မသိမှုကြောင့်သာ ဖြစ်ရပါတယ်။ တကယ်တော့ တံခါးဖွင့်ထားရုံသက်သက်ကြောင့်မဟုတ်ဘဲ

အလိုက်မသိတဲ့ ညှော်သည်ကို ပျော်စရာကောင်းတယ်ထင်ပြီး အချိန်အကုန်ခံ၊ ပစ္စည်းအပျောက်ခံပြီး ညှော်ဝတ်ကျေပြနေတဲ့ အိမ်ရှင်တွေကြောင့်လည်း ပါပါတယ်။ ညှော်ဆိုးတွေကိုကြောက်တယ်ဆိုတဲ့ ဆင်ခြေနဲ့ တံခါးကို ထာဝရပိတ်ထားမယ်ဆိုရင်တော့ စိုးရိမ်စရာ တိုးတက်လာရုံကလွဲပြီး ဘာအကျိုးမှ ခံစားရမှာ မဟုတ်ပါဘူး။ တံခါးဆိုတာ ဖွင့်သင့်တဲ့အချိန်ဖွင့်ပြီး ပိတ်သင့်တဲ့အချိန်မှာ ပိတ်ထားရမယ့် အရာမျိုးပါ။ ဖွင့်ထားတယ်ဆိုရင်တောင် အနားမှာ အိမ်ရှင်ရှိနေမှုရယ်။ နို့မို့လို့ကတော့ သူခိုး(အာရုံ)တွေက ဘယ်အချိန်ခိုးရမလဲဆိုတာကို အမြဲမစောင့် နိုင်တာမို့ အခိုးခံရနိုင်ပါသေးတယ်။ ဒါကြောင့် တံခါးဖွင့်ထားတယ်ဆိုရင်တော့ အစောင့်ကတော့ ရှိကိုရှိမှ ဖြစ်မှာပါ။ အေးချမ်းတဲ့ ရပ်ကွက်မှာရှိတဲ့အိမ်ကို လူဆိုးတွေ၊ သူခိုးတွေ ဖေါက်ထွင်းခိုးယူဖို့ မသေချာပေမယ့် သတ္တဝါမှာရှိတဲ့ မျက်စိ စတဲ့ တံခါးတွေကိုတော့ အာရုံဆိုတဲ့ လူဆိုး၊ သူခိုးတွေ ဝင်ရောက်ဖေါက်ထွင်း ခိုးယူမှာကတော့ သေချာပါတယ်။ ခန္ဓာဆိုတဲ့ အိမ်မှာရှိတဲ့ သူ တော်ကောင်းတရား (၇)ပါး ပျောက်မသွားချင်ဘူးဆိုရင်တော့ အစောင့် = သတိဖြစ်ဖြစ်၊ အိမ်ရှင် = ပညာဖြစ်ဖြစ် ရှိကိုရှိနေရမှာပါ။ အစောင့်နဲ့ အိမ်ရှင်ပေါင်းလိုက်လို့ကတော့ ပစ္စည်းလည်းမဆုံး သူခိုးလည်းမိဖြစ်လို့ သားရွှေအိုးထမ်းလာတဲ့အဖြစ်ကို မြင်ခွင့်ရတဲ့မိဘလို သောမနဿပီတိ ဂွမ်းဆီထိတဲ့အဖြစ်ကို ကြုံခွင့်ရကြမှာပါ။

အကုသိုလ်လူဆိုးများကိုကြောက်လို့ တရားကျင့်ရင်း မျက်စိ၊ နား စတဲ့ တံခါးတွေကိုပိတ်ထားပြီး အာရုံလူဆိုးတွေ မဝင်အောင် အမျိုးမျိုးကြိုးစားကြတာကို တွေ့ဖူးကြမှာပါ။ ကိုယ်တိုင်လည်း အဲလိုထဲက တစ်ယောက်ဖြစ်နေတယ်ဆိုတာကို လက်ခံရပါလိမ့်မယ်။ တကယ်တော့ မှန်ကန်တဲ့နည်းလမ်းကို ကျင့်သုံးမယ်ဆိုရင်တော့ တံခါးတွေကို ပိတ်ထားစရာမလိုပါဘူး။ တံခါးဆိုတာ

အမြဲပိတ်ထားရင် အပျက်အစီးလွယ်သလို၊ ပိတ်ထားတဲ့အတွက် သဘာဝ တရားတွေရဲ့ အပြောင်းအလဲကိုလည်း သိခွင့်မရတော့ပါဘူး။ ဒါကြောင့် ဘုရား အစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေဟာ မျက်စိ စတဲ့ တံခါးကို မပိတ် ကြတာပေါ့။ မပိတ်ဘူးဆိုပေမယ့် အစောင့်မဲ့ ဒီအတိုင်းထားတာတော့ မဟုတ် ပါဘူး။ အစောင့်နဲ့ထားတာပါ။ မဟာသတိပဋ္ဌာန်သုတ်တော်မှာလည်း တံခါး ပိတ်ဖို့မမှာဘဲ ပွင့်နေတဲ့တံခါးမှာ အစောင့်ထားဖို့ရယ် လှုပ်ရှားနေတဲ့ အာရုံ (လူဆိုး၊ လူကောင်းနဲ့တူတဲ့ မကောင်းမှုအကုသိုလ်နဲ့ ကောင်းမှုကုသိုလ်များ) ကို သိနေဖို့ပဲ ညွှန်ကြားခဲ့တာပါ။ လောဘဖြစ်တယ်ဆိုရင် လောဘဖြစ်တယ်လို့ သိ၊ လောဘမဖြစ်ရင် လောဘမဖြစ်ဘူးလို့သိလို့ ညွှန်ကြားခဲ့တာဟာ အစောင့် (သတိ)နဲ့ အိမ်ရှင်(အသိ) ပူးပေါင်းပြီး တံခါးက ဝင်လာသမျှကိုသိပြီး ကြာကြာ လက်မခံထားဖို့ တိုက်တွန်းခဲ့တာလေ။

မှန်ပါတယ်။ မကောင်းသူ(အကုသိုလ်)ကို လက်ခံထားရင် လက်ခံထား သူတွေအတွက် စိတ်ဆင်းရဲစရာဖြစ်သလို ကောင်းသူ (ကုသိုလ်)ကို လက်ခံ ထားရင်လည်း ဝမ်းသာစရာနဲ့ကြုံတွေ့မှာစိုးလို့ပါ။ သာမန်အားဖြင့် ကြည့်မယ် ဆိုရင်တော့ မကောင်းသူကို လက်မခံသင့်ဘူး ကောင်းသူကိုတော့ လက်ခံသင့် တာပေါ့ဆိုတဲ့အတွေးတွေ ရှိနေတတ်ကြပါတယ်။ ဒါပေမယ့် ကောင်းသူ (ကုသိုလ်)ဟာလည်း ထာဝရကောင်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ကိုယ်မွေးခဲ့ တဲ့သား၊ သမီးတောင် အမြဲမကောင်းနိုင်တာဆိုတော့ အပြင်သူတွေ ကောင်းဖို့ ဆိုတာ သံသရာဆုံးထိ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဒါကြောင့် မကောင်းတဲ့သူကိုလည်း အသိနဲ့ လက်ခံ၊ ကောင်းသူကိုလည်း အသိနဲ့ လက်ခံရမယ်လို့ **(သရာဂစိတ္တံ သရာဂ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂစိတ္တံ ဝီတရာဂ စိတ္တန္တိ ပဇာနာတိ)** အသိပေးခဲ့တာပေါ့။ ဒါဟာ တံခါးရှိသူတိုင်း လက်ခံရမယ့် အဖြစ်တစ်ခုကို

မီးမောင်းထိုးပြလိုက်တာပါ။ လက်မခံဘဲ ပိတ်ထားမယ်ဆိုရင်တော့ အခွင့်အရေးက ရနိုင်တာထက် ဆုံးရှုံးဖို့က ပိုများပါတယ်။ ဘာကြောင့်ဆို အစောင့်နဲ့ အိမ်ရှင်မရှိဘဲ တံခါးကို ဇွတ်ပိတ်ထားတာဖြစ်တဲ့အတွက် တံခါးတွေ ပျက်စီးလွယ်တတ်သလို သတိ၊ အသိမရှိဘဲ အာရုံကို ဇွတ်ပိတ်ထားမယ်ဆိုရင် စိတ်ညစ်မှု၊ စိတ်ဓာတ်ကျမှု၊ ငြီးငွေ့မှုတွေကြုံပြီး အလုပ်ပျက် အကိုင်ပျက် ဖြစ်တတ်ပါတယ်။ ဒီလိုမျိုး အတင်းပိတ်ထားတဲ့အတွက် အကျိုးမရနိုင်ဘူးလားဆိုတော့ အကျိုးက ရနိုင်ပါတယ်။ ချာန်ရနိုင်တဲ့အဖြစ်ဟာ အများဆုံးပေါ့။ ဒါပေမယ့် တံခါးကို ဇွတ်အတင်းပိတ်ထားတာဟာ ကောင်းကျိုးထက် ဆိုးကျိုးက ပိုများပါတယ်။ ဒါကြောင့်လဲ အချို့ယောဂီတွေ တရားစိတ်ဝင်စားမှု လျော့သွားကြတာပေါ့။ တကယ့်တော့ တံခါးဆိုတာ ပိတ်လိုက်ဖွင့်လိုက် လုပ်နေရမယ့်အရာမျိုးပါ။ ပိတ်တိုင်းဖွင့်တိုင်းမှာတော့ အစောင့် = သတိ၊ အိမ်ရှင် = အသိ ရှိဖို့တော့ လိုတာပေ့ါ။ မျက်စိ စတဲ့တံခါးတွေကို ဖွင့်ထားတဲ့အခါ အစောင့်နဲ့အိမ်ရှင်သာ ရှိမယ်ဆိုရင် လူဆိုး (အကုသိုလ်)၊ လူကောင်း (ကုသိုလ်)ကို တိတိကျကျ သိသွားတဲ့အတွက် ရလာတဲ့ရလာဒ်ကတော့ လွတ်မြောက်မှုပါပဲ။ ဘာကြောင့်ဆို တံခါးအလုပ်က ဝင်ခွင့်ပေးပြီး အစောင့်က မှတ်တမ်းတင်၊ အိမ်ရှင်က လက်ခံပြီး အချိန်တန်တော့ လူကောင်းရော လူဆိုးပါ ပြန်သွားကြမယ်ဆိုတာ သိနေလို့ပါပဲ။

ဒါကို ဗုဒ္ဓက ဝိပဿနာလို့ နာမည်ပေးပါတယ်။ **ဝိပဿနာ** = မှန်ကန်တဲ့ အသိဆိုတာ အမှားနဲ့ အမှန်၊ လူဆိုးနဲ့ လူကောင်းကို အပြစ်ပြောမနေဘဲ မှားတယ်၊ မှန်တယ်၊ ဆိုးတယ်၊ ကောင်းတယ်လောက်ပဲ သိထားပြီး ဘယ်ဟာကိုမှ စိတ်မဆိုး (ဒေါသ) တော့သလို ဘယ်သူ့ကိုမှလည်း အစွဲအလန်း (လောဘ) မဖြစ်တော့ပါဘူး။ ဘာကြောင့်ဆို အကောင်း၊ အဆိုးကို တိတိကျကျ သိနေ (အမောဟ - ဝိဇ္ဇာ) လို့ပါပဲ။ ဒါဟာ တံခါးကို ဖွင့်၊ ပိတ်ကာ အစောင့်နဲ့ အိမ်ရှင်တို့

တစ်ယောက်နဲ့တစ်ယောက် လေးစားသမှုနဲ့ ကိုယ့်အလုပ် ကိုယ်လုပ်နေကြလို့ပါ။

လောကမှာ တွေ့ကြုံရတဲ့ မကောင်းတဲ့အရာတွေကို မမြင်ချင်ဘူး၊ မကြားချင်ဘူး၊ မသိချင်ဘူးဆိုပြီး ရှောင်လွှဲချင်တဲ့သူတွေ၊ ကောင်းတာဆိုမြင်ချင်၊ ကြားချင်၊ သိချင်တယ်ဆိုတဲ့သူတွေအတွက် လိုအပ်ချက်တွေရှိနေသေးတယ် ဆိုတာကို သတိပဋ္ဌာန်သုတ်က ဖွင့်လှစ်ပြလိုက်တာပါပဲ။ မကောင်းတာကိုလည်း လက်ခံသင့်တယ်။ အတိတ်ကလုပ်ခဲ့တဲ့ အကြွေးပေးဆပ်တဲ့သဘော၊ ကောင်းတာကိုလည်း လက်ခံသင့်တယ် အခုဘဝမှာ ကောင်းတာကိုဆက်လုပ်ရမယ် ဆိုတဲ့ အခြေအနေကို အသိပေးလိုက်တာပါ။ တကယ်တော့ လောကကြီးက တရားပါတယ်။ အကောင်းရော အဆိုးပါထည့်ပေးထားပြီး တံခါးကိုပိတ်ရင် လုံခြုံစွာပိတ်ရမယ်၊ ဖွင့်ရင်လည်းအသိ၊ သတိထားပြီး ဖွင့်ရမယ်ဆိုတာကို သတိပေးနေလို့ပါ။ ပိတ်တော့ ပိတ်တယ် မလုံခြုံဘူးဆိုရင်လည်း အဖေါက်ခံရ တတ်သလို၊ ဖွင့်တော့ဖွင့်တယ် မစောင့်ဘူးဆိုပြန်ရင်လည်း ရတနာတွေ ပျောက် တတ်ပါတယ်။

ခန္ဓာဆင်းရဲ၊ ဘဝဆင်းရဲ ကြုံနေရသူတွေ ခန္ဓာကုန်ရာအကျင့် ဆင်းရဲ ငြိမ်းရာအကျင့်ကို ကျင့်မယ်ဆိုရင်တော့ မျက်စိ စတဲ့ တံခါးများကို ပိတ်မယ်ဆိုရင် လုံခြုံစွာပိတ်ထားဖို့၊ ဖွင့်မယ်ဆိုရင်လည်း သတိ၊ အသိနဲ့ဖွင့်ဖို့ သိပ်ကို လိုအပ်နေ ပါပြီ။ ပိတ်မိတယ် မလုံခြုံဘူးဆိုတာ မသိလိုက်တာ၊ ဖွင့်တယ် အစောင့်မရှိဘူး ဆိုတဲ့ ဆင်ခြေကို မှန်ကန်တဲ့အကျင့်က (သမ္မာဒိဋ္ဌိ) လက်မခံပါဘူး။ အကြောင်း ပြတာကို အသိ (အမောဟ = ပညာ)က လက်ခံပေမယ့် ဆင်ခြေကိုတော့ အသိက လုံးဝလက်မခံဘူးဆိုတာ သိထားရင် တံခါးလေးစေ့ထားရုံနဲ့ မလုံ လောက်တော့ပါဘူး။ လိုချင်မှု = လောဘ၊ စိတ်တိုင်းမကျမှု = ဒေါသ၊ ဘာလိုချင်၊ ဘာလုပ်ချင်မှန်းမသိတဲ့ = မောဟများကို အားနည်းအောင် လုပ်ပြီး အေးချမ်းချင်

တယ်ဆိုရင် အားနည်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟများကို သတ်ပြီး ထာဝရ ငြိမ်းချမ်းရာ နိဗ္ဗာန်ကို ရချင်တယ်၊ ရောက်ချင်တယ်ဆိုရင်တော့ တံခါးကို လုံခြုံစွာပိတ်ပါ။ ဖွင့်ရင်လည်း သတိထား အသိပွားပြီး ဖွင့်ပါလို့ပဲ တိုက်တွန်းလိုက်ပါရစေ။

ဒုက္ခကင်းရာ နိဗ္ဗာန်ရချင်တယ် (သဉပါဒိသေသ= ခန္ဓာရှိပြီး လောဘ၊ ဒေါသ၊ မောဟကင်းခြင်း)၊ ဘဝငြိမ်းရာနိဗ္ဗာန်ကို ရောက်ချင်တယ် (အနုပါဒိသေသ = ခန္ဓာအကြွင်းမရှိတော့ဘဲ ကိလေသာကင်းခြင်း) ဆိုရင်တော့ အသိ၊ သတိနဲ့ တံခါးကို ဖွင့်ပိတ်လုပ်ရမှာပါ။ ဒါပေမယ့် လောကမှာပျော်ရင်း ဒုက္ခကင်းချင်တယ်ဆိုတဲ့ အတွေးနဲ့အသိ၊ သတိမဲ့တံခါးလေးကို စေ့ထားရုံလေး စေ့ထားခဲ့မယ်ဆိုရင် . . . ။ ။

(၀၇. ၀၉. ၂၀၁၇) ကြာသပတေးနေ့



# "ရဟန်းပြုရကျိုး (သာမညဖလ)"

ဒေဝဒတ်ကို ဆရာတင်မိလို့ အဖေသတ်တဲ့အထိ အမိုက်ကြီးမိုက်ခဲ့တဲ့ အဇာတသတ်မင်းကြီးတစ်ပါး ညည အိပ်မပျော်တဲ့အတွက် သက်သာရာကိုရှာဖို့ ဆရာအမျိုးမျိုးဆီချဉ်းကပ်ပြီး ကောင်းမွန်တဲ့နည်းလမ်းများကို အများမသိခင် တိုးတိုးတိတ်တိတ် စူးစမ်းခဲ့ပါတယ်။ ရာဇဂြိုဟ်မှာ ဘုရားလို့ကျော်ကြားတဲ့ - ၁။ ပူရဏကဿပ ၂။ မက္ခလိဂေါသာလ ၃။ အဇိတကေသကမ္ဗလ ၄။ ပကုဓ ကစ္စာယန ၅။ နိကဏ္ဍနာဋ္ဌပုတ္တနဲ့ ၆။ သဉ္စယဗေလဋ္ဌပုတ္တ တို့ထံ ဆည်းကပ် ခစားရင်း ငြိမ်းချမ်းကြောင်းတရားများကို ရှာဖွေမေးမြန်းခဲ့ပါတယ်။ ဒါပေမယ့် ဘုရားလို့သာ နာမည်ခံကြတာ။ ကိလေသာကြောင့် ပူနေတဲ့အပူကို အေးအောင် လုပ်တဲ့နည်းလမ်းကိုတော့ ဘယ်သူမှ မပေးနိုင်ခဲ့ကြပါဘူး။ ဇီဝကဆိုတဲ့ သူတော် ကောင်းကြောင့် သရက်ဥယျာဉ်မှာ သီတင်းသုံးနေတဲ့ ဗုဒ္ဓမြတ်စွာဆီကိုရောက် မှပဲ သိချင်တဲ့အကြောင်းများကို တိတိကျကျသိခွင့်ရခဲ့တယ်။

အဇာတသတ်မင်းကြီးသိချင်တာက ရဟန်းပြုလိုက်တဲ့အတွက် ရဟန်း ရယ်လို့ဖြစ်လာတဲ့အခါမှာ ရရှိနိုင်တဲ့အကျိုးများကို သိချင်ခဲ့တာ။ မေးတာ တခြား ဖြေတာတခြားကြောင့် ဘုရားလို့ နာမည်ခံထားသူတွေအပေါ် စိတ်ကုန်စပြုတဲ့ အချိန်မှာပဲ မှန်ကန်တဲ့တရားကြောင့် ငြိမ်းချမ်းရေးတရားကို နာကြားခွင့်ရသွား သူက အဇာတသတ်မင်းကြီး။ အဇာတသတ်မင်းကြီးဟာ သိချင်တဲ့အကြောင်း

အရာများကို သိရဖို့အတွက် ဗုဒ္ဓမြတ်စွာနဲ့ အမေးအဖြေလုပ်ပြီး တရားကို နာကြားခဲ့တာရယ်။ ဒါဟာ အသိဉာဏ်တိုးပွားလိုသူတွေ နည်းယူရမယ့် နည်းလမ်းတစ်ခုကို မသိမသာချပေးခဲ့တယ်ဆိုရင်လည်း မမှားပါဘူး။ အသိဉာဏ်ပညာ ကြီးမားလိုသူတွေအနေနဲ့ . . .

၁။ ပညာဉာဏ်ရင့်ကျက်စေမယ့် ကံတရားကိုပြုလုပ်ရခြင်းတဲ့။ ဆိုလိုတာက အသိပညာတိုးတက်ချင်တယ်ဆိုရင် အကြောင်းအကျိုးသင့်တဲ့မေးခွန်းများကို သိချင်တဲ့အချိန်မှာ မေးမြန်းခြင်းဟာလည်း မှန်ကန်တဲ့အသိကို ရစေတဲ့အတွက် ပညာကြွယ်ရသလို ပညာရင့်ကျက်အောင် ကိလေသာကင်းကြောင်း တရားများကို နာကြားခြင်း၊ လေ့ကျင့်နေခြင်းဟာလည်း အသိပညာကြွယ်တာပါပဲ။ နောက်တစ်ခုက . . .

၂။ ဒေါသ၊ ဗျာပါဒကင်းတဲ့ ဖြဟ္မာ့ပြည်မှာ ပဋိသန္ဓေနေရခြင်းတဲ့။ လူသားတစ်ယောက်အနေနဲ့ ဖြဟ္မာ့ပြည်မှာ ပဋိသန္ဓေနေတာမဟုတ်တဲ့အတွက် ပညာဉာဏ်မကြွယ်တော့ဘူးလားလို့ တွေးကောင်းတွေးနိုင်ပါတယ်။ ဒါပေမယ့် ဆိုလိုချက်ကို အသုံးဝင်အောင် အသုံးပြုမယ်ဆိုရင် သူ့အတွက်ပြောတဲ့စကားဟာ ကိုယ့်အတွက် ဖြစ်သွားတာပါပဲ။ ဒေါသကင်းခြင်း သို့မဟုတ် မေတ္တာပွားနေခြင်းဟာ ဉာဏ်ပညာကိုကြွယ်ဝစေတာမို့ သက်ရှိသတ္တဝါတွေကို တွေ့တဲ့အခါတိုင်း သတိထားရင်း မေတ္တာပွားနိုင်အောင် ကြိုးစားနေဖို့ပါ။ ဒါဟာလည်း မဖြစ်နိုင်တာမဟုတ်ပါဘူး။ ဗုဒ္ဓဘုရားဟာ သတ္တဝါတွေမကျင့်နိုင်တဲ့တရားကို ဘယ်တော့မှမဟောပါဘူး။ ကျင့်နိုင်တဲ့တရားကိုသာ ဟောတာဖြစ်တဲ့အတွက် အလေ့အကျင့်များများရှိဖို့သာ လိုအပ်တာပါ။ မနက်အိပ်ယာထမှ ညအိပ်ယာဝင်တဲ့ အချိန်အတွင်းမှာ တွေ့ခဲ့ရတဲ့ သတ္တဝါတွေအပေါ် မေတ္တာသာထား၊ မေတ္တာသာပွားနိုင်မယ်ဆိုရင် အသိဉာဏ်ဟာ တိုးတက်လာမှာအမှန်ပါပဲ။ ပြီးတော့ ဗျာပါဒကင်းခြင်းပါ။ များသောအားဖြင့် လူသားအပါအဝင် သက်ရှိသတ္တဝါတွေဟာ ပူစရာမဟုတ်တာတွေနဲ့ ပူနေတတ်ကြပါတယ်။ မနက်ဖြန်မှ ဖြစ်လာ

မယ့်အရာကို ဒီနေ့တည်းက တွေးပြီးပူနေတာ၊ သူ့အလိုလို အဆင်ပြေနိုင်တဲ့ သား၊ သမီး၊ တပည့် စတဲ့သူတွေအပေါ် လည်း ချစ်ခြင်းတဏှာကြောင့် အဆင်မပြေမှာကို ပူရပြန်ရော။ အဲဒီလိုပူတာ ကိုယ့်ဆီမှာရှိနေတဲ့ မှန်ကန်စွာ သိနိုင်တဲ့ အသိပညာများ ပျောက်ကွယ်သွားတယ်၊ ယုတ်လျော့သွားတယ်ဆိုတာကို မသိတော့ပါဘူး။ ဘယ်သူပဲဖြစ်ဖြစ် သဘာဝကို ၁။ ကြုံတာကို လက်ခံနိုင်ခဲ့မယ်ဆိုရင် ၂။ မဖြစ်နိုင်တာကို ဖြစ်သင့်တာနဲ့ အစားထိုးနိုင်ခဲ့မယ်ဆိုရင်
၃။ မဖြစ်နိုင်မှန်းသိတာနဲ့ မဖြစ်နိုင်တာကို စွန့်လွှတ်နိုင်ခဲ့မယ်ဆိုရင် အပူကင်းတဲ့လူသားဖြစ်မှာပါပဲ။ စိတ်ဆိုးမှုကင်း၊ အပူကင်းတာဟာလည်း အသိပညာကြွယ်ကြောင်းတစ်ခုပါပဲ။ ပြီးတော့ . . .

၃။ ပညာရင့်ကျက်ခြင်းပါတဲ့။ ဒါကတော့ အတိတ်ဘဝများစွာက ဖြည့်ကျင့်လာလို့ပဲဖြစ်ဖြစ် အခုဘဝမှာ လောကအဖြစ်ကို အဖြစ်အတိုင်း လက်ခံရင်း ပညာကြွယ်အောင် အသိ သတိဆောင်ပြီး ကံသုံးပါးကို အချိုးကျ အသုံးချလို့ရလာတဲ့ ရလာဒ်တစ်ခုပါ။ ရှင်သာရိပုတ္တရာအလောင်းဟာ ဘဝများစွာက ဖြည့်ခဲ့တဲ့ ပါရမီပြည့်နေတဲ့အတွက်ကြောင့် ပညာရင့်ကျက်သူဖြစ်တာပါ။ ကိုယ်တိုင်လည်း ပညာတွေပြည့် ဉာဏ်တွေကောင်းချင်တယ်ဆိုရင် ဖြစ်နေတဲ့သဘာဝ၊ တွေးနေတဲ့စိတ်ကို သတိ အသိနဲ့ကပ်ပြီးသိနေရင် ပညာရင့်ကျက်လာမှာပါပဲ။ ဒါဟာလဲ မခက်တဲ့အလုပ်ဖြစ်ပေမယ့် လုပ်ရခက်နေတဲ့အလုပ်တစ်ခုလို ဖြစ်နေတာကြောင့် လူတွေနဲ့ဝေးနေတဲ့ နည်းလမ်းတစ်ခုလို ဖြစ်သွားရတာပါ။ ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တဲ့အတွက် အခုဘဝမှာတင်ပဲ ပညာရင့် ဉာဏ်ရင့်ကျက်အောင် ကြိုးစားအားထုတ်နေဖို့ပဲ လိုတာပါ။ နောက်တစ်ခုက . . .

၄။ ကိလေသာကင်းစင်ခြင်းဟာလဲ ဉာဏ်ပြည့်ကြောင်းတစ်ခုပါတဲ့။ ဒါကတော့ ကိလေသာကင်းစင်နေတဲ့ ရဟန္တာအရှင်သူမြတ်မြတ်များကို ရည်ရွယ်တယ်ပါ။ ဒါပေမယ့် ပုထုဇဉ်လူသားအနေနဲ့ ကိလေသာကင်းစင်ဖို့အတွက် ကိလေသာကင်းစေနိုင်တဲ့ အပြုအမူ အပြောအဆိုများကို ပြုလုပ်ကျင့်ကြံ နေ

မယ်ဆိုရင်လဲ ဉာဏ်ပြည့်ကြောင်းသာဖြစ်တာမို့ ကြိုးစားအားထုတ်နေဖို့ပါပဲ။ ဗုဒ္ဓဘုရားဆီကိုရောက်သွားတဲ့ အဇာတသတ်မင်းကြီးဟာ သာကြောင်း မာကြောင်း စကားတွေပြောပြီး သိချင်နေတဲ့ ရဟန်းပြုရကျိုးကို မေးပါတော့တယ်။

( ၁ ) အရှင်ဘုရား . . . လောကမှာ သူရဲကောင်းတွေ၊ အတတ်ပညာရှင်တွေ သူတို့တတ်ထားတဲ့အတတ်ပညာကို အခြေခံပြီး အသက်မွေးကြပါတယ်။ တကယ်လည်း သူတို့ဟာ သူတို့တတ်ထားတဲ့အတတ်နဲ့ အလုပ်တွေလုပ်ခဲ့တာကြောင့် သူတို့ကိုယ်တိုင်ချမ်းသာသလို မိဘ၊ သားသမီး၊ မိတ်ဆွေ၊ ဆွေမျိုးများကိုလည်း ချမ်းသာအောင် ထားနိုင်ကြပါတယ်။ လူ၊ နတ်ဖြစ်စေတဲ့ ကုသိုလ်များကိုလည်း ပြုလုပ်ကြပါတယ်။ အဲဒီအတတ်အကျိုးနဲ့တူတဲ့ အခုဘဝမှာတင်သိမြင်နိုင်တဲ့ ရဟန်းဖြစ်ခြင်းအကျိုးဆိုတာ ရှိပါသလားဘုရား လို့ မေးတဲ့အခါ ဗုဒ္ဓဘုရားကလည်း အဇာတတ်သတ်မင်းကြီးကို ပြန်မေးတာပေါ့။ မင်းကြီးမှာ ကျွန်ဆိုတာ ရှိမှာပါ။ အဲဒီကျွန်ဟာ - ကောင်းမှုဟာ အတော် ဆန်းကြယ်တာပဲ အဇာတသတ်မင်းကြီးဟာလည်း လူ၊ ငါလည်း လူပဲ။ ဒါပေမယ့် သူက ဘုရင် ငါက ကျွန်၊ ငါလည်း ကုသိုလ်ကောင်းမှုလုပ်ဖို့အတွက် ဆံ၊ မုတ်ဆိတ်ပယ်ပြီး ရဟန်းပြုလုပ်ရင် ကောင်းမှာပဲ - လို့တွေးတယ်။ တွေးတဲ့အတိုင်း ရဟန်းဘောင်ဝင်ရောက်ပြီး ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်စည်းပြီးနေမယ်။ ဒီလိုအဖြစ်အပျက်ကို မင်းချင်းတစ်ယောက်က မင်းကြီးကို သံတော်ဦးတင်လာတဲ့အခါ ရဟန်းပြုသွားတဲ့ကျွန်ကိုခေါ်ပြီး ငါ့ဆီပြန်လာ အရင်အတိုင်း ကျွန်လာလုပ်ပါလို့ မင်းကြီးအမိန့်ပေးမလား မေးတော့ အရှင်ဘုရား အဲလိုလုပ်လို့မရတဲ့အပြင် ကျွန်ဘဝကရဟန်းဘဝရောက်သွားသူကို တပည့်တော်က ၁။ ရှိလည်းခိုးရပါမယ် ၂။ ခရီးဦးလည်း ကြိုရပါမယ် ၃။ နေစရာလည်း ပေးရပါမယ် ၄။ ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီး ဖိတ်ထားရပါမယ် ၅။ တရားနဲ့ညီတဲ့ ကာကွယ်စောင့်ရှောက်မှုကိုလည်း ပေးရပါမယ်ဘုရားလို့ ပြန်လျှောက်တာက အဇာတသတ်မင်းကြီး။ မင်းကြီး ဒါဟာ လက်တွေ့ရတဲ့ ရဟန်းပြုရခြင်းရဲ့အကျိုးပဲမဟုတ်လားမေးတော့

အဇာတသတ်မင်းကြီးလည်း ဟုတ်ကြောင်းဝန်ခံရတာပေါ့။

(၂) အရှင်ဘုရား . . . နောက်ထပ် မျက်မှောက်ဘဝမှာ ကိုယ်တိုင်သိမြင် ခံစားရတဲ့အကျိုးဆိုတာ ရှိပါသေးလားလို့မေးတော့ ဗုဒ္ဓက - နိုင်ငံမှာ ကျွန် မဟုတ်ပေမယ့် လယ်လုပ်ရင်း နိုင်ငံတော်ကို အခွန်ဆောင်နေတဲ့ လယ်သမား ရှိတယ်ပဲ ဆိုပါစို့။ လယ်သမားလည်း ကုသိုလ်ကောင်းမှုရဲ့ အကျိုးပေးပုံကို ကြည့်ပြီး အဇာတသတ်မင်းလည်းလူ ငါလည်း လူဖြစ်ရက်နဲ့ မင်းကြီးကတော့ နတ်သားတစ်ပါးလို ကာမဂုဏ်ငါးပါးကို ခံစားရပေမယ့် ငါကျတော့ အလုပ်လုပ် ပြီး အခွန်ထမ်းဆောင်နေရတယ်။ ငါလည်းပဲ အဲဒီမင်းကြီးလို အကျိုးရအောင် ရဟန်းပြုရင် ကောင်းမယ်လို့တွေးပြီး ရဟန်းဘဝခံယူခဲ့မယ်ဆိုရင် အဲဒီလယ် သမားကို ပြန်ခေါ်ပြီး လယ်လုပ်စေ၊ ပြီးတော့ အခွန်ဆောင်စေလို့ အမိန့်ပေး သင့်ပါ့မလားလို့- မေးတော့ အရှင်ဘုရား အဲဒီလိုလုပ်လို့ ဘယ်သင့်တော်ပါ့မလဲ လိုအပ်တာအားလုံး တပည့်တော်ကပဲ စီမံပေးရမှာပေါ့လို့ လျှောက်တင်တော့ ဒါဟာလည်း မျက်မှောက်ရနိုင်တဲ့ ရဟန်းရဲ့အကျိုးပါပဲလို့ ဗုဒ္ဓက မိန့်ကြားပါ တယ်။

(၃) အရှင်ဘုရား . . . ဒီထက်သာပြီး မွန်မြတ်တဲ့ ရဟန်းဖြစ်ရကျိုးရှိပါ သလားလို့မေးတော့ ဘုရားရှင်ကလည်း . . . ဗုဒ္ဓမြတ်စွာပွင့်တဲ့ကာလနဲ့ ဆုံလို့ တရားတော်ကို နာကြားပြီးတဲ့နောက် ကိလေသာကင်းရာနည်းကို ကျင့်သုံးဖို့ ချမ်းသာတဲ့သူတစ်ယောက်ဟာ ပစ္စည်းဥစ္စာ၊ ဆွေမျိုး၊ မိဘတွေကို စွန့်ပြီး ရဟန်းဝတ်လာမယ်၊ ရဟန်းဝတ်ပြီး ပါတိမောက္ခသံဝသီလကို စောင့်ထိန်းပြီး ဣန္ဒြေကိုစောင့်စည်းကာ သတိ၊ ပညာနဲ့ပြည့်စုံနေတဲ့အတွက် သစ်ပင်တော တောင်ကို အမှီပြုပြီး ကမ္မဋ္ဌာန်းကို ပွားများအားထုတ်နေမယ်ဆိုရင် နီဝရဏ ငါးပါးကင်းကွာနေမယ်ဆိုရင် ဝမ်းမြောက်မှု သောမနဿ၊ နှစ်သက်မှု ပီတိ၊ ကိုယ်စိတ်ငြိမ်းအေးမှု ပဿဒ္ဓိ၊ ချမ်းသာမှုသုခကိုခံစားပြီး စိတ်က တည်ငြိမ်နေ လိမ့်မယ်။ ဒီလိုမျိုး နီဝရဏငါးပါးကင်းစင်ပြီး စျာန်အင်္ဂါငါးပါး၊ စျာန်အင်္ဂါ

လေးပါးနဲ့ ပြည့်စုံတဲ့ ပဌမစျာန်ကိုရခဲ့မယ်ဆိုရင် ဒါဟာ အရင်ကရခဲ့တဲ့အကျိုးထက် သာလွန်နှစ်သက်ဖွယ်ကောင်းတဲ့ မွန်မြတ်တဲ့ ကိုယ်တိုင်သိမြင်ခွင့်ရတဲ့ ရဟန်းအကျိုးပါပဲ - လို့ ဖြေကြားပါတယ်။

ဒီလိုပဲ ဒုတိယစျာန်၊ တတိယစျာန်နဲ့ စတုတ္ထစျာန်တွေကိုရပြီး သိပ်ကို မွန်မြတ်တဲ့ ကိုယ်တိုင်သိမြင်ခွင့်ရတဲ့ ရဟန်းပြုရကျိုးများကို ရရှိခံစားရမှာပါ။ ဒါဟာ ရဟန်းပြုရခြင်းရဲ့ အကျိုးပါပဲမင်းကြီး လို့ ဗုဒ္ဓက မိန့်ကြားပါတယ်။

ပြီးတော့ ဗုဒ္ဓက ရဟန်းပြုရခြင်းရဲ့အကျိုးများကို ဆက်လက်ပြီး ဟောကြားပါတယ်။ တကယ်လို့ စတုတ္ထစျာန် သမာဓိကို အခြေပြုပြီး ငါရဲ့ဒီကိုယ်ကြီးဟာ ရုပ်ပဲဖြစ်တယ်။ မဟာဘုတ်လေးပါး အစုအဝေးသက်သက်ဖြစ်တယ်။ မိဘတို့မှ ပေါက်ဖွားတယ်။ ထမင်း၊ မုန့်စားပြီး ကြီးပွားလာတာ။ ပြိုကွဲပျက်စီးခြင်းသဘောရှိတယ်။ ငါ့ရဲ့ နာမ်တရားဟာလည်း ဒီရုပ်ကိုယ်ကြီးကို မှီတွယ်နေတယ်လို့ ဝိပဿနာဆက်လက်ပွားများ အားထုတ်မယ်ဆိုရင် ရှေ့ဖြစ်တဲ့စျာန်တရားတို့ထက် သာလွန်မွန်မြတ်တဲ့ ကိုယ်တိုင်သိမြင်ရတဲ့ ရဟန်းပြုရခြင်းအကျိုးဖြစ်ပုံကို ခွဲခြားသိစေပါတယ်။

၁။ **ဝိပဿနာဉာဏ်**

ဒ့ါအပြင် စတုတ္ထစျာန်အခြေခံနဲ့ ဆက်လက်အား ထုတ်မယ်ဆိုရင်

၂။ ကိုယ့်ခန္ဓာကိုယ်မှ တပါး အခြားခန္ဓာကိုယ်များကို စိတ်နဲ့ဖန်ဆင်းနိုင်တဲ့ **မနောမယိဒ္ဓိဉာဏ်**

၃။ မြေလျှိုး၊ မိုးပျံ စသည်ဖြင့် ထူးဆန်းတဲ့အရာကို ဖန်ဆင်းနိုင်တဲ့ **ဣဒ္ဓိဝိဓဉာဏ်**

၄။ အနီး၊ အဝေးမှာ တည်ရှိတဲ့ အသံမျိုးစုံကိုကြားနိုင်တဲ့ **ဒိဗ္ဗသောတဉာဏ်**

၅။ သူများရဲ့စိတ်ကိုသိနိုင်တဲ့ **စေတောပရိယဉာဏ်**

၆။ နေခဲ့ဖူး၊ ဖြစ်ခဲ့ဖူးတဲ့ ဘဝများကိုသိနိုင်တဲ့ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**

၇။ သတ္တဝါတွေသေရင် ဘယ်ဘုံမှာဖြစ်မယ်ဆိုတာကိုသိတဲ့ **စုတူပပါတဉာဏ်** နဲ့

၈။ ကိလေသာကင်းစင် ရဟန္တာဖြစ်စေနိုင်တဲ့ **အာသဝက္ခယဉာဏ်** များကို ရရှိနိုင်ကြောင်း ရဟန်းတစ်ပါးရဲ့ ရနိုင်တဲ့အကျိုးကို ဆက်ကာ ဆက်ကာ ဖေါ်ထုတ်ပြောကြားပါတယ်။ ကိလေသာကင်းစင်ရဟန္တာဖြစ်ပြီဆိုရင် နောက်ထပ်လုပ်စရာ ကုသိုလ်အလုပ် အကုသိုလ်အလုပ်ဆိုတာ မရှိတော့တဲ့အတွက် ဘဝထပ်ဖြစ်တယ်ဆိုတာ လုံးဝမရှိတော့လို့ ရဟန်းဖြစ်ခြင်းရဲ့အကျိုးထဲမှာ အမွန်မြတ်ဆုံးအကျိုးနဲ့ သူ့ထက်သာတဲ့အကျိုး မရှိနိုင်တော့ဘူးဆိုတာကို ဗုဒ္ဓက ရဟန်းပြုရခြင်းရဲ့အကျိုးကို ဥပမာအမျိုးမျိုးနဲ့ အဇာတသတ်မင်းကြီးကို မိန့်ကြားပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား . . .

အရှင်ဘုရားဟောကြားတဲ့တရားတော်ဟာ တကယ့်ကို နှစ်သက်ဖွယ်နဲ့ ပြည့်စုံလွန်းပါတယ်။ အသိဉာဏ်ကို ရှင်းကနဲဖြစ်စေတဲ့အတွက် ဥပမာပေးရမယ်ဆိုရင် မှောက်ထားတဲ့အိုးကို လှန်လိုက်သလို၊ ဖုံးထားတာကို ဖွင့်ပြသလို၊ မျက်စိလည်နေသူကို လမ်းမှန်ပြပေးသလို၊ အမှောင်ကို အလင်းပေးကာ မြင်အောင်ပြပေးသလိုပါပဲဘုရား။ အရှင်ဘုရား ဒီနေ့မှစပြီး ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ယုံကြည်တဲ့ ဥပါသကာအဖြစ် မှတ်တော်မူပါဘုရား။ တွေဝေမိုက်မဲတဲ့အတွက် အပြစ်တွေက တပည့်တော်ကို လွှမ်းမိုးသွားတာကြောင့် တရားသဖြင့် မင်းလုပ်အုပ်ချုပ်နေတဲ့ ဖခမည်းတော်ကို မင်းစည်းစိမ်ဆိုတဲ့အကြောင်းကြောင့် သတ်မိပါတယ်ဘုရား။ တပည့်တော်ရဲ့အပြစ်ကို နောင်အခါ မကျူးလွန်စောင့်စည်းစေနိုင်ဖို့ အရှင်ဘုရားမှ အပြစ်တစ်ခုကိုလုပ်မိတဲ့အနေနဲ့ လက်ခံပေးတော်မူပါဘုရားလို့ အဇာတသတ်မင်းကြီးမှ ဗုဒ္ဓမြတ်စွာကို လျှောက်ကြားတဲ့အခါ . . . ဗုဒ္ဓမြတ်စွာမှလည်း . . .

မင်းကြီး မိုက်မဲမိတဲ့အတွက် အပြစ်က သင့်ကို လွှမ်းမိုးသွားလို့ တရားစောင့်တဲ့ ခမည်းတော်မင်းကြီးကို သတ်ခဲ့မိတာပါ။ အပြစ်ကို အပြစ်လို့မြင်ပြီး ကုစားတဲ့အတွက် သင်မင်းကြီးရဲ့အပြစ်ကို အပြစ်လို့ပဲ သတ်မှတ်ပါတယ် **အာဃာတတစ်ခုရယ်လို့ မသတ်မှတ်ပါဘူး**။ အပြစ်ကို အပြစ်မှန်းသိလို့ ကုစားတယ်၊ ပြောကြားတယ်၊ စောင့်စည်းတယ်ဆိုတာဟာ အရိယာရဲ့ ဝိနည်းအဆုံးအမမှာ ကြီးပွားခြင်းသာဖြစ်တယ်လို့ မိန့်ကြားတော်မူပါတယ်။

သာမညဖလ (ရဟန်းပြုရခြင်းရဲ့အကျိုး) တရားတော်ကို နာကြားရလိုက်တဲ့အတွက် နှလုံးသားမှာစူးဝင်နေတဲ့ ဗျာပါဒ၊ သောကတွေကင်းပျောက်သွားပြီး ကိလေသာအမှောင်ကြောင့် အပြစ်လုပ်မိကြောင်း သိသွားတဲ့အတွက် နောင်အခါ အပြစ်ကို ရှောင်ကြဉ်ပြီး အရိယာဖြစ်ကြောင်းတရားများကို အသက်ထက်ဆုံး ကျင့်သုံးသွားသူက အဇာတသတ်မင်းကြီး။

အဇာတသတ်မင်းကြီး ဘုရားရှင်ဆီကနေ ဖဲခွါသွားတဲ့အခါ ဘုရားရှင်မှ ရဟန်းများကို မိန့်ကြားပါတယ်။ ရဟန်းတို့ . . . အဇာတသတ်မင်းကြီးဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးခဲ့တာ။ သူဟာ တရားစောင့်တဲ့ ခမည်းတော်မင်းကြီးကိုသာ မသတ်မိခဲ့ဘူးဆိုရင် ဒီနေရာမှာတင် တရားဆုံးတာနဲ့ သောတာပတ္တိမဂ်ဉာဏ်ရပြီး သောတာပန်ပုဂ္ဂိုလ်ဖြစ်မှာ။ အခုတော့ အတ္တကြောင့် အားလုံးပျက်စီးသွားရပြီလို့ မိန့်ကြားပါတယ်။

တန်ဆောင်းမုန်းလပြည့်နေ့မှာ နာကြားခဲ့ရတဲ့ သာမညဖလသုတ်တော်ဟာ အဇာတသတ်မင်းကြီးအတွက် အလဟဿမဖြစ်ခဲ့ပါဘူး။ သောတာပန်ဖြစ်ခွင့်မရခဲ့ပေမယ့် ရင်ထဲက သောကဆူးကို ဓမ္မအထူးနဲ့ နှုတ်နိုင်ခဲ့တာမို့ အဖေအရိယာကို သတ်ခဲ့မိတဲ့ ဂရုကံကြောင့် အဝီစိကျရမယ့်အဖြစ်မှ လွတ်ပြီး လောဟကုမ္ဘိငရဲမှာသာ ခံရခြင်းအပြစ်ကို ခံရမှာဖြစ်ပြီး ညညအိပ်မပျော်တဲ့ ရောဂါကင်းစင်သွားရပါတယ်။ ရတနာသုံးပါးကိုးကွယ်တဲ့ ဥပသကာတစ်ဦးအဖြစ်ခံယူသွားတာကြောင့် အသက်ထက်ဆုံး အာစိဏ္ဏကံအနေနဲ့ ကောင်းမှု

များကိုသာ လုပ်သွားသူတစ်ယောက်ဖြစ်လာပါတယ်။ ပြီးတော့ သာသနာအတွက် အရေးကြီးဆုံးဖြစ်တဲ့ ပထမသံဂါယနာကိုပါ တာဝန်ယူသူအဖြစ်အနေနဲ့ကျင်းပပေးနိုင်ခဲ့တာလေ။

သာမညဖလသုတ်ကို နာကြားလိုက်ရတဲ့ မင်းကြီးဟာ အမှားကိုလှန် အမှန်ကိုသာပြုလုပ်ခဲ့တဲ့အတွက် နောင်တစ်ချိန်မှာ ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါတစ်ပါး အဖြစ် လောကမှာ ပွင့်ထွန်းပေါ်ပေါက်လာရဦးမှာပါ။ သာမညဖလသုတ်ရဲ့ အစွမ်းကတော့ အံ့မခန်းပါပဲလေ။ သေချာတာကတော့ သာမညဖလ - ရဟန်းဖြစ်ရခြင်းရဲ့အကျိုးကို ဂဃနဏ သိသွားမယ်ဆိုရင်တော့ ကိလေသာအဆိပ်တွေ သင့်နေတဲ့နှလုံးသားကို အဆိပ်ကင်းစေ၊ သန့်ရှင်းသွားစေမှာအမှန်ပါပဲ။

ကိလေသာ အဆိပ်ကိန်းနေတဲ့ နှလုံးသားကို အဆိပ်ကင်းစေတဲ့ သာမညဖလ(ရဟန်းဖြစ်ရခြင်းရဲ့အကျိုး)သုတ်ကို နာကြားမှတ်သားရင်းနဲ့ ကိလေသာအဆိပ်ကင်းသူဖြစ်အောင် ကြိုးစားနိုင်ကြပါစေကြောင်း . . .။ ။

(၀၃. ၁၁. ၂၀၁၇) သောကြာနေ့

(တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့)

**(သာမညဖလသုတ်ကို အနှစ်ချုပ်ဘာသာပြန်ဖေါ်ပြခြင်းမျှသာ)**



# "အတွေးတစ်စ"

သင့်တော်ရာနေရာတွေကို ရွေးချယ်ပြီး ပညာသင်ရ၊ စီးပွားရှာရတာဟာ အသိရှိတဲ့သတ္တဝါတွေရဲ့ အလေ့အကျင့်တစ်ခုပါပဲ။ တိုးတက်မှု၊ အောင်မြင်မှုအတွက် ရှင်သန်ကြရတာလေ။ နိုင်ငံခြားပညာသင်ထွက်တဲ့အချိန်ကစလို့ အမိမြန်မာပြည်မှာ အခြေတကျ အခြေချတာမရှိပေမယ့် အခြားနိုင်ငံများမှာတော့ အချိန်အတော်ကြာကြာနေခွင့်ရ ခြေချခွင့်ရရှိခဲ့ပါတယ်။ နေခဲ့တဲ့နိုင်ငံများထဲမှာ စင်္ကာပူလည်း ပါတယ်လေ။ အချိန်တွေ အကုန်မြန်တာကို သတိမထားမိပေမယ့် အချိန်ကတော့ အသိပေးနေလေရဲ့။ စင်္ကာပူမှာ ဘယ်လောက်ကြာပြီဆိုတာ မတွက်မိတဲ့သူကို ပဉ္စမအကြိမ် အဘိဓမ္မာဆုပေးပွဲ (၀၅. ၁၁. ၂၀၁၇)ကြီးက ကြာခဲ့တဲ့အချိန်တွေကို သတိရအောင်ပုတ်နှိုးကာ သတိပေးနေပါတယ်။ အဘိဓမ္မာဆုပေးပွဲကြီးတောင် ပဉ္စမအကြိမ် ရောက်လာပါရော့လား အချိန်ရယ် ကုန်မြန်လိုက်တာ။

ပဉ္စမအကြိမ် အဘိဓမ္မာဆုပေးပွဲမှာ ဆုယူသူများ၊ အောင်လက်မှတ်ယူသူများကို ကြည့်ပြီး ကျေနပ်ပီတိဖြစ်မိတာအမှန်ပါ။ နှလုံးသားထဲထိ စိုက်ကြည့်မိတယ်။ နှလုံးသားက နူးညံ့စွာနဲ့ ပြုံးလို့နေပါလား။ စွဲလန်းမှုမပါ ပီတိသက်သက်သာဖြစ်ကြောင်း ကာယကံရှင်ကလွဲပြီး ဘယ်သူများသိနိုင်မှာတဲ့လဲ။ တာဝန်ခံ ဥက္ကဋ္ဌဆရာတော်ကလည်း စင်္ကာပူနေစဉ်အတွင်း အဘိဓမ္မာသင်တန်း

ကို ဖွင့်ပေးခွင့်၊ သင်ကြားပေးခွင့်ရအောင် ဖန်တီးပေးရတာ အကျေနပ်ဆုံးလို့ ပြောပြသလို Information (သုတမယဉာဏ်), Knowledge (စိန္တာမယဉာဏ်) and Wisdom (ဘာဝနမယဉာဏ်) အကြောင်းကို ဩဝါဒပေးသွားပါတယ်။ သင်ပေးခဲ့ရတဲ့၊ သင်ပေးနေဆဲဖြစ်တဲ့ အဘိဓမ္မာသင်ခန်းစာတွေနဲ့ပတ်သက်ပြီး အတွေးများက ဟိုး . . . အဝေးဆီ လွင့်ပျံ့သွားရဲ့။

နိုင်ငံခြားရောက်နေမှန်းမသိတဲ့ လူငယ်တစ်ယောက်။ အသက်က ခြောက်နှစ်ခန့်။ ဘာသာ၊ သာသနာဆိုတာ မကြားဖူး မသိဖူးလေတော့ ရဟန်းသံဃာတော်များကို ရှိခိုးရမှန်းမသိတဲ့ လူငယ်။ စား၊ အိပ်၊ ကစားကလွဲ အပို မတွေးနိုင်တဲ့ ကလေးသူငယ်ပေါ့။ ဘဝမှာအရေးကြီးတာ ဘာရှိလဲဆိုတာ ဘာဆိုဘာမှမသိသေးတဲ့ ဘဝကို ပိုင်ဆိုင်ထားသူ။ ပြီးတော့ မြန်မာပြည်ဆိုတာ လောကမှာရှိတဲ့ နေရာတစ်ခုရယ်လို့တောင် မသိတဲ့ကလေး။ အားလုံးကို မသိဆိုတဲ့စကားနဲ့ တည်ဆောက်ထားတဲ့ဘဝသမားပေါ့။ အချိန်တွေ၊ နေ့ရက်တွေကုန်သွားတာနဲ့အမျှ အသက်လေးလည်း ကြီးလာတာပေါ့။ အသိကတော့ အရင်အတိုင်း မပြောင်းမလဲ။

တစ်ရက်။ ဒီတစ်ရက်ဟာ အားလုံးကို ပြောင်းလဲသွားစေမယ့် နေ့တစ်နေ့ဆိုတာ ဘယ်သူများပြောနိုင်ပါ့မလဲ။ အဖိုးဆိုတဲ့ လူတစ်ယောက် အိမ်ရောက်နေလို့ ကစားနေတဲ့ သူရဲ့မြေးကိုတွေ့ချင်လို့ လာခဲ့ပါဦးတဲ့။ ကလေးတစ်ယောက်ကို လာခေါ်ခိုင်းတာ။ အဖေနဲ့အမေကမ္ဘာပဲရှိခဲ့တဲ့ ကလေးတစ်ယောက်အတွက် အဖိုးဆိုတာ ဘာလဲဆိုတာတောင်မသိခဲ့။ အဖိုး(အမေရဲ့အဖေ)ကို တွေ့တော့ အံ့ဩမိတယ်။ အသက်ကြီးကြီး ကတုံးကြီးနဲ့လူကြီးဟာ ငါ့ အဖိုးလားလို့ စိတ်ထဲတိုးတိုးလေး ရေရွတ်မိသေး။ အဖိုးကပြတ်တယ်။ ငါ့မြေးကို ခေါ်သွားမယ်တဲ့။ မှတ်မိနေသေးတယ်။ နိုင်ငံရဲ့နယ်စပ် ကျောင်းမသွားခင် အိမ်ရှေ့က ကန်အစွန်မှာရှိတဲ့ ရေတွင်းမှာ ရေချိုးပြီးအပြန် ရေကန်ထဲပြုတ်ကျလို့ ရေပြန်ချိုးရတဲ့အဖြစ်ကိုပေါ့။ ဒီလိုနဲ့ ကျောင်းထိ အမေက

လိုက်ပို့ပေးတယ်။ အမေနဲ့မခွဲဖူးသူဆိုတော့ အမေမပါရင် ဘယ်မှမသွားချင်။ ညနေစောင်းရောက်တော့ အမေမခွဲဖူးတဲ့သားကို ခွဲရလွယ်အောင် မုန့်သွားဝယ်မယ်ဆိုတဲ့စကားနဲ့ အဖိုးရဲ့ရင်ခွင်ထဲမှာ အမေထားခဲ့တယ်။ အိပ်ချိန်ရောက်တဲ့အထိ ပြန်မလာတော့မှ အမေညာသွားပြီဆိုတာ သိလိုက်ရတယ်။ အမေရဲ့မုသား လိမ်ညာစကားဟာ ဘဝတစ်ခုပြောင်းလဲဖို့ဆိုတာ မသိတဲ့သားတစ်ယောက် အငိုနဲ့ညကို ဖြတ်ကျော်ခဲ့ရပေါ့။

မြန်မာပြည်ခရီးကို ပင်လယ်ကူးသင်္ဘောနဲ့ ဖြတ်ရင်းစခဲ့ရတယ်။ မြန်မာပြည်ရောက်တော့ အဖွား (အမေရဲ့အမေ) အစ်ကို တည်ထောင်ခဲ့တဲ့ တောင်ဇင်းကျောင်းမှာ သွားအပ်ပါရော့လား။ ရဟန်းသံဃာမတွေ့ဖူးလို့ မယဉ်ကျေးခဲ့တဲ့ ကလေးတစ်ယောက် ဆရာတော်ကို ရှိခိုးဖို့ဆိုတာဝေလာဝေး။ ကျောင်းမှာရှိသမျှ သံချောင်း၊ တုံးများကို အားရပါးရလိုက်ခေါက်၊ လိုက်ထုပေါ့။ ကျောင်းသားတွေ လိုက်ဖမ်းတာကိုလဲ မှတ်မိနေသေး။ ဆင်တွေဘယ်လောက်ရိုင်းရိုင်းယဉ်ကျေးအောင် သင်ပေးသူနဲ့တွေ့ရင် ဘုရင့်အသုံးတော်ခံ အာဇာနည်ဆင်ကြီးတောင် ဖြစ်ခွင့်ရှိတယ်မို့လား။ ရိုင်းပြီး မယဉ်ကျေးတဲ့ကလေးကို အသိပြည့်တဲ့ဆရာတော် (လက်ဦးဆရာ တောင်ဇင်းဆရာတော် ဦးစက္ကိန္ဒ) က လွယ်ကူစွာပဲယဉ်ကျေးစေခဲ့သလို အချိန်တိုအတွင်းမှာ ဗုဒ္ဓစာပေတွေ နဲ့ ရင်းနှီးလာရသလို လူရိုင်းမယဉ်ကျေးဘူးဆိုတာ ဘယ်လိုဘာလိမ့်လို့ ပြန်မေးရလောက်အောင် ပြောင်းလဲသွားခဲ့ပါရော။ ဗုဒ္ဓစာပေဆိုတာ အရိုင်းကို ယဉ်စေတယ်၊ အယဉ်ကို တင့်စေတယ်၊ အတင့်ကို မြင့်စေပြီး အမြင့်ကို လွတ်စေနိုင်စွမ်းရှိတယ်ဆိုတာ ကိုယ်တွေ့ပါပဲလေ။

ဒီလိုနဲ့ ကျောင်းသားငယ်ဘဝနဲ့ ကိုရင်ကြီး၊ ကိုရင်ငယ်နဲ့ ကျောင်းသားအားလုံးရဲ့ ဆရာတစ်ယောက်အဖြစ် ဆရာတော်ကြီးမှ ယုံကြည်စွာ ပေးအပ်ခဲ့တယ်။ တာဝန်ကျေခဲ့သူတစ်ယောက်အဖြစ် အခုထိယုံကြည်မိနေဆဲ။ ကိုရင်၊ ကျောင်းသားအားလုံးကို စာသင်ပေးခဲ့ရတဲ့အပြင် သူတို့တွေရဲ့ လေ့ကျင့်ခန်း

များကိုလည်း မှတ်ချက်ပေးခဲ့ရတယ်လေ။ ညံ၊ သင့်၊ တော် စသည်ဖြင့် ကျောက် သင်ပုန်းမှာ မှတ်ချက်ပေးရတာ သဘောကျခဲ့ဖူးတယ်။ ညံ့ပေးထားတာကို သင့်ပြင်ပေးဖို့ အဆွယ်ခံရဖူးသေးတယ်။ ကလေးဆိုတော့ ကိုရင်နဲ့ ကျောင်း သားကြီးများက ဖြားယောင်းတာပေါ့။ ပြင်ပေးခဲ့ဖူးလားဆိုတာတောင် ကောင်း ကောင်းမမှတ်မိတော့။ ဒီလိုနဲ့ နိုင်ငံခြားက မိဘများပို့လိုက်တဲ့ အလှူငွေနဲ့ အဖိုး အဖွားများ ရှင်ပြုမင်္ဂလာ အလှူကြီးလုပ်ဖို့ စီစဉ်ကြပါရော။ သား ယောကျ်ားချည်း လေးယောက်ရှိတဲ့မိဘမှာ အငယ်ဆုံးသားတစ်ယောက်ပဲ ဘုမသိ ဘမသိနဲ့ ရှင်ပြု ခဲ့ရတာလား။ ဒီလိုနဲ့ သာသနာ့ဘောင်ထဲကို ယောင်လည်လည် ရောက်လာခဲ့ ရတယ်။

ဘဝအပြောင်းအလဲကို ပြုလုပ်ပေးခဲ့တာက တော့ ရန်ကုန် ရွှေကျင် ကျောင်းသစ်ဆရာတော် (ဦးဗုဒ္ဓဝံသ) ပါပဲ။ ဒါဟာ ဘဝရဲ့ လမ်းသစ်ဖေါက်ဖို့ လမ်းစတစ်ခုဖြစ်ခဲ့ရပါတယ်။ ရန်ကုန်မှာ အခြေခံ ဗုဒ္ဓစာပေတွေကိုသင်ယူပြီး ပဲခူး၊ မော်လမြိုင်၊ မန္တလေးနဲ့ ရန်ကုန်မြို့ကြီးများ မှာရှိတဲ့ စာသင်တိုက်ကြီးများမှာ အထက်တန်းဗုဒ္ဓစာပေများကို ဆက်လက် သင်ယူခဲ့ပြန်တယ်။ ဘွဲ့ရပြီးတဲ့နောက် မှာလည်း ပညာစခန်းကိုမရပ်ဘဲ ဆက်လက်ရွက်လွှင့်ခဲ့တယ်။ ပညာသင်ခဲ့ရာ နိုင်ငံတွေကတော့ အိန္ဒိယ၊ သီရိ လင်္ကာ၊ လာအိုနိုင်ငံနဲ့ စင်္ကာပူနိုင်ငံတို့ပေါ့။ ပညာတွေသင်ရင်းနဲ့ လောကုတ္တရာဘွဲ့ လောကီဘွဲ့များရလာတဲ့အထိ တစ်ခါမှ စိတ်မကူးမိတာကတော့ လူတွေကို ဗုဒ္ဓ စာပေအသိပေးဖို့ပါပဲ။ တရားဟောတာ မျိုးကို လုပ်မယ်ဆိုတဲ့ စိတ်ကူးရှိပေမယ့် သင်ကြားမှုနဲ့လူတွေကို အသိပေးဖို့ စိတ်ကူး လုံးဝမရှိခဲ့ဘူးဆိုတာ ဝန်ခံရပါလိမ့်မယ်။ ကျောင်းတွေတက်၊ ဘွဲ့တွေယူ ဆိုတာဟာလည်း သာသနာမှာ တင့်တောင့်တင့်တယ်ဖြစ်ပါစေဆိုတဲ့ စိတ်နဲ့သာ လုပ်ခဲ့မိတာ။

အပြောင်းအလဲဆိုတာ အမြဲတမ်းရှိနေပါတယ်။ မဖြစ်ချင်တာတွေ ဖြစ် လာတတ်တာဟာ လောကသဘာဝတစ်ခုပါပဲ။ လာအိုနိုင်ငံမှာ ကျောင်းတက်

နေတုန်း အဘိဓမ္မာသင်ပေးဖို့ ပြောကြားလာတော့ စိတ်ထဲက မလုံမလဲဖြစ်မိတယ်။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ဆိုတာမျိုးကို ရှင်နဲ့ရဟန်းများကိုသာ သင်ပေးခဲ့ဖူးတာရယ်။ အခုက အဘိဓမ္မာဆိုတာ ဘာမှန်းကိုမသိသေးတဲ့ လူတွေကို သင်ပေးရမယ်ဆိုတော့ အတော်ကို စွန့်စားရမယ့် စွန့်စားခန်းကြီးပါပဲ။ တောင်းဆိုသူရှိလာတော့လည်း ပေးရတာဟာ ဝန်ထမ်းများရဲ့ဘဝပဲမို့လား။ တောရွာက ဆေးလွယ်အိတ်လွယ်ပြီး ရွာရိုးကိုးပေါက် လျှောက်ကုနေတဲ့ ဒေါက်တာရမ်းကုလို မဖြစ်ချင်ခဲ့ပေမယ့် အခုတော့ ရမ်းကုရတော့မယ်။ ဒီလိုနဲ့ အဘိဓမ္မာကို ပါဠိစာပေကနေ လူတွေနားလည်အောင် လူ့အသုံးနဲ့စတင်ပြီး သင်ကြားမိတော့တယ်။ တော်ပါသေးရဲ့။ သူတို့တွေက နားလည်တယ်ဆိုလို့။ ဒီလိုနဲ့ ပဋ္ဌာန်းအမြည်းကိုပါ သင်ပေးဖြစ်ပါရော။ လာအိုနိုင်ငံကနေ စင်္ကာပူအလည်လာရင်း စင်္ကာပူမှာလည်း အဘိဓမ္မာကို ဆက်သင်ပေးခွင့်ရရှိပြန်ပါတယ်။ သင်တန်းဌာနဆိုတာ လူတွေရဲ့ အိမ်ခန်း၊ တိုက်ခန်းပါပဲ။ တောက တောင်ပေါ်ကျောင်းမှာ စာသင်ကြားရတုန်း အားလုံးရဲ့ဆရာဖြစ်ခဲ့ဖူးတဲ့ ကျောင်းသားငယ်လေးတစ်ယောက် အခုတော့ လူကြီးတွေကို ဗုဒ္ဓအသိ သင်ကြားပေးနေတဲ့ဆရာတစ်ယောက်ဖြစ်နေပြီ။ သင်ယူချင်တဲ့စိတ်နဲ့ အဘိဓမ္မာကို လေ့လာလိုက်စားရင်း ဆရာဖြစ်ခွင့်ပေးတဲ့တပည့်တွေကို အတွေးနဲ့ ကျေးဇူးတင်နေမိတယ်။ ဆရာဆိုတာ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာကို လက်ကိုင်စွဲရင်း တပည့်များကို အသိပေးသူတစ်ယောက်ပဲ မဟုတ်ပါလား။

ဆရာရယ်လို့ဖြစ်လာရင် စေတနာကောင်းဖို့ထက် စေတနာမှန်ဖို့က ပိုအရေးကြီးတယ်လေ။ စေတနာဆိုတာ စိတ်အားလုံးကို ချယ်လှယ်နိုင်စွမ်းရှိတဲ့ နာမ်တရားသဘောဖြစ်တာကြောင့် သူရဲ့ချယ်လှယ်မှုနောက်ကို မလိုက်ဘဲ **သဒ္ဓါ** - ယုံကြည်မှုနောက်ကိုလိုက်တဲ့ စေတနာဆိုရင် စေတနာကောင်းဖြစ်ပြီး **ပညာ** - အသိနောက်ကိုလိုက်တဲ့ စေတနာဆိုရင် စေတနာမှန်ဖြစ်ပါတယ်။

များသောအားဖြင့် ကိုယ်ယုံကြည်ရာတစ်ခုကို အခြေပြုပြီး သင်ကြားမှု၊ အသိပေးမှုကိုလုပ်သူတွေကများတဲ့အတွက် ဆရာကောင်းတစ်ယောက်ဖြစ်နိုင်ပေမယ့် ပညာအသိကို အခြေမခံရင်တော့ ဆရာမှန်တစ်ယောက်ဖြစ်ဖို့ မလွယ်ပြန်ပါဘူး။ ဗုဒ္ဓဟောကြားမြတ်တရားဆိုတာ ဒုက္ခလွတ်ကြောင်းကို အဓိကဦးတည်နေတာမို့ ဘဝရရင် ကောင်းဖို့လိုအပ်သလို ဘဝရပ်တည်တဲ့အခါမှာလည်း မှန်ဖို့လိုအပ်ပြန်ရော။ **သဒ္ဓါ**-ယုံကြည်မှုနဲ့ **ပညာ**-အသိ အတူတွဲပြီး တပည့်တွေကို အသိပေးနိုင်မှသာ ဒုက္ခလွတ်ကြောင်းကို ကြိုးစားနိုင်ကြမှာပါ။ ဒါကြောင့် တပည့်တွေကို စေတနာမှန်မှန်နဲ့အသိပေးဖို့ သိပ်ကိုအရေးကြီးလွန်းပါတယ်။ ဗုဒ္ဓရဲ့သားတော်တစ်ယောက်ဖြစ်တာနဲ့အမျှ ကိုယ်တိုင် ဒုက္ခကလွတ်အောင် မလုပ်နိုင်သေးပေမယ့် ဒုက္ခလွတ်ကြောင်းများကိုတော့ အသိပေးဖြစ်အောင်ကို ကြိုးစားပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို နေ့စဉ်အသုံးပြုနေသမျှကာလပတ်လုံး **ဝိဇ္ဇာ** - အသိကိုသာ အသုံးပြုနေမယ်ဆိုရင် **သင်္ခါရ**-ကံမမြောက်တာကြောင့် ဘဝဒုက္ခတွေနည်းလာပါတယ်။

ဗုဒ္ဓရဲ့အဘိဓမ္မာကို သင်ကြားပို့ချခွင့်ရလာတဲ့ အချိန်ကစပြီး တပည့်သင်တန်းသားတွေ ဘဝကိုဖြတ်သန်းတဲ့အခါ ကံတွေ မမြောက်အောင် ဒုက္ခကင်းအောင် တတ်နိုင်သလောက် အသိပေးခဲ့ပါတယ်။ သင်ယူသူတပည့်များလည်း ဘဝတိုအောင် ဒုက္ခကင်းအောင် ကြိုးစားနေကြမယ်ဆိုတာ ယုံကြည်လို့ ထားခဲ့တဲ့စေတနာမှန်အတွက် တွေးမိတိုင်း ကျေနပ်မိတယ်။ အဘိဓမ္မာတရားတော်ကို လေ့လာလိုက်စားရင်း စာမေးပွဲဖြေဆိုလို့ အောင်မြင်သူများကိုတွေ့ရတော့ ကျေနပ်ရပြန်သလို ထူးချွန်သူများကို တွေ့ရ ပြန်တော့လည်း ဂုဏ်ယူရပြန်ရော။ သူတို့လေးတွေ အပြုံးပန်းကိုဆင်ရင်း ဆုတွေကို ယူနေတာတွေ့ရတော့ ယုံကြည်မှုစေတနာကောင်းနဲ့ သာဓုခေါ်နေမိပြန်တယ်။ စေတနာကောင်း စေတနာမှန်နဲ့ သင်ကြားပေးခဲ့ကြတဲ့ ဆရာတွေရဲ့ ရင်ထဲကို ဝင်ကြည့်စရာမလိုဘဲ ကိုယ်တိုင်ခံစားတတ်ခဲ့ပြီ။ ဆရာအားလုံးထက် သာလွန်ပြီး ဘယ်ဆရာနဲ့မှမတူတဲ့

လူ၊ နတ်တို့ရဲ့ဆရာ ဗုဒ္ဓမြတ်စွာရဲ့စေတနာ မှန်ကိုလည်း လှမ်းမျှော်လို့ ပူဇော်မိပါရဲ့။

ဝါသနာဆိုတာ သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ ပယ်ရခက်တဲ့အဖြစ်တစ်ခုပဲမဟုတ်ပါလား။ ငယ်ငယ်လေးကတည်းက စာသင်ပေးတာကို ဝါသနာပါခဲ့တဲ့ သူတစ်ယောက်အနေနဲ့ မထင်မှတ်ဘဲ လူတွေရဲ့ ဘဝထဲကို ဗုဒ္ဓရဲ့အသိများထည့်ပေးခွင့်ရခဲ့တာ ကျေနပ်စရာပါပဲ။ ဒီကျေနပ်မှုကို အသက်ရှိပြီး သင်ပေးနိုင်သေးသရွေ့ အသုံးပြုနေမိမှာအမှန်ပါပဲ။ ဝါသနာနဲ့အတူ ကိလေသာကိုပယ်သတ်နိုင်စွမ်းရှိတာဟာ ဗုဒ္ဓမြတ်စွာတစ်ဆူသာရှိတာကြောင့် ပယ်ရခက်တဲ့ဝါသနာကို မပယ်တော့ဘဲ ဘဝရှုပ်နေသူတွေ ဘဝတိုရလေအောင်၊ ဒုက္ခများနေသူတွေ ဒုက္ခပါးရအောင် အသက်ဆုံးထိ အသိပေးသွားတော့မယ်။ ဒီလိုဝါသနာ သံသရာကပါခဲ့တဲ့အတွက် ဝမ်းသာမိတယ်။ သံသရာမဆုံးသေးရင် ဝါသနာမဆုံးပါစေနဲ့လို့ တိတ်တခိုးလေး တောင်းဆုပြုမိပါရဲ့။

ဆရာဆိုတာ တပည့်တွေအတွက် အနစ်နာခံဖို့ အဆင်သင့်ပါပဲ။ တပည့်ဆိုတာ ကိုယ့်ရင်ကဖွားတဲ့သားသမီးပဲ မဟုတ်ပါလား။ နှလုံးသားအသိကတဆင့်မွေးလာကြတဲ့ သား၊ သမီးများကို မြတ်နိုးရတာဖြစ်လို့ သူတို့လေးတွေ သံသရာကြောမှာ မမျောရလေအောင် ဆရာကိုကြိုက်ဖို့ထက် တရား ကိုကျင့်ဖို့ မညာ၊ မညှာဘဲ အသိပေးသွားရမှာပါပဲ။ တပည့်တွေ မှန်ကန်တဲ့အသိရပြီး ဘဝမှာပြုံးနိုင်ဖို့ဆိုရင် တပည့်တွေရင်မှာ အမုန်းကိုပိုက်ထားပါစေ ဆရာတစ်ယောက်အနေနဲ့ အမှန်တရားကိုတော့ တပည့်တွေရဲ့ရင်ထဲရောက်အောင် ပေးနေမှာပါပဲ။ ကိုးလလွယ် ဆယ်လဖွားတဲ့ သားသမီးကိုတောင် အသက်ပေးကာကွယ်ဖို့ ဝန်မလေးတတ်တဲ့ မိဘတွေရှိသေးတာ ဆယ်လမက အတူနေပြီး အသိဆည်းပူးနေသူ တပည့်တွေအတွက် အနစ်နာခံပေးဆပ်ဖို့ အသင့်ပါပဲ။ ဒါဟာလဲ မွေးယူလို့ရတဲ့ အရာမဟုတ်ပါဘူး။ စေတနာမှန်ကြောင့် ပေါ်လာရတဲ့ အနစ်နာခံမှုတစ်ခုပါ။ ဆရာတစ်ယောက်ဖြစ်လာတဲ့အချိန်ကစလို့ တပည့်တွေရဲ့

အချစ်သာမက အမုန်းကိုပါ လက်ခံရနိုင်တယ်ဆိုတာကို သိနေပြီးသားမို့ အမုန်းတွေဘယ်လောက်ပေးပေး အပြုံးနဲ့ အမှန်တရားကိုသာ ပေးသွားမှာပါ။ နာမည်ကြီးဖို့ ဆရာလုပ်တာမဟုတ်သလို နာမည်မရှိလို့လည်း ဆရာက အပြုံး မပျက်ပါဘူး။ နာမည်ပျက်သွားလည်း ဆရာက တပည့်တွေကို သံသရာဘေးမှ ကာကွယ်သွားမှာပါ။ ဘာကြောင့်ဆို ဆရာတစ်ယောက် ဖြစ်နေလို့ပါပဲ။ သာသနာနဲ့ကြုံမှသာ လူသားတွေကို အသိပေးရင် သံသရာက ကာကွယ်ခွင့် ရတာပါ။ ဒီဘဝမှာတော့ လူသားတပည့်တွေကို အသိပေးရင်း အသက်ဆုံး သည်အထိ အနစ်နာခံပါရစေတော့။ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ ဆရာလုပ်နေရပေမယ့်လည်း ကြည်နူးကျေနပ်မိတယ်။ မှန်ကန် တဲ့စေတနာနဲ့ ဘဝတိုကြောင်း ဒုက္ခကင်းကြောင်းအသိများကို ပေးနေရလို့ပါ။ သက်တမ်းတိုတဲ့လူ့ဘဝ ခဏတာရတဲ့ကာလမှာ အသိပေးသူ ဆရာတစ် ယောက်ဖြစ်လာတာဟာ အသိကို ထပ်ဆင့်ပေးခဲ့တဲ့ ရဟန်း၊ သံဃာဆိုတဲ့ ဆရာအဆက်ဆက်ကြောင့်ဖြစ်သလို ဆရာအဖြစ်လက်ခံပေးတဲ့ တပည့်တွေ ကြောင့်ဖြစ်ပါတယ်။ အောင်လက်မှတ်ယူနေတဲ့တပည့်၊ ဆုတွေလက်ခံနေတဲ့ တပည့်တွေကို ကြည့်ရင်း ရင်တွင်းပီတိနဲ့ ကြည်နူးရိပ်တို့လွှမ်းနေတဲ့ ဆရာတစ် ယောက်ရဲ့မျက်နှာကို တပည့်တွေ ရိပ်မိလောက်ပါရဲ့။ ဗုဒ္ဓသာသနာနဲ့ တွေ့ရတဲ့ ခဏ သံသရာလွတ်ကြောင်းကို စေတနာအမှန် (ပညာ) နဲ့ အသိပေးခွင့်ရခဲ့တဲ့ အတွက် တပည့်တွေ သံသရာကင်း၊ ဒုက္ခကင်းပြီး နိဗ္ဗာန်ဆုများကို ယူနေတာ မြင်ချင်စမ်းပါဘိ။

(၀၆. ၁၁. ၂၀၁၇) တနင်္လာနေ့

**( အဘိမမွှာသင်ယူဖူးသူ တပည့်အားလုံးကို ရည်ညွှန်းပါ၏)**



## "ကုသိုလ်တစ်ခု နေ့စဉ်ပြု"

သတ္တဝါရယ်လို့ဖြစ်လာပြီဆိုရင် ကောင်းဆိုးနှစ်တန် လောကဓံကို ကြုံရမြဲပါ။ လောကဓံသဘာဝ အကောင်းနဲ့ အဆိုး ဒွန်တွဲနေတာမှန်ပေမဲ့ အကောင်းကိုသာ တမ်းတမျှော်မှန်းကြတာဟာလည်း ပုထုဇဉ်ရဲ့ သဘာဝတစ်ခု ရယ်။ ဒါကြောင့် သတ္တဝါတွေဟာ ကောင်းတာပဲကြုံချင်တယ်။ ပညာတတ် တစ်ယောက်ဖြစ်ချင်တယ်။ ပစ္စည်းဥစ္စာချမ်းသာသူ တစ်ယောက် ဖြစ်ချင်ကြ ပါတယ်။ သတ္တဝါတွေရဲ့ လိုအပ်ချက်သိလို့ထင်ပါရဲ့ လိုအပ်ချက်ကို ဖြည့် နိုင်ဖို့အတွက် တစ်နေ့မှာ ကုသိုလ်၊ ပညာ၊ ဥစ္စာ သုံးခုထဲက တစ်ခုခုရအောင် ယူရပါမယ်တဲ့။ မရသူဟာ တစ်နေ့အတွက် အရှုံးပေါ်သူပါတဲ့။ ဟုတ်ပါတယ်။ အမြတ်ဆိုတာ အရှုံးမှ မဟုတ်တာ။ တစ်နေ့မှာ တစ်ခုလောက်မှ မကျန်ရင် ဒါဟာ တကယ်ရှုံးတာပဲ့ပေါ့။

သူသူ၊ ကိုယ်ကိုယ် ကောင်းမွန်တဲ့ ဘဝကို တမ်းတကြပါတယ်။ မကောင်းတဲ့ဘဝကို ရချင်ကြုံချင်တဲ့သတ္တဝါဆိုတာ လောကမှာ ရှာလို့ မတွေ့ နိုင်လောက်ပါဘူး။ တိရစ္ဆာန်ဖြစ်သွားတဲ့ သတ္တဝါတွေလည်း ဖြစ်နေလို့သာ လက်ခံလိုက်ရတာပါ။ သူတို့တွေလည်း အဲဒီလိုဘယ်ဖြစ်ချင်ပါ့မလဲ။ ဗုဒ္ဓဝါဒ အလိုအရ သတ္တဝါအမျိုးမျိုး ဘုံအထွေထွေ ရှိပါတယ်။ မကောင်းတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ဒုစရိုက်တွေကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ (သရဲ)၊ အသု

ရကာယ်တွေဖြစ်ကြရပါတယ်။ ဒါကို အပါယ်လေးပါးလို့ခေါ်ပါတယ်။ အပါယ်လေးပါးကို ရောက်ချင်သူများရှိပါသလားလို့ မေးကြည့်ပါ ဘာသာယုံကြည်သူ မယုံကြည်သူအားလုံး ဖြေမှာကတော့ နိုး (မဟုတ်) ပါပဲ။ မေးသူကို ရန်ပြန်မလုပ်ရင် ကံကောင်းပြီလို့မှတ်ရပါလိမ့်မယ်။ မကောင်းတဲ့ဘဝ၊ မကောင်းတဲ့အရာတွေကို သတ္တဝါတွေ မကြိုက်ကြတာကြောင့် ကုသိုလ် (ကောင်းမှု) လုပ်ဖို့ ဗုဒ္ဓက အသိပေးခဲ့တာပါ။ ပါဏာတိပါတ (သူ့အသက်မသတ်ရ) စတဲ့ ရှောင်စရာသီလများဟာ မကောင်းမှုကို မလိုလားသူများ မဖြစ်မနေ ရှောင်ကိုရှောင်ရမှာဖြစ်တဲ့ သဘာဝတစ်ခုပါ။ ဗုဒ္ဓပြောထားလို့ ရှောင်လိုက်ရတာမျိုး မဟုတ်ပါဘူး။ ရောက်ခဲ့တဲ့ဘုံ ရခဲ့တဲ့ဘဝကို အခြေခံပြီး အသိပေး၊ အကြံပေးခဲ့တာပါ။ မကောင်းတဲ့ဘဝ၊ မကောင်းတဲ့နေရာများကို မရောက်ရလေအောင် ကုသိုလ် (ကောင်းမှု) ကိုလုပ်ကိုလုပ်ရတာပါ။ မကောင်းမှု (အကုသိုလ်) ကိုလုပ်ကြတာသူတွေ အပါယ်ရောက်ကြတာဟာ အပါယ်ရောက်မယ်ဆိုတာ သိသိကြီးနဲ့ ကျူးလွန်ခဲ့ကြတာမဟုတ်ပါဘူး။ မသိဘဲ လုပ်မိခဲ့လို့ပါ။ မကောင်းတာကိုလုပ်ရင် မကောင်းကျိုးကိုရပြီး မကောင်းတဲ့ဘုံရောက်နိုင်ဆိုတာ သိသူတွေ မကောင်းတာကို လုပ်မိလို့ အပါယ်ရောက်သွားရတာဟာလည်း သတိမေ့ပြီးလုပ်မိလို့ ရောက်သွားရခြင်းမျိုးပါ။

မကောင်းတဲ့ဘဝမရောက်ချင်သူ၊ မကောင်းတာကို မကြုံချင်သူမှန်ရင် ကုသိုလ်ကောင်းမှုကို လုပ်ကိုလုပ်ရပါတယ်။ ကုသိုလ်လုပ်သူများဟာလည်း သူတို့ရဲ့ ယုံကြည်ချက်၊ အသိအပေါ်မှီပြီး ကုသိုလ်ကောင်းမှု လုပ်ကြပြန်ပါတယ်။ သာမန်ကုသိုလ်ကောင်းမှုတစ်ခုဟာ မြင့်မြတ်တဲ့ဘဝတစ်ခုကို မရစေနိုင်ဘူးဆိုတာကို သေသေချာချာမသိသူတစ်ယောက်ဟာ ထူးခြားတဲ့ကုသိုလ်ကောင်းမှုကို မလုပ်ဘဲ အသိမပြည့်သူတွေလုပ်နေကျ အရာများကိုသာ လုပ်ကြပါတော့တယ်။ ဒါကိုတော့ ရိုးရာအသိနဲ့ ကုသိုလ်လုပ်သူများလို့ခေါ်နိုင်ပါတယ်။ ဒါမျိုး

က ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမှာဖြစ်ဖြစ် တွေ့မြင်ရနိုင်တဲ့ သဘာဝတစ်ခုပါပဲ။ ရိုးရာကြောင့်လုပ်နေတယ်ဆိုပေမဲ့ သူတို့ဟာ မကောင်းတာကြုံမှာစိုးလို့ ကောင်းတာကိုလုပ်နေတာဖြစ်တဲ့အတွက် မဆိုးသူများသာဖြစ်ပါတယ်။ ဒါကြောင့် မကောင်းတဲ့ဘဝ၊ မကောင်းတဲ့ဘုံကို မရောက်စေဘဲ ကောင်းတဲ့ဘဝ ကောင်းတဲ့ဘုံကိုရောက်စေပါတယ်။ ဒါပေမဲ့ ရတဲ့ဘဝ ရောက်တဲ့ဘုံမှာတော့ အဆင့်အတန်းခွဲတာကို ခံရဦးမှာဖြစ်သလို ဘဝကတော့ နိမ့်ကျနေဦးမှာပါပဲ။

နောက်တစ်မျိုးကတော့ ထူးခြားမဲ့အဖြစ်တစ်ခု၊ တိုးတက်နိုင်တဲ့ အရာတစ်ခုကိုကောင်းကောင်းသိလို့ ကောင်းမှုကို သေသေချာချာလုပ်တာဖြစ်လို့ ဘဝရတဲ့အခါ ဘုံရောက်တဲ့အခါ မြင့်မြတ်တဲ့ဘဝနဲ့ မြင့်မြတ်တဲ့ဘုံကို ရပိုင်ခွင့်ရှိကြပြန်ပါတယ်။ ကောင်းမှုပြုလုပ်သူ သိရင်သိသလို၊ မသိရင် မသိသလို အကျိုးရစေမှာကတော့ ကာမကုသိုလ်နဲ့ မဟဂ္ဂုတ်ကုသိုလ်များပါပဲ။ ဘဝရတဲ့အချိန်ကစပြီး စား၊ ဝတ်၊ နေရေးအတွက် ရုန်းကန်လှုပ်ရှားရ ၊ အများနဲ့ပြိုင်ရဆိုင်ရတာဟာ ကာမကုသိုလ်ကောင်းမှုကြောင့်ပါ။ အပြိုင်အဆိုင်ကင်းပြီး အာရုံနောက် လိုက်စရာမလိုဘဲ အေးဆေးစွာနေရတာကတော့ မဟဂ္ဂုတ်ကုသိုလ်ကြောင့်ပါပဲ။ ကာမကုသိုလ်ကိုလုပ်တဲ့အခါမှာလဲ သိလို့ **ဒါန** = လှူဒါန်းပေးကမ်းတာမျိုးနဲ့ **သီလ** = ရှောင်စရာ၊ ဆောင်စရာများကို ပြုလုပ်ဆောက်တည်တာပါပဲ။ တချို့ကျတော့ ဘာကြောင့်လုပ်ရတယ်ဆိုတာ သေသေချာချာမသိပေမဲ့ ကောင်းကျိုးလိုချင်လို့သာ ဒါန၊ သီလများကို ပြုလုပ်ဆောက်တည်ကြပါတယ်။ ဒီလိုမျိုး အသိအခြေအခံကိုမှီပြီး အကျိုးပေးကွဲသွားစေတာပါ။

တကယ်တော့ ကံက မျက်နှာလိုက်ပေးတာမျိုး မဟုတ်ပါဘူး။ ကံလုပ်တာနဲ့ ပါတ်သက်ပြီး အသိပါခြင်း၊ မပါခြင်းကသာ ခွဲခြားလိုက်တာပါပဲ။ အလုပ်လုပ်တဲ့အခါ သိလို့လုပ်တာနဲ့ မသိဘဲလုပ်တာဟာ ကွဲပြားခြားနားစေသလိုပေါ့။ ထူးခြားမြင့်မြတ်မှုကို ရစေမှာကတော့ မဟဂ္ဂုတ်ကုသိုလ်ကောင်းမှု

များပေါ့။ မဟဂ္ဂုတ် (မြင့်မြတ်မှု) ဆိုတာဟာလည်း တရားကျင့်တဲ့အခါ ထူးခြားတဲ့စျာန်များ ရတာကိုပြောတာပါ။ စျာန်ဟာလည်း ရူပစျာန်နဲ့ အရူပစျာန် ရယ်လို့ နှစ်မျိုးကွဲ ပြန်ရော။ ရတာလေးနဲ့ အေးအေးဆေးဆေးနေသူများ တိုးတက်မှုနည်းသလို ရောက်တဲ့အခါမှာလဲ နိမ့်ရပြန်ပါတယ်။ ဒါကို အဓိပတိတပ်မှုဂရုစိုက်မှု အားနည်းတယ်လို့ခေါ်ပါတယ်။ တရားကိုတကယ်ကျင့်လို့ ရလာနိုင်တဲ့ စျာန်များကတော့ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်နဲ့ စတုတ္ထစျာန် (စတုက္ကနည်း) ပါပဲ။ ဒါကို ရူပစျာန် (ရုပ်ကိုအခြေခံလို့ရတဲ့စျာန်) လို့ခေါ်ပါတယ်။ ဒါကြောင့် အဲဒီဘုံများကိုရောက်တဲ့အခါ ရုပ်ရော၊ နာမ်ပါ တွဲလျက်ပါလာပါတော့တယ်။ စျာန်ကြောင့်ရောက်တဲ့ဘုံ၊ စျာန်တရားကြောင့်ရတဲ့ဘဝကို ဗြဟ္မာ့ဘုံ၊ ဗြဟ္မာဘဝပေါ့။ ရုပ်ကိုကြောက်လို့ ရှေ့ဆက်အားထုတ်တဲ့ စတုတ္ထစျာန်ရသူတစ်ယောက်အနေနဲ့ ရလာနိုင်တာကတော့ အရူပကုသိုလ်များပါပဲ။ သူတို့တွေအားလုံးဟာ စျာန်ရအောင်ကျင့်ခဲ့ရတာကြောင့် ဘဝရတဲ့အခါ စား၊ ဝတ်၊ နေရေးအတွက် ရုန်းကန်လှုပ်ရှားစရာမလိုဘဲ အသက်သေတဲ့အထိ ငြိမ်းချမ်းစွာနေသူများပါပဲ။

ဘဝဆိုတာ ဘယ်ဘဝဖြစ်ဖြစ် မွေးခြင်းနဲ့သေခြင်း ပါကိုပါတယ်ဆိုတာကို ထူးထူးခြားခြားသိသူများကတော့ ရစေတဲ့အကြောင်းကို မလုပ်တော့ဘဲ လွတ်စေတဲ့အကြောင်းကိုသာ လုပ်တော့တာမို့ သူတို့လုပ်လိုက်တဲ့ ဒါန၊ သီလ၊ ဘာဝနာများဟာ သူတို့ရဲ့ဘဝကို လွတ်အောင်စွမ်းဆောင်တော့တာပါပဲ။ ဘဝလွတ်အောင် လုပ်ပေးနိုင်စွမ်းရှိတဲ့ ကုသိုလ်ကိုတော့ လောကုတ္တရာကုသိုလ်လို့ ခေါ်ပါတယ်။ လုပ်သူ၊ ကြိုးစားအားထုတ်သူတိုင်းကို ကုသိုလ်က ကောင်းတဲ့အကျိုးရယ်၊ မြင့်မြတ်တဲ့အကျိုးရယ် လွတ်စေတဲ့အကျိုးရယ်ကို ရစေချင်ပေမယ့် လုပ်သူကိုယ်တိုင်က အသိမထက်လေတော့ ကုသိုလ်က မပေးနိုင်တော့တာပါ။ ဒါကြောင့် ဘဝကောင်းချင်တယ်၊ မြင့်မြတ်ချင်တယ်၊

လွတ်မြောက်ချင်တယ် ဆိုရင်တော့ ကုသိုလ်တစ်ခုကို နေ့တိုင်း လုပ်ကိုလုပ် ရမှာပါ။

ကုသိုလ်ကိုလုပ်တဲ့နေရာမှာ ဒါနဖြစ်ဖြစ်၊ သီလဖြစ်၊ ဘာဝနာဖြစ်ဖြစ် နေ့တိုင်း မြဲအောင်လုပ်ရမှာပါ။ ဒါကို အာစိဏ္ဏကံ (အမြဲတမ်းလုပ်တဲ့ကံ) လို့ ခေါ်ပါတယ်။ မှန်ပါတယ်။ အလုပ်ဆိုတာ တစ်ခါလုပ်ရုံနဲ့ ပြီးပြည့်စုံစေတာ မဟုတ်ပါဘူး။ အမြဲတမ်းလုပ်နေမှသာ စိတ်ချရပြီး ပြီးပြည့်စုံတာပါ။ ဒါနလုပ် သူများထဲက နေ့စဉ်လုပ်နေသူများအကြောင်းကိုတွေးမိတဲ့အခါ ပညာပါရမီ စက်ာပူကျောင်းအတွက် လစဉ်အလှူနဲ့ စုဘူးအလှူရှင်များကို သတိရမိပါတယ်။ ကျောင်းတစ်ကျောင်း တည်ဆောက်တဲ့အခါ ကျောင်းချည်းသက်သက် လွယ် လွယ်ကူကူ တည်ဆောက်လို့မရနိုင်ပါဘူး။ ကျောင်းဆောက်ဖို့ မြေဆိုတာ လို အပ်ပါတယ်။ မြေလှူသူများ မြေကိုလှူပြီးတဲ့အခါ အဲဒီမြေပေါ်မှာ ကျောင်း ဆောက်ဖို့အတွက် မြေကိုဖို့ရသလို လမ်းတွေကိုလည်း ဖေါက်ရပါတယ်။ မြေဖို့ဖို့ အတွက် လမ်းဖေါက်ဖို့အတွက် သီးသန့်အလှူငွေမရှိတဲ့အခါ လစဉ်အလှူငွေ စုဘူးအလှူငွေများနဲ့ မြေကိုဖို့ရ လမ်းကိုဖေါက်ရပါတော့တယ်။ လစဉ်အလှူ ငွေ လှူသူများ၊ စုဘူးအလှူရှင်များအားလုံး လစဉ်လှူဖို့အတွက် စဉ်းစားရသလို စုဘူးအလှူများ နေ့စဉ်အလှူငွေထည့်ဖို့ ကြိုးစားရပါတယ်။ သူတို့လှူတဲ့အလှူ ငွေများဟာ နောက်ဆောက်မဲ့ ကျောင်းဆောင်တွေအတွက် အခြေခံဖြစ်လာ ပါတယ်။ ဒါကြောင့် အခြေခံကျတဲ့ကုသိုလ်ကို နေ့စဉ်၊ လစဉ်ပြုလုပ်နေရင် ကုသိုလ်တစ်ခုကို နေ့စဉ်စုနေတာပါပဲ။ လစဉ်၊ နေ့စဉ် ကုသိုလ်ပြုလုပ်သူများ သူတို့ရဲ့ အသိ၊ သူတို့ရဲ့ဆန္ဒအလိုက် ကောင်းကျိုးတွေကတော့ပေးမှာပါပဲ။

ဘဝရတာကိုငြီးငွေ့ပြီး ဒုက္ခအဖြစ်မြင်လို့ ဘဝလွတ်ကြောင်းကို ဆန္ဒပြု ရင်း နေ့စဉ် စုဘူးထဲကိုသာ အလှူငွေထည့်နေမယ်ဆိုရင် **အလောဘ** - လိုချင်မှုကင်းခြင်း၊ **အဒေါသ** - မေတ္တာစိတ်ဝင်ခြင်းနဲ့ **အမောဟ**- အသိပညာ

ပါခြင်းများရှိနေတာကြောင့် ဘဝကိုရခဲ့တယ်ဆိုရင်တောင် မြင့်မြတ်ပြီး ဘဝမရှိတော့ရင် လွတ်မြောက်တော့မှာပါ။ လစဉ်လှူတဲ့အခါ နေ့စဉ် စုဘူးထည့်တဲ့အချိန်တိုင်းမှာသာ ကုသိုလ်ရှင်များအနေနဲ့ ဘဝလွတ်ချင်တဲ့စိတ်နဲ့သာလုပ်၊ ကိုယ့်မှာဖြစ်နေတဲ့ စိတ်ကိုသာကြည့် ဒါဟာ စိတ္တာနုပဿနာဖြစ်တဲ့အတွက် လုပ်တဲ့အလုပ်က ဒါနမှန်ပေမယ့် သိတဲ့အသိက ဝိပဿနာဖြစ်လို့ ဘဝတွေတိုလာပြီး ဘဝတွေပြတ်တော့မှာပါ။ ဒါကြောင့် အာစိဏ္ဏကံကုသိုလ်ကို လုပ်နေသူတွေ ဘဝပြတ်ကြောင်းကိုသာတမ်းတရင်း ကုသိုလ်လုပ်နေမယ်ဆိုရင် နေ့တိုင်း ရိပ်သာဝင်နေတာပါပဲ။ ဝိပဿနာတရားဆိုတာ တစ်ပါတ်စခန်း၊ တစ်လစခန်းဝင်ပြီး ကျင့်ရမယ့်အရာမဟုတ်ပါဘူး။ တစ်သက်စခန်းဝင်ပြီး ကျင့်နေရမှာပါ။ နေ့တိုင်းသာ လွတ်ချင်တဲ့စိတ်နဲ့ ကုသိုလ်လုပ်နေပါစေ တစ်သက်စခန်းဝင်နေသူတစ်ယောက်ပါပဲ။

အလှူလုပ်သူတိုင်း မှန်ကန်တဲ့အသိနဲ့ တိကျတဲ့ ကုသိုလ်ကိုလုပ်ရင် လုပ်လိုက်တဲ့ကုသိုလ်တိုင်းမှာ အသိ (ဘဝမှလွတ်ချင် တဲ့စိတ်၊ ဒုက္ခကင်းချင်စိတ်)သာ ပါပါစေ။ ဒါဟာ အာစိဏ္ဏကံကုသိုလ်ကို ဝိပဿနာအဖြစ်ပြောင်းလဲပြီး လွတ်လမ်းကိုရှာဖွေနေသူဖြစ်လို့ ဒုက္ခကင်းအောင်လုပ်နေတာပါပဲ။ မြေအလှူရှင်များ၊ ကျောင်းအလှူရှင်များ၊ အခန်းအလှူရှင်များ၊ မုခ်ဦးအလှူရှင်များ၊ အုတ်တံတိုင်းအလှူရှင်များအားလုံး လုပ်ခဲ့၊ လှူခဲ့တဲ့ ကုသိုလ်တစ်ခုကို မမေ့စေဘဲနဲ့ နေ့တိုင်းပွားရင်း ငါဟာ လွတ်ကြောင်းကို လုပ်လိုက်ရပြီ၊ သူများတွေကိုလည်း လွတ်အောင်လုပ်နိုင်ဖို့ နေရာကိုဖန်တီးပေးလိုက်ရပြီလို့တွေးကာ ကုသိုလ်ကိုပွားနေရင် သမထအနေနဲ့ စာဂါနုဿတိဖြစ်သလို ဝိပဿနာလည်း ဖြစ်တာမို့ ဒါနလည်းပါ သီလလည်းပါတာမို့ ပြည့်စုံတဲ့ ကုသိုလ်ကောင်းမှုတစ်ခုပါပဲ။ ပြုလုပ်လှူဒါန်းသူများသာ လွတ်ချင်တဲ့စိတ်သာရှိပါစေ လုပ်ခဲ့တဲ့ကုသိုလ်က လွတ်စေမှာအမှန်ပါပဲ။ လုပ်လိုက်တဲ့ကုသိုလ်က အားနည်းလို့ ဘဝမပြတ်စေ

သေးဘူးဆိုရင် ဘဝပြတ်အောင်လုပ်ပေးနိုင်တဲ့ ပညာပါဖို့လိုအပ်ပြန်ပါတယ်။

ပညာဆိုတာ ဘဝရှင်သန်တဲ့အခါမှာလိုအပ်သလို ဘဝဒုက္ခကင်းအောင် လုပ်တဲ့နေရာမှာလည်း တကယ်လိုအပ်ပါတယ်။ ဘဝရှင်သန်တဲ့အခါ အတတ်ပညာမရှိသူ တစ်ယောက်အတွက် အမှားအမှန်ကို သေသေချာချာ မသိလို့ တိုးတက်အောင်မြင်ဖို့ အတော်ခက်ခဲပါတယ်။ ကြိုးစားသလောက် အဖတ်မတင်တာဟာ ပညာနည်းလို့ပါ။ ပညာဟာ ဒီဘဝအတွက်ပဲ အသုံးဝင်တာမဟုတ်ပါဘူး။ ဘဝများစွာထိ အသုံးချလို့ရပါတယ်။ ဒီဘဝမှာ မဆင်းရဲအောင်လုပ်ပေးမှာက အတတ်ပညာပါ။ အတတ်ပညာတတ်ထားသူ တစ်ယောက်အတွက် ဒီဘဝမှာ ကံမပါလို့ မချမ်းသာရင်နေပါစေ ဆင်းရဲသူ တစ်ယောက်တော့ မဖြစ်တော့ပါဘူး။ ဘဝများစွာထိ အသုံးချဖို့ဆိုရင် ကံနဲ့အကြောင်းအကျိုးကိုသိတဲ့ပညာ လိုအပ်ပြန်ရော။ နေ့စဉ်ရှင်သန်တဲ့ဘဝမှာ တောင်မှ အမှားအမှန်ခွဲပြီး အလုပ်ကိုလုပ်နေရသေးရင် ဘဝများစွာကို ဖြတ်သန်းရတဲ့အခါမှာ ပညာလိုအပ်တာကတော့ မေးစရာတောင်မလိုတဲ့ မေးခွန်းမျိုးပါ။ ပညာရဲရင့် ပွဲလယ်တင့်တာမို့ ပညာသာရှိပါစေ၊ ပညာသာပါပါစေ ဘဝရဲ့တစ်နေရာအတွက်တော့ ပူစရာမလိုတော့ပါဘူး။

အတတ်ပညာနဲ့ ဘဝထဲ ရှင်သန်တဲ့အခါ တစ်နေ့ကုန်ရင် အတွေ့အကြုံတစ်ခုကျန်ဖို့ လိုအပ်သလို ဘဝများစွာအတွက် ရှင်သန်တယ်လို့ သိသူတစ်ယောက်အတွက် ဘဝတိုးတက်စေမယ့် ကုသိုလ်တစ်ခုလုပ်လိုက်ရပြီလို့ တွေးနိုင်တဲ့ အသိတစ်ခုရှိဖို့ လိုအပ်ပါတယ်။ ဒီလိုတွေးနိုင်တာကို အနုဿတိလို့ခေါ်ပါတယ်။ တွေးစရာက ခြောက်ခုရှိပါတယ်။ ၁။ ဘုရား ၂။ တရား ၃။ သံဃာ ၄။ သီလ (ရှောင်သီလ၊ ဆောင်သီလ) ၅။ စာဂ (စွန့်ကြဲပေးကမ်းမှု)နဲ့ ၆။ ဒေဝတာ (ကုသိုလ်ကောင်းမှု ရှိသူတွေ နတ်ဖြစ်ကြပြီ၊ ငါ့မှာလည်း သူတို့မှာလို ကုသိုလ်ရှိတယ်လို့တွေးခြင်း) ရယ် အမြဲသတိရရမယ့် အရာခြောက်ခုပါ။

ဒါကလည်း အသိ သတိရှိမှ တွေးနိုင်တဲ့အရာတွေမို့ သမထလို့တောင် နာမည်ပေးထားပါတယ်။ ပြီးတော့ သွားလာ၊ နေထိုင်၊ စားသောက်၊ ပြောဆို၊ လှုပ်ရှားဒါန်း၊ ကူညီတဲ့အခါတွေမှာ သွားနေတယ်၊ ထိုင်နေတယ်၊ စားနေတယ်၊ ပြောနေတယ်၊ လှူဒါန်းနေတယ်၊ ကူညီနေတယ်လို့ သိနေခြင်းနဲ့ ဖြစ်ပေါ်လာတဲ့ ကောင်းစိတ်၊ ဆိုးစိတ်များကို သိနေခြင်းဟာ အဆင့်မြင့်တဲ့ပညာကို စုဆောင်းနေခြင်းပါပဲ။ ဒီပညာကိုရရှိအောင် လေ့ကျင့်ဖို့ဆိုရင် သတိလိုအပ်ပါတယ်။ ဒီလိုသာ သတိ၊ ပညာ တွဲပြီးလေ့ကျင့်သွားရင် ဘဝဒုက္ခမှ အမြန်လွတ်မြောက်မှာအမှန်ပါပဲ။ ငွေတစ်ပြားမှမကုန်ဘဲ ရနိုင်တဲ့ ဝိပဿနာကုသိုလ်ပါ။

လူ့ထုံးစံက ပိုက်ဆံများများပေးရလေ ပညာတန်ဖိုးတက်လေလေ ထင်တတ်ကြပါတယ်။ ဘဝဒုက္ခမှ လွတ်ချင်သူအတွက်ကတော့ သတိတစ်လုံးကို အရင်းစိုက်လိုက်ရုံပါပဲ။ တိုးတက်မှုကတော့ အံ့မခန်းဖြစ်သလို စွဲလန်းမှုကင်းပြီး ဘဝကရှင်းသွားပါတယ်။ ဘယ်ပညာပဲဖြစ်ဖြစ် အသက်ရှင်သန်နေသရွေ့ အတတ်ပညာရော၊ အသိပညာပါ တိုးတက်ဖို့ လိုအပ်တာမို့ နေထွက်မှ နေဝင် စစ်ကြည့်လိုက်ရင် ပညာတစ်ခု ကျန်ကို ကျန်နေရမှာပါ။ ဒါဆို အရှုံးကို အနိုင်ယူသူ အောင်နိုင်သူဖြစ်ပါပြီ။

အတတ်ပညာဘယ်လောက်ရှိရှိ၊ အသိပညာဘယ်လောက်ပြည့်ပြည့် စားစရာ၊ ဝတ်စရာ၊ နေစရာတွေရှိဖို့ တကယ်လိုအပ်ပါတယ်။ ဒါတွေဟာ သတ္တဝါတွေရဲ့ အခြေခံလိုအပ်ချက်ပဲမဟုတ်ပါလား။ အတိတ်ကံကောင်းလို့ ဒီဘဝမှာ ချမ်းသာတာပဲဖြစ်ဖြစ်၊ ဒီဘဝမှာကြိုးစားလို့ ဘဝတိုးတက်တာပဲဖြစ်ဖြစ် ကြိုးစားလို့ရလာတဲ့အရာ အားလုံး မပျက်မစီး တည်ရှိနေဖို့လိုအပ်ပါတယ်။ ဘာကြောင့်ဆို ဘဝဆိုတာ ခဏနဲ့ပြီးသွားတဲ့ အရာမဟုတ်လို့ပါပဲ။ ဒါကြောင့် သွေးနဲ့ချွေးနဲ့ ကြိုးစားလို့ရလာတဲ့ ရွှေ၊ ငွေ၊ ဥစ္စာများကို မဖြုန်းမိဖို့ သိပ်ကို လိုအပ်ပါတယ်။ ဘဝကတိုတိုလေးပဲဆိုပြီး အတ္တရှေ့တန်းတင်တဲ့စိတ်နဲ့ ရှာ

လာလို့ရတဲ့ပစ္စည်းများကို အသက်ရှင်တုန်းဖြုန်းခဲ့မယ်ဆိုရင် နောက်အနာဂတ်မှာ ရှင်သန်လာမယ့် အနာဂတ်မျိုးဆက်သစ်တွေအတွက် ရက်စက်လွန်းရာကျပါတယ်။ လူတစ်ယောက်ဟာ ဝင်ငွေဘယ်လောက်ရှိရှိ တစ်နေ့တာဝင်ငွေတစ်နေ့မကျန်ဘူး၊ တစ်လတာဝင်ငွေ တစ်လမကျန်ဘူးဆိုရင် ဆင်းရဲသူတစ်ယောက်ပါပဲလို့ မှတ်သားခဲ့ဖူးပါတယ်။ တစ်နေ့လုပ် တစ်နေ့စာမကျန်ဘူး၊ တစ်လလုပ် တစ်လစာမကျန်ဘူးဆိုရင် သူများအတွက်အလုပ်လုပ်ရင်း ဘဝကို အဆုံးသတ်ရမှာမို့ ဆင်းရဲသူတစ်ယောက်ပဲပေါ့။ တစ်သက်လုံးအလုပ်လုပ်ပြီး တစ်သက်စာ စားမလောက်ဘူးဆိုရင်တော့ အဆင်းရဲဆုံး လူတစ်ယောက်ပါပဲ။ ဒီလိုမျိုး ဆင်းရဲမဲ့အတူတူ ဘာလို့များအပင်ပမ်းခံပြီး နေ့တိုင်း အလုပ်ဆင်းနေကြပါလိမ့်လို့ တွေးသင့်ပါပြီ။

တကယ်တော့ ဒီနေ့ အလုပ်လုပ်တာဟာ မနက်ဖြန်အတွက်ကျန်ရှိနေစေဖို့ ဘဝပေးပြီး အလုပ်လုပ်တာဟာ နောက်ဘဝရလာကြမဲ့သူတွေချမ်းသာစေဖို့ဆိုတဲ့စိတ်နဲ့ သုံးလည်းသုံး ချန်လည်းချန်ခဲ့ဖို့ လိုအပ်ပါတယ်။ ဒီလိုမျိုး သုံးလည်းသုံးပြီး ချန်လည်းချန်ခဲ့ဖို့ဆိုရင် နေ့တိုင်းလုပ်လို့ရလာတဲ့ဥစ္စာဟာ နေ့တိုင်းအတွက် ကျန်နေဖို့လိုအပ်ပါတယ်။ ဒါကြောင့် အချိန်နဲ့အတူအသက်ရှင်နေသူတွေ ကိုယ့်အတွက်အလုပ်လုပ်ရင်း အများအတွက် ကျန်နေစေရမယ်ဆိုတဲ့ သမ္မာဆန္ဒများနဲ့ အလုပ်ကြိုးစားကြဖို့ လိုအပ်ပါပြီ။ ဒါမှ ဥစ္စာကိုနေ့တိုင်းစုရာ ရောက်မှာပါ။ စုထားတဲ့ဥစ္စာများကို အသက်ရှင်နေသေးရင် သုံးဖို့ဘဝစွန့်သွားရင်လည်း ကျန်ရစ်သူတွေ မျက်နှာမငယ်ဘဲ သုံးနိုင်စေဖို့ပါ။ ဒီလိုအကြောင်းတရားတွေကြောင့် မျက်လုံးပွင့်လို့ အိပ်ရာကထ မျက်လုံးပိတ်အိပ်ရာဝင်တဲ့အချိန်ထိ လူသားတစ်ယောက်မှာ . . . ၁။ ကုသိုလ် ၂။ ပညာ ၃။ ဥစ္စာကျန်စေရမယ်တဲ့။ ဘဝရှိရင် ဒုက္ခမရောက်စေဖို့ပါ။ အလုပ်များတယ်ဆိုတဲ့ဆင်ခြေနဲ့ ကုသိုလ်မလုပ်နိုင်ခဲ့ဘူးဆိုရင်တောင် ဘဝအတွေ့အကြုံနဲ့

ရင်းပြီးရှာထားတဲ့ ဉစ္စာတော့ တစ်နေ့လုပ်တစ်နေ့စာ ကျန်စေရပါမယ်။ သင်သာ အနဂတ်မျိုးဆက်သစ်တွေ ဒုက္ခမရောက်ပါစေနဲ့လို့ မှန်ကန်တဲ့အတွေးကို တွေး နိုင်ခဲ့မယ်ဆိုရင်ပေါ့။

တစ်နေထွက်လို့ တစ်နေဝင်နဲ့ တစ်ရက်ကုန်သွားတဲ့အခါ ၁။ ကုသိုလ် ၂။ ပညာနဲ့ ၃။ ဉစ္စာ ဆိုတဲ့ သုံးခုထဲက တစ်ခုခုကျန်ဖို့ လိုအပ်နေပါပြီ။ ဘဝ တိုးတက်ရေးနဲ့ လွတ်မြောက်ရေးအတွက်ပါ။ သူများရဲ့ဘဝအတွက် မကြည့် ချင်ဘူးဆိုရင်တောင် ကိုယ့်ဘဝ အနာဂတ်နေ့ရက်အတွက်တော့ တွေးတောကာ ပြင်ဆင်ဖြည့်ကျင့်သင့်နေပါပြီ။ ကြီးပွားတဲ့မိသားစု၊ တိုးတက်တဲ့နိုင်ငံတစ်ခုဆိုတာ ကုသိုလ်၊ ပညာ၊ ဉစ္စာဆိုတဲ့ သုံးခုထဲက တစ်ခုခုချန်ပေးခဲ့တဲ့ ရှေ့က သွားသူ တွေကြောင့် ဖြစ်လာတာပါ။ ဒါကြောင့် ကိုယ်တိုင်လည်း ရှေ့ရေးတွေးသူများထဲ က တစ်ယောက်ဖြစ်ရလောက်အောင် တစ်ခုခုကျန်အောင်တော့ ကြိုးစားရ ပါတော့မယ်။

နေဝင်တဲ့နေ့ရက်တွေ ဘဝမှာကြုံတွေ့ရတိုင်း ကောင်းမွန်တဲ့အတွေးနဲ့ မှန်ကန်တဲ့အလုပ်တစ်ခုကိုလုပ်ဖို့ လိုအပ်နေပါပြီ။ တစ်နေကွယ် သေရွာသို့ မကူးခင် ငါ့အတွက်၊ အများအတွက် ကုသိုလ်၊ ပညာ၊ ဉစ္စာထဲက ဘာကိုများ လုပ်ခဲ့ပြီးပြီးလဲလို့ ပြန်လည်သုံးသပ်ရမှာပါ။ မရှိသေး၊ မလုပ်ရသေးရင် မအိပ်ခင် လုပ်ဖို့ အခွင့်အရေးရှိပါသေးတယ်။ မလုပ်ဘဲအိပ်သွားခဲ့ရင်တော့ ကိုယ့်အတွက် နေစရာပေး၊ စားစရာဖန်တီးပေးထားတဲ့ ကမ္ဘာကြီးပေါ် တာဝန်မကျေသေး သလို၊ အသက်ပေးခဲ့တဲ့ မိဘ၊ အသိပေးတဲ့ ဆရာ၊ ကူညီပေးခဲ့တဲ့မိတ်ဆွေများ အပေါ်မှာ တာဝန်မကျေသူတစ်ယောက်ဖြစ်တာမို့ အကြွေးနဲ့ တစ်နေ့ကုန်သူ ဖြစ်ရပါတော့မယ်။

ကုသိုလ်၊ ပညာ၊ ဉစ္စာတွေကို ဖြစ်အောင်စုရင်း နေ့တစ်နေ့ကို ဖြတ် သန်းနေတယ်ဆိုရင်တော့ သင်ဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်ပြီး

အနာဂတ်အရေးအတွက်ကြည့်ကာ အသက်ရှင်သန်နေသူတစ်ယောက်ဖြစ်တာကြောင့် ကုသိုလ်တစ်ခု နေ့စဉ်ပြုသူတစ်ယောက်ဖြစ်ပါပြီ။ ကုသိုလ်ဖြစ်ဖြစ်၊ ပညာဖြစ်ဖြစ်၊ ဥစ္စာဖြစ်ဖြစ် ကောင်းတဲ့အရာတွေသာ ဖြစ်လို့ ကုသိုလ်(ကောင်းမှု) များပါပဲ။

စာဖတ်သူများကရော ကုသိုလ်တစ်ခု နေ့စဉ် ပြုနေပြီလားရယ်လို့ . . . ။ ။

(၁၄. ၁၁. ၂၀၁၇) အင်္ဂါနေ့



# "လူသား နဲ့ အဘိဓမ္မာ"

သုံးဆယ့်တစ်ဘုံဆိုတဲ့ လောကကြီးထဲမှာ သတ္တဝါအမျိုးမျိုး ရှိကြပါတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ လူ၊ နတ်၊ ဗြဟ္မာဆိုပြီးတော့ ပေါ့။ ဒါကတော့ နေထိုင်ကြတဲ့ဘုံကိုကြည့်ပြီး ခေါ်တဲ့နာမည်ပေါ့။ ဗုဒ္ဓက နောက်ထပ် နာမည်လေးတပ်ထားပါသေးတယ်။ **ဒုဂ္ဂတိအဟိတ်** - အသိဉာဏ် မရှိဘဲ ဒုစရိုက်လုပ်သူများ (အပါယ်ဘုံသားများ)၊ **သုဂတိအဟိတ်** - လူ၊ နတ် တော့ဖြစ်ပါရဲ့ ကုသိုလ်ဖြစ်ရင်ပြီးရောဆိုပြီး အသိဉာဏ်ဦးစားမပေးဘဲ အလုပ်ကို ဦးစားပေးသူများ (လူ၊ စတုမဟာရာဇ်)၊ **ဒွိဟိတ်** - ပေးကမ်း၊ ကူညီတဲ့အခါ ပေးဆပ်မှုသက်သက်နဲ့လုပ်ခဲ့ပေမယ့် ဘဝဒုက္ခလွတ်ကြောင်းကို နဲနဲလေးမှ မစဉ်းစားသူများ (လူ၊ နတ်) နဲ့ **တိဟိတ်** - အသိဉာဏ်ဦးစားပေးပြီး မှန်ကန်စွာ လုပ်သူများ၊ ဒုက္ခလွတ်ကြောင်းရှာဖွေသူများ (လူ၊ နတ်၊ ဗြဟ္မာ) ဆိုပြီး လေးမျိုး ဟောပြပြန်ပါတယ်။

ထူးဆန်းတဲ့ဘဝနဲ့ များပြားတဲ့ဘုံတွေထဲမှာ ဒုက္ခနဲ့ရင်းပြီးလွတ်မြောက်မှု ရှာဖွေတတ်သူများကတော့ လူသားပါပဲ။ လူ့ဘုံရောက်လို့ လူရယ်လို့ဖြစ်လာတဲ့သူတွေ မိဘဆွေမျိုးပေးတဲ့ နာမည်ကိုပဲ မှတ်မထားဘဲ ကံပေးတဲ့ လူဆိုတဲ့ နာမည်လေးကို မှတ်သားထားဖို့လိုအပ်ပါတယ်။ လူဆိုတာကို ဗုဒ္ဓက အဓိပ္ပါယ် အမျိုးမျိုးနဲ့ ဖွင့်ဆိုပြခဲ့ပါတယ်။ အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုးကို

သိသူကို လူ **( အတ္တာနတ္တံ မနတိ၊ ဇာနာတီတိ မနု သော၊ ကာရဏာ ကာရဏံ မနတိ ဇာနာတီတိ မနုသော)** လို့ခေါ်ရသလို မြင့်မြတ်တဲ့စိတ်ဓာတ်နဲ့ ဘဝမြှင့်တင်သူများကိုလည်း လူလို့ခေါ်ပါတယ်။ လူ့ဘုံ လူ့လောကထဲမှာ မွေးလို့ လူနဲ့တူ သူများကို လူလို့ခေါ်ဆိုရတာမှန်ပေမဲ့ လူအစစ်လား လူအတုလားဆိုတာကို ခွဲခြားသိထားဖို့ လိုအပ်ပြန်ပါတယ်။ အစစ်ကသာ အသုံးဝင်ပြီး အတုက အသုံးမဝင်လို့ပါ။ လူ့ဘုံမှာမွေးလို့ လူတွေရဲ့သားဖြစ်ပြီး အသက်ရှုကာ အသက်ရှင်သန်ဖို့ကြိုးစားနေတဲ့ လူသားတွေထဲမှာ လူအမျိုးမျိုးရှိကြောင်း မှတ်သားရဖူးပါတယ်။ သူတို့တွေကတော့ . . . ၁။ လူ့ငရဲ ၂။ လူ့တိရစ္ဆာန် ၃။ လူ့ပြိတ္တာ ၄။ လူ့အသုရကာယ် နဲ့ ၅။ လူ တို့ပါပဲ။

လူ့ငရဲဆိုတာက လူ့ဘုံမှာမွေးလို့ လူနဲ့တူပြီး လူတွေနဲ့ပေါင်းနေရပေမဲ့ သားပူ၊ သမီးပူ၊ ဇနီးပူ၊ ယောကျ်ားပူ၊ ပစ္စည်းပူ စတဲ့ အပူလုံးကြွ ရုပ်လုံးမလှတဲ့ သူများကိုခေါ်ပါတယ်။ သူတို့ရဲ့ဘဝ တစ်နေ့တာ ရုန်းကန်လှုပ်ရှားရတဲ့အချိန်မှာ ဟိုဟာပူရ ဒီဟာကြောက်ရနဲ့ နေ့တစ်နေ့ကို သောကနဲ့ဖြတ်သန်းသူများပေါ့။ ကုသိုလ်ကောင်းမှု၊ သူများကူညီ ပူပေါင်းပါဝင် စေတနာထားမှုတွေကို စိတ်ကို မကူးနိုင် ကိုယ့်ဘဝ၊ မိသားစုဘဝအတွက် အမြဲပူနေရသူတွေပါ။ သားသမီးကို ကျောင်းအရောက်ကိုယ်တိုင်ပို့ပြီး အိမ်ပြန်ရောက်ပေမဲ့ သားသမီးတွေ အများနဲ့ အဆင်မှပြေရဲ့လားမသိ၊ ဒီနေ့ထည့်ပေးလိုက်တဲ့ ထမင်းကိုရော စားနိုင်ရဲ့လား မသိစတဲ့ စိုးရိမ်စရာအတွေးကို ရင်မှာမွေးထားသူများပေါ့။ ပြီးတော့ အလုပ်နဲ့ ပတ်သက်ရင်လည်း အလုပ်ကလည်း မပြီးသေးဘူး၊ သူဌေးဆူရင်ဒုက္ခ၊ အလုပ်ပြုတ်ရင်မလွယ် စတဲ့အတွေးနဲ့ ဘဝကိုဆုပ်ကိုင်ထားသူများ။ ဒါ့တင်မကသေး သူများတွေက တိုက်နဲ့ ကားနဲ့ လူရာဝင်နေပြီ ငါက ပညာတတ်ဖြစ်ပြီးတော့ အခုထိ သူတို့လောက်အဆင်မပြေသေးဘူး စတဲ့အတွေးနဲ့ သူများအကြောင်းတွေးရင်း ကိုယ့်ဘဝအချိန်ကို ကုန်စေသူများပဲပေါ့။ လူ့ငရဲအကြောင်းပြောရင်

ပြောလို့ ဆုံးမယ်မထင်ပါဘူး။

လူ့တိရစ္ဆာန်ဆိုတာကတော့ သူလိုကိုယ်လို ငွေရအောင် အလုပ်ကို ကြိုးစားလုပ်ကြတာမှန်ပေမယ့် ပင်ပမ်းလို့ဆိုတဲ့ဆင်ခြေနဲ့ ညနေစောင်းမှာ ကာမေသုအပြင် သူရာနဲ့ အပျော်ကြူးသူများပေ့ါ။ ဒ့ါတင်မက ဘဝဆိုတာ တိုလွန်းတဲ့အတွက် ရတဲ့အချိန်မှာ ပျော်မယ်၊ ပါးမယ်၊ စားမယ်၊ သောက်မယ်၊ သွားမယ်၊ လာမယ် စတဲ့ အပျော်အတွေးကိုပဲ ရင်မှာပိုက်ပြီး ကုသိုလ်မေ့နေ သူများလည်း ပါတာပေ့ါ။ ကုသိုလ်ကောင်းမှုဟာ နောက်အရေး စိတ်အေးရ တယ်ဆိုတာကို မတွေးနိုင်ရတဲ့အချိန်မှာ ပျော်ဖို့သာ စိတ်ကူးနေတာကြောင့် စိတ်ပျော်ရွှင်မှုကိုပေးမယ့် ရုပ်ရှင်၊ ဗွီဒီယိုကိုကြည့်ရင်း အပြင်နဲ့ အိမ်မှာ ကိုယ့်ရဲ့ အချိန်ကိုကုန်စေတဲ့ လူကြီးများနဲ့ ခေတ်ဆိုတာကို ဆင်ခြေပေး ဘဝရဲ့အချိန် ကို တန်ဖိုးမထား အနာဂတ်ဆိုတာကို ရေးရေးမှမတွေးဘဲ ဂိမ်းဆော့နေတဲ့ လူငယ်များဟာလည်း ဘဝကိုနိမ့်ကျအောင်လုပ်နေကြတာမို့ လူ့တိရစ္ဆာန်လို့ ခေါ်ရတာပါ။

လူ့ပြိတ္တာဆိုတာက ကုသိုလ်ကောင်းမှု ကင်းဝေးသူများပေ့ါ။ အလုပ်ရှုပ် တယ် ဆင်ခြေနဲ့ ဒါန၊ သီလ၊ ဘာဝနာတရားများနဲ့ ဝေးနေတာကို ပြောတာပါ။ ခေတ်ကြီးတိုးတက်လာတာနဲ့အမျှ ပစ္စည်းဥစ္စာပြည့်စုံစေရမယ် ဆိုတဲ့အတွေးနဲ့ အလုပ်တွေရှုပ်လာလို့ အိမ်မှာရှိတဲ့ ဘုရားကိုတောင် ရှိခိုးဖို့မေ့နေတတ်ကြ ပါတယ်။ အိမ်နားကပ်တဲ့ ဆွမ်းခံရဟန်းများ၊ အိမ်နားရှိတဲ့ ဘုန်းကြီးကျောင်းကို ဘဝထဲမှာမရှိတော့သလို စီးပွားရေးဇောက်ချလုပ်ရင်း ကုသိုလ်နဲ့ဝေးသွားသူ များလေ။ အထူးအားဖြင့် လူ့ပြိတ္တာဆိုတာ ကိုယ့်အတွက် အများအတွက် ကောင်းမှုလုပ်ဖို့ မေ့နေသူများကို ပြောတာပါ။ လူအဖြစ်နဲ့ အသက်သာရှင်နေ တယ်၊ လူထပ်ဖြစ်စေမဲ့ ကုသိုလ်နဲ့ဝေးနေလို့ လူ့ပြိတ္တာလို့ ပြောရတာပါ။

လူ့အသုရကာယ်ဆိုတာက ဘုရားသွား၊ ကျောင်းတက်ကုသိုလ်လုပ်ဖို့

ကိုယ်တိုင်ဖြစ်ဖြစ်၊ အများကခေါ်လို့ပဲဖြစ်ဖြစ် ဆင်ခြေပေးပြီး လိုက်ရမှာကို ကြောက်နေသူတွေပေါ့။ ဘုန်းကြီးနဲ့ဆို စကားမပြောတတ်ဘူး။ ဒီကျောင်းနဲ့ မရင်းနှီးဘူး။ မရောက်တာကြာပြီဆိုတော့ သွားလို့အဆင်ပြေမယ်မထင်ဘူး စတဲ့ တောင်စဉ်ရေမရ ဆင်ခြေတွေပေးနေကြတာလေ။ ကျောင်းဝင်းထဲ ဝင်လိုက်တာနဲ့ ဒုစရိုက်ကင်းစေတယ်။ ဘုရားရှေ့၊ သံဃာရှေ့၊ ရဟန်းရှေ့ရောက်ရင် ကိလေသာကင်းစေတယ်ဆိုတာကို မသိဘဲ အချိန်မရှိလို့ ဘာဖြစ်လို့ စတဲ့လုပတဲ့စကားနဲ့ လှည့်ထွက်သွားကြတာ များကြတယ်။ ကောင်းမှုဆိုတာ ဘဝတိုးတက်ရေးမှာ အခြေခံဖြစ်တယ်ဆိုတာကို သေသေချာချာမသိလို့ ကုသိုလ်လုပ်ရမှာကြောက်နေသူများမို့ လူ့အသုရကာယ်လို့ခေါ်ရတာပါ။

နောက်ဆုံးကတော့ လူပေါ့။ သူ့ကိုတော့ လူအစစ်လို့ နာမည်ပေးရင် ရသလို လူ့ထက်ကလူလို့လည်း ခေါ်လို့ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူတစ်ယောက်ဖြစ်လာရတဲ့အကြောင်းနဲ့ တန်ဖိုးကို နားလည်လို့ပါ။ လူရယ်လို့ ဖြစ်လာတာဟာ ကုသိုလ်ကောင်းမှုဆိုတဲ့ အကြောင်းကြောင့်သာဖြစ်ရသလို ကြီးပွားချမ်းသာလာတာဟာလည်း ဒီဘဝ ဝီရိယသက်သက်ကြောင့် မဟုတ်။ အတိတ်ကံအထောက်အပံ့လည်း ပါတယ်ဆိုတာကို ယုံကြည်ပြီး (သဒ္ဓါ) အသိဉာဏ်နဲ့ (ပညာ) ဘဝတိုးတက်ရေး၊ ဘဝလွတ်မြောက်ရေးကို ရှေးရှုပြီး ကောင်းမှုကို လက်နဲ့မကွာလုပ်နေလို့ပါ။ ဒါဟာ ရထားတဲ့ဘဝကို တိုးတက်အောင်လုပ်နေတာဖြစ်သလို နောက်ရလာမဲ့ဘဝကိုလည်း မြင့်မားသထက် မြင့်မားအောင် ကြိုးစားနေတာနဲ့လည်း တူပါတယ်။ ကံအကြောင်းတရားကိုယုံပြီး အကျိုးတရားများကို ခံစားရတာဖြစ်တယ်ဆိုတာကို သိနေတာဖြစ်လို့ ကုသိုလ်ကောင်းမှုဆိုတာ အမြဲမပြတ် လုပ်ကိုလုပ်ရမဲ့ အရာတစ်ခုအဖြစ် နှလုံးသားထဲ ခံယူထားသူတွေပေါ့။ ဒါကြောင့် မနက်အိပ်ရာထ မျက်လုံးပွင့် နိုးလာပြီဆိုတာနဲ့ မေတ္တာနဲ့နိုးလာသလို အိမ်ရှိဘုရားစင်မှာ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်ရင်း

နေ့တစ်နေ့ကို ကုသိုလ်ကောင်းမှုနဲ့ဖွင့်လိုက်သလို အလုပ်မသွားခင်လည်း သတ္တဝါတွေကျန်းမာချမ်းသာစေဖို့ မေတ္တာတွေပို့ရင်း ဘဝဆိုတာ အချိန်မရွေး ရပ်တန့်သွားနိုင်တဲ့ စက်တစ်လုံးအဖြစ်မြင်ပြီး သေခြင်းတရားကို ဆင်ခြင်နိုင်သူတွေလေ။ ဗုဒ္ဓမြတ်စွာ မှာထားချက်ကို သတိရမိပါရဲ့။ လူတစ်ယောက် အိပ်ယာကနိုးတာနဲ့ ဘုရားဂုဏ်တော်ကိုပွားရင်း အသိဉာဏ်ကိုအရင်ဖွင့်ပါတဲ့ (ဗုဒ္ဓါနုဿတိ)။ ပြီးတော့ ညဖက်အိပ်ထားလို့ ညစ်ပေနေတဲ့မျက်နှာကို အေးမြတဲ့ရေနဲ့သစ်လိုက်ပြီဆိုရင် သတ္တဝါတွေ အေးမြပါစေကြောင်း မေတ္တာပို့ပါတဲ့ (မေတ္တာ)။ မျက်နှာသစ်ပြီးလို့ အလှပြင်တဲ့အချိန်မှာလည်း ငါလှချင်လို့ အလှပြင်တာမဟုတ်၊ အလှမရှိရင် အပြစ်မြင်တတ်သူများ အပြစ်မမြင်စေဖို့၊ အလုပ်လုပ်တဲ့အခါ သန့်ရှင်းမှုများနဲ့လုပ်ရင်း အများရဲ့စိတ်ကို အနှောက်အယှက်မဖြစ်စေဖို့ စတဲ့ မှန်ကန်တဲ့အတွေးနဲ့ ကိုယ့်ရုပ်မှာ တပ်မက်မှုမရှိဘဲ (အသုဘ) ပြင်ရပါမယ်တဲ့။ အိမ်ပေါ်ကဆင်းလို့ အလုပ်သွားတဲ့အခါ ငါဟာ အချိန်မရွေးသေသွားနိုင်တာမို့ ကုသိုလ်မေ့လို့မရဘူး (မရဏာနုဿတိ) ဆိုတဲ့ ဘဝအတွက်ဆင်ခြင်တဲ့အသိဉာဏ်နဲ့ ရှင်သန်ရပါမယ်တဲ့။ ဒီလေးပါးကို လူသားတစ်ယောက်အနေနဲ့ နေ့စဉ်ပွားများရမယ့်တရားတွေမို့ စတုရာရက္ခတရားတွေပါတဲ့လေ။ ဒါမျိုးကို ဆင်ခြင်နိုင်တာဟာလည်း လူသားအစစ်မှသာ လုပ်နိုင်တဲ့အရာတွေပါ။ ကုသိုလ်ကို နေ့တိုင်းပွားနေတာမို့ ဘဝက ကျသွားစရာမရှိ တိုးတက်ပြီးရင်းတိုးတက်သွားကာ လွတ်မြောက်နိုင်တာကြောင့် လူသားအစစ်လို့ ခေါ်ရသလို လူ့ထက်က လူလို့ ခေါ်ရတာပါ။

တိုးတက်လွတ်မြောက်ပြီး လူသားအစစ်ဖြစ်ဖို့ဆိုရင် ဘယ်လိုတရားတွေကို အဓိကသိထားရမှာလဲ။ လူသားဆိုတာ အပူမကင်းဘဲမဖြစ်နိုင်သလို အပျော်မရှိဘဲလည်း မနေနိုင်နိုင်တာမို့ သောကကင်းဝေးနေနိုင်ရေးနည်းလမ်းတွေကရော ဘာတွေလဲ။ ဇနီး၊ သားသမီး၊ ဉစ္စာများနဲ့ ရှင်သန်ရင်း မေ့တတ်တဲ့

လူသားတစ်ယောက်အတွက် မမေ့အောင်လုပ်နည်းတွေကရော ဘာတွေလဲ။ ဒီလိုမျိုး လဲ,ပေါင်းများစွာနဲ့ မေးလာမဲ့မေးခွန်းများကို လွယ်ကူမှုများစွာနဲ့ ဘဝကို ဖြတ်သန်းနိုင်အောင် နည်းလမ်းပေးနိုင်တဲ့တရားကတော့ ဗုဒ္ဓရဲ့ အဘိဓမ္မာပါပဲ။ လူအတော်များများဟာ တရားတော်ကို နားကြားဖူးကြပေမဲ့ အဘိဓမ္မာလို့ ပြောလိုက်တာနဲ့ ငါတို့နဲ့မဆိုင်ဘူး၊ သံဃာတော်များသာ သင်ယူကျင့်သုံးရမဲ့တရားတွေ၊ ခက်ခဲလွန်းလို့ လူတွေမသိနိုင်တာကြောင့် နတ်ပြည်မှာ သွားဟောရတဲ့တရားတော် စသည်ဖြင့် အကြောက်တရား ရှေ့တန်းတင်ပြီး နာကြားဖို့ သင်ယူဖို့ ငြင်းဆန်ကြပါတော့တယ်။ တကယ်တော့ လူသားတွေရဲ့ နိမ့်ကျတဲ့ဘဝ၊ တွေ့နေရတဲ့ဒုက္ခ၊ ဖြစ်နေတဲ့သောက၊ မှားယွင်းတဲ့အတွေးများကို မြှင့်တင်ပေးပြီး အမှန်သိစေမှာကတော့ အဘိဓမ္မာပါပဲ။ ဘဝဒုက္ခတွေ့နေလို့ကို အဘိဓမ္မာတရားတော်ကို သိအောင်ကြိုးစားရတာပါ။ လောကဓံတရားရှစ်ပါးကို အသိနဲ့တွန်းလှန်ရင်း တုန်လှုပ်မှုမရှိအောင် လုပ်ပေးမှာက အဘိဓမ္မာတရားတော်ပဲလေ။

အဘိဓမ္မာဆိုတာ ထူးခြားသာလွန်တဲ့ သဘာဝကိုပြောတာပါ။ လောကမှာ သက်ရှိရယ်၊ သက်မဲ့ရယ်ဆိုပြီး နှစ်မျိုးပဲရှိပါတယ်။ အဲဒီ သက်ရှိ၊ သက်မဲ့အကြောင်းများကို တိတိကျကျပြောပေးမှာက အဘိဓမ္မာပဲလေ။ အဘိဓမ္မာတရားတော်ရဲ့ ထူးခြားတဲ့သဘာဝက သူ၊ ငါ၊ ယောက်ျား၊ မိန်းမ စတဲ့ နာမည်ပညတ်တွေကို တစ်သီးတစ်ခြားမပြောဘဲ အရာအားလုံးကို နားလည်လာအောင်၊ လက်ခံတတ်လာအောင် အသိပေးတာပါပဲ။ အဘိဓမ္မာတရားတော်မှာ အဓိကသိရမှာက စိတ် (Mind) အကြောင်းပါပဲ။

သတ္တဝါတွေမှာရှိတဲ့ စိတ်ဆိုတာဟာလည်း ထူးဆန်းသားလား။ လိုချင်မှုကိုဖြစ်စေသလို မရရင် မကျေနပ်မှုကိုပါ ခေါ်လာတတ်ပါရော။ လိုချင်တာ၊ သွားချင်တာ၊ ဖြစ်ချင်တာတွေ ဖြစ်နေတာကိုမသိတာ၊ မကျေနပ်စိတ်တွေ

ဖြစ်နေတာကို မသိတာတွေဟာလည်း ရှိနေပြန်ရော။ ကိုယ့်ရဲ့စိတ်ထဲမှာဖြစ်လာတဲ့ သဘောတရားများကို ဒါက ဘာစိတ်၊ ဒါက ဘယ်လိုသဘောစသည်ဖြင့် သိစေတာဟာ အဘိဓမ္မာပဲလေ။ ဒါတင်လားဆိုတော့ လိုချင်မှုနဲ့ ရှင်သန်ရင်း မကောင်းတာကို ကိုယ်၊ နှုတ်၊ စိတ် တစ်ပါးပါးနဲ့လုပ်ခဲ့မိရင် ကံအကြောင်းတရားတွေ ရှင်သန် (On line)နေတာကြောင့် အကြောင်းတိုက်ဆိုင်ရင် အကျိုးပေးမှာဖြစ်တဲ့အကြောင်းကို တိတိကျကျသိစေပါတယ်။ လိုချင်တာမရလို့ မကျေနပ်တာနဲ့ နှိပ်စက်တာ၊ လူသတ်တာ (ပါဏာတိပါတ)လုပ်ရင်၊ ပိုင်ရှင်မပေးတာကို အတင်းအဓမ္မယူခဲ့ရင် (အဒိန္နာဒါန)၊ အတင်းပြောခဲ့၊ မမှန်တာကို ပြောခဲ့မယ်ဆိုရင် ရလာနိုင်တဲ့ရလာဒ်တွေကို ရရာဘဝ ဖြစ်ရာဘုံနဲ့ အတိအကျ အဖြေထုတ်ပေးပါတယ်။ မကောင်းတာကို မသိလို့လုပ်မိပါတယ်ဆိုတဲ့ စကားကို လူတွေကိုသာပြောလို့ရတယ်။ ကံကိုပြောလို့ မရဘူးဆိုတာကိုပါ သိစေပါတယ် (အကုသိုလ်စိတ်များ)။

ဒီလိုမျိုး ဘဝမှာကြုံတွေ့ရတဲ့ မကောင်းတဲ့အရာတွေကြောင့် လူတွေ သောကဖြစ်၊ ဒုက္ခဖြစ်ကြရတာဟာ အရင်ဘဝ အတိတ်တုန်းက လုပ်ခဲ့တဲ့ အကြောင်းတရားကြောင့် ရလာတဲ့အကျိုးတရားတစ်ခုသာဖြစ်ကြောင်း (အဟိတ် အကုသလဝိပါက်၊ ကောင်းတာကို မြင်ရ၊ ကြားချင်တာကို ကြားရ၊ စားချင်တာကို စားရတာဟာလည်း အတိတ်ဘဝ ကောင်းမှုကံနဲ့ မကင်းဘူး (အဟိတ် ကုသလဝိပါက်) ဆိုတာကိုပါ အဘိဓမ္မာတရားတော်က သိစေတာမို့ ကျေနပ်မှုမလွန် မကျေနပ်မှုမများတော့ဘဲ လောကဓံတရားကို လက်ခံလာပါတော့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းကံ၊ မကောင်းကံကို လုပ်ခဲ့သူဟာ ကိုယ်တိုင်ဖြစ်နေလို့ ကောင်းတာ၊ မကောင်းတာကို ကြုံရတယ်ဆိုတာကို သိလာလို့ပါ (အဟိတ်စိတ်)။

မကောင်းတာကို ကြုံတွေ့ခံစားရတာဟာ အရင်ဘဝက ကိုယ်၊ နှုတ်၊

စိတ်ကို ကောင်းကောင်းမထိန်းခဲ့လို့ ဖြစ်တယ်ဆိုတာကို သိလာသူတစ်ယောက်ဟာ ကောင်းတဲ့အကျိုးကိုရစေတဲ့ အကြောင်းတရားများဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတရားများကို ထပ်ဆင့်ပွား ဆယ်ပါးထိဖြစ်အောင် ကြိုးစားအားထုတ်ပါတော့တယ်။ ဒါနစတဲ့ ကောင်းမှုကုသိုလ်များကို လုပ်တဲ့အခါမှာလည်း ကိုယ့်ရဲ့ အသိဉာဏ်အလိုက်လုပ်ကြတာမို့ လုပ်သလောက်ရပြီး ရသလောက် ဒုက္ခကင်းစေပြန်ပါတယ်။ ကောင်းကံယုံလို့ ဒါနလုပ်သူဟာ အသိဉာဏ်သိပ်မထက်ရင် ဘဝရှည်စေတယ်လို့ယုံကြည်ပြီး အသိဉာဏ်ထက်လာရင်တော့ ဘဝတိုစေတယ်ဆိုတာကိုပါ သိလာပါတယ်။ ဒါကြောင့် ကိုယ်တိုင်လုပ်တဲ့အလုပ်နဲ့ ပတ်သက်ပြီး အသိဉာဏ်ကို ထည့်နိုင်သလောက်ထည့်ပြီး တိတိကျကျလုပ်ကာ သူများထက်သာတဲ့ ကောင်းကျိုးများကိုရပြီး လွတ်မြောက်အောင် ကြိုးစားသွားကြတာဟာ အဘိဓမ္မာအကြောင်းကို ကောင်းကောင်းသိသွားလို့ပါ။ တိုးတက်မှု၊ လွတ်မြောက်မှုများကို ရအောင်လုပ်နေပြီဆိုရင် အဘိဓမ္မာအကြောင်း ကောင်းကောင်းသိလို့ဆိုတာ သေချာနေပါပြီ (ကာမကုသိုလ်)။

ဘဝဆိုတာ ပူလောင်လွန်းသလို အလုပ်တွေလည်း ရှုပ်လွန်းပါတယ်ဆိုတာကို လက်ခံလာတဲ့သူတစ်ယောက် စိတ်အခြေအနေတစ်ခု တိုးတက်အောင် ဆရာကောင်းရှာပြီး တရားထိုင်သလို ရိပ်သာဝင်ပြီး တရားရှာဖွေပါတော့တယ်။ သူ့ရဲ့ကြိုးစားအားထုတ်မှုအလိုက် တိုးတက်သွားကာ ကုသိုလ်ကောင်းမှုကို ပိတ်ပင်တတ်တဲ့ နီဝရဏကင်းပြီး ဈာန်ရသူဖြစ်သွားပါတော့တယ်။ ဈာန်ရလာသူတစ်ယောက်ဟာ လောကမှာ စီးပွားရေး၊ ကြီးပွားရေးနဲ့ ရှင်သန်ရမှာကို ကြောက်လို့ တစ်သက်လုံး တရားကျင့်ဖို့ ကြိုးစားလာပါတော့တယ်။ ဒီလိုမျိုး အခြေအနေထိရောက်အောင် တွန်းပို့လိုက်တာကတော့ ရူပကုသိုလ်ဈာန်များပါပဲ။ ဒီလိုဈာန်တွေရနေပေမယ့် တပ်မက်မှုတဏှာ ရှိနေသေးရင် ဘဝမလွတ်မြောက်နိုင်သေးဘူးဆိုတာကို သိစေမှာက အဘိဓမ္မာတရား

တော်ပါ။ တရားကျင့်ပြီး တရားကြိုက်နေတယ်ဆိုရင် အဘိဓမ္မာမသင်ဖူးသေး လို့ပါ။ တကယ်တော့ တရားကျင့်တယ်ဆိုတာ တရားကြိုက်ချင်လို့မဟုတ်ပါဘူး ကျင့်ရင်းနဲ့ ကြိုက်မိသွားရတဲ့အဖြစ်ပါ။ ကြိုက်မှန်းမသိတာကိုက အဝိဇ္ဇာဦးစီး နေတာမို့ စျာန်ကြောင့်ရလာတဲ့ ဘဝတွေဟာ ဒုက္ခပိုရှည်တယ်ဆိုတာ မသိနိုင် လောက်အောင် စွဲမက်မိပြန်ပါတယ်။ ဒါကြောင့် ကိုယ်ကျင့်လို့ရလာတဲ့ အကျင့်ကို အမှားအမှန်ခွဲခြားနိုင်ဖို့ အဘိဓမ္မာကို သင်ယူရတာပေါ့။

မှန်ကန်တဲ့အသိ (သမ္မာဒိဋ္ဌိ) မရသေးတဲ့အတွက် ရထားတဲ့စျာန်ကို မှီပြီး ရုပ်ခန္ဓာကိုသာ အပြစ်မြင်ပြီး နာမ်သဘောတရားကို စွဲမက်စွာအားထုတ် လို့ အဆင့်တက်ကာ အကျိုးရစေပါတော့တယ်။ ဒီကုသိုလ်ကိုကျတော့ အရူပ ကုသိုလ်လို့ခေါ်ပါတယ်။ ကာမ၊ ရူပ၊ အရူပ ကုသိုလ်များဟာ ဘဝရှိကာ ဘဝ ဒုက္ခရောက်စေတတ်တာမို့ အဲဒီကုသိုလ်များကို လောကီကုသိုလ်လို့ ခေါ်ရပါ တယ်။ ကိုယ့်လုပ်တဲ့အကြောင်းတရားက ကိုယ့်ကို ဘယ်အခြေအနေ ဖန်တီး ပြီး အကျိုးရစေနိုင်တယ်။ အဲဒီအကျိုးဟာ ဘဝမှာ ဒုက္ခသာမွေးဖွားပေးတယ် လို့ တိတိကျကျသိပြီး မှန်ကန်တဲ့အကျင့်ကို ဆက်ကျင့်သွားနိုင်တာဟာလည်း အဘိဓမ္မာတရားတော်ကြောင့်ပါပဲ။ အချို့က ဆရာကို သိပ်အားကိုးတတ်ပါ တယ်။ ကိုယ့်စိတ်ထဲမှာဖြစ်နေတာကို ဆရာက မသိနိုင်ပါဘူး။ ကိုယ်ပဲသိနိုင်တာ ပါ။ ကိုယ်တိုင်ကြိုးစားအားထုတ်တဲ့အခါမှာ ကိုယ့်စိတ်ဘာဖြစ်နေတယ်ဆိုတာကို ကိုယ်တိုင်သိပြီး ကိုယ့်ဟာကိုယ် ပြင်ရမဲ့နည်းကိုပေးတာဟာ ကိုယ်သင်ထားတဲ့ အဘိဓမ္မာအသိပါ။ ဒီလို အကြောင်းအကျိုးဆက်ပုံကို သိလာမှ အကြောင်း အကျိုးကင်းအောင် စွဲလမ်းမှုကင်းစွာနဲ့ ဒါန၊ သီလ၊ ဘာဝနာများကို ကြိုးစား အားထုတ်ပါတော့တယ်။

ဘယ်ဘဝကိုရရ **ဇာတိ** - မွေးဖွားမှုကြောင့်၊ **ဇရာ** - အိုခြင်းနဲ့၊ **မရဏ**- သေခြင်းတရားတွေ ဘဝနဲ့ကပ်ပါလာတယ်ဆိုတာကို အသိမှာစွဲသွား စေတာက

ဝိပဿနာအသိပါ။ ဝိပဿနာအသိဆိုတာ ဆရာက ဒါဟာ ဝိပဿနာပဲလို့ ပြောရုံနဲ့ ရသွားနိုင်၊ ရင့်ကျက်သွားနိုင်တဲ့ အသိတစ်ခု မဟုတ်ပါ ဘူး။ မှန်ကန်တဲ့ အသိနဲ့ မှန်မှန်ကန်ကန်ကျင့်သုံးမှသာ ရနိုင်တဲ့အသိတစ်ခုပါ။ ဒီလိုအသိကို ရသွားရင် နောက်ရလာမဲ့အကျိုးဆက်က ဘဝပြတ်စေတဲ့ကုသိုလ်ပါပဲ။ ဒါကိုတော့ လောကုတ္တရာကုသိုလ် မဂ်တရားလို့ခေါ်ပါတယ်။ မဂ်ဉာဏ် တစ်ခုရဖို့ဆိုရင် ဗုဒ္ဓဟောကြားမြတ်တရားထဲက သတိပဋ္ဌာန်လေးပါးကို သိထားရပြန်ပါတယ်။ သွားလာ၊ လှုပ်ရှား၊ မြင်၊ ကြား၊ စား၊ သိ ဆိုတဲ့ ကိုယ်အမူအရာများကိုသိနေခြင်းဟာ ငါဆိုတဲ့ စွဲလမ်းမှုဒိဋ္ဌိကို ဖြုတ်ပေးနိုင်စွမ်းရှိတာကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်ပါတယ်။ သတိနဲ့အသိ၊ အသိနဲ့သတိကို ဘယ်လိုတွဲရမယ်ဆိုတာကို လေ့ကျင့်ပေးနိုင်စွမ်း၊ သိစေနိုင်စွမ်း ရှိတာဟာ ဗုဒ္ဓရဲ့အဘိဓမ္မာပါ။

လူအတော်များများက တရားဆိုတာ သာမာန်လူတွေ ကျင့်လို့မရဘူး ပါရမီရှိမှရတယ်လို့ ထင်နေတတ်ကြပါတယ်။ ဒီအထင်တွေဟာ အထင်သက်သက်သာဖြစ်တယ်၊ သမထဝိပဿနာတရားဆိုတာ သတိထားပွားနေရင် သမထ၊ သတိ အသိတွဲရင် ဝိပဿနာဆိုတာကိုပါ သိစေပါတယ်။ သမထသမာဓိရအောင်အားထုတ်ရင် ကိုယ့်စရိုက်အလိုက် ဘယ်ကမ္မဋ္ဌာန်းကို အားထုတ်ကျင့်သုံးရမယ်ဆိုတာကိုပါ သိရပါမယ်။ ပြီးတော့ ကံနဲ့ပတ်သက်ပြီး သံသယဖြစ်နေသူတွေ ကောင်းကံဟာ ကောင်းတာကိုပဲ ရစေတယ်၊ မကောင်းကံဟာ မကောင်းကျိုးကို ရစေတယ်ဆိုရင် ဘာဖြစ်လို့ ကောင်းတာလုပ်သူတွေက မကောင်းတာကိုကြုံရပြီး မကောင်းတာကို လုပ်သူတွေက ကောင်းတာကိုကြုံရတာလဲ စသည်ဖြင့် ကံနဲ့ပတ်သက်ပြီး သံသယတွေဝင်နေတတ်ကြပြန်ပါတယ်။ ဒီလိုသံသယရှိနေသူတွေကို သံသယကင်းကင်းနဲ့ ကံကိုဘယ်လိုလုပ်ရမယ်ဆိုတာကိုပါ ကံ (၁၆)မျိုး ရှိကြောင်းပြဆိုပြီး လုပ်နည်းကိုပါ ပေးတာဟာ

အဘိဓမ္မာတရားတော်ပဲလေ။ ကောင်းကံ၊ မကောင်းကံကြောင့် ရနိုင်တဲ့ဘဝ၊ ရောက်နိုင်တဲ့ဘုံ၊ ဖြစ်နေတဲ့စိတ်အပြင် အကြောင်းမကင်းဘဲဖြစ်နေတယ်ဆိုတာကိုပါ သိစေပြန်တာကြောင့် သံသယလုံးဝကင်းစင်စေပါတယ်။ ခေတ်ကြီးတိုးတက်လာတာနဲ့အမျှ ရုပ်ဝတ္ထုတွေဟာ လိုက်လို့မမီအောင် မြန်ဆန်စွာနဲ့ ခေတ်ရှေ့ပြေးပြီး တိုးတက်သွားပါတော့တယ်။ အရှိကိုသာသိစေတဲ့ အတတ်ပညာကို သင်ထားတဲ့သူတွေအနေနဲ့ အသိမမှန်တော့တာကြောင့် ကောင်းတာကြောင့် ကောင်းတာရတယ်ဆိုရင် မကောင်းတာလုပ်တဲ့သူတွေ ဘာကြောင့် ကောင်းကျိုးရနေတာလဲဆိုတဲ့အမြင်နဲ့ တလွဲမြင်ပြီး ဘဝကို အပြစ်မြင်လာတဲ့အတွက် အကောင်းမြင်စိတ်တွေပျောက်ပြီး မကောင်းမြင်စိတ်တွေနဲ့ အချိန်ကုန်နေစေတတ်ပါတယ်။ ဒီလိုအဖြစ်မျိုးတွေကင်းပျောက်ကာ မှန်ကန်တဲ့အတွေးနဲ့ လူထက်က လူတစ်ယောက်ဖြစ်ဖို့ အဘိဓမ္မာတရားတော်က တာဝန်ယူပေးပါတယ်။ လူသားတစ်ယောက်အနေနဲ့ အဘိဓမ္မာတရားတော်ကို သိအောင်လုပ်မယ်ဆိုတဲ့ တရားတော်ကိုသာ တာဝန်ယူလိုက်ပါ၊ တရားတော်ကလည်း လူသားများကို ပြန်ပြီးတာဝန်ယူပါလိမ့်မယ်။

ဘဝဖြတ်သန်းတဲ့အခါ သံသယတွေများတုန်းလား၊ သောကတွေဖြစ်တုန်းလား၊ အယုံအကြည်မရှိတဲ့အဖြစ်ကို ပိုင်ဆိုင်နေရပြီလား၊ လောကကြီးဟာ မကောင်းသူတွေနဲ့ ပြည့်နှက်နေပြီလို့ ခံစားနေရပြီလား။ ဘဝရှင်သန်ဖို့ သိပ်ခက်ခဲသလို မှန်ကန်တဲ့အသိတရားရဖို့ မဖြစ်နိုင်ဘူးလို့ တွေးနေမိပြီလား။ လူသားများရဲ့ သံသယ၊ သောက၊ အယုံအကြည်မရှိမှု၊ မကောင်းတဲ့ခံစားချက်၊ မှားယွင်းတဲ့အတွေးတွေကို လွယ်ကူစွာ ကုစားပေးမှာက အဘိဓမ္မာတရားတော်ပါပဲ။ ဒါကြောင့် လူသားနဲ့အဘိဓမ္မာဆိုတာ ခွဲခြားလို့မရတဲ့အရာတစ်ခုပါ။

အဘိဓမ္မာဆိုတာကို ခက်ခဲတဲ့တရားတစ်ခုလို့ ယူဆနေတုန်းပဲလား။ သင်ကိုယ်တိုင် လူသားသာဖြစ်ပါစေ၊ သင်ယူချင်တဲ့စိတ်သာရှိပါစေ အဘိဓမ္မာ

ဆိုတာ သင်ရလွယ်ကူတဲ့အရာတစ်ခု ဖြစ်ပါလိမ့်မယ်။ ကိုယ်တိုင်သင်ယူပြီးတဲ့ အချိန်မှာ ပြောင်းလဲသွားမယ့် အယူအဆ အတွေးအခေါ်ကတော့ အဘိဓမ္မာ ဆိုတာ ငါ့အကြောင်း၊ သတ္တဝါအကြောင်း၊ လောကအကြောင်း ပြောပြပေးတဲ့ သီအိုရီနဲ့ ကျင့်သုံးမှုကိုပေးတဲ့အရာတစ်ခုအဖြစ် လက်ခံသွားပါလိမ့်မယ်။

တကယ်တော့ အသွေးနဲ့အသား ခွဲလို့မရသလို လူသားနဲ့အဘိဓမ္မာ ဆိုတာလဲ ခွဲလို့မရတဲ့သဘာဝတစ်ခုပါ။ ဒါကြောင့် လူသားတစ်ယောက်အနေနဲ့ ကိုယ့်အကျိုး၊ အများအကျိုးရွှယ်သယ်ပိုးရင်း လောကခံကို ရင်ဆိုင်နိုင်စေဖို့၊ လောကဒုက္ခမှ လွတ်မြောက်ရာနည်းလမ်းကို သိစေဖို့ အဘိဓမ္မာသင်တန်းကို တက်စေချင်စမ်းပါဘိ။

(၁၅. ၁၁. ၂၀၁၇) ဗုဒ္ဓဟူးနေ့



# "အသိမှန်ကန် လှူတတ်ရန်"

လူဆိုတဲ့သတ္တဝါဟာ သက်ရှိတွေထဲမှာ အတွေးအခေါ်နဲ့ သတိအား၊ ဉာဏ်အားကောင်းတာကြောင့် ရေကြည်ရာမြက်နုရာ ရွှေ့လျားသွားလာနေရင်းနဲ့ မိသားစု၊ နိုင်ငံစတာတွေကိုတည်ထောင်ကြသလို လွတ်မြောက်ရာ လမ်းကြောင်းကိုလည်း ကိုယ့်ဟာကိုယ် ရှာဖွေတတ်ကြပါတယ်။ စီးပွားရေး၊ ကြီးပွားရေး တိုးတက်စေဖို့အတွက်ဆိုရင်လည်း တစ်နယ်တစ်ကျေးပြောင်းပြီး အောင်မြင်အောင် ကြိုးစားတတ်ကြတယ်လေ။ ကမ္ဘာ့နိုင်ငံတွေ အမြောက်အများရှိပေမယ့် ကိုယ်ယုံကြည်ရာ သင့်တော်ရာကို ရွေးချယ်ပြီးရှင်သန်နိုင်အောင် ကြိုးစားကြတာပါပဲ။ ဒါပေမယ့် လောကနဲ့မတူတဲ့ ဓမ္မကတော့ ထူးဆန်းသား။ ဓမ္မဆိုတာ သဘာဝတစ်ခုသာမို့ ကိုယ်ယုံကြည်တဲ့အတိုင်း လုပ်ခွင့်မရှိပါဘူး။ ဓမ္မသဘာဝအတိုင်း ညွှန်ကြားချက်အတိုင်းသာ လိုက်လုပ်ရတာမျိုး။ လောကမှာရှိတဲ့ သက်ရှိသတ္တဝါတွေ ကိုယ်ယုံကြည်ရာကို တွေးခွင့်၊ ပြောခွင့်ရှိပေမယ့် ကိုယ့်အတွေးနဲ့ သဘာဝအရေးကို ဆုံးဖြတ်လို့မရတဲ့အဖြစ်တွေ ရှိနေပြန်ပါတယ်။ ဒါကြောင့်လည်းပဲ အနာဂတ်ဘဝအရေးကိုတွေးပြီး ချမ်းသာစေဖို့ဆိုတဲ့ စိတ်ကူးနဲ့ သဘောတွေ့ရာ၊ ယုံကြည်ရာဆီသွားပြီး ဒါနလုပ်တတ်ကြတယ်လေ။ ဒါလည်း မှားတယ်လို့ပြောလို့ မရပါဘူး။ ကိုယ်သဘောကျ ယုံကြည်ရာဆီသွားပြီး ကုသိုလ်လုပ်တာကိုး။ ကုသိုလ်ကောင်းမှုဆိုတာ ပုဂ္ဂိုလ်မရွေး၊ နေရာမရွေး

လုပ်လို့ရတာပဲလေ။ ဒါပေမဲ့ အတွေးများကတော့ မှန်ကန်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်လည်းပဲ သာသနာကိုကိုးကွယ်သူတွေ လမ်းမမှားရအောင် **သမ္မာဒိဋ္ဌိ** (မှန်ကန်တဲ့အသိ)ကို ဦးတင်ဖို့နဲ့ အတွေးမမှားရအောင် **သမ္မာသင်္ကပ္ပ** (မှန်ကန်တဲ့အတွေး)ကို လက်ကိုင်ထားဖို့ ဗုဒ္ဓက အသိပေးခဲ့တာပါ။

မဟာလူသားဖြစ်တဲ့ ဗုဒ္ဓဟာ အသိပေးတရားများကို ဟောခဲ့တာ ကိုယ်တိုင်တွေ့ကြုံခဲ့တဲ့အရာများကိုသာ အသိပေးဟောကြားခဲ့တာပါ။ ဒါကြောင့် **သွာက္ခာတော ဘဂဝတာ ဓမ္မော** (ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်သိပြီးမှ အများအတုယူရအောင် ဟောခဲ့တဲ့တရား) ရယ်လို့ တရားဂုဏ်တော်တစ်ပါးဖြစ်လာတာပေါ့။ သီလနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်၊ နေရာမရွေးဘဲ ယူတတ်ကြပေမယ့် ဒါနကိုတော့ ပုဂ္ဂိုလ်နေရာရွေးပြီး လှူတတ်ကြပါတယ်။ ဘုရားအလောင်းတော်နည်းလမ်းကို မှန်ကန်တဲ့အသိနဲ့ လိုက်မယ်ဆိုရင် တိရစ္ဆာန်ကအစ ပေးကမ်းတတ်အောင် ကြိုးစားအားထုတ်ရမှာပါ။ ဘုရားအလောင်းတော်ဟာ ဘယ်သူဘယ်ဝါမရွေးဘဲ သက်ရှိတိုင်းကို လှူနိုင်ပေးနိုင်အောင် ကြိုးစားတာဟာ မစ္ဆရိယစိတ်ကင်းတဲ့အပြင် အသိကိုဦးစားပေးထားလို့ပါ။ တစ်နည်းပြောရရင် ပေးလို့ပြန်ရမယ့်အဖြစ်ကို မတွေးဘဲ ပေးလိုက်လို့ သူရသွားမယ့်အဖြစ်ကိုသာ မှန်ကန်တဲ့အသိနဲ့ တွေးတတ်လို့ပါ။ တကယ်တော့ ဒါနဆိုတာ ကိုယ့်မှာရှိနေတဲ့ လောဘနဲ့ မစ္ဆရိယကို ပါးအောင်လေ့ကျင့်ယူရတဲ့ အဖြစ်တစ်ခုသာဖြစ်တာကြောင့် အလှူခံပုဂ္ဂိုလ်နဲ့ ဘာဆိုဘာမှ ပတ်သက်စရာအကြောင်းကို မရှိတာပါ။ ဒါပေမဲ့ ပေးလို့ရလာမယ့်အကျိုးကို မျှော်ကိုးတယ်ဆိုရင်တော့ အလှူခံပုဂ္ဂိုလ် မြင့်မြတ်တာကို ရွေးဖို့လိုအပ်တာပေါ့လေ။ ဒီလိုပုဂ္ဂိုလ်တွေရှိလို့ပဲ အလှူခံပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီး တိရစ္ဆာန်ကအစ ဘုရားအဆုံး တစ်ဆယ့်လေးယောက်ရှိတယ်ဆိုတာကို အသိပေးခဲ့ရတာပေါ့။ တကယ်လို့ ပေးသူဟာ ပေးတတ်သူသာဖြစ်ပါစေ။ ပုဂ္ဂိုလ်မရွေးတော့ပါဘူး။ အကျိုးလိုချင်လို့ ပုဂ္ဂိုလ်ရွေးတဲ့သူတွေအနေနဲ့

သိသင့်တယ်ထင်တဲ့အကြောင်းလေးကို မှန်ကန်တဲ့အသိရဖို့ အသိပေးချင်တာ။

သင်တန်းပေးဖူးသူတစ်ယောက်အနေနဲ့ အလှူခံပုဂ္ဂိုလ်နဲ့ပတ်သက်ပြီး ဘယ်သူ့ကိုရွေးမလဲဆိုတဲ့ မေးခွန်းကိုအတော်များများ မေးခဲ့ဖူးပါတယ်။ ရလာတဲ့ အဖြေများကတော့ သီလရှိသူ၊ ဈာန်ရသူနဲ့ ဘုရားကိုလှူမယ်ဆိုတဲ့ အဖြေများ ပါပဲ။ ဒါဟာ ဘာကိုဖေါ်ပြနေလဲဆိုရင် ကောင်းတဲ့အကျိုးကို ကောင်းကောင်း လိုချင်တယ်ဆိုတဲ့ တဏှာအရိပ်ကို မီးမောင်းထိုးပြလိုက်တာပါပဲ။ တကယ်တော့ မဆန်းတဲ့ ကိစ္စတစ်ခုလို့ပြောရမှာပါ။ ဘာဖြစ်လို့ဆို အကျိုးလိုချင်သူတွေမှာ တဏှာမှ မကင်းသေးတာကိုး။ တဏှာကင်းလိုသူကတော့ တဏှာဖြစ်ကြောင်း ကိုရှောင်မှာပေါ့။ ဒီလိုမျိုး အလှူခံကောင်းကို ရှာဖွေရင်းနဲ့ ပြိုင်ဆိုင်စရာအဖြစ် လေးတွေပါ တွဲပါလာတတ်ပြန်ပါတယ်။ ဘယ်လိုပုဂ္ဂိုလ်မျိုးကိုမှလှူတာ စသည် ဖြင့်ပေါ့။ မြန်မာနိုင်ငံသားတွေကတော့ ရဟန်းကို အဓိကထားလှူတတ်ကြ ပါတယ်။ ဒါကြောင့်လည်းပဲ ရဟန်းကျင့်ဝတ်နဲ့မပြည့်စုံရင် တပည့်တော်တို့ လှူတဲ့ အလှူက အကျိုးမပေးဘူးမို့လားဆိုတဲ့ မေးခွန်းပေါ်လာတာပေါ့။ အလှူ တစ်ခုလုပ်တဲ့အခါ အလှူခံပုဂ္ဂိုလ်က အကျိုးကို ရအောင်ပေးနိုင်စွမ်းမရှိပါဘူး။ ကိုယ်တိုင်လုပ်ခဲ့တဲ့ အကြောင်းဖြစ်တဲ့အလှူကသာ အကျိုးကိုဖြစ်စေတာပါ။ အလှူရှင်များသိထားရမယ့် ရဟန်းများရဲ့အခြေအနေလေးတွေကို သိအောင် ပြောရမယ်ဆိုရင် . . . ။

ရဟန်းဆိုတာ လူကနေဖြစ်လာတာပါ။ လူတစ်ယောက်အနေနဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလကိုဆောက်တည်ရင် လုံလောက်သလို ဒုစရိုက်မလုပ်ရင် သီလက ကျိုး၊ ပေါက်၊ ကျား၊ ပြောက်တဲ့အဖြစ်လည်း မရှိတော့ပါဘူး။ လူကနေ ရဟန်းဖြစ်သွားပြီဆိုရင်တော့ ငါးပါး၊ ရှစ်ပါးနဲ့မလုံလောက်တော့သလို ဒုစရိုက် ရှောင်နေရုံနဲ့လဲမရတော့ပါဘူး။ ရဟန်းတွေဆောက်တည်ရမယ့် သီလသိက္ခာက (၂၂၇)ပါးရှိလို့ပါ။ ပြီးတော့ ဝီရိယနဲ့သတိပေါင်းပြီးမှ အဲဒီသီလကို ထိန်းသိမ်း

ရတာဖြစ်တဲ့အတွက် ဝီရိယလျော့ခဲ့ရင်၊ သတိလွတ်ခဲ့ရင် အပြစ်က အလိုလို ဖြစ်သွားသင့်ရပြန်ရော။ **ဗုဒ္ဓပညတ်ထားတဲ့ အာဏာသိက္ခာတော် သီလကို မပျက်မစီး ထိန်းသိမ်းနိုင်သူဟာ သမ္မာသမ္ဗုဒ္ဓရယ်၊ ပစ္စေကဗုဒ္ဓရယ်လို့ နှစ်ပါးတည်း ရှိပါသတဲ့ (ဒွေပုဂ္ဂလာ အဘဗ္ဗာ ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါစ)**။ ဒါပေမယ့် ရဟန်းမှန်ရင်တော့ ဝိနည်းအပြစ် မသင့်သူမရှိပါတဲ့လေ။ ရဟန္တာဖြစ် နေပါစေပေါ့ (ဒွေပုဂ္ဂလာ ဘဗ္ဗာ ဘိက္ခုစ ဘိက္ခု နိယောစ)။ ဘာဖြစ်လို့လဲဆို တော့ **ဗုဒ္ဓရဲ့ဝိနည်းသိက္ခာဟာ အာဏာဒေသနာတော် ဖြစ်နေလို့ပါပဲ။** ပြီးတော့ ကျူးလွန်ချင်တဲ့စိတ်ရှိလို့ဖြစ်ဖြစ် **(သစိတ္တကအာပတ်)**၊ ကျူးလွန်ချင် စိတ်မရှိလို့ဖြစ်ဖြစ် **(အစိတ္တကအာပတ်)** ဝိနည်းအပြစ်က သင့်နိုင်တာပါပဲ။ ရှောင်ကြဉ်လိုက်နာဖို့ အတွက် ဗုဒ္ဓက ဝိနည်းတော်ကိုပညတ်ခဲ့ပေမဲ့ ကုရာနတ္ထိ ဆေးမရှိအဖြစ်ကို ဖန်တီးခဲ့တာမဟုတ်ပါဘူး။ အပြစ်ဖြစ်ရင် ကုစားလို့ရအောင်ပါ နည်းလမ်းတွေ ချပေးခဲ့ပါတယ်။

ရဟန်းများ သင့်ရောက်နိုင်တဲ့ ဝိနည်းအပြစ်များကတော့ . . .

၁။ ပါရာဇိက

၂။ သံဃာဒိသိသ်

၃။ ထုလ္လစ္စည်း

၄။ ပါစိတ်

၅။ ဒုက္ကဋ်

၆။ ဒုဗ္ဘာသိ နဲ့

၇။ ပါဋိဒေသနီရယ်လို့ (၇) မျိုးရှိပါတယ်။ ဒီအပြစ်များကိုပေါင်းလိုက်ရင် (၂၂၇) ပါးဖြစ်တာပေါ့။

၁။ **ပါရာဇိက** ဆိုတာ လူထွက်ရမယ့်အပြစ်ပါ။ အဗြဟ္မစရိယအကျင့် (မေထုန်မှီဝဲခဲ့ရင်)၊ သတ်မှတ်ထားတဲ့ငွေထက် တန်ဖိုးကြီးတာကို ခိုးရင်၊ လူသတ်

ခဲ့ရင်၊ တရားမရသေးဘဲနဲ့ တရားရသယောင်ယောင်ပြောခဲ့ရင် သင့်ရောက်တဲ့ အပြစ်တွေပါ။ ဒါပေမဲ့ ပါရာဇိကကျသွားတဲ့ ရဟန်းတစ်ပါးဟာ လူဝတ်လဲလိုက်ရင် **ဝိသုဒ္ဓိ** = သန့်ရှင်းစင်ကြယ်သူဖြစ်သွားလို့ တရားကျင့်ရင် စျာန်တရား၊ မဂ်တရားများကို ရနိုင်ပါသတဲ့။

၂။ သံဃာဒိသိသ်ကတော့ အမျိုးအစား (၁၃) မျိုးရှိတာပေါ့။ ဒီအပြစ်ကို ကျူးလွန်ခဲ့ရင်တော့ သံဃာအပါး(၂၀) ရှေ့မှာအပြစ်ကို တောင်းပန်ပြီး သံဃာတွေလက်ခံလာအောင် အပြစ်ကိုကုစားရင် ဝိသုဒ္ဓိဖြစ်သွားလို့ စျာန်၊ မဂ်ကို ရနိုင်ပါသတဲ့လေ။ ဒီအပြစ် (၂)မျိုးကတော့ **သစိတ္တက** = အပြစ်ကျူးလွန်ချင်တဲ့စိတ်ကြောင့်သာ ဖြစ်ရတဲ့အတွက် ရဟန္တာများ မသင့်ရောက်နိုင်ဘူးပေါ့။ ဒါပေမဲ့ နောက်ကျန်တဲ့ အပြစ်ငါးမျိုးကတော့ ကျူးလွန်ချင်လို့ပဲဖြစ်ဖြစ်၊ ကျူးလွန်ချင်စိတ်မရှိလို့ပဲဖြစ်ဖြစ် သင့်ရောက်နိုင်တဲ့အပြစ်တွေမို့ ပုထုဇဉ်ရော ရဟန္တာပါ သင့်ရောက်နိုင်တဲ့အပြစ်တွေပါ။ ဥပမာပြောရရင် . . .။ ရဟန္တာတစ်ပါး ခရီးကအပြန် ပင်ပန်းလို့ ကျောင်းပေါ်မှာအိပ်နေတုန်း အောက်ထပ်မှာ အမျိုးသမီးတစ်ယောက် ဝင်အိပ်ခဲ့မယ်ဆိုရင် ရဟန္တာသိသိ၊ မသိသိ ဝိနည်းအပြစ်သင့်ပါတော့တယ်။ ငါမသိဘဲ ဝင်အိပ်သွားတာ ငါနဲ့ဘာဆိုင်လို့လဲဆိုပြီး လူတွေက ဆင်ခြေပေးကောင်း ပေးပါလိမ့်မယ်။ ဗုဒ္ဓပညတ်ထားတဲ့ ဝိနည်းဟာ အာဏာဒေသနာဖြစ်လို့ ဆင်ခြေပေးခွင့်မရှိပါဘူး။ ဒါကြောင့် ရဟန်းတော်တွေ ညဖက်ရောက်တိုင်း အပြစ်ရှိတယ်လို့သိတာပဲဖြစ်ဖြစ်၊ မသိတာပဲဖြစ်ဖြစ် **ဒေသနာ** = အပြစ်ကို ပြောကြားကြပါတယ်။ ဒေသနာကြားနေတာကိုတွေ့တိုင်း အပြစ်ရှိသူလို့တော့ မထင်လိုက်ပါနဲ့။ အပြစ်ရှိလေမလားဆိုတဲ့စိတ်က ကုက္ကုစ္စဖြစ်စေတတ်တာကြောင့် ရှင်းသထက်ရှင်း ကင်းသထက်ကင်းအောင် ဒေသနာကြားကြတာပါ။ **ဒေသနာ** = အပြစ်တွေကို ပြောပြလိုက်ပြီဆိုရင် သိလို့သင့်ခဲ့တဲ့ ဝိနည်းအပြစ်ဖြစ်ဖြစ်၊ မသိလို့ သင့်ခဲ့တဲ့ဝိနည်းအပြစ်ဖြစ် ဖြစ်

ကင်းစင်သွားပြီး တရားကျင့်ရင် ဈာန်၊ မဂ်ရစေနိုင်ပါတယ်။ ဒီလိုအဖြစ်နဲ့ အခြေအနေမှန်ကို မသိတဲ့လူတွေကတော့ အပြစ်ကျူးလွန်တုန်းကတွေ့ခဲ့တဲ့ ရဟန်းကို ပြန်လည်တွေ့ရတဲ့အခါ အပြစ်ကျူးလွန်တုန်းကပေါ်ခဲ့တဲ့ ဒေါသစိတ် အတိုင်း ရဟန်းတွေကို ပြစ်မှားတတ်ကြပါတယ်။ အဲဒီရဟန်းပေါ် အပြစ် လုပ်နေတာ စသည်ဖြင့် ဝစီကံနဲ့ပါ ပြောမိပါရော။ ကျူးလွန်ခဲ့ဖူးတဲ့ရဟန်းက အပြစ်ကင်းလို့ သန့်ရှင်းစင်ကြယ်နေပေမဲ့ ရဟန်းတွေစောင့်ထိန်းရတဲ့ **ပါတိ မောက္ခသံဝရသီလ** (ဝိနည်းသိက္ခာ)အကြောင်းမသိလေတဲ့ လူကတော့ အပြစ် ပြောတိုင်း အပြစ်တွေက တိုးသထက် တိုးနေပါတော့တယ်။ ဒါဟာ ရဟန်း ကောင်းကိုမှ ကိုးကွယ်ချင်တယ်ဆိုတဲ့ သဒ္ဓါအားကောင်းသူတွေ သိထားသင့်တဲ့ အရာပါပဲ။

ရဟန်းကောင်းကိုလှူမှ အကျိုးထူးမယ် ဒါကြောင့် ငါတို့က ရဟန်း ကျင့်ဝတ်မပြည့်စုံတဲ့ ရဟန်းတော့ မလှူဘူးလို့ တွေးနေတုန်းလား။ ဗုဒ္ဓစာပေ လာ သီလမဲ့ရဟန်း၊ သာမဏေများ လူသာမာန်ထက် သာလွန်တဲ့ဂုဏ်များ အကြောင်းကိုလည်း သိထားသင့်ပါသေးတယ်။ ဗုဒ္ဓကိုယုံကြည်လို့ သာသနာထဲ ဝင်ရောက်လာသူ ရဟန်း၊ သာမဏေများ တကယ်လို့ သူတို့ရဲ့သီလတွေ ချွတ်ယွင်းနေ ပျက်စီးနေခဲ့တယ်ဆိုရင်တောင် သီလရှိသူ၊ ပြည့်စုံသူ လူထက် သာနေသလို သီလပြည့်စုံသူလူကို စော်ကားတာထက် ပိုအပြစ်ကြီးတယ် ဆိုတာကို မှတ်ထားစေချင်ပါတယ်။ သီလမရှိတဲ့ ရဟန်း၊ သာမဏေများ အပေါ်မှာ ကျူးလွန်လို့ရလာတဲ့အပြစ် ကြီးမားသွားရတဲ့အကြောင်းက . . .

၁။ သူတို့ဟာ ရတနာသုံးပါးကို ယုံကြည်ဆဲဖြစ်ခြင်း

၂။ ဗုဒ္ဓဟောကြားမြတ်တရားကို သင်ကြားပို့ချနေခြင်း

၃။ သီလရှိသူ ရဟန်း သာမဏေများနဲ့ အတူနေခွင့်ရှိခြင်း

၄။ ကဲ့ရဲ့ခံရမှာစိုးလို့ အပြစ်ကို ကွယ်ရာမှာသာ ကျူးလွန်ခြင်း

၅။ တခါတရံ ကမ္မဋ္ဌာန်းတရားများကို အားထုတ်နေခြင်း

၆။ လူတွေကဲ့ရဲ့မှာစိုးလို့ ကိုယ် နှုတ်ကို စောင့်စည်းနေခြင်းစတဲ့ ဂုဏ်တွေအပြင် သီလမဲ့ ရဟန်း၊ သာမဏေများဟာ . . .

၁။ အပြစ်ကင်းတဲ့ သင်္ကန်း ကိုဝတ်နေဆဲဖြစ်ခြင်း

၂။ ဘုရား အရိယာတို့နဲ့ အသွင်အပြင်တူခြင်း

၃။ ရတနာသုံးပါးကို ကိုးကွယ်နေခြင်း

၄။ တရားကျင့်သူတို့နေရာ ကျောင်း၌ နေခြင်း

၅။ သာသနာတော်ကြာရှည်စွာ တည်တန့်စေရန် စောင့်ထိန်းပေးခြင်း

၆။ တရားတော်များကို ဟောကြားပြသနေခြင်း

၇။ တရားသာ ကိုးကွယ်ရာရှိခြင်းနဲ့

၈။ ဘုရားသာ အမြတ်ဆုံးလို့ အယူရှိခြင်းတွေက အလှူရှင်များရဲ့ အလှူကိုတိုးတက်စေပြီး အကျိုးများစေတာကြောင့်ပါ။

**မိစ္ဆာ သက်ပ္ပ** = မှားယွင်းတဲ့ အတွေးတစ်ခုဟာ အပြစ်တွေကို တန်းစီပြီး ယူလိုက်သလို ဖြစ်တတ်တာကြောင့် အသိမှန်အောင်တော့ လေ့ကျင့်ထားသင့်ပါတယ်။ အကျိုးလိုလားတယ်ဆိုရင်ပါ။

ဒါန အလှူလုပ်လိုက်လို့ အကျိုးပေးတာဟာ အလှူရှင်ကြောင့်လည်း ဖြစ်နိုင်သလို အလှူခံကြောင့်လည်း အကျိုးများနိုင်တာကို အသိပေးခဲ့ပါသေးတယ်။

၁။ အလှူပေး အလှူခံ နှစ်ယောက်လုံး အပြစ်ရှိလို့ အကျိုးနည်းပေမယ့်

၂။ အလှူပေးက စေတနာထက်သန်ပြီး အလှူခံက အကျင့်မကောင်းဘူး ဆိုရင်တောင် အကျိုးက မနဲတတ်ပါဘူးတဲ့ ။

၃။ အလှူပေးက စေတနာသိပ်မထက်သန်ပေမဲ့ အလှူခံက သိပ်သန့်ရှင်းနေရင်လည်း အလှူပေးမှာ ထူးခြားတဲ့အကျိုးကို ရတတ်ပါသတဲ့ ။

၄။ အလှူပေးကလဲစေတနာသန့် အလှူခံကလည်း သီလရှင်းခဲ့မယ်ဆိုရင် ပိုမိုထူးခြားတဲ့အကျိုးကို ပေးနိုင်သတဲ့လေ။ ခေတ်ကာလအရပဲပြောပြော၊ ကိုယ်တိုင် အတွေ့အကြုံ မရှိဘူးလို့ပဲဆိုဆို ထူးခြားပြီး အကျိုးများစေချင်တယ် ဆိုရင် အလှူပုဂ္ဂိုလ်အကြောင်းကို သိအောင်လုပ်မနေဘဲ အလှူရှင်ဖြစ်တဲ့ လူသားကသာ အကောင်းဆုံးဖြစ်အောင် ကြိုးစားထားဖို့ပဲ လိုတာပါ။ ဘာ ကြောင့်ဆို သူများအကြောင်းကို သိဖို့ခက်ပေမဲ့ ကိုယ့်အကြောင်းကိုယ် သိဖို့က အလွယ်ဆုံးပဲမို့လား။ ဘုရားအလောင်းတော်တွေဟာ သူများအကြောင်းကို သိအောင်လုပ်ပြီး အကျိုးရှိမယ်ထင်လို့ ဒါနလုပ်ခဲ့တာ မဟုတ်ပါဘူး။ စေတနာ သန့်သန့်နဲ့ ပေးလိုက်တဲ့အတွက် အကျိုးရနိုင်တယ်ဆိုတာကိုသိထားလို့ အယုတ်၊ အလတ်၊ အမြတ်မရွေး လှူနိုင်ခဲ့တာပေါ့။ ဗုဒ္ဓဟောကြား မြတ်တရားကို လေ့လာ လိုက်စား နာကြားနေသူဆိုရင်တော့ အသိတွေမှန်ပြီး လှူတတ်ဖို့ပဲ လိုတာပါ။

သက်န်းဝတ်ကိုပဲ လှူချင်တယ်ဆိုတဲ့အတွေး ရှိနေလား။ အဲဒီအတွေး ရှိနေသေးတယ်ဆိုရင် မှန်ကန်တဲ့အသိသာ ယူထားပါ။ အကျိုးက ထူးဦးမှာပါပဲ။ ခေတ်တွေတိုးတက် ကာလတွေကြာလာတာနဲ့အမျှ ဗုဒ္ဓရဲ့သာသနာဟာ ထွန်း ကားလာမှာမဟုတ်ဘဲ တဖြေးဖြေး မှေးမှိန်ပျောက်ကွယ်သွားရမှာပါ။ မကွယ်ခင် လေး ခဏတာကာလမှာ **လိင်္ဂသာသနာ** - ရဟန်းဝတ်အသွင် ကွယ်ပျောက်ဖို့ အကြောင်းဖန်လာပါလိမ့်မယ်။ ရဟန်းတွေဝတ်တဲ့ သက်န်းကြီးဟာ ကြီးလည်း ကြီးတယ်၊ ထိန်းသိမ်းရလည်း ခက်တယ်၊ စီးပွားရေး၊ ကြီးပွားရေးလုပ်ရင်လည်း တဖားဖား နဲ့ အလုပ်ရှုပ်တယ်လို့တွေးတဲ့ရဟန်းတွေဟာ မိန်းမတွေယူ လယ်ထွန်၊ စီးပွားလုပ်ရင်းနဲ့ လည်ပင်းမှာ သက်န်းအမှတ်အသားလေး ပတ်ထားပါစေ သံဃာဆိုတဲ့အသိနဲ့သာ ပေးလှူနိုင်ပါစေတဲ့ သံဃိကဒါနဖြစ်ကြောင်း ဒက္ခိဏာ ဝိဘင်္ဂသုတ်မှာ ဟောကြားထားပါတယ်။ လင်ယူ၊ သားမွေးလုပ်ပြီး လည်ပင်းမှာ သက်န်းပတ်ထားသူကို သံဃာအမှတ်နဲ့လှူလို့ **သံဃိကဒါန** (အကျိုးများစေ)

ဖြစ်သေးရင် တိုးတက်စသာရှိသေးတဲ့ (၂၁) ရာစုကာလမှာ သက်န်းကို အထည်လိုက်၊ အစုံလိုက်ဝတ်နေတဲ့ ရဟန်းတွေ ဒုနဲ့ဒေးရှိတုန်း မှန်ကန်တဲ့အသိနဲ့ သံဃာသာ မှန်းလျှူလိုက်ပါ အကျိုးမယုတ်ပါဘူး။ တကယ်တော့ အလှူရှင်တွေ အကျိုးနဲသွားတာဟာ မြင်ရတဲ့မြင်ကွင်းက မကောင်းလို့မဟုတ်ပါ၊ မြင်တတ်တဲ့ အမြင် မမှန်လို့သာဖြစ်သွားတာပါ။ အမြင်မမှန်တာဟာလည်း အသိမမှန်လို့ ဆိုတာကို သိထားသင့်ပါတယ်။ ကိုယ့်အမြင်ကို အသိနဲ့မပြင်သေးသရွေ့ လောကကို တလွဲမြင်နေဦးမှာပါပဲ။ တလွဲမြင်တဲ့အမြင်ရှိသူ၊ အသိမမှန်သူတွေဟာ မှန်ကန်ရာထင်တဲ့အမြင်ကိုတမ်းတရင်း ကြည်ညိုစရာ(သဒ္ဓါအား ကောင်းသူ) များ ၊ ပညာတတ်သူ (ပညာအားကောင်းသူ) များကို ရှာဖွေနေမှာပဲလေ။

အသက်၊ သွေး၊ ချွေးနဲ့ရင်းပြီး လောဘအရင်းခံနဲ့ရလာတဲ့ လောဘအာရုံပစ္စည်းတစ်ခုကို ပေးမယ်လုပ်တိုင်း လိုချင်မှုပါနေဦးမယ်ဆိုရင် ဆင်းရဲခြင်းကို လက်ယပ်ခေါ်သလို ဖြစ်နေဦးမှာပါပဲ။ လောဘ တဏှာကင်းရာ နိဗ္ဗာန်ကို တကယ်ရောက်ချင်တာလား။ အမြင်များကို ပြင်လိုက်ပါ။ အမြင်ပြင်လိုက်တာနဲ့ လှူတတ်သူဖြစ်ပြီဆိုတာ သိထားလိုက်ပါ။ လောဘတဏှာကြောင့် ရလာတဲ့ခန္ဓာရဲ့အပြစ်ကိုမြင်ပြီး အပြစ်ကင်းအောင် ကိုယ်တိုင်ကြိုးစားအားထုတ်လှူဒါန်းရမှာပါ။ တဏှာကင်းသူကိုရှာနေရင်း၊ ဝိနည်းအပြစ်ကင်းတဲ့ရဟန်းတွေကိုရှာရင်း ကိုယ့်ရဲ့တန်ဖိုးရှိတဲ့အချိန်ကို အကုန်မခံဘဲ ကိုယ်ကောင်းအောင်သာ လုပ်လိုက်ပါ။ တဏှာကင်းရာ နိဗ္ဗာန်ရဲ့ လက်တကမ်းကို ရောက်သွားပါလိမ့်မယ်။

တကယ်တော့ ဗုဒ္ဓက ဒါနနဲ့ပတ်သက်ပြီး တရားတွေဟော လမ်းပြပေးခဲ့တယ်ဆိုတာ အသိမှန်ကန် လှူတတ်ရန်သာ ရည်ရွယ်ခဲ့တာပါလေ။

***လှူတတ်သူများဖြစ်ပါစေ . . .***

(၂၁. ၁၁. ၂၀၁၇) အင်္ဂါနေ့



# "ကံ မျိုးစေ့"

ဗုဒ္ဓဆိုတဲ့ မဟာလူသားတစ်ယောက် လောကမှာ ပေါ်ပေါက်လာတာဟာ သက်ရှိသတ္တဝါတွေ အကျိုးများစေဖို့ ချမ်းသာစေဖို့နဲ့ အခြေအနေကောင်းများကို ဖန်တီးရယူနိုင်စေဖို့ပါပဲ။ ဗုဒ္ဓသာ မပွင့်ခဲ့ဘူးဆိုရင် သက်ရှိသတ္တဝါတွေ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုး မသိနိုင်တဲ့အပြင် ဒါဟာကောင်းမှု ကုသိုလ်ပဲ၊ ဒါကတော့ မကောင်းမှု အကုသိုလ်ပဲ ဆိုတာ သိနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်လည်းပဲ **. . . . ဘုရားရှင်တော် မပွင့်ပေါ်လျှင် သူတော်အများ စိတ်ကောင်းထားလဲ ဤကား ကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘ၀ မသိရ များလှအပြစ်တွေ** လို့ ဆရာတော်တွေက အသိပေးဆုံးမခဲ့တာပဲ မဟုတ်ပါလား။ ဗုဒ္ဓရှင်တော် ပွင့်ထွန်းပေါ်ပေါက်လာတာဟာ သိပ်ကို ကံကောင်းလွန်းလှပါတယ်။ မသိနိုင်တဲ့အရာကိုလဲ သိရသလို မမြင်နိုင်တာကိုလဲ မြင်ခွင့်ရလာပါတယ်။ လူဖြစ်ပြီး ဗုဒ္ဓအဆုံးအမကို နာယူကျင့်သုံးခွင့်ရတာ ကံကောင်းပေစွ။

ဗုဒ္ဓဝါဒ ယုံကြည်သူတစ်ယောက်ဖြစ်ဖို့အတွက် အဓိကအခြေခံကတော့ ယုံကြည်မှု သဒ္ဓါပါပဲ။ ဗုဒ္ဓကိုယုံလိုက်ရုံနဲ့ ဗုဒ္ဓဝါဒကိုးကွယ်သူတစ်ယောက် မဖြစ်သေးပါဘူး။ ဗုဒ္ဓဟောကြား မြတ်တရားကို လက်ခံကျင့်သုံးပြီး ကံအကြောင်းကို ကောင်းကောင်းနားလည်ဖို့ လိုအပ်ပါသေးတယ်။ ဘာကြောင့်ဆို ဗုဒ္ဓဝါဒက

ကမ္မသကတသမ္မာဒိဋ္ဌိ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်ကြောင်းကို ဦးတည် ဟောကြား အသိပေးထားလို့ပါပဲ။ **(ကမ္မဝါဒီ)** ကာယကံ၊ ဝစီကံ၊ မနောကံ နဲ့ပတ်သက်ပြီး လုပ်ခဲ့တဲ့ ကောင်းကံ၊ မကောင်းကံတွေဟာ ကောင်းကျိုး၊ မကောင်းကျိုးကို ပေးတယ်ဆိုတာကို ဗုဒ္ဓက သူကိုယ်တိုင် တွေ့ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံကို သတ္တဝါအများသိစေဖို့ အသိပေးလမ်းပြသွားတာပါ။ ဗုဒ္ဓ ဝါဒမှာ အရိယာဖြစ်လိုသူ လူသားတစ်ယောက်အနေနဲ့ ပထမဆုံး ကံကိုယုံပြီး **ဒိဋ္ဌိ** (၄)နဲ့ **ဝိစိကိစ္ဆာ** (ယုံမှားသံသယ) ကင်းအောင် ကျင့်ကြံရပါတယ်။

မှန်ပါတယ်။ ကံအကြောင်းကို တိတိကျကျသိသူဟာ ဗုဒ္ဓကလွဲပြီး ဘယ်သူမှမရှိတဲ့အတွက် တရားတော်ကို နာကြားရုံသက်သက်မဟုတ်ဘဲ လေ့လာလိုက်စားသင်ယူရင်း ယုံမှားမှုကို တဖြေးဖြေးကင်းအောင် ကျင့်ယူရပါ တယ်။ များသောအားဖြင့် သိထားကြတာက ကောင်းတာလုပ်ရင် ကောင်း ကျိုးရမယ် (Good be gets good) မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ် (Bad be gets bad) လောက်ပဲ သိကြတာများပါတယ်။ ဒီလိုလေးသိတာနဲ့တင် ကံကိုယုံကြည်သူ တစ်ယောက်ဖြစ်သွားပြီလို့ ခံယူတတ်ကြပါတယ်။ ကံဆိုတာ ဟာ တကယ့်ကို ထူးခြားဆန်းကျယ်လွန်းပါတယ်။ လောကမှာ မကောင်းတာ ကိုလုပ်ပြီး ကြီးပွားနေသူတွေ၊ ကောင်းတာလုပ်ပြီး ဆင်းရဲသွားသူတွေကိုမြင်ရ၊ တွေ့ရရင် ကံယုံတယ်ဆိုတဲ့ လူတွေ ယုံကြည်မှု ပျက်ပျယ်စပြုလာပါတော့တယ်။ ဒါဟာ သံသယဝင်လာတာပါပဲ။ သံသယဝင်တာကြာလာရင် အသိပါပြောင်း တတ်ကုန်ပါတယ်။ ဗုဒ္ဓဝါဒက ကံလုပ်ခဲ့သူတစ်ယောက်နဲ့ပတ်သက်ပြီး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဘဝအခြေအနေများကို လေ့လာသုံးသပ်ပြီးမှ ဆုံးဖြတ်ကြဖို့ အသိပေးထားပါတယ်။ ကံအမျိုးအစားဟာ စုစုပေါင်း (၁၆) မျိုးတောင် ရှိပါတယ်။ အဲဒီ (၁၆) မျိုးထဲကမှ သိသင့်တဲ့ကံများကို သိထားရင် သံသယ ကင်းပျောက်ပါတယ်။ သိထားသင့်တဲ့ကံများကတော့ . . .

၁။ ဇနက

၂။ ဥပတ္ထမ္ဘက

၃။ ဥပပီဠက နဲ့

၄။ ဥပဃာတက

ဆိုပြီး လုပ်လို့ဖြစ်လာတဲ့ ကံလေးမျိုးရယ်။ ပြီးတော့ . . .

၁။ ဂရုကံ

၂။ အာသန္နကံ

၃။ အာစိဏ္ဏကံ

၄။ ကဋတ္တာကံ

ဆိုပြီး အလှည့်ကျ အကျိုးပေးတတ်တဲ့ကံဆိုပြီး လေးမျိုး။ ပြီးတော့ . . .

၁။ ဒိဋ္ဌဓမ္မဝေဒနီယ

၂။ ဥပပဇ္ဇဝေဒနီယ

၃။ အဟောသိကံ

၄။ အပရာပရိယဝေဒိနိယ

ဆိုပြီး အကျိုးပေးချိန်တန်လို့ အကျိုးပေးတဲ့ ကံလေးမျိုးကို သိထားသင့်ပါတယ်။

၁။ သတ္တဝါတွေကို ဘဝသစ်မှာ ဖြစ်စေတဲ့ကံနဲ့ အသက်ရှင်စဉ်ကာလမှာ စတင်တွေးတော၊ စတင်ပြောဆို၊ စတင်ပြုလုပ်လိုက်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကို **ဇနကကံ** လို့ ခေါ်ပါတယ်။ ကောင်းကံလုပ်ထားရင် ဒီဘဝမှာ ကောင်းတဲ့ဘဝကို ပိုင်ဆိုင်ရသလို၊ မကောင်းတာလုပ်ထားရင် ဒီဘဝမှာ မကောင်းတဲ့ဘဝကို ပိုင်ဆိုင်ရပါတယ်။ ပြီးတော့ ဒီဘဝမှာ ကောင်းတာကို လုပ်ရင် နောင်ဘဝမှာ ကောင်းတာတွေကြုံတတ်ပြီး မကောင်းတာလုပ်ရင် မကောင်းတာကို ကြုံရတတ်ပါတယ်။ ဒါက အနာဂတ်အတွက် စုနေတဲ့ကံပေါ့။ ဒါပေမဲ့ ကံလုပ်သူတစ်ယောက်ဟာ ကံလုပ်နေတယ်၊ ဖြစ်နေတယ်ဆိုတာကို

မသိခဲ့ရင် . . .

၂။ ကံဟာ ဆက်ဖြစ်ပါတော့တယ်။ ဒါကိုကျတော့ **ဥပတ္ထမ္ဘကကံ** လို့ ဆိုပါတယ်။ မကောင်းတာကိုတွေးလို့ မကောင်းတာကို လုပ်တော့မယ်၊ မကောင်း ကျိုးခံရတော့မယ်ဆိုတာကို မသိလေတော့ အတွေးများပြတ်မသွားဘဲ ဆက်ကာ ဆက်ကာ ဖြစ်သွားရတာမျိုးပါ။ ကောင်းတာနဲ့ပတ်သက်ရင်လည်း ဒီအတိုင်းပါပဲ။ ဇနကကံက လူတစ်ယောက်အဖြစ် လူ့ဘုံမှာ မွေးပေးခဲ့ပြီး ကောင်းကံရှိလို့ အသက်မသေသေးဘဲ ဆက်လက်ရှင်သန်ခွင့်ရအောင် ဥပတ္ထမ္ဘကံက ဆက် လက်တာဝန်ယူသွားတာပါ။ မကောင်းကံဆိုရင်လည်း တိရစ္ဆာန်တွေ အသက် ရှင်သန်ခွင့်ရပြီး ဘဝမှာနေထိုင်ရတာမျိုးပါ။

၃။ ဒါပေမဲ့ သတ္တဝါတိုင်း အကောင်းသက်သက်၊ အဆိုးသက်သက်ကို မကြုံရဘဲ ကောင်းတာလုပ်တဲ့အချိန်မှာ မကောင်းကျိုးကို ဖြစ်စေတာမျိုး၊ မကောင်းတာကို လုပ်တဲ့အချိန်မှာ ကောင်းတာကို စံစားရတာမျိုးဟာ ဥပပီဠ ကကံက တာဝန်ယူဆောင်ရွက်နေလို့ပါ။ **ဥပပီဠကကံ** ဆိုတာ မကောင်းတာ လုပ်နေရင် ကောင်းတာမဖြစ်စေဖို့ ကောင်းတာလုပ်နေရင် မကောင်းတာကို မလုပ်မိစေဖို့ တာဝန်ယူရတဲ့ကံမျိုးပါ။ ပြီးတော့ . . .

၄။ ကောင်းကျိုးရအောင် လုပ်နေပေမဲ့ ကောင်းကျိုးပေးခွင့် လုံးဝမရှိ အောင် ကံကိုသတ်သလို ဖြစ်စေတတ်တဲ့ကံကို **ဥပဃာတကကံ** လို့ခေါ် ပါတယ်။ ဥပမာ . . . အဇာတတ်သတ်မင်းကြီး သာမညဖလသုတ် နာယူတဲ့ အခါ တရားတော်ပြီးတာနဲ့ သောတာပန်ဖြစ်ကိုဖြစ်ရပါမယ်။ ဒါပေမဲ့ အဖေကို သတ်ခဲ့တဲ့ ကံကတားမြစ်ထားလို့ အရိယာဖြစ်ခွင့်မရဘဲ ငရဲကျရတာမျိုးပါ။ တစ်ခု ကံကောင်းတာက အဖေသတ်ခဲ့ပေမယ့် အဝီစိမကျဘဲ လောဟကုမ္ဘီငရဲပဲ ကျရ တာကတော့ သာမညဖလသုတ်ကို နာရခြင်းအကျိုးကြောင့်ပါ။ ဒီလိုမျိုး အဖေကို သတ်လိုက်တဲ့အတွက် နောက်ထပ်အကျိုးဆက်အနေနဲ့ရလာတာကတော့ -

၁။ **ဂရုကံ** ဖြစ်သွားခြင်းပါပဲ။ ဂရုကံဆိုတာ ကြီးမားအားကြီးလွန်းလို့ ဘယ်ကံမှတားလို့မရဘဲ အခုဘဝ၊ နောက်ဘဝမှာ ပေးကိုပေးမယ့်ကံမျိုးပါ။ ဒါကြောင့် အဇာတသတ်မင်းကြီး ငရဲကျကို ကျရတာပေါ့။ သာမညဖလသုတ် အစွမ်းကြောင့် သက်သွားတာပဲရှိတယ် ငရဲမကျတဲ့အဖြစ်ကိုတော့ ဘယ်ကံမှ တားလို့မရပါဘူး။ ကောင်းကံထဲမှာဆိုရင်လဲ ဈာန်ရထားသူများကို မကောင်းကံထဲက ဘယ်ကံမှတားလို့မရဘဲ ဗြဟ္မာ့ပြည်ရောက်ရတဲ့ အဖြစ်မျိုးပါ။ အားကြီးတဲ့ မကောင်းတဲ့ဂရုကံဆိုတာ . . .

၁။ အမေသတ်တာ

၂။ အဖေသတ်တာ

၃။ ရဟန္တာသတ်တာ

၄။ ဘုရားကိုဒုက္ခပေးတာနဲ့

၅။ သံဃာကွဲအောင်လုပ်တာပါပဲ။ ဒီကံတွေနဲ့ပတ်သက်ပြီး လုပ်ဖြစ်အောင် တွေးကိုမတွေးသင့်တာပါ။ တချို့က ကိုယ်တိုင်မလုပ်ပေမယ့် သူများကို တိုက်တွန်းတာမျိုး လုပ်မိတတ်တယ်။ မိဘသတ်တာနဲ့ပတ်သက်ပြီး သတ်ဖို့ မတိုက်တွန်းမိပေမယ့် လူသတ်တာနဲ့ပတ်သက်တာမျိုး၊ ဘုန်းကြီး၊ ရဟန်း သံဃာတွေ အတွေးလဲ အသင်းကွဲအောင် ထောက်ပံ့ပေးမိတာမျိုး လုပ်မိတတ်ပါတယ်။ အကြံပေးလို့ ကိုယ်တိုင်လုပ်ရာမရောက်ပေမယ့် ကိုယ်တိုင်လုပ်တဲ့သူနဲ့ မခြားတဲ့ အကျိုးကိုတော့ ရမှာအသေအချာပါပဲ။ သတိထားရမယ့် အဖြစ်တွေပေါ့။ မကောင်းကံဖြစ်ဖြစ်၊ ကောင်းကံဖြစ်ဖြစ် ကိုယ်တိုင်လုပ်၊ သူများကို တိုက်တွန်း၊ ချီးမွမ်း၊ သဘောတူတာများ လုပ်ခဲ့မိရင် ကံရဲ့အကျိုးကို အနည်းနဲ့ အများပြန်ခံရ၊ စံရမှာပါပဲ။

၂။ **အာသန္နကံ** ဆိုတာကတော့ သေခါနီးမှာဖြစ်တဲ့ကံမျိုးပါ။ ဒါကတော့ ကိုယ်ကနေမကောင်းလို့ အိပ်ရာပေါ်လဲနေတဲ့အချိန် သားမလာသေးဘူးလား၊

သမီးမရောက်သေးဘူးလားရယ်လို့ တမ်းတရင်း ကွယ်လွန်သွားသူတွေ အများဆုံးကြုံရတဲ့ကံမျိုးပေ့ါ။ ပစ္စည်းစွဲ၊ ရာထူးစွဲလည်း အတူတူပါပဲ။ ကွယ်လွန်ခါနီး မကောင်းတာကိုစွဲမိလို့ မကောင်းတဲ့ဘုံ၊ မကောင်းတဲ့ဘဝကို ပိုင်ဆိုင်သွားရတာဟာ အာသန္နကံကြောင့်ပါ။ ကွယ်လွန်ခါနီး ဘုန်းကြီးပင့်ပြီး တရားနာတာ၊ သက်န်းလှူတာတွေဟာလည်း အာသန္နကံပဲမို့ ဂရုကံမရှိခဲ့ရင် ဒီကံက ဘဝကို တာဝန်ယူပေးသွားပါတော့တယ်။ ဒါကြောင့် မကောင်းတာကို တစ်သက်လုံး လုပ်ခဲ့ပေမယ့် ကောင်းတဲ့ဘဝရောက်ပြီး ဒုက္ခမခံရဘဲ သုခစံနေရတဲ့ ဒမ္မဒဠိကလို လူမျိုးပေါ်လာတာပေ့ါ။ ပြီးတော့ ကောင်းတာကိုလုပ်ခဲ့ပေမယ့် မကောင်းတဲ့ အကုသိုလ်တစ်ခု ကွယ်လွန်ခါနီးပေါ်လို့ ငရဲရောက်သွားတဲ့ မလ္လိကာမိဖုရား။ ဒီအဖြစ်အပျက်တွေကို ဒီကံက ဖန်တီးထားတာပါ။ ဒါပေမဲ့ အဲလိုဘဝကို ရောက်ပြီဆိုရင် ကောင်းကံကို အကြာကြီးစံရမှာလား၊ မကောင်းကံကို အကြာကြီးခံရမှာလားဆိုတာကိုတော့ . . .

၃။ **အာစိဏ္ဏကံ** က အဖြေပေးသွားပါလိမ့်မယ်။ အာစိဏ္ဏကံဆိုတာ တစ်ခါလုပ်ပြီး စိတ်ထဲစွဲနေတဲ့ကံမျိုးနဲ့ အမြဲတမ်းလုပ်နေတဲ့ကံမျိုးပါ။ ကောင်းကောင်းဆိုးဆိုးပေ့ါ။ သတ္တဝါရဲ့ သဘာဝက ဆန်းတော့ဆန်းသား။ ကောင်းတာကို စိတ်ထဲမစွဲရင်သာနေမယ်၊ မကောင်းတာကိုတော့ စွဲနေတတ်တယ်လေ။ ဒါဆို စွဲထားတဲ့အတိုင်း ခွဲသွားဖို့ပြင်ထားတော့ပေ့ါ။ တကယ်လို့ ကွယ်လွန်ခါနီး မကောင်းကံပေါ်လို့ မကောင်းတဲ့ဘဝရောက်တဲ့အခါ အဲဒီဘုံ အဲဒီဘဝမှာ ကြာမနေချင်ဘူး၊ ဒုက္ခကြာကြာမခံချင်ဘူးဆိုရင်တော့ ကောင်းတာကို မပြတ်လုပ်နေဖို့လိုအပ်ပါတယ်။ မလ္လိကာမိဖုရားကြီးဟာ ကောင်းကံတွေကို အသက်ထက်ဆုံးလုပ်သွားတာဖြစ်တဲ့အတွက် ကွယ်လွန်ခါနီး မကောင်းကံပေါ်လို့ ငရဲရောက်သွားရပေမယ့် လူ့အသက်နဲ့ ခုနစ်ရက်သာခံရပြီး နတ်ပြည်ရောက်သွားရတာဟာ အာစိဏ္ဏကံကြောင့်ပါ။ မကောင်းတာကို အမြဲလုပ်ထားတယ်ဆိုရင်

တော့ ကွယ်လွန်ခါနီး ကောင်းကံပေါ်လို့ လူ့ပြည်ရောက်လာရပေမယ့် ဗိုက်ထဲမှာတင်ပဲ ကိုယ်ဝန်ပျက်ကျသွားရတာမျိုး၊ မွေးတော့မွေးတယ် အသက်မရှည်တာမျိုးနဲ့ ကြုံတတ်တယ်ဆိုတာကို သိထားရပါလိမ့်မယ်။ ပါဏာတိပါတ စတဲ့ကံငါးပါးထဲက တစ်ပါးပါးကို စွဲနေပြီဆိုရင်တော့ အဆင်သင့်ပြင်ထားတော့ပေါ့။ ပြုလုပ်သူရော လက်ခံသူပါ ဆင်းရဲရတော့မယ်ဆိုတာကို သိထားလိုက်ပါ။

၄။ မြင်လို့ကြိုက်တာ၊ ကြားလို့သဘောကျတာတွေဟာ မကောင်းတဲ့အကုသိုလ်စိတ်တွေပါပဲ။ ပြီးတော့ အပျော်အပါးကြိုက်တာ၊ အကောင်းကြိုက်တာတွေဟာလည်း အကုသိုလ်စိတ်ရဲ့အမျိုးရင်းတွေပါ။ သွားရင်းနဲ့ကြုံလို့သူတောင်းစားကို စားစရာပေးခဲ့တာမျိုး၊ သူငယ်ချင်းခေါ်လို့ ကျောင်းရောက်သွားတဲ့အတွက် အားနာပါးနာနဲ့ လှူခဲ့တဲ့ ကုသိုလ်ကောင်းစိတ်လေးတွေဟာဖြစ်တယ်ဆိုရုံလေးဖြစ်ခဲ့တာမို့ **ကဋတ္တာကံ**တွေ ဖြစ်ပါတယ်။ အကျိုးမပေးဘူးလားဆိုတော့ ပေးနိုင်ပါတယ်။ ဒါပေမဲ့ အပေါ်က အားကောင်းတဲ့ကံတွေမရှိမှ ပေးမှာပါတဲ့။ ဒါကြောင့် စားရင်း သဘောကျ၊ အပျော်အပါးကြိုက်လို့အကုသိုလ် (လောဘမူစိတ်) ဖြစ်နေပါရက်နဲ့ မကောင်းကျိုးကို မခံရတာပါ။ လမ်းကြုံလို့စိတ်မပါဘဲ အားနာလို့လုပ်လိုက်တဲ့ကုသိုလ်ဟာလဲ ကောင်းကျိုးကိုပေးဖို့ မလွယ်ကူတာပါ။ **ကံဆိုတာကလည်း အကြောင်းတွေဆုံမှပဲ အကျိုးပေးတတ်တာမဟုတ်လား။ လုပ်တာနဲ့ပေးတယ်ဆိုရင် ကံ သိက္ခာကျသွားမှာပေါ့။** ဒါပေမဲ့ တခါတလေ **လုပ်တာနဲ့ ဒီဘဝမှာတင်ပဲ အကျိုးပေးတတ်တဲ့ကံကလဲရှိသေး။** ဒီကံကတော့

၁။ **ဒိဋ္ဌဓမ္မဝေဒနိယကံ** ပါ။ စိတ်ရဲ့ဖြစ်စဉ်ထဲမှာ ပထမဇောစေတနာကြောင့် အကျိုးပေးပါသတဲ့။ အခုဘဝမှာ (ဒိဋ္ဌဓမ္မဝေဒနိယ) အကျိုးပေးဖို့ဆိုရင်ပြုလုပ် သူရဲ့စိတ်၊ စေတနာကောင်းရုံ၊ ဆိုးရုံနဲ့ မရသေးပါဘူး။ နောက်ထပ်အကြောင်းတရားတွေ ထပ်ပေါင်းမှ အကျိုးပေးနိုင်တာပါ။ ဘာဖြစ်လို့လဲဆိုတော့

ပထမ ဇောစေတနာက အားအရမ်းနည်းပြီး ဒီဘဝမှာပေးရင်လည်း တစ်ဘဝစာပဲ ပေး နိုင်လို့ပါ။ ဒါကြောင့် ပြည့်စုံရမယ့်အကြောင်းတွေကတော့ . . .

၁။ အလှူခံပုဂ္ဂိုလ်က အနာဂါမ်၊ ရဟန္တာဖြစ်ရခြင်း

၂။ နိရောဓသမာပတ်မှ ထကာစဖြစ်ခြင်း

၃။ လှူဒါန်းသူက စေတနာထက်သန်ခြင်းနဲ့

၄။ အလှူဝတ္ထုက သမ္မာအာဇီဝနဲ့ ရှာဖွေရရှိလာခြင်းတို့ပါ။ ဒါက ကောင်းကျိုးရဖို့အတွက် ပြည့်စုံရမယ့်အင်္ဂါ။ မကောင်းတာအတွက်ဆိုရင်တော့ ကျူးလွန်သူဖက်က စေတနာယုတ်မာခြင်းနဲ့ ကျူးလွန်ခြင်းတို့ပါ။ ဒီအကြောင်းများထဲက ယုတ်လျော့နေမယ်ဆိုရင် ဒီဘဝမှာ အကျိုးမပေးနိုင်တော့ပါဘူး။ ဒါပေမဲ့ **မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဉပေက္ခာပွားနေသူကို ကျူးလွန်တယ်ဆို ရင်တော့ ဒီဘဝမှာ မကောင်းကျိုးခံရနိုင်တယ်** ဆိုတာကိုတော့ အပိုလေး မှတ်ထားရမှာပေါ့။ အကြောင်းတရားလေးချက်ပြည့်စုံဖို့က မလွယ်တာကြောင့် အခုလုပ် အခုရမယ့် အကျိုးမျိုးကိုတော့ အသိရှိသူတွေ မတမ်းတကြတတ်ပါဘူး။ အဲဒီ ဘဝလုပ် ဒီဘဝ အကျိုးမပေးတော့ဘူးဆိုရင် ၄။ အဟောသိကံ ဖြစ်ရော တဲ့။ ငါလုပ်ထားတာပဲ ငါ့ကိုပေးရမှာပေါ့ဆိုတဲ့ စကားမျိုးကို လူကိုပဲပြောလို့ရမှာ ဖြစ်ပေမယ့် ကံကိုတော့ ပြောလို့မရနိုင်တာမို့ အကျိုးလိုချင်ရင်တော့ ပြည့်စုံတဲ့ အကြောင်းကိုသာလုပ်ထားပါလို့။

၂။ ဒီဘဝလုပ်ထားတဲ့ ကောင်းကံ၊ မကောင်းကံများဟာ နောက်ဘဝမှာ အကျိုးပေးတယ်ဆိုရင် ဒါကို **ဉပပဇ္ဇ ဝေဒနီယကံ** လို့ခေါ်ပါတယ်။ ခက်တာက ကံဆိုတာ ကိုယ်လုပ်ခဲ့တာမှန်ပေမယ့် အကြောင်းပြည့်စုံမှု မပြည့်စုံမှုအလိုက် အကျိုးပေးတတ်တာကြောင့် နောက်ဘဝလိုချင်တယ်ပြောလဲ ပေးချင်မှပေးတာမျိုးရယ်။

ဒါကြောင့် . . . သေပြီးနောက် ဘာဖြစ်မယ်ဆိုတာကို သတ္တဝါတွေ မပြောနိုင်ကြတာပေါ့။ နောက်ဘဝပေးဖို့ အကြောင်းမပြည့်စုံခဲ့ရင် မပေးတော့တာကိုတော့ **၃။ အဟောသိကံ** လို့ ခေါ်ရပြန်ရော။ **အဟောသိကံ** ဆိုတာ အကျိုးမပေးတာ မဟုတ်ပါဘူး။ ကံက နေရာပြောင်း ဘဝပြောင်း အကျိုးပေးသွားရတာမို့ အဟောသိကံ လို့ ပြောရတာပါ။ သေချာတာကတော့ ကံကို လုပ်ထားသူအားလုံး ကံအကျိုးကို မခံရဘူး၊ မစံရဘူးဆိုတာ လုံး၀ (လုံး၀) မဟုတ်ပါဘူး။ ဒီကံကိုတော့ **၄။ အပရာပရိယဝေဒနီယကံ** လို့ ခေါ်ပါတယ်။ အကြောင်းတိုက်ဆိုင်ရင် အကျိုးပေးမယ့်ကံပေါ့။ ဒီကံရဲ့အစွမ်းကတော့ ကိလေသာကင်းပြီး ပရိနိဗ္ဗာန်စံမှပဲ ရပ်တော့တာပါတဲ့။ ရပ်သွားရင်တော့ အဟောသိကံပေါ့။ ဒါကြောင့် စိတ်နဲ့ဖြစ်ဖြစ်၊ နှုတ်နဲ့ဖြစ်ဖြစ်၊ ကိုယ်နဲ့ဖြစ်ဖြစ် လုပ်လိုက်ပြီဆိုရင်တော့ ကံဖြစ်သွားတာမို့ မကောင်းကံဆိုရင် မကောင်းကျိုးပေးမှာဖြစ်ပြီး ကောင်းကံ ဆိုရင်တော့ ကောင်းကျိုးပေးကိုပေးမှာပါ။ ဒါဟာ ကံရဲ့သဘာ၀ပါပဲ။ ဒါပေမဲ့ အတိတ်ဘဝက ကောင်းကံများကို အကျိုးလိုချင်တဲ့စိတ်နဲ့လုပ်ခဲ့သူတွေ ဒီဘဝမှာ လူပေါင်းမှားလို့ အကုသိုလ် မကောင်းမှုကို ဘယ်လောက်ပဲ လုပ်နေပါစေ အတိတ်ကံကတော့ ဒီဘဝမှာ သူ့တာဝန်အတိုင်း အကျိုးပေးမှာပါပဲ။ ဘဝတစ်ခုခုမှာ လုပ်ခဲ့တဲ့ကံတွေဟာ မထင်မှတ်ရလောက်အောင် ထူးဆန်းစွာ အကျိုးပေးတတ်ပါတယ်။ ဒါကို မဟာနာရဒဇာတ်မှာ ဟောပြထားပါတယ်။ အလာ တစစ်သူကြီးဟာ ကောင်းကံ မကောင်းကံဆိုတာမရှိဘူးလို့ ထုတ်ပြောလာသူတစ်ယောက်ပါ။ ဒီလိုပြောတာဟာလဲ ရမ်းပြောတာမဟုတ်ပါဘူး။ အခုဘဝမတိုင်ခင် ကပ်ရက်ဘဝ (အတိတ်ဘဝ) တစ်ခုကို ပြန်မြင်ရလို့ပါ။ အရင်ဘဝက သူဟာ အသားသတ်တဲ့ နွားသတ်သမားတစ်ယောက်ပေါ့။ ဒါပေမယ့် ဒီဘဝကျတော့ လူ့ဘဝရောက်ပြီး စစ်သူကြီးဖြစ်ရတာကိုကြည့်ရင် မကောင်းမှု အကုသိုလ်ကံဆိုတာ မရှိနိုင်ဘူးလို့ ပြောပါရော။

သာမန်ပုဂ္ဂိုလ်တစ်ယောက်အတွက် ယုံကြည်ဖို့ သိပ်ကောင်းတဲ့ အကြောင်းပြချက်ပဲလေ။ အတိတ်ကိုလည်း ပြန်မြင်တာကိုး။ ဒါပေမဲ့ အတိတ်ရဲ့ နေ့ရက်၊ ဘဝအားလုံးကို မြင်တာမှမဟုတ်တာ။ ကပ်နေတဲ့ဘဝတစ်ခုကိုပဲ မြင်ပြီး ပြောနေတာလေ။ ခက်တာက အဲလိုပြောလာသူကို မဖြစ်နိုင်ဘူးလို့ ပြန်ပြောရအောင်ကလည်း ကိုယ်ကဘာမှ မသိ၊ မမြင်ဆိုတော့ ပိုဆိုးတာမျိုး။ တကယ်တော့ အလာတစစ်သူကြီးဖြစ်ရတာ လွန်ခဲ့တဲ့ဘဝတစ်ခုမှာ အနော်ဇာ ပန်းနဲ့ဘုရားကို ကျေကျေနပ်နပ်လှူခဲ့တဲ့ကံက ကြားဖြတ်ဝင်ပေးသွားလို့ နွား သတ်တဲ့ကံကရပ်ပြီး ဒီဘဝမှာ စစ်သူကြီးဖြစ်ရပါသတဲ့။ သဗ္ဗညုတဉာဏ်နဲ့ ကြည့်ပြီး ပြောသူ ဗုဒ္ဓရှိလို့သာပေါ့။ ဉာဏ်တော်ကိုယုံကြည်သူပါလို့ ပါးစပ်က ပြောနေပေမယ့် ယုံကြည်ဖို့ခက်နေသူတွေ ရှိကောင်းရှိမှာပါ။ ယုံကြည်မှုဆိုတာ ယုံပါပြောလို့ရတဲ့ အရာမှမဟုတ်တာလေ။ သေချာတာကတော့ အလာတ စစ်သူကြီး လူဖြစ်၊ ရာထူးရတာဟာ အပရာပရိယဝေဒနီယကံကြောင့်သာဖြစ်လို့ မကောင်းကံဆိုတာ မရှိဘူးဆိုတာ မဟုတ်ပါဘူး။ ဒုတိယဘဝမှာ အကျိုးမပေး ဘဲ ရွှေ့သွားတဲ့ အဟောသိကံလေးဖြစ်နေရုံပါ။ အကြောင်းတိုက်ဆိုင်ရင်တော့ အကျိုးပေးဦးမှာပါပဲ။ ကံတွေအကျိုးပေးပြီဆိုရင် ပေါင်းပေးတတ်ပါတယ်။ ကံတစ်ခုတည်းက သီးသန့်ပေးတာမျိုးမဟုတ်ပါဘူး။ ပြီးတော့ ကံကိုလုပ်တုန်းက ဖြစ်ခဲ့တဲ့စိတ်၊ စေတသိက်များထဲမှာ ထူးခြားပြီး အနုစ်ဖြစ်စေနိုင်တဲ့ သဘော လေးတွေ ပါ၊ မပါ အပေါ်မှာလည်းကြည့်ပြီးမှ ကံက အကျိုးပေးပါတယ်။

သတ္တဝါတွေ မကောင်းတဲ့ကံကို ကျူးလွန်တာကို ဒုစရိုက်လုပ်တယ်လို့ ခေါ်ပါတယ်။ **ပါဏာတိပါတ**-သတ်တာ နှိပ်စက်တာ၊ **ဖရုသဝါစာ**-စကားကို ခပ်ရိုင်းရိုင်းပြောတတ်တာ၊ **ဗျာပါဒ** - နှိပ်စက်၊ ဖမ်းဆီးဖို့ ဥပဒေထုတ်တာ၊ ကြံစည်တွေးတောတာတွေဟာ မကျေနပ်တဲ့ ဒေါသအခံကြောင့် ကျူးလွန်တဲ့ ဒုစရိုက်တွေပါ။ ပြီးတော့ **ဣဿာ** - သူများအောင်မြင်တာ၊ ဂုဏ်သိက္ခာရှိတာ၊

အဆင်ပြေတာ၊ အပေါင်းအသင်းများတာတွေကို လက်မခံနိုင်လို့ အလကားပါ ကွာလို့ပြောတာ၊ တုန့်ပြန်တာ၊ **မစ္ဆရိယ**-ကိုယ်ပိုင်တဲ့ ပစ္စည်းဥစ္စာကို သူများကို မပေးချင်တာ၊ ကိုယ်နဲ့သိသူကို သူများနဲ့မိတ်ဆက်မပေးချင်တာ၊ ကိုယ့်ပစ္စည်း ကို သူများမသုံးစေချင်တာတွေမျိုးဖြစ်ခဲ့ရင် ဒီလိုဒုစရိုက်ဟာ ကူလို့မရ၊ ထူလို့ မရတဲ့အဖြစ်မျိုးကို ကြုံရတတ်ပါတယ်။ ပါဏာတိပါတကံကို ကျူးလွန်တဲ့အခါမှာ ပါတဲ့ဒေါသထက် မကြေနပ်တဲ့စိတ်ခံ ဣဿာနဲ့ မစ္ဆရိယပေါင်းပြီး ကျူးလွန်မိတဲ့ ကံက ပိုဆိုးတဲ့အကျိုးကို ရစေတတ်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် လောသ ကတိဿမထေရ်နဲ့ ရှင်အင်္ဂုလိမာလတို့လိုပေါ့။

လောသကတိဿရော၊ ရှင်အင်္ဂုလိမာလပါ ဒီဘဝမှာ အများရဲ့ မျက်မုန်း ကျိုးတာကို ခံရသူတွေပါ။ ရှင်အင်္ဂုလိမာလက ဒီဘဝမှာ အင်္ဂုလိမာလ အဖြစ်နဲ့ လူအများကိုသတ်လို့ လူအမုန်းခံရတာတန်ပေမယ့် လူသတ်ဖို့မပြောနဲ့ လူကို တောင် ဒုက္ခမပေးတဲ့ လောသကတိဿ လူအမုန်းခံရတာ မတန်ဘူးပေါ့။ ဒါက ကံကိုမလေ့လာဖူးရင် ကြားရတဲ့ဝတ္ထု၊ ဖတ်ရတဲ့အကြောင်းတွေနဲ့ ဝေဝါးပြီး သံသယ ပွားစေတတ်တဲ့အဖြစ်။ လူမုန်းခံရတာချင်းအတူတူ ဗုဒ္ဓက ရှင် အင်္ဂုလိမာလကိုတော့ အင်္ဂုလိမာလသုတ်ဟောပြီး အဆင်မပြေတာတွေကို အဆင်ပြေအောင် လုပ်ပေးခဲ့ပေမယ့် လောသကတိဿမထေရ်အတွက်ကျ တော့ ဘာမှမပေးဘဲနေတာဟာ မတရားဘူးပေါ့လို့လဲ တွေးနိုင်တဲ့အဖြစ်။ အကျိုးတရားအားလုံးဟာ အကြောင်းကနေ ဆင်းသက်လာတာပါ။ သတ္တဝါ ဆိုတာ ကံနဲ့မကင်းသူတွေပါ။ ကံကိုလုပ်ခဲ့တာချင်းအတူတူ ခံရတာမတူတဲ့ အဖြစ်တွေကို ပြန်လည်ပြီး ဆန်းစစ်ရမယ်ဆိုရင် . . .

ဟိုး . . . ဝေးလွန်းတဲ့အတိတ်ဘဝတစ်ခုမှာ လောသကတိဿမထေရ် ဖြစ်လာမယ့်သူတစ်ယောက် ရဟန်းဘဝကိုရဖူးပါတယ်။ ရွာသူရွာသားများ ကြည်ညိုလို့ ဘုန်းကြီးသူ ရဟန်းတစ်ပါးပေါ့။ တစ်နေ့ ကျောင်းတကာရဲ့

ပင့်ဆောင်မှုနဲ့အတူ ဧည့်သည်ဆရာတော်တစ်ပါး ကျောင်းမှာလာတည်းပါရော။ ရောက်လာတဲ့ဆရာတော်ကို ကြည်ညိုမှုပိုတာကိုကြည့်ပြီး စိတ်ထဲခိုးလိုးခုလု ဖြစ်တာက ကျောင်းထိုင်ရဟန်း။ ကျောင်းမှာလဲ မရှိစေချင်သလို **(အာဝါသ မစ္ဆရိယ)**၊ တကာတွေနဲ့ ရင်းနှီးသွားမှာကိုလည်း စိုးရိမ်နေတာရယ် **(ကုလ မစ္ဆရိယ)**။ ဒါကြောင့် အမြန်ပြန်စေချင်တာနဲ့ တကာတွေကြည်ညိုနေတာကို လည်း လက်မခံနိုင် **(ဣဿာ)**တဲ့အတွက်ကြောင့် လှူလိုက်တဲ့ဆွမ်းကို လမ်းမှာ သွန်ပြစ်တဲ့ထိ **(လာဘမစ္ဆရိယ)** အပြစ်ကို ကျူးလွန်မိပါရော။ ဒီအကြောင်းကို သိတဲ့ ဧည့်သည်ဆရာတော်က ဒီလိုမလုပ်သင့်ကြောင်း မိန့်ကြားပြီး ပြန်သွားပါ ရော။ မပြန်ခင်လေးမှာ တပည့်တော်မှားပါတယ် တပည့်တော်ကိုခွင့်လွှတ်ပါလို့ တောင်းပန်တာကို ဧည့်သည်ဆရာတော် (ရဟန္တာ) က ခွင့်လွှတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ခွင့်လွှတ်တာဟာ ကျူးလွန်ခဲ့တဲ့အပြစ်တွေပျောက်စေဖို့ ခွင့်လွှတ်ပေး လို့မရပါဘူး။ နောက်လာမယ့် အနာဂတ်နေ့ရက်မှာ တရားကျင့်ရင် ဉာဏ်ပွင့် အောင်သာ ခွင့်လွှတ်ပေးလို့ရတာပါ။

ဒါကြောင့် မြန်မာလူမျိုး ဗုဒ္ဓယုံကြည်သူတွေ ကုသိုလ်လုပ်တိုင်း ဩကာသနဲ့ ကန်တော့ကြတာပေါ့။ ဒါဟာ တရားကျင့်ရင် တရားကိုတားနိုင်တဲ့ အပြစ်တွေကြေပျောက်စေဖို့ တောင်းပန်တာပါ။ ဧည့်သည်ဆရာတော် အပြစ် ကိုခွင့်လွှတ်ပေမယ့် လုပ်ခဲ့တဲ့အပြစ်အလိုက် ငရဲကိုရောက်ရပါတော့တယ်။ လူ့အဖြစ်ကိုရတဲ့ဘဝတိုင်းမှာလဲ စားရမဲ့ **(လာဘမစ္ဆရိယအကျိုး)** နေရာမဲ့ **(အာဝါသမစ္ဆရိယအကျိုး)**၊ ဆွေမဲ့မျိုးမဲ့ **(ကုလမစ္ဆရိယအကျိုး)** အဖြစ်ကို ပိုင်ဆိုင်ရတော့တာပါ။ မကျေနပ်တဲ့ ဒေါသစိတ်အလိုက်က အပြစ်ကို ကျူးလွန် ခဲ့တယ်ဆိုရင် ငရဲကလွတ်တဲ့အခါ လူ့ချမ်းသာကိုတော့ ခံစားခွင့်ရှိပေမယ့် ဣဿာနဲ့မစ္ဆရိယ အကုသိုလ်အနှစ်ကို ပေါင်းထည့်မိတဲ့အတွက် ဘဝမှာ အပြစ် ကလွဲပြီး ဘာဆိုဘာမှ ရပိုင်ခွင့်မရှိတော့ပါဘူး။ ရဟန်းဘဝနဲ့ အားထုတ်ခဲ့ဖူးတဲ့

ဝိပဿနာတရားက ဒီဘဝမှာ တရားကျင့်တဲ့အခါ ရဟန္တာထိဖြစ်စေနိုင်ခဲ့တာဟာ ရဟန္တာကြီးက ဉာဏ်နဲ့ပတ်သက်ပြီး ပိတ်နေမှာစိုးလို့ ခွင့်လွှတ်ပေးခဲ့တာကြောင့်ပါ။ ဒီအဖြစ်အပျက်တွေဟာ ဘဝများစွာ ကြာသွားတာမှန်ပေမယ့် ကံသဘာဝ အကျိုးပေးတာကို ခံရတာပါ **(အပရာပရိယဝေဒနီယကံ)**။ ရဟန္တာဖြစ်ပြီးနောက် သူနဲ့အတူ ဆွမ်းခံကြွတဲ့ ရှင်သာရိပုတ္တရာကိုယ်တိုင် ဆွမ်းမရတာဟာ သူများကို ပိတ်ပင်ခဲ့တဲ့ လာဘမစ္ဆရိယကံကြောင့်ပါ။ ကံတုံးနေ ကံပြုန်းနေသူ တစ်ယောက်ကို ဘယ်သူမှ ကူလို့မရပါဘူး။ ဗုဒ္ဓပင်ဖြစ်နေပါစေ လောသက တိဿအလောင်း ကျူးလွန်ခဲ့တဲ့ကံကိုပျောက်အောင် ကူလို့မရနိုင်တာပါ။ ဗုဒ္ဓဟာ ကယ်တင်ရှင်မဟုတ်ဘူး၊ အသိပေးသူ၊ လမ်းမှန်ပြသူသာ ဖြစ်တဲ့အတွက် ကြောင့်ပါ။

လောသကတိဿမှာ မဂ်ဖိုလ်ရမယ့်ဉာဏ်ပါလာလို့သာ ရှင်သာရိပုတ္တရာ ကူပေးလို့ရတာပါ။ ဣဿာ၊ မစ္ဆရိယကံနဲ့ကျူးလွန်ခဲ့တဲ့ကံကို ကူလို့မရ၊ အားထုတ်ခဲ့တဲ့ဉာဏ်ကိုသာ ကူလို့ရတဲ့အဖြစ်ကို သိထားသင့်ပါတယ်။ ဒါကြောင့် ဆရာတော်များ ဩဝါဒပေးခဲ့တယ် ထင်ပါတယ်။ မင်းတို့ မွေးချင်တယ်ဆိုရင် ကျွဲ၊ နွား၊ ဝက်ကို မွေးနော်် စားစရာမရှိလို့ စားချင်တယ်ဆိုရင် သတ်စားလို့ရတယ်ကွ။ ခံရရင်လည်း အသက်တိုတာပဲရှိတာ၊ ဒါပေမဲ့ ဣဿာနဲ့ မစ္ဆရိယကိုတော့ မမွေးကြနဲ့ သတ်စားလို့လို့မရ။ အကျိုးခံရပြီဆိုရင် ဘယ်သူမှ ကယ်လို့မရလို့လေ။ တကယ့်ကို နှလုံးသားထဲစွဲအောင် မှတ်သားသင့်တဲ့ ဩဝါဒပါ။ ခေတ်ပြောင်းလဲလာတာနဲ့အတူ ကိုယ်ထက်သာ မနာလို၊ ကိုယ့်မှာရှိတာကို ဖွက်နေ သိုနေတဲ့ အဖြစ်တွေဟာ သံသရာအတွက် ရင်လေးစရာပါ။

ရှင်အင်္ဂုလိမာလအလောင်းတော် အဟိံသဆိုတဲ့ လူငယ်လေးဟာ ယဉ်ကျေးပြီး သနားတတ်တဲ့သူပါ။ အတိတ်ဘဝကမှာလည်း ဣဿာ၊ မစ္ဆရိယက လက်စွဲအဖြစ်အသုံးပြုခဲ့သူတစ်ယောက် မဟုတ်ခဲ့ပါဘူး။ လူ့သဘာ

ဝအလိုက် လောဘ၊ ဒေါသတော့ဖြစ်ကြတာပေါ့။ ဒီဘဝရောက်လာတဲ့အခါမှာ လည်း ဣဿာ မစ္ဆရိယကင်းလို့ အမတ်ကြီးရဲ့သားအဖြစ် ဂုဏ်ရှိစွာ မွေးဖွား လာရသူပါ။ ဒါပေမဲ့ ပညာလိုလားတဲ့ ကျောင်းသားတစ်ယောက်ကို ဣဿာ၊ မစ္ဆရိယအသိုင်းအဝိုင်းက အပြစ်ကျူးလွန်အောင် တွန်းပို့သလို ဖြစ်သွားရတာပါ။ ယဉ်ကျေးပြီး ဉာဏ်ကောင်း အလိုက်သိတဲ့ ကျောင်းသားတစ်ယောက်ကို မယဉ် ကျေး၊ အလိုက်မသိတဲ့ ကျောင်းသားအများက ချောက်တွန်းတဲ့အတွက် ရှေ့နောက်မကြည့်တတ်တဲ့ ဆရာတစ်ယောက်ကြောင့် လူမိုက်ဘဝကို ရောက် သွားရပါတော့တယ်။ လူမိုက်ဘဝ ဘယ်လောက်ပဲရောက်သွားပါစေ ဒီဘဝ နောက်ဆုံးဖြစ်ပြီး ရဟန္တာဖြစ်ကိုဖြစ်မယ်ဆိုရင် ဗုဒ္ဓက ကယ်ကိုကယ်ရပါတယ်။ ရဟန္တာဖြစ်ခွင့်ဆိုတာ ကံကောင်းလို့ဖြစ်တာ မဟုတ်ပါဘူး။ ဉာဏ်ကောင်းလို့သာ ဖြစ်ရတာပါ။ ဒါကြောင့် ဗုဒ္ဓနဲ့တွေ့ပြီး အရိယာရဟန္တာဖြစ်လာတာပေါ့။

ဒါပေမဲ့ ဒီဘဝမှာကျူးလွန်ခဲ့တဲ့ ပါဏာတိပါတ (ဒေါသအရင်းခံ အကုသိုလ်) ကံက သူ့ကို ဒုက္ခပေးပါတော့တယ်။ ဆွမ်းခံကြွတော့ ဒုတ်၊ ခဲနဲ့ ဝိုင်းလောင်းကြလို့ ဆွမ်းမရသူပေါ့။ ဒီဒုက္ခကိုကျော်ဖို့ ဗုဒ္ဓက အင်္ဂုလိမာလ သုတ်ကိုဟောပြီး ဒုက္ခကိုကျော်ဖို့ နည်းလမ်းပေးခဲ့တာပါ။ ဒီလိုပေးလို့ရတယ် ဆိုတာဟာလည်း အင်္ဂုလိမာလ အလောင်းတော်ဘဝတုန်းက ဣဿာ မစ္ဆရိယနဲ့ ကံကို မကျူးလွန်ခဲ့လို့ပါ။ တကယ်လို့ ဣဿာ၊ မစ္ဆရိယနဲ့သာ ကံကျူးလွန်ခဲ့မယ် ဆိုရင် ဗုဒ္ဓလည်း ဘာနည်းလမ်းပေးပေး မရနိုင်ပါဘူး။ ပြီးတော့ ရှင်အင်္ဂုလိမာလ ဆိုတာ ဗုဒ္ဓရဲ့လက်ဝဲရံတစ်ပါးလေ။ ဣဿာ မစ္ဆရိယနဲ့ ကံဘယ်ကျူးလွန်ပါ့ မလဲ။ ဒါကြောင့် ရှင်အင်္ဂုလိမာလကို အင်္ဂုလိမာလသုတ် ဟောကြားပြီး ဒုက္ခ သက်သာအောင် ဗုဒ္ဓကူနိုင်ခဲ့တာပေါ့။ ဣဿာနဲ့ မစ္ဆရိယအစုံ ကျူးလွန်ခဲ့တဲ့ လောသကတိဿကိုတော့ ဗုဒ္ဓလည်း မကူနိုင်ခဲ့ဘဲဖြစ်ရတာပါ။ ဒါဟာလည်း သူလုပ်ခဲ့၊ ကျူးလွန်ခဲ့တဲ့ကံကို သူကိုယ်တိုင်ခံရ၊ စံရမှာမို့ပါ။ ဒါကို ဗုဒ္ဓက

ကမ္မသကတကံသာ ကိုယ်ပိုင်ဥစ္စာရှိတယ်လို့ ပြောခဲ့တာပေါ့။ ဉာဏ်နဲ့ ကံကို ကောင်းအောင် ပြောင်းအောင်လုပ်လို့ရနိုင်ပေမယ့် ဉာဏ်ကိုတော့ ကံနဲ့ ကောင်းအောင် ပြောင်းအောင်လုပ်လို့မရပါဘူး။

ဒုစရိုက်ကျူးလွန်တာဟာ ဒေါသသက်သက်ကြောင့်သာ မဟုတ်ပါဘူး လောဘကြောင့်လည်း လုပ်တတ်ပါသေးတယ်။ လောဘအရင်းခံစိတ်ကြောင့်

၁။ ကာမေသုမိစ္ဆာစာရ

၂။ အဘိဇ္ဈာနဲ့

၃။ မိစ္ဆာဒိဋ္ဌိတို့ပါ။ လောဘသက်သက်နဲ့သာလုပ်မိပါစေ အပါယ်ကျဖို့ မသေချာပါဘူး။ ဒါပေမဲ့ ဒိဋ္ဌိ (၄) ကိုသာ ဦးတည်ပြီးလုပ်မယ်ဆိုရင်တော့ ဒုစရိုက်သုံးပါးလုံးကိုကျူးလွန်တတ်သလို အပါယ်ကျဖို့လည်း သေချာသွားပါတယ်။ ပြီးတော့ မာနပါ, ပါလာမယ်ဆိုရင်တော့ ဘဝက နိမ့်ကျတော့မယ် ဆိုတာကို ယုံထားလိုက်ပါဦး။ ဘဝမှာဆင်းရဲတာဟာ လောဘအရင်းခံစိတ်ကြောင့်ပါ။ ဒါပေမဲ့ ကြိုးစားရင် အောင်မြင်နိုင် ကျော်ကြားနိုင်သေးပေမယ့် မာနသာပေါင်း ထည့်လိုက်လို့ကတော့ ကြိုးစားသလောက် အရာမထင်တဲ့အပြင် ဆင်းရဲတွင်းထဲက ထွက်လို့မရလောက်အောင် ဘဝဒုက္ခ ကြုံရတတ်ပါတယ်။ ဆင်းရဲတာကို ကြိုးစားရင်း ချမ်းသာအောင်လုပ်လို့ရပေမယ့် နိမ့်ကျနေတာကိုတော့ ကြိုးစားပြီး မြှင့်တင်လို့မရနိုင်တော့ပါဘူး။ ဆင်းရဲသူကို အဆင်ပြေအောင် ချမ်းသာအောင် ကူလို့ရပါတယ်။ ဒါပေမဲ့ နိမ့်ကျသူကိုတော့ မြင့်မားအောင် (စိတ်ဓာတ်) ဘယ်လိုမှ ကူလုပ်ပေးလို့ မရတော့နိုင်ပါဘူး။

မြင့်ချင်တယ်ဆိုရင်တော့ အနည်းဆုံး တစ်ဘဝလောက် စောင့်ပြီးမှ မြှင့်တင်မှပဲ ရတော့တာပါ။ ဒါက လောဘထဲ မာနထည့်မိသွားလို့ပါ။ မာန သိပ်ကြီးနေလား။ မြှင့်တင်ရခက်တဲ့ အဖြစ်တစ်ခုကြုံရမယ်ဆိုတာကို အသဲထဲစွဲထားလိုက်ပါ။ မကျေနပ်ခွင့် (ဒေါသဖြစ်ခွင့်) ရှိပါတယ် မနာလို (ဣဿာ) ဝန်တို

(မစ္ဆရိယ)ခွင့် မရှိသလို လောဘဖြစ်ခွင့်ရှိပါတယ် မာနဖြစ်ခွင့်မရှိပါဘူး။ မဖြစ်သင့်တာ၊ မရှိသင့်တာကို ဖြစ်ခဲ့ ရှိခဲ့မယ်ဆိုရင် သူများမခံရတာကို ခံရမှာ ဖြစ်ပြီး ဘယ်သူမှကူလို့မရတဲ့ အဖြစ်ကိုကြုံရမှာပါ။

မကောင်းတာကို လုပ်မိတဲ့အချိန်မှာလည်း ရှောင်ရမယ့်အဖြစ်လေးတွေ ရှိသလို ကောင်းတာကိုလုပ်တဲ့အခါမှာလဲ သိသင့်၊ ဆောင်သင့်တဲ့အရာလေးတွေ ရှိပါတယ်။ ကောင်းတာကိုလုပ်တယ်ဆိုတာဟာ ကံတစ်ခုကို ကောင်းအောင် လုပ်လိုက်တာပါပဲ။ ကိုယ်လုပ်လိုက်တဲ့ကံ ဘယ်လောက်ကောင်းသလဲ ဆိုတာ ဘဝရတဲ့အခါမှာ ဘယ်သူမှမသိနိုင်တော့ပါဘူး။ ဒါကြောင့် အခုလို သိနိုင်တဲ့အခြေအနေကို ပိုင်ဆိုင်ရတဲ့အချိန်မှာ ကံဆိုတဲ့ မျိုးစေ့ထဲကို သဒ္ဓါအနှစ်ထည့်ခဲ့မယ်ဆိုရင် ကံဟာ ကိုယ်ပိုင်ဖြစ်ပြီး လုပ်ပိုင်ခွင့်တွေရလာမှာပါ။ ကံမျိုးစေ့ထဲ ဉာဏ်အနှစ်ထည့်ခဲ့မယ်ဆိုရင်တော့ ကံကိုဖြတ်လို့ရတဲ့ အခြေအနေကိုပိုင်ဆိုင်ရပါပြီ။ ကံပိုင်ဆိုင်ထားတဲ့ သတ္တဝါတွေ ကံကုန်အောင် ကံကိုဖြတ်လို့ကျင့်လို့မရတာ (အရိယာမဖြစ်တာ)ဟာ ကံလုပ်တုန်းက ကံကို ဖြတ်နိုင်တဲ့ ဉာဏ်မပါလို့ပါပဲ။ ကောင်းကံက ကောင်းကျိုးကို ပေးတယ်ဆိုပေ မယ့် အကျိုးဆိုတာ ဒုက္ခကိုမွေးပေးတယ်ဆိုတာကို သိသူတစ်ယောက်ဟာ အကြောင်းလုပ်တဲ့အခါ အကျိုးကိုမလိုချင်လို့ လွတ်ချင်လို့လုပ်နေတယ် ဆို တာကိုသိနေရင် အဲဒီလူဟာ ကံဖြတ်လုပ်ငန်းလုပ်ရင် (ဝိပဿနာအားထုတ်ရင်) အောင်မြင်သူတစ်ယောက်ဖြစ်ပါပြီ။ တချို့က တရားကိုလွယ်လွယ်ရပြီး တချို့က ခက်ခက်ခဲခဲလုပ်မှရတယ် တချို့ကျတော့ ဘယ်လိုပဲ အားထုတ်အားထုတ် မရနိုင်တာမျိုးကြုံရတာ ဘာကြောင့်လဲဆိုတာကို ရိပ်မိလောက်ပါပြီ။

တကယ်တော့ ကံဆိုတာ ကြောက်စရာမဟုတ်ပါဘူး။ ကံက သိရမယ့်အရာတစ်ခုပါ။ လူအတော်များများက ကံကောင်းတာကို တမ်းတတတ်ကြပါတယ်။ ကံဆိုတာ ကောင်းနေဖို့ထက် လုပ်နေဆဲ၊ ဖြစ်နေဆဲ ကာလမှာ သိနေ

ဖို့က အရေးကြီးတာပါ။ ကောင်းတာကိုလုပ်နေရင်လည်း ကောင်းတာကို လုပ်နေတယ်၊ မကောင်းတာကို လုပ်နေရင်လည်း မကောင်းတာကို လုပ်နေတယ်ဆိုတာကို သတိထား အသိပွားပြီး သိနေဖို့ပါပဲ။ ဘာဖြစ်လို့ သိဖို့လိုအပ်တာလဲဆိုတော့ ဗုဒ္ဓဝါဒအရ ကံကိုယုံမှုနဲ့ စခဲ့ပေမယ့် ကံပြတ်မှုနဲ့အဆုံးသတ်ဖို့ အသိပေးခဲ့တာကြောင့်ပါ။ လောကမှာရှိတဲ့ သစ်ပင်ကသာ အပင်ထွားပြီး အသီးတွေကြီးရင်းနဲ့ မျိုးဆက်တွေချန်ခဲ့လို့ အများအတွက် အကျိုးရှိနိုင်ပေမယ့် ကံတရားသဘောက ကြီးထွားကောင်းမွန်ပြီး မျိုးဆက်ကျန် အပင်ရှင်သန်နေမယ်ဆိုရင်တော့ ကိုယ်ကျိုးနည်းတဲ့အဖြစ်ကို ကြုံရတတ်လို့ပါ။ ကံနဲ့ပတ်သက်ပြီး တွေးကြံ၊ ပြောဆို၊ ပြုမူနေတဲ့အခါတိုင်း ကောင်းတာကိုလုပ်ရင် ကောင်းတာကို လုပ်နေတယ်လို့ သိနေတာဟာ ကောင်းတာနဲ့ပတ်သက်ပြီး တပ်မက်တတ်တဲ့ တဏှာကို ရပ်အောင်ကြိုးစားနေတာပါ။ မကောင်းတာနဲ့ပတ်သက်ပြီး မကောင်းမှန်းသိနေတာဟာလည်း အဝိဇ္ဇာကို ရပ်တန့်ဖို့ ကြိုးစားနေတာပါပဲ။ ကံသဘာဝဟာ သူ့ချည်းသီးသန့်ပေးနိုင်စွမ်းမရှိပါဘူး။ အဝိဇ္ဇာ အခြံအရံရပြီး တဏှာအရင်းခံလေးရှိမှ ကုသိုလ်၊ အကုသိုလ်ကံက အကျိုးပေးခွင့်ရတာပါ။ ကိုယ်လုပ်ခဲ့တဲ့ကံနဲ့ပတ်သက်ပြီး အကျိုးမခံစားရမှာကို စိုးရိမ်နေတာလား။ အဝိဇ္ဇာအမှောင်ထဲက တဏှာကိုတမ်းတနေတာနဲ့ တူတာမို့ ဘဝတွေဆက် ဒုက္ခတွေနဲ့ အခက်ကြုံရဦးမယ်ဆိုတာ သိထားလိုက်ပါ။ ကံကြောင့်ရလာတဲ့ ဘဝတွေ သုခတွေနဲ့ဝေတဲ့အဖြစ်ဆိုတာ လောကမှာမရှိပါဘူး။ ဒါကြောင့် ကံဆိုတဲ့မျိုးစေ့ထဲကို အဝိဇ္ဇာ၊ တဏှာ အပြစ် မထည့်မိစေဘဲ အသိဆိုတဲ့ အနှစ်သာထည့်မိပါစေ ဘဝဟာ တိုသွားပါလိမ့်မယ်။ ဒါဟာ ဗုဒ္ဓဝါဒအလိုအရ ဝဋ် ဘဝတိုတိုနဲ့ မဂ်ဖိုလ်၊ နိဗ္ဗာန်ကို ရ,ရပါလို၏ဆိုတဲ့ ဆန္ဒနဲ့ တစ်ထပ်တည်းကြရတဲ့ အဖြစ်မျိုးပါ။

ကောင်းကံ၊ မကောင်းကံတွေဟာ သတ္တဝါအားလုံးရဲ့ မိဘသာဖြစ်လို့ မိဘမှာမရှိတဲ့အရာကို သားသမီးများ ခံစားခွင့် အမွေခံခွင့်မရှိသလို ကောင်းကံ

လုပ်တုန်းက ဉာဏ်မပါခဲ့ရင် ဉာဏ်အမွေခံခွင့် မရှိပါဘူး။ မကောင်းတဲ့ အကုသိုလ်ကံကို လုပ်တဲ့အခါမှာလဲ မနာလိုကင်း ဝန်တိုရှင်းခဲ့မယ်ဆိုရင်တော့ အဲဒီအကျိုးမခံရတော့ဘူးပေ့ါ။ ကံနဲ့မကင်းသူတွေ သံသယရှင်းဖို့အတွက်ဆိုရင် ဗုဒ္ဓဟောကြားမြတ်တရားများကို လေ့လာလိုက်စားသင့်နေပါပြီ။ သင်ကြားလို့ **(ပရိယတ်)** သိလာတဲ့ အသိတစ်ခုဟာ အမှားကိုဘယ်တော့မှ မပေးပါဘူး။ ဆရာမရှိဘဲ ဖတ်ထားတဲ့စာကသာ အတွေးမှားကိုပေးနိုင်တာပါ။ မကောင်းတာကိုမလုပ်ရရင် မနေနိုင်တာကလွဲလို့ ဆိုသူများ မကောင်းတာကိုလုပ်တဲ့ အခါ၊ ဖြစ်တဲ့အခါများမှာ မနာလိုကင်း (ဣဿာ)၊ ဝန်တို (မစ္ဆရိယ)ရှင်းရ မယ်ဆိုတာကို မေ့မထားဖို့ သတိထပ်ပေးပါရစေ။ ဘဝဒုက္ခသိတဲ့အခါ ဘဝကင်းကြောင်း ကြိုးစားအားထုတ်သူတွေလည်း ဒုက္ခက ကင်းချင်၊ လွတ်ချင်တယ်ဆိုရင် ကောင်းမှုလုပ်တိုင်း လွတ်စေတတ်တဲ့ ဉာဏ်ပါဖို့လည်း မမေ့ကြပါနဲ့။ ကောင်းကံလုပ်တုန်းက ပါမလာတဲ့ ဉာဏ်တစ်ခု ဘဝရတဲ့အခါ အလိုလို ပေါ်လာလိမ့်မယ်လို့တော့ လုံးဝမမျှော်လင့်ပါနဲ့။ ကံနဲ့ပတ်သက်ပြီး လုပ်မှရမယ် ဉာဏ်နဲ့ပတ်သက်ပြီး သိမှလွတ်မယ်ဆိုတာကို သတိကြပ်ကြပ်ထားစေချင်ပါတယ်။

မကောင်းကံကို ကျူးလွန်မိတဲ့အခါ မနာလိုကင်း ဝန်တိုခြင်း ကင်းရှင်းနေဖို့နဲ့ ကောင်းတာကိုလုပ်တဲ့အခါမှာလည်း ဉာဏ်အသိ**(စက္ခုံ ဥဒပါဒိ)** ထင်လင်း **(အာလောကော ဥဒပါဒိ)** နေဖို့ပါပဲလေ။

(၂၃. ၁၁. ၂၀၁၇) ကြာသပတေးနေ့



## “ငါ သေသွားရင် အမျှမဝေပါနဲ့”

သက်ရှိသတ္တဝါအဖြစ် သုံးဆယ့်တစ်ဘုံဆိုတဲ့ လောကကြီးထဲကို ပုံစံအမျိုးမျိုးနဲ့ ဝင်လာကြပါတယ်။ တချို့က မောဟကိုအခြေခံပြီး တိရစ္ဆာန်အဖြစ်နဲ့ ဝင်လာကြသလို တချို့က လောဘကိုအခြေခံပြီး ပြိတ္တာ (သရဲ) အဖြစ်နဲ့ ဝင်လာကြပြန်ရော။ တချို့ကတော့ ဒေါသကိုအခြေခံပြီး ငရဲသားအဖြစ်နဲ့ ဝင်လာကြပြန်ပါတယ်။ ဒါတင်မက ဒါနနဲ့ သီလနဲ့ပြီး ဘာဝနာမပါတဲ့ သာမန်ကုသိုလ်နဲ့ လူအဖြစ်ဝင်လာကြတာရှိသလို ဒါနများ သီလများပြီး ဘာဝနာမပါဘဲ နတ်အဖြစ်၊ သမထ ဘာဝနာအားကောင်းပြီး ဗြဟ္မာအဖြစ် လောကထဲ ဝင်လာသူတွေလဲရှိပါတယ်။ ဘယ်လိုပုံစံနဲ့ လောကထဲ ဝင်လာဝင်လာ ရထားတဲ့ဘဝကိုတော့ သဘောကျကြတာချည်းပါပဲ။ တိရစ္ဆာန်ဖြစ်နေပါစေ သူ့ဘဝကို နှစ်သက်သဘောကျနေတော့ အထိမခံတတ်ကြပါဘူး။ ဒါပဲလားဆိုတော့ မဟုတ်သေးပါဘူး။ မကောင်းတဲ့ဘဝကို ပိုင်ဆိုင်ထားရပေမယ့် ပိုင်ဆိုင်ထားတဲ့ ဘဝကိုစွန့်ပြီး မသွားရဲကြပါဘူး။ ဒါဟာ နှစ်သက်တပ်မက်မှုအားကြီးခဲ့တာကို ပြသနေတာပါပဲ။

ဘဝကို ရထားတဲ့သတ္တဝါတိုင်း ရရှိထားတဲ့ဘဝမှာ တိုးတက်အောင်၊ အောင်မြင်အောင် ကြိုးစားတတ်ကြပါတယ်။ ကြိုးစားရမှန်းမသိတဲ့ တိရစ္ဆာန်၊ ဘယ်လောက်ကြိုးစားကြိုးစား လက်ရှိဘဝကို မြှင့်တင်နိုင်စွမ်းမရှိတဲ့ သရဲနဲ့ ငရဲသားများ၊ ကြိုးစားစရာမလိုတဲ့ နတ်နဲ့ဗြဟ္မာများကလွဲရင်ပေါ့။ ဒါပေမယ့်

ဘယ်သတ္တဝါဖြစ်ဖြစ် ရရှိထားတဲ့ ဘဝအောက် လျှော့သွားမှာကိုတော့ စိုးရိမ်ကြတာချည်းပါပဲ။ ဒါဟာ ဘဝကို နှစ်သက်တပ်မက်မှုရှိနေလို့ ဖြစ်တယ်ဆိုတာ မေးစရာမလိုအောင်ပါပဲ။

သတ္တဝါအမျိုးမျိုးထဲမှာမှ သတ္တိအရှိဆုံးနဲ့ အကြောက်ဆုံးသတ္တဝါကတော့ လူသားပါပဲ။ သတ္တိကောင်းလွန်းလို့ ကြိုးစားလိုက်တဲ့အတွက် ဗုဒ္ဓဘုရားတောင်ဖြစ်နိုင်သလို ကြောက်တတ်လွန်းလို့လဲ အဝီစိထိရောက်ကြရတယ်မို့လား။ ဗုဒ္ဓဘုရားမပွင့်ခင်အချိန်တွေမှာ ရရှိထားတဲ့ဘဝတွေ တိုးတက်အောင်၊ ကြောက်ရွံ့မှုတွေကင်းပျောက်အောင် တောင်ကို ကိုးကွယ်ရ၊ တောကို ကိုးကွယ်ရနဲ့ ကိုးကွယ်မှုအမျိုးမျိုးကို ရှာဖွေကြပါတယ်။ အသိဉာဏ်ရှိသူ တစ်ယောက်ယောက် လူ့လောကမှာပေါ်လာတဲ့အခါ လူသားတို့ရဲ့ ကိုးကွယ်ရာအဖြစ် လူသားတွေက ဖန်တီးကြပြန်ရော။ ကိုးကွယ်ခံရသူကလဲ ပြစရာမရှိ ရှိတာပြရင်းက ကောင်းကင်မှာနေတဲ့ ဗြဟ္မာတွေကို ဖန်းဆင်းရှင်အဖြစ် လူသားတို့ရဲ့ နှလုံးသားထဲ ယုံကြည်မှုအနေနဲ့ ထည့်ပေးခဲ့ပြန်ရော။ အတိတ်နဲ့အနာဂါတ်ရဲ့ ဘဝကို မမြင်ကြရတော့လည်း မျက်ကန်းယုံ ယုံမိကြတော့တာပေါ့။ ဒီအထဲ အတိတ်ဘဝကိုမြင်ပြီး အနာဂါတ်ကိုမမြင်ရသူက သေပြီးနောက် ဘဝမရှိတော့ဘူးလို့ ဉစ္ဆေဒဝါဒကို ဖန်တီးကြသလို အနာဂါတ်ကိုမြင်ရသူကလည်း ဘဝဆိုတာ ဆက်နေတယ်လို့ သဿတဝါဒကို ဖန်တီးကြပါရော။ ဘာဆိုဘာမှ မမြင်ရသူများက နီးစပ်ရာကိုးကွယ်ရင်း အမှားတွေကို ယူမိကြတော့တာပေ့ါ။ သူတို့တွေဟာ ကိုးကွယ်ရာကိုသာရှာပြီး ကိုယ့်ကိုယ်ကို မကိုးကွယ်တတ်သူတွေ ဖြစ်သွားကြရော။

ဘီစီ (၆)ရာစုလောက်မှာ ဂေါတမဗုဒ္ဓပေါ်ပေါက်လာပြီး သစ္စာတရားကို ဟောပြောရင်း ကိုးကွယ်ရာများကို တစ်ခုစီချပြခဲ့ပါတယ်။ ကိုးကွယ်ရာများကတော့ ၁။ **ဗုဒ္ဓ** = သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်

တိုင်သိမြင်ပြီး ကိလေသာကင်းစင်နေသူ ၂။ **ဓမ္မ** = သစ္စာလေးပါး မြတ်တရားကို ကျင့်သုံးသူတိုင်းကို ကိလေသာကင်းစင်စေတဲ့အရာ ၃။ **သံဃာ** = ကိလေသာကင်းစင်သူကို ကိုးကွယ်တတ်အောင်၊ ကိလေသာကင်းအောင် ကျင့်ကြံနေသလို အများကိုလည်း ကျင့်နည်းသိအောင် ဟောပြော၊ ပြသနေသူ ၄။ **ကံ** = ကုသိုလ် အကုသိုလ် ၅။ **ကံရဲ့အကျိုး** = ကောင်းကံ မကောင်းကံကြောင့် ရောက်ရမယ့်ဘုံ၊ ဖြစ်ရမယ့်ဘဝတို့ပဲ ဖြစ်ပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပြပေးတာဟာ ကိုးကွယ်ရာအမှန်ကိုပြပြီး မကောင်းတဲ့အကုသိုလ်ကို မလုပ်ဘဲ ကောင်းတဲ့ ကုသိုလ်တရားများကို လုပ်ဖို့ပါ။ ကံနဲ့ ကံရဲ့အကျိုးများကို ပြပေးတာကတော့ ကိုယ့်ကိုယ်ကို ကိုးကွယ်တတ်ဖို့ပါ။ မှန်ပါတယ်။ သဒ္ဓါသာပါတဲ့သူက ကိုးကွယ်ရာကိုရှာပြီး ပညာသာပါတဲ့သူက ကိုယ့်ကိုယ့်ကို ယုံကြည်မှုလွန်ကဲပြီး ကိုးကွယ်ရာအမှန်ကို မရှာတတ်ပါဘူး။ တကယ်တော့ ရတနာသုံးပါးကို ကိုးကွယ်ရမယ်လို့ပြောတာဟာ သဒ္ဓါအားကောင်းစေပြီး အမှန်ကိုကျင့်သူများကို အတုယူနိုင်ဖို့ပါ။ ကံနဲ့ ကံရဲ့အကျိုးကို ပြပေးတာက အသိပညာနဲ့ အမှန်ကိုလုပ်ဖို့ပါ။

ကိုးကွယ်ရာကိုသာရှာတဲ့ သဒ္ဓါတရားကောင်းသူတွေဟာ ကိုယ့်ကိုယ်ကိုယ် ပညာနဲ့ ကာကွယ်တတ်အောင် ကြိုးစားရပါတယ်။ ဗုဒ္ဓကိုယ်တိုင် သူ့ကိုပဲ ယုံမနေဘဲ ကိုယ်တိုင်တရားကျင့်ဖို့၊ ကိုယ်သာ ကိုးကွယ်ရာဖြစ်တယ်လို့ လမ်းညွှန်ပြခဲ့တာမဟုတ်လား။ ဒါက သဒ္ဓါနဲ့ပညာ ညီစေဖို့ အသိပေးလိုက်တာပါပဲ။ ဒါပေမယ့် လူသားအတော်များများက ကိုးကွယ်ရာအစစ်ရှိတယ်ဆိုပြီး (သဒ္ဓါသာရှိပြီး) ကိုယ့်ကိုယ်ကို ယုံကြည်ပြီး လွတ်အောင်ကြိုးစားဖို့ မေ့နေတတ် ပြန်ပါတယ် (ပညာအားနည်း)။ ဒါဟာ မှန်ကန်တဲ့နည်းလမ်းမဟုတ်ဘူးဆိုတာကို ဗုဒ္ဓက အတိအလင်း ပြပေးခဲ့ပါတယ်။

ဗုဒ္ဓဘုရားပွင့်ပြီး လောကမှလွတ်အောင် တရားများဟောနေတဲ့အချိန် ဘုရားရဲ့ရုပ်တော်ကို ကြည်ညိုတဲ့စိတ်နဲ့ ပစ္စည်းအားလုံးစွန့်ပြီး သာသနာထဲ

ဝင်လာသူက ဝက္ကလိမထေရ်။ အိပ်ချိန်၊ စားချိန်၊ အပေ့ါအပါးသွားချိန်ကလွဲရင် ဘုရားကို အမြဲတမ်းဖူးမြင်နေသူပေ့ါ။ အဲဒီလို ကြည့်နေရတာကိုက စိတ်ကို ကြည်လင်စေတယ်တဲ့လေ။ ယုံကြည်မှု သဒ္ဓါကိုပဲ ရှေ့တန်းတင်ပြီး ကိုယ့်ကိုယ်ကို ကာကွယ်တတ်တဲ့ပညာကို မသုံးတဲ့ ဝက္ကလိမထေရ်ကို ဆုံးမရပါရော။

ဝက္ကလိ . . . မင်းလည်း အပုတ်ခန္ဓာ၊ ငါလည်း အပုတ်ခန္ဓာ။ ဒီအပုတ်ခန္ဓာ ကြည့်လို့ ဘာထူးမှာလဲ။ ပညာနဲ့ကြိုးစားလို့တရားရရင် သဒ္ဓါတရားနဲ့ ငါဘုရားကို ကိုးကွယ်တတ်၊ မြတ်တတ်မှာပါလို့ ဩဝါဒမိန့်ခွေရလောက်အောင် သဒ္ဓါတရား ကောင်းလွန်းသူက ဝက္ကလိမထေရ်။ သာသနာ့သမိုင်းမှာတော့ သဒ္ဓါတရား ကောင်းလွန်းလို့ သဒ္ဓါတရားလျှော့အောင် လုပ်ပေးရသူပါတဲ့။ အခုခေတ် ကိုးကွယ်သူတွေ သဒ္ဓါတရားကောင်းတယ်ဆိုတာ ဝက္ကလိမထေရ်ကို ဘယ်မီပါ့ မလဲ။ ဗုဒ္ဓကတော့ ရှင်းပါတယ်။ သဒ္ဓါသက်သက်နဲ့ ကိုးကွယ်သူကို မချီးမွမ်း ပါဘူး။ သဒ္ဓါ၊ ပညာတွဲသူကိုသာ ချီးမွမ်းသူပါ။ ဒါလည်း မှန်ပါတယ်။ ကိလေသာ ကင်းစင်အောင် ကြိုးစားသူတစ်ယောက်ဟာ သဒ္ဓါနဲ့ပညာ ညီမျှမှုရှိအောင် သတိနဲ့ထိန်းပေးရပါတယ်။ ဒါကို ဗိုလ်လို့ ခေါ်ရတာပေ့ါ။

ခေတ်ကာလပြောင်းလဲလာလို့ပဲလား၊ ဒီလောက်ပဲသိလို့ပဲလားဆိုတာ အတိအကျမပြောနိုင်ပေမယ့် လူအတော်များများကတော့ သဒ္ဓါအားကောင်း ပြီး ပညာအားနည်းတတ်ကြပါတယ်။ ဒါန၊ သီလ၊ ဘာဝနာပွားများနေသူ အတော်များများက ချမ်းသာဖို့ ကုသိုလ်ရဖို့ ဒါနလုပ်တယ်။ ကျန်းမာဖို့ ဘဝကူး ကောင်းဖို့ သီလဆောက်တည်တယ်၊ စိတ်ချမ်းသာဖို့အတွက် ဘာဝနာပွားတယ် လို့ အဖြေပေးတတ်ကြပါတယ်။ ဒါပေမယ့် သေပြီး အပါယ်ရောက်မှာ ကြောက် နေကြပြန်ရော။ ပညာပါတဲ့ သဒ္ဓါတရားသာ မှန်ကန်မှုရှိတဲ့အတွက် လုပ်ခဲ့တဲ့ ကောင်းမှုများကို တကယ်ယုံကြည်ပြီး နောက်ဘဝ အပါယ်ကျမှာ မကြောက် တတ်ပါဘူး။ အခုက ကုသိုလ်လည်း လုပ်သေးတယ်၊ သေပြီး အပါယ်ကျမှာ

ကြောက်နေတယ်ဆိုတော့ သူတို့ရဲ့သဒ္ဓါတရားဟာ တကယ်မှစစ်ရဲ့လားလို့ မေးခွန်းထုတ်စရာပါပဲ။ တကယ်လို့ ပညာမပါပေမယ့် သဒ္ဓါတရားခိုင်တယ်ဆိုရင် ယုံကြည်မှုခိုင်မာရမှာပေါ့။ အခုတော့ . . .။

လူတွေရဲ့ အားနည်းချက်ကို ဗုဒ္ဓဘုရားမြင်ခဲ့လို့ပဲလား မပြောတတ်။ သားသမီးကျင့်ရမယ့် ကျင့်ဝတ်ထဲမှာ လှူမျှဝေ၍ သက်ရှိထင်ရှားရှိတဲ့ မိဘကို သာမက ဘဝတစ်ပါးပြောင်းသွားကြတဲ့ မိဘများကိုလည်း အမျှဝေသင့်တယ်လို့ ဟောခဲ့တာလေ။ တကယ်က အမျှဝေတိုင်း သာဓုခေါ်ပြီး ဘဝပြောင်းနိုင်တာ မဟုတ်ဘူးရယ်။ **ပရဒတ္တူပဇီဝီ** = တစ်ပါးသူများ အမျှဝေတာကို သာဓုခေါ်မှ ဘဝပြောင်းနိုင်သူ **ပြိတ္တာ** = သရဲ ဖြစ်နေမှသာ အမျှဝေတာကို သာဓုခေါ်နိုင် တာပါ။ ကျန်ပြိတ္တာများ သာဓုခေါ်ခွင့်တောင် မရှိကြပါဘူး။ မယူပါနဲ့ တားထား တာမဟုတ်ပေမယ့် ယူလို့မရအောင် အကုသိုလ်ကြီးခဲ့ကြလို့ပါ။ အခြားအခြား သော သာဓုခေါ်နိုင်သူများကတော့ ပတ္တာနုမောဒန ကုသိုလ်ရပြီး အလှူရှင်နဲ့ ကုသိုလ်အတူရတာပဲ အကျိုးရှိတာပါ။ ဘဝပြောင်းလောက်အောင် ကုသိုလ် အကျိုးကို မခံစားရပါဘူး။ ဒီလိုအခြေအနေအမျိုးမျိုး ရှိနေတာတောင် သေပြီး နောက် အမျှဝေတာကို စောင့်နေရဦးမှာတဲ့လား။

ဘုရားလက်ထက်က ဓမ္မိက ဥပသကာဆိုတာ ရှိခဲ့ဖူးပါတယ်။ သူဟာ ဒုစရိုက်ကို ကိုယ်တိုင်လည်း မလုပ်သလို သူ့မိတ်ဆွေများကိုလည်း ဒုစရိုက်မလုပ် အောင် တိုက်တွန်းနိုင်ခဲ့သူပါ။ ရတနာသုံးပါးကို ကိုးကွယ်တတ်ခဲ့သလို ကိုယ့် ကိုယ်ကိုလည်း ကာကွယ်တတ်သူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ သက်ရှိ သတ္တဝါ ဆိုတာ သေမျိုးပဲ မဟုတ်လား။ ဓမ္မိက ဥပသကာလည်း သေမျိုးပဲမို့ သေနေ့ ရောက်လာတဲ့အခါ တရားနာချင်လို့ သံဃာငါးပါးပင့်ပြီး သတိပဋ္ဌာန်သုတ်ကို အာရုံလေးစိုက်ပြီး နာကြားနေပါသတဲ့။ နေ့ခဲ့တုန်း အမြဲမပြတ်လုပ်ခဲ့တဲ့ ကုသိုလ် **အာစိဏ္ဏကံ** ကိုပဲ ကောင်းအောင်လုပ်ခဲ့သူ မဟုတ်ပါဘူး။ သေခါနီးမှာလည်း

အာသန္နကံကောင်းအောင် ကြိုးစားနေသူတစ်ယောက်ပါ။ ဒါန, သီလကံက အားကောင်းလွန်းတော့ နတ်ပြည်ခြောက်ထပ်က နတ်သားခြောက်ယောက် နတ်ရထားခြောက်စီးနဲ့ သူ့ဆီလာပါ ငါ့ဆီလာပါ အပြိုင်ခေါ်တဲ့အသံက တရားနာတာကို အနှောက်အယှက်ဖြစ်စေတာမို့ ဓမ္မိကဥပသကာက တော်ကြပါ၊ တော်ကြပါလို့ လက်ကာပြီး နှုတ်ကထုတ်ပြောရသည်အထိ။ ရွတ်ဖတ်ပေးနေတဲ့ သံဃာတော်များလည်း သူတို့ကိုတားတယ်ထင်ပြီး ထပြန်သွားကြတဲ့အချိန် စိတ်မကောင်းဘဲ ဝမ်းနည်းကြတဲ့ သားသမီးရဲ့အသံကိုကြားမှ သတိထားမိသူက ဓမ္မိက ဥပသကာ။ အကျိုးအကြောင်းကိုမေးတော့ တရားစိတ်ဝင်စားတဲ့အဖေ တရားကိုတားသံကြားလို့ စိတ်မကောင်းဖြစ်တာပါလို့ပြောတော့ ဓမ္မိကဥပသကာက ပြန်ရှင်းပြရတာပေ့ါ။ တရားကိုတားတာမဟုတ်၊ နတ်တွေကို တားတာပါလို့။ ဒီလိုပြောတော့ သားသမီးတွေ ယုံဖို့ပိုခက်ကြတာပေ့ါ။ အသက်ရှင်သန်နေသူတွေဟာ သေခါနီးရဲ့အတွေ့အကြုံကို သိမှမသိတာကိုး။

သေခါနီးပုဂ္ဂိုလ်တွေဟာ

၁။ လုပ်ခဲ့တဲ့ကုသိုလ်၊ အကုသိုလ်ကံ

၂။ ကုသိုလ်၊ အကုသိုလ်လုပ်တုန်းက ရှိခဲ့တဲ့ ပတ်ဝန်းကျင်၊ အသိုင်းအဝိုင်း **ကမ္မနိမိတ်** နဲ့

၃။ **ဂတိနိမိတ်** = သွားရမယ့်နေရာ၊ ရောက်ရမယ့်ဘုံတို့ အာရုံထဲထင်လာပါသတဲ့။ နိမိတ်သုံးပါးမထင်ဘူးဆိုရင်တော့ ရဟန္တာဖြစ်သွားလို့ပါပဲ။ အခုလဲ ဓမ္မိကဥပသကာဟာ ရောက်ရမယ့်ဘုံကို ထင်နေတာပါ။ သူ့ကံက ကောင်းလွန်းတော့ နတ်ပြည်ခြောက်ထပ်ကပါ သူ့ဆီလာပါ ငါ့ဆီလာပါလို့ ခေါ်ရသူ။ ရတနာသုံးပါးကို ယုံကြည်လို့ ကံကို အသိနဲ့လုပ်ခဲ့သူဆိုတော့ မျက်နှာပန်းပွင့်တာပေ့ါ။ ကုသိုလ်ကံကောင်းလွန်းသူတွေကို နတ်တွေက သိပ်လိုချင်တာတဲ့။ ကုသိုလ်ကံကောင်းသူတွေ ရောက်လာရင် သူတို့နေတဲ့ နတ်ပြည်က

တအားစည်ကားလို့တဲ့လေ။ သားသမီးတို့ရဲ့ သံသယကို လက်တွေ့ဖြေရှင်းမှ သားသမီးကကျေနပ်မှာမို့ သားတို့သမီးတို့ကြိုက်တဲ့ နတ်ပြည်ကိုရွေးပြီး ပန်းကုံးကို ပစ်တင်လိုက်ပါတဲ့။ စေခိုင်းချက်အတိုင်း ပစ်တင်လိုက်တော့ တုသိတာနတ်ရထားမှာ ချိတ်မိသွားတာပေါ့။ ဒါနဲ့ သားသမီးများကို ကုသိုလ်ကောင်းမှုကို မပြတ်လုပ်ဖို့မှာပြီး ဘ၀ကူးသွားပါရော။ ဓမ္မိက ဥပါသကာအတွက်တော့ ရေစက်ချအမျှဝေတာဟာ လိုအပ်တဲ့အလုပ် တစ်ခုမဟုတ်တော့ပါဘူး။ နေလည်းကောင်း သေလည်းကောင်းတာဟာ ရတနာသုံးပါးကို သဒ္ဓါနဲ့ကိုးကွယ်ပြီး ကုသိုလ်ကံ (ဒါန၊ သီလ၊ ဘာ၀နာ) များကို ပညာနဲ့လုပ်ခဲ့လို့ပါ။

တကယ်တော့ ဘ၀ကူးသွားသူတွေကို အမျှဝေရတာဟာ ပုထုဇဉ်တွေအတွက်သက်သက်ပါ။ ဒါတောင် သဒ္ဓါ ပညာတွဲပြီး ကိုးကွယ်တတ်၊ ကာကွယ်တတ်တဲ့ပုထုဇဉ် မပါသေးဘူး။ ဥပမာ ဓမ္မိက ဥပါသကာလိုပေါ့။ ဓမ္မိက ဥပါသကာဟာ အရိယာမဟုတ်သေးပါဘူး။ တစ်နည်းပြောရမယ်ဆိုရင် ငါဆိုတဲ့ ဒိဋ္ဌိသေသူတစ်ယောက် မဟုတ်သေးပါဘူး။ အရိယာမဟုတ်ပေမယ့် အရိယာဖြစ်စေတဲ့ ပညာကိုသုံးပြီး ကောင်းတာလုပ်ခဲ့လို့ အမျှဝေစရာမလိုတော့တာပါ။ တကယ်လို့ အရိယာထဲမှာ အနိမ့်ဆုံးဖြစ်တဲ့ သောတာပန်ဖြစ်သွားရင်တော့ သေချာပါတယ် အမျှဝေစရာမလိုတော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ငါလို့ထင်တဲ့ ဒိဋ္ဌိနဲ့ ရတနာသုံးပါး၊ ကံတရားအပေါ်မှာ မယုံတဲ့ ဝိစိကိစ္ဆာကို ပယ်ထားလို့ပါပဲ။ ပုထုဇဉ်အတော်များများက ပညာမပါဘဲ ကုသိုလ်လုပ်ကြတော့ ငါဆိုတဲ့ ဒိဋ္ဌိဝင်လာပါတယ်။ ငါဆိုတဲ့ ဒိဋ္ဌိနဲ့ လုပ်ခဲ့တဲ့ ဒါန၊ သီလ၊ ဘာ၀နာတရားအပေါ်မှာ အကျိုးပေးမှ ပေးပါ့မလား၊ နောက်ဘ၀အတွက် သေချာပါ့မလားဆိုပြီး **သံသယ** = ဝိစိကိစ္ဆာ က လွှမ်းမိုးထားလို့ပါ။ အကျိုးဆက်ကတော့ ငါသေသွားရင် အမျှဝေပါနော်လို့ သေတမ်းစာ မှာခဲ့ရတဲ့အဖြစ်ကြုံတာပေါ့။ ရတနာသုံးပါးကို မှန်ကန်တဲ့ သဒ္ဓါနဲ့ ယုံကြည်ပြီး ကံကို ပညာနဲ့သာ လုပ်ခဲ့မယ်ဆိုရင်

သံသရာမလွတ်သေးဘူးဆိုရင်တောင်မှ မကောင်းတဲ့ဘဝ မရောက်နိုင်တော့ သလို ဘဝရတဲ့အခါမှာလည်း ပြည့်စုံတဲ့ဘဝကို ရနိုင်ပါတယ်။

ရတနာသုံးပါးကို မှန်ကန်တဲ့ သဒ္ဓါနဲ့ယုံကြည်ပြီး ကံကို ပညာနဲ့လုပ်ခဲ့တဲ့ အတွက် သရဏဂမနိယမထေရ်ဟာ တစ်အသင်္ချေတိတိ အပါယ်မကျတဲ့အပြင် ဂေါတမဘုရားလက်ထက်မှာ ရဟန္တာဖြစ်ရသူတစ်ယောက်ပါ။ တစ်အသင်္ချေ အပါယ်မကျတာက ရတနာသုံးပါးကို သဒ္ဓါနဲ့ ကိုးကွယ်ခဲ့လို့ပါ။ ရဟန္တာဖြစ်ရ တာက ကံကို ပညာနဲ့လုပ်ခဲ့လို့ပါ။ အတုယူစရာအဖြစ်ကို သရဏဂမနိယမ ထေရ်က ပြသွားခဲ့ပါတယ်။ ဒါကြောင့် ကောင်းမှုလုပ်သူများအနေနဲ့ ရတနာ သုံးပါးကို သဒ္ဓါနဲ့ကိုးကွယ်တတ်ဖို့ ကံကိုလုပ်တဲ့အခါ ပညာပါဖို့လိုအပ်နေပါပြီ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ရတနာသုံးပါးကို ကိုးကွယ်တာ မဆန်းပေ မယ့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များလုပ်ရင် ပညာလေး ပါဖို့ပဲ လိုအပ်တာပါ။ ကုသိုလ်လုပ်တာဟာ ကုသိုလ်လိုချင်လို့မဟုတ်ဘူး အကုသိုလ်ကုန်ချင်လို့တွေးသိပြီး ဒါနလုပ်တဲ့အခါ လောဘကိုသတ်နေတာ၊ သီလဆောက်တည်ရင်လည်း ဒေါသကိုသတ်နေတာ၊ ဘာဝနာပွားရင်လည်း မောဟကိုသတ်နေတာလို့ သိရပါမယ်။ ဒါက မလုပ်ခင်ပေါ့။ လုပ်တဲ့အချိန်မှာ လည်း လောဘ၊ ဒေါသ၊ မောဟကင်းနေတယ်ဆိုတာကို အချိန်တိုင်းမဟုတ် ရင်တောင် အချိန်ပိုင်းလေး သိဖို့လိုအပ်ပါတယ်။ ဒါဟာ ပညာပါတဲ့ ကုသိုလ် မို့လို့ ကိုယ့်ကိုယ်ကို ကာကွယ်ပြီးသားဖြစ်လို့ အပါယ်ကျစရာ အကြောင်း မရှိတော့ပါဘူး။

ပြီးတော့ ဒါန၊ သီလနဲ့ သမထဘာဝနာတရားများဟာ အများအတွက် ဖြည့်နေတာ၊ ဝိပဿနာသာ ကိုယ့်အတွက်ပြည့်စေတာလို့သိပြီး ကုသိုလ်လုပ်နေ ရင် ပါလာတဲ့အသိပညာက ပါရမီထိုက်တာမို့ သံသရာက လွတ်ရပါတော့တယ်။ သံသရာကလွတ်ချင်သူ သံသရာလည်နေတယ်ဆိုရင်တောင် သုဂတိဘုံရောက်

နေသူအတွက် အမျှဝေစရာမလိုတော့ပါဘူး။ ဓမ္မဒါနလုပ်ရင်တော့ သတ္တဝါအားလုံးကို ပေးရမှာပေါ့လေ။ ဒါကလဲ သိကြားမင်းလျှောက်ထားလို့ ဓမ္မဒါနလုပ်တိုင်း အမျှဝေဖို့ ဗုဒ္ဓက အသိပေးခဲ့ရတာပါ။

သဒ္ဓါနဲ့ ပညာကိုတွဲလုပ်စေတဲ့ သတိပါပြီး ကုသိုလ်လုပ်တဲ့သူတစ်ယောက်အတွက် ဘဝရှိတယ်ဆိုရင်တောင် သုဂတိဘဝဖြစ်တာမို့ အမျှဝေစရာမလိုတော့ပါဘူး။ သဒ္ဓါသက်သက်နဲ့ပညာမပါဘဲ ကုသိုလ်လုပ်ခဲ့ရင်တော့ အာသန္နကံ (သေခါနီးဖြစ်တဲ့ကံ) မကောင်းခဲ့ရင် အပါယ်ဒုဂ္ဂတိရောက်သွားနိုင်တာမို့ အမျှဝေသူကို စောင့်မျှော်နေရဦးမှာပါ။ ကုသိုလ်ဆိုတာ အသိပါပြီး လုပ်ရင် သူများပေးမှ အကျိုးရတာမဟုတ်ပါဘူး။ သူ့အလိုလို ပေးမှာပါ။ ကုသိုလ်လုပ်တဲ့အခါ ပညာမပါလို့သာ မျှော်တော်ဇောနဲ့ မောရတာလေ။ ဒါကြောင့် သဒ္ဓါပညာညီပြီး ကုသိုလ်လုပ်ဖို့ပဲလိုတော့တာပါ။ သဒ္ဓါနဲ့ပညာကို ညီစေချင်တယ်ဆိုရင် ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် သတိလေးရှိနေဖို့ပါပဲ။ ဒါဆို သေချာပါတယ်။ ငါသေသွားရင် အမျှမဝေပါနဲ့ ပြောနိုင်သူတစ်ယောက်ဖြစ်ပါပြီ။

စာဖတ်သူ သူတော်ကောင်းကရော ငါသေသွားရင် အမျှမဝေပါနဲ့လို့ ပြောနိုင်သူဖြစ်ပြီလား။ သတိထားပြီး ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပါပဲလေ။ ဒါကြောင့် သတိထား အသိပွားပြီး ပြောလိုက်ပါရစေ ငါ(ဒိဋ္ဌိ) သေသွားရင် အမျှမဝေပါနဲ့လို့ . . .

(၁၉. ၀၄. ၂၀၁၈) ကြာသပတေးနေ့



# "ငါ မရှိရင် မဖြစ်ဘူးတဲ့လား"

သုံးဆယ့်တစ်ဘုံဆိုတဲ့ လောကထဲဝင်လာသူ ဘယ်သူပဲဖြစ်ဖြစ် ဘဝ အစ ပဋိသန္ဓေမှာကတည်းက အရင်ဆုံးဖြစ်တဲ့စိတ်က လောဘလို့ မှတ်သား ရဖူးပါတယ်။ လောဘစဖြစ်တဲ့ ဘယ်သတ္တဝါဖြစ်ဖြစ် ကိုယ့်ဘဝလေးကို နှစ်သက် သဘောကျလို့ နာမှာကိုကြောက်သလို သေမှာကိုလည်း ကြောက်နေတတ်ကြပါ တယ်။ တကယ်တော့ ကိုယ့်ကိုယ်ကို ချစ်တတ်အောင် သင်ပေးစရာမလိုအောင် သတ္တဝါတွေက ကိုယ့်ကိုယ်ကို ချစ်ကြတာပါ။ အထူးအားဖြင့် လူဆိုတဲ့သတ္တဝါ ပေါ့။ အစွဲအလမ်းအကြီးဆုံး အစိုးရိမ်အလွန်ဆုံးပေါ့။ ကိုယ့်ဘဝလေးဒုက္ခ ရောက်မှာကို တွေးကြောက်နေမိလို့ တစ်ရက်စာကို တစ်သက်စာတွေးနေသူ များပေါ့။ တကယ်တော့ အသက်ရှင်နေတဲ့သတ္တဝါအားလုံး အချိန်ကို ညီတူ ညီမျှရကြတာပါ။ ဒါပေမယ့် သူများထက် တစ်မူးပို အရှူးလို ဖြစ်နေတာကတော့ လူပေါ့။

လူဆိုတဲ့သတ္တဝါမှာ မွေးရာပါလောဘလေးရှိတာကို မိဘတွေက မသိလို့ပဲလား၊ သိရက်သားနဲ့ပဲ လုပ်ပေးကြသလား မပြောတတ်။ လောဘရှိ သတ္တဝါကို လောဘကြီးအောင် သင်ပေးကြတာလေ။ ကလေးဘဝ ဘာဆို ဘာမှမသိပေမယ့် လိုချင်မှုလောဘရှိလေတော့ ကစားစရာမြင်တိုင်း လက်ညှိုး ထိုးတောင်းတတ်နေတာရယ်။ ဒါကိုမသိရှာတဲ့ မိဘတွေက လက်ညှိုးထိုးတိုင်း

ဝယ်ပေးကြတယ်လေ။ မျက်နှာငယ်မှာစိုးလို့တဲ့။ မသိမသာ လောဘကို မွေး ပေးနေတယ်ဆိုတာကို မိဘတွေမသိခင် လောဘကြီးလာတာက အသိမကြွယ် သေးတဲ့ကလေးငယ်။ ရမှန်းသိလို့ တွေ့တိုင်းတောင်းတတ်နေပြီ။ ဒါတင်မဟုတ်။ မရရင် ငိုပြရုံမက မရရင် ပစ္စည်းတွေကိုပါ ကိုင်ပေါက်ပြနေပြီလေ။ မိဘတွေက ကလေးမှာဖြစ်နေတဲ့လောဘကို အထင်သေးလို့လား မပြောတတ် ကလေးဆိုး တာကို အပြုံးမပျက်ကြည့်နေကြတာလေ။ လောဘကိုမွေးခဲ့တဲ့ ကလေးအသက် ကြီးလာရင် လောဘကိုမတားနိုင်တော့ အပြုံးပျက်ရမှာက မိဘ။

လောဘနဲ့စတင်ခဲ့တဲ့ လူသားဟာ လောဘနောက်လိုက်ရင်း တွေးတတ် နေပြီ။ 'ငါ'မရှိရင် မဖြစ်ဘူးတဲ့။ အရွယ်လေးရလာလို့ အတန်းထဲဆို ခေါင်း ဆောင်ဖြစ်လာပြီလေ။ နောက်လိုက်ကျောင်းသားတွေကို ပြောတတ်တာက မင်းတို့ 'ငါ' မရှိရင် မဖြစ်ပါဘူးကွာတဲ့။ သူငယ်ချင်းအပေါင်းအသင်းကြားမှာ လည်း မင်းတို့ 'ငါ'မရှိရင် ဘာမှမလုပ်တတ်ဘူးလားတဲ့။ အော် . . 'ငါ'ကို ပိုးမွေးသလို မွေးခဲ့တဲ့ ပုထုဇဉ်လူသားပါလား။ အလုပ်လုပ်တော့လည်း ကံက လည်းကောင်း ဉာဏ်လည်းကောင်းတော့ ခေါင်းဆောင်ဖြစ်ခွင့်ရပြန်တာပေါ့။ ဒါပေမယ့် လက်သုံးစကားကိုတော့ အသုံးမပျက် မင်းတို့ 'ငါ'မရှိရင် အဖြစ်ကို မရှိတဲ့ကောင်တွေတဲ့။

ကံတူအကျိုးပေး ဘဝထဲမှာ တစ်ယောက်ယောက်တော့ ရှိနေတတ် တာပါပဲ။ ဒါကြောင့်လဲပဲ လူသန်းပေါင်း ခုနစ်ထောင်ထဲမှာမှ သူ့ကို ရွေးမိပြီး သား။ ဒီလိုနဲ့ အိမ်ထောင်ဦးစီးဖြစ်လာတော့ အပြောကမလျှော့။ မင်းတို့ ငါ မရှိရင် ဖြစ်ကိုမဖြစ်ဘူးတဲ့။ လောဘဆိုတဲ့တဏှာ သူ့စိတ်ကြိုက်ဖန်တီးနေတာ ဟာ သူ့မှာ အဖော်ရှိနေလို့ပါ။ သူ့အဖော်က 'ငါ' ကို မပျောက်အောင် ဖုံးကွယ်ပေး ထားတဲ့ ကြီးကိုင်အဝိဇ္ဇာခေါ်တဲ့ 'မောဟ'ပေါ့။ လောဘကို အခြေခံအဝိဇ္ဇာကို ခြံရံပြီး 'ငါ'ဆိုတဲ့ ဒိဋ္ဌိက ဘဝမှာ ဘုရင်လုပ်နေပြီ။ ယောကျ်ား၊ မိန်းမ မခွဲပါဘူး။

ငါသာ ဘုရင်ပါ။ ဒါကြောင့် ငါမရှိရင် မဖြစ်ဘူးတဲ့လေ။

ဘဝဆိုတာ ကိုယ့်စိတ်ကြိုက်ဖန်တီးထားတဲ့ အရာမဟုတ်ပါဘူး။ တဏှာကြိုးဆွဲရာ က,နေရတာပါ။ ဘဝမှာ ခန္ဓာကို တဏှာကခိုင်းရင်း ဒိဋ္ဌိအားကြီးအောင် လုပ်ပေးခဲ့တာက အဝိဇ္ဇာ။ အသက်သာ ကြီးလာတာရယ်၊ ဒိဋ္ဌိနဲ့တဏှာက သေးမသွားဘူးလေ။ ဒိဋ္ဌိအားကြီးလာတော့ 'ငါ'ဆိုတာ ပိုခိုင်မာလာတာပေါ့။ နေရာတိုင်းမှာ 'ငါ'ဆိုတာ နေရာယူလာတော့ 'ငါ'မရှိရင် မဖြစ်ဘူးလို့ အထင်ရောက်လာရော။ သံသရာလည်နေသရွေ့ တဏှာလူသားဟာ ခန္ဓာကို 'ငါ' လို့ထင်ပြီး ခန္ဓာခိုင်းတာကို တဏှာနဲ့ လုပ်ပေးနေမှာကတော့ အသေအချာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ 'ငါ' ထင်နေလို့ပဲပေါ့။ စာသင်တော့လဲ 'ငါ'၊ ဆရာဖြစ်တော့လဲ 'ငါ'၊ အိမ်ထောင်ကျတော့လဲ 'ငါ'၊ ခေါင်းဆောင်ဖြစ်တော့လဲ 'ငါ' နဲ့ 'ငါ'သံသရာကို ချဲ့ထွင်သွားမှာကတော့ တဏှာ၊ မာန၊ ဒိဋ္ဌိ ပါပဲ။ ဒါကို တရားတော်က **ပပဉ္စ** = သံသရာချဲ့တတ်တဲ့တရားလို့ နာမည်ပေးထားပါတယ်။ 'ငါ့' သား၊ 'ငါ့' သမီး၊ 'ငါ့' ဥစ္စာ၊ 'ငါ့' ဇနီး စသည်ဖြင့် ထင်စေတာက ဒိဋ္ဌိပါ။ သား၊ သမီး၊ ဥစ္စာနဲ့ ဇနီး စတာကိုစွဲနေတာက တဏှာပါ။ 'ငါ့' သားကဘယ်လို စသည်ဖြင့် လူရှေ့သူရှေ့ချပြတာက မာနပါ။ တဏှာနဲ့ မာနအားကြီးလာတာဟာ 'ငါ'လို့ထင်တဲ့ ဒိဋ္ဌိကြောင့်ပါပဲ။ ဒိဋ္ဌိကို မသိသေးသရွေ့ 'ငါ'လို့ထင်တာက ဘယ်တော့မှပျောက်မသွားတဲ့အပြင် 'ငါ' ရှိသူကို အပါယ်က ဆွဲခေါ်သွားမှာပါပဲ။

အရာအရာ ကိုယ့်သဘောအတိုင်းမဖြစ်တဲ့ လောကကြီးမှာ 'ငါ' ထင်ပြီး မာနကြီးနေမယ်ဆိုရင်တော့ ဘဝရတာ ရှုံးနေဦးမှာပဲလေ။ 'ငါ' ဆိုတာဟာ ကျန်းမာရေး ကောင်းတုန်း၊ သား၊ သမီး၊ ဥစ္စာ၊ ဇနီး စတဲ့အရာတွေ ကောင်းနေတုန်းပဲ ကောင်းတာရယ်။ နေမကောင်းဖြစ်လာရင်၊ ပစ္စည်းဥစ္စာဆုံးရှုံးလာရင် 'ငါ့' ကြောင့် နာကျင်ရမယ့်အဖြစ်တွေက အမြောက်အမြားရယ်။ မယုံမရှိပါနဲ့။ ကိုယ်တွေ့တောင် ဖြစ်နေပါလိမ့်မယ်။ အဖြစ်အပျက်လေးကို တချက်လောက်

ကြည့်ပါဦး။ ဗုဒ္ဓဟောကြား မြတ်တရားဆိုတာ သက်သေပြစရာ အမြဲရှိနေတဲ့အရာပါ။

ရာဇဂြိုဟ်မြို့ကြီး မြို့အဖြစ် ရှင်သန်ခွင့်ရတာဟာ ဘုရားပွင့်တဲ့အခါနဲ့ စကြာဝတေးမင်း ပေါ်ပေါက်တဲ့အခါပါတဲ့။

မြေကြီးလိုခိုင်မာလို့ ရွေ့မရတဲ့ သူဌေးတွေရှိသလို အသိတရားအတွက် ဆရာတွေ ကျက်စားရာနေရာတစ်ခုလည်း ဟုတ်နေပြန်ပါတယ်။ ဗုဒ္ဓဘုရားတောင် ဘုရားဖြစ်ပြီးနောက် ပထမဆုံးကြွရတဲ့မြို့တော်ဟာ ရာဇဂြိုဟ်ဖြစ်နေတာက အံ့သြစရာ။ ဒီလိုဂုဏ်တွေနဲ့ မြို့တော်မှာ လူ့အလှ္မာပေါင်းစုံ ရှိနေမှာကလည်း အသေအချာ။ လူထဲက လူတွေထဲမှာ ယောကျာ်းကိုသိပ်ချစ်လို့ ယောကျ်ားကို အလုပ်မလုပ်ခိုင်းဘဲ သူသာ အပင်ပန်းခံ အလုပ်လုပ်တတ်တဲ့ အမျိုးသမီးတစ်ယောက်လည်း ပါပါတယ်။ ယောကျာ်းကိုသိပ်ချစ်တော့ (တဏှာအားကြီးတော့) အလုပ်အားလုံးကို သိမ်းကြုံးလုပ်ရင်း 'ငါ' (ဒိဋ္ဌိ) ရှိမှဖြစ်မယ်၊ 'ငါ' မရှိရင် မဖြစ်ဘူးလို့ တွေးထင်လာတဲ့အထိ ဖြစ်လာသူက ဇနီး။ သူချစ်တဲ့ယောကျာ်းကို မျက်နှာမငယ်စေချင်ဘူးလေ(မာန)။ ဒါကြောင့် ချမ်းသာသထက်ချမ်းသာအောင် ကြိုးစားရသည်ပေါ့။ လိုတရဖြစ်နေတဲ့ယောကျာ်းကလဲ ဇနီးသည်ကို အချစ်ပိုရသည်လေ။ ဒါပေမယ့် အသက်နဲ့တည်ဆောက်ထားတဲ့ခန္ဓာဆိုတာ အငှါးပစ္စည်းမို့ သေမင်းကို ပြန်အပ်ရမယ်ဆိုတာကို မေ့နေကြတတ်တာလား။

သေမင်း ကတော့ ရှင်းပါတယ်။ 'ငါ' ဆိုတာကြီးကို လုံးဝဂရုမစိုက်ပါဘူး။ ခန္ဓာကိုယ်ကြီးကိုပဲ ဂရုစိုက်တတ်သူပါ။ အဲ 'ငါ' (ဒိဋ္ဌိ) ကို အထူးဂရုစိုက်တဲ့နေရာတွေကတော့ ရှိနေပါတယ်။ အဲဒါက အပါယ်လေးဘုံပေါ့။ 'ငါ' မရှိဘဲ ဖြစ်တယ်ဆိုတာက သေမင်း၊ 'ငါ' ရှိမှဖြစ်တာက အပါယ်လေးပါးဆိုတာကို မသိတဲ့ ပုထုဇဉ်အနွယ်ဝင် ဇနီးသည်ကတော့ သူ့ယောကျ်ားကလွဲပြီး ဘာကိုမှ ဂရုမစိုက်။

အရာဝတ္ထုနဲ့လူကိုသာ ဂရုမစိုက်ဘဲနေလို့ရမယ်၊ သေခြင်းတရားကိုတော့ ဂရုစိုက်မှကို ရပါတယ်။ အခု ဇနီးသည်က ဂရုမစိုက်ပေမယ့် သေမင်းက ဂရုစိုက်တော့ သေမင်းနောက် ကောက်ကောက်ပါသွားရသူက 'ငါ' မရှိရင် မဖြစ်ဘူး ဆိုတဲ့ ဇနီးသည်။ ယောကျ်ားကိုစွဲတဲ့စိတ်က သူ့ကို သရဲ(ပြိတ္တာ)ဖြစ်စေတယ်လေ။ သူကသာ လူ့ဘဝတုန်းကရော သေပြီးသရဲဖြစ်တဲ့အထိ ယောကျ်ားကို ချစ်နေတုန်း။ ဒါပေမယ့် တဏှာဆိုတာ လက်ရှိအရာကိုသာ ပိုတန်ဖိုးထားတတ်တယ်ဆိုတာကို ကျန်ရစ်တဲ့ယောကျ်ားက သက်သေပြပါတော့တယ်။ မိန်းမသေပြီး သိပ်မကြာပါဘူး၊ နောက်မိန်းမ ကောက်ယူတော့တာပါပဲ။ ဒါကို သိနေမြင်နေရတဲ့ ဇနီးဟောင်း သရဲမကြီးက မချိတင်ကဲ ဖြစ်ရသည်ပေါ့။ သူကတော့ ချစ်လွန်းလို့ အလုပ်တောင် မလုပ်ခိုင်းရက်။ အခုတော့ . . .။

တဏှာသဘောကို မစောကြောမိတဲ့ဇနီးသည် တဏှာက အကျိုးပေးမှ 'ငါ' ဆိုတာ အသုံးမဝင်တော့မှန်းသိတယ်။ အသေဦးလို့ အသိနောက်ကျသွားခဲ့ရပြီ။ 'ငါ' မရှိရင် မဖြစ်ဘူး လို့တွေးခဲ့တဲ့ အတွေးမှားကို 'ငါ' မရှိလဲ ဖြစ်ပါလားဆိုတဲ့ မှန်ကန်တဲ့အတွေးနဲ့ အစားထိုးဖို့ တစ်ဘဝ အနဲဆုံး စောင့်ရပါတော့မယ်။ လုပ်ခဲ့တဲ့အမှားကို နောင်တနဲ့ အစားထိုးရုံကလွဲပြီး ဘာမှ မလုပ်တတ်တာက ပုထုဇဉ်သဘာဝ။ 'ငါ' မရှိရင် မဖြစ်ဘူးလို့တွေးခဲ့ ပြောခဲ့တဲ့ ဇနီးသည်ကို 'ငါ' မရှိလည်း ဖြစ်တယ်ဆိုတာကို နောက်မိန်းမယူရင်း ယောကျ်ားက သက်သေပြနေပြီလေ။ တကယ်တော့ စွဲလမ်းမှုနဲ့ 'ငါ' ထင်မှုဟာ မသေခင် ခဏလေးပဲ အသုံးဝင်တယ်ဆိုတာ သိသွားရသူက တမလွန်ရောက် ဇနီးသည်လေ။ သားကို ချစ်လို့ သားအတွက် ပေးဆပ်ခဲ့တဲ့ အဖေတစ်ယောက်လဲ 'ငါ' မရှိရင် မဖြစ်ဘူးလို့ တွေးရင်း . . .။

သာဝတ္ထိဆိုတဲ့မြို့ကြီးမှာ အာနန္ဒာလို့ခေါ်တဲ့ ကပ်စီးနဲကော်တရာသူဌေးကြီးတစ်ယောက်ရှိပါတယ်။ သူ့မှာ သားတစ်ယောက်လည်း ရှိပါတယ်။

သားနာမည်က မူရသိရီပါတဲ့။ သားကိုချစ်လွန်းလို့(တဏှာ) သား (ဒိဋ္ဌိ) မျက်နှာ မငယ်ရအောင် (မာန) ပစ္စည်းတွေစု စီးပွားတွေရှာတာဟာ ကုဋေလေးဆယ် ချမ်းသာပါသတဲ့။ ပြီးတော့ တစ်လနှစ်ခါလောက် ဆွေမျိုးတွေကိုဖိတ်ပြီး ဆွေမျိုးများရဲ့ရှေ့မှာ သားကိုခေါ်ပြီး ဆုံးမတာပေါ့။ သားရေ . . . ဒီလောက် ပစ္စည်းလေးကို ဘ၀အတွက် လုံလောက်ပြီမထင်နဲ့၊ ပစ္စည်းဆိုတာ စုသာစုရ တယ်၊ ပေးတာကမ်းတာ မလုပ်ရဘူး။ ပေးရင် ကုန်သွားတတ်တယ်လို့ ဩ၀ါဒ ချွေသူပေါ့။ အဖေချစ်သူဆိုတော့ အဖေ့စကားနားထောင်ရသည်ပေါ့။ မပေး တတ်၊ မလှူတတ်နဲ့ စီးပွားအောင်မြင်အောင် လုပ်တတ်သူတစ်ယောက်ဖြစ်လာ တာက သားလေး မူလသိရီ။ အသက်နဲ့ခန္ဓာဆိုတာ မမြဲတဲ့အထဲမှာ ထိပ်ဆုံးက ပါတာ ရယ်။ 'ငါ' မရှိရင်မဖြစ်ဘူး၊ သားလေးမျက်နှာငယ်လိမ့်မယ်လို့ တွေးနေတဲ့ သူဌေးကို သေမင်းကခေါ်သွားပါရော။

သူဌေးဟာ ကုသိုလ်ကံ များများစားစား မလုပ်ပေမယ့် အာသန္နကံ ကောင်းလို့ လူတော့ဖြစ်ခွင့်ရပါရဲ့။ အာစိဏ္ဏကံ ပါမလာတော့ မသန်မစွမ်းလေး မွေးလာရတယ်။ အိမ်ခြေတစ်ထောင်ရှိတဲ့ရွာမှာ မွေးခဲ့ပေမယ့် သူရဲ့အာစိဏ္ဏကံ က မစ္ဆရိယသာဖြစ်တာကြောင့် တစ်ရွာလုံး အဆင်မပြေဖြစ်ပါရော။ ကံဆိုးသူကို ရှာဖွေရင်းနဲ့ နောက်ဆုံးတွေ့ရတာက အာနန္ဒာသူဌေး၀င်စား သူတောင်းစား အိမ်။ နောက်ဆုံး အမေကပါ စွန့်ပစ်တာကိုခံရသူ။ တစ်ရွာ၀င်တစ်ရွာထွက် တောင်စားရင်းနဲ့ အတိတ်ကနေခဲ့ဖူးတဲ့ အိမ်နားရောက်တော့ ဇာတိဿရ ဉာဏ်နဲ့ သူ့အိမ်ဆိုတာ သိသွားပါရော။ သူ့ အိမ်ဆိုတော့ ရဲရဲတင်းတင်း ၀င်သွား တာပေါ့။ အတိတ်ကသာ 'ငါ' နဲ့ ဆိုင်တာ ပစ္စုပ္ပန်မှာ 'ငါ' နဲ့မဆိုင်ဘူးဆိုတာကို မေ့သွားတာပေါ့။ အိမ်ထဲရောက်တော့ စုတ်ပြတ်နေတဲ့ သူတောင်းစားကလေး ကိုဖမ်းပြီး အမှိုက်ပုံပေါ် သွားပြစ်ထားကြပါတယ်။ ဆွမ်းခံကြွလာတဲ့ ဘုရားရှင်နဲ့ ရှင်အာနန္ဒာတို့က အတိတ်က အမျိုးတော်ခဲ့ဖူးသူ သား မူလသိရီကိုခေါ်ပြီး

အတိတ်ကအဖေဖြစ်ကြောင်း ရှင်းပြတာကို သားကလက်မခံတော့။ ချစ်ခင်မှု တဏှာ၊ 'ငါ' ထင်မှု ဒိဋ္ဌိတွေဟာ ဘဝခြားသွားတာနဲ့ ကိုယ့်ကိုအဖက်မလုပ်တတ်တဲ့ သဘောတရားတွေပါ။ သား မူလသိရီ ယုံကြည်အောင် မသေခင်က အဖေမြှုပ်ထားခဲ့တဲ့ ရွှေအိုးငါးလုံးကိုပြပြီး တူးဖော်ခိုင်းမှ ယုံရတဲ့အဖြစ်။

တကယ်တော့ သနားစရာကောင်းတာက ဒိဋ္ဌိကို 'ငါ' ထင်တဲ့ ပုထုဇဉ်၊ သား၊ သမီးချစ်ခြင်းစတာကို တဏှာလို့မထင်တဲ့ ပုထုဇဉ်၊ သားသမီးမျက်နှာငယ်မှာ (မာန)ကြောက်(ဒေါသ)နေတဲ့ပုထုဇဉ်တွေပါ။ တကယ်လို့များ ဘဝခြားသွားရင် ဝတ္ထုတွေထဲကလို ကျန်ရစ်သူတွေက ကိုယ့်ကို အသိအမှတ် မပြုဘူး၊ ကိုယ်ကချစ်လို့၊ မျက်နှာငယ်မှာစိုးလို့ ရှာပေးခဲ့တဲ့ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ကိုယ့်ကို အဖက်မလုပ်ဘူးဆိုတာသိရင် သား၊ သမီး၊ ဇနီး၊ မယား၊ ဆွေမျိုး၊ အပေါင်းအသင်းတွေကို 'ငါ' မရှိရင် မဖြစ်ဘူးဆိုတဲ့အတွေးနဲ့ လုပ်ကိုင်ကျွေးမွေးကြပါဦးမလား။ ကံပေးလို့ရလာတဲ့ ခန္ဓာကိုယ်ကို 'ငါ' ထင်ပြီး အလုပ်တွေလုပ်ခဲ့ လုပ်ကျွေးခဲ့တာတွေဟာ အသိနဲ့အကျင့်သာမပါရင် အကြွေးထပ်တင်ပြီး ခန္ဓာအကြွေးကို တဏှာနဲ့ပြန်ဆပ်နေရဦးမှာပါ။

ဗုဒ္ဓဟောကြားမြတ်တရားထဲက မသေရာကိုရောက်စေ၊ ကိလေသာကုန်စေတဲ့ အပ္ပမာဒသတိတရားသာ ဖြစ်တယ်ဆိုတာကိုသိရင် သတ္တဝါတွေ သတိထားမှာ အသေအချာပါပဲ။ ကံပေးလို့ရောက်လာတဲ့ လူသား။ လူ့သမီး၊ လူ့မိန်းမ၊ လူ့ယောကျ်ားနဲ့ ကံပေးလို့ရလာတဲ့ ပစ္စည်း ဥစ္စာတွေကို 'ငါ' တပ်ပြီး စွဲလမ်းခဲ့ သုံးစွဲခဲ့မယ်ဆိုရင် 'ငါ' ဟာ အပါယ်ရောက်ဦးမှာပါပဲ။ ကိုယ်ကတော့ သား၊ သမီး၊ ဇနီးမယားများ မျက်နှာမငယ်ရအောင် အလုပ်ကို ရုန်းပြီးလုပ်ခဲ့၊ ပစ္စည်းကိုရှာခဲ့ပေမယ့် ငါ ဆိုတဲ့ ဒိဋ္ဌိ၊ ချစ်တတ်တဲ့တဏှာက အပြစ်ပေးတဲ့အခါ ဘယ်သူမှ ကူပြီးမခံကြပါဘူး။ ကုသိုလ်ကံပေးတုန်းသာ သား သမီး ဆွေမျိုးများကို ကိုယ့်ကို လူအဖြစ် သတ်မှတ်ကြတာရယ်။ မကောင်းကံအကျိုးပေးလို့

အပါယ်ဘုံများရောက်သွားရင်တော့ အမျိုးတော်ချင်သူ မရှိတော့ဘူးဆိုတာကို တကယ်သိရင် 'ငါ' မရှိရင် မဖြစ်ဘူးဆိုတာကို မေ့ထားသင့်ပါပြီ။

ရှေ့ကသွားသူတွေက 'ငါ' မရှိလည်း ဖြစ်တယ်ဆိုတာကို ပြသွားပါရက်နဲ့ 'ငါ' ရှိမှဖြစ်မယ်ထင်နေရင်တော့ 'ငါ့'ထက်မိုက်သူ လောကမှာ မရှိလောက်တော့ပါဘူး။ တကယ်တော့ လူမိုက်ဖြစ်တယ်ဆိုတာလည်း 'ငါ' ရှိလို့ပါပဲလေ။ 'ငါ' မရှိလည်း ဖြစ်တယ်ဆိုတဲ့ သေမင်းနဲ့ 'ငါ' ရှိမှဖြစ်မယ်ဆိုတဲ့ အပါယ်လေးဘုံကို မရောက်ချင်ဘူးဆိုရင်တော့ 'ငါ' ကို တဖြေးဖြေးလျှော့သင့်ပါပြီ။ နေရမယ့်အချိန်က နည်းလာတဲ့အတွက် အကုသိုလ်နည်းအောင် ကြိုးစားဖို့အချိန်ရောက်နေပါပြီ။ ရှင်သန်တုန်းသာ 'ငါ့' ကို အသိအမှတ်ပြုကြပေမယ့် 'ငါ' သေသွားရင် 'ငါ့' ကိုဘယ်သူမှ အသိအမှတ်မပြုတော့တာကြောင့် 'ငါ' မရှိရင် မဖြစ်ဘူးလို့ ထင်တုန်းလား။ ဒါဆို 'ငါ' မရှိလည်းဖြစ်တဲ့ သေမင်းလက်က မလွတ်နိုင်သေးသလို 'ငါ' ရှိမှဖြစ်တဲ့ အပါယ်ကလည်း လွတ်လမ်းမမြင်သေးပါဘူး။

တကယ်တော့ . . .

လောကကြီးက ငါမရှိလည်း ဖြစ်တာပါပဲလေ။

(၂၅. ၀၄. ၂၀၁၈) ဗုဒ္ဓဟူးနေ့

